ကျေးဇူးရှင်

ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏

သဒ္ဓိဝိဟာရိကတပည့်ဖြစ်သော

ပဉ္စမ-နာယက၊ အဂ္ဂ-မဟာ-ပဏ္ဍိတ၊

## ဘဒ္ဒန္တဇောတအရှင်

စီစဉ်ရေးသားအပ်သော

# ဟေမဝတသုတ္တန်
# မြန်မာဘာသာပြန်

☆

သာသနာရေး ဦးစီးဌာနသို့
အရှင်ကောဝိဒ က
လှူဒါန်းပါသည်။

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၅

ကျေးဇူးရှင်
ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော်ဘုရားကြီး၏
သန္ဒိဝိဟာရိကတပည့်ဖြစ်သော
ပဌမ-နာယက၊အဂ္ဂ-မဟာ-ပဏ္ဍိတ၊

## ဘဒ္ဒန္တဇောတဒရှင်

စီစဉ်ရေးသားအပ်သော

"ကာဠီ"-သညာ၊ မွေး-မာတာ-နှင့်၊ သည်းချာ-ရင်နှစ်၊
ဇမ္ဗူ-ရာဇ်သို့၊ သားစစ်-သောဏ၊ သမဏ-အား၊
ဗုဒ္ဓ-မိန့်မြွက်၊ နှုတ်တော်-ထွက်ဖြင့်
"တေဒဂ်"ရကြောင်း၊ ရှေး-ဆုတောင်းနှင့်-တကွ၊
စုပေါင်း ဖော်ပြရာ ဖြစ်သော

# ဟေမဝတသုတ္တန်
# မြန်မာဘာသာပြန်

☆

ရန်ကုန်မြို့
ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၁၉၅၅

# ဓမ္မစကြာသုတ်နိဒါန်း

## ''ဓမ္မ စကြာ'' ခေါ်သော တရားသဘောသည် အဘယ်သို့-ပါနည်း

ဤတရား၌။ ။''ဓမ္မ စကြာ'' ခေါ်၊ မူလ-တရားအရင်းကို၊ စကား အကျဉ်းအားဖြင့်၊ ဖေါ်ပြရသော်၊-''သစ္စာ'' လေးပါး၊ အမှန်တရားပင် ဖြစ်၏။

ဤအရာ၌။ ။အဘယ်တရားသဘောမျိုးတို့ဖြစ်၍၊ အဘယ်သို့-မှန် သနည်းဟူသော အမေးစကား၏အဖြေ။

**အမှန်လေးပါး၊ ''သစ္စာ'' တရား**

(၁) ဒုက္ခ သစ္စာ၊—
ဆင်းရဲးကေန်၊စင်စစ်မှန်သော ဒုက္ခ-ဟူသော ရုပ်-တရား+ နာမ်-တရား။

(၂) သမုဒယ သစ္စာ၊—
ဆင်းရဲးဖြစ်ကြောင်းကေန်၊ စင်စစ်မှန်သော တပ်နှစ်သက် ခြင်း-သဘောရှိသော (လောဘ) စေတသိက်ဟူသော နာမ်-တရား။

(၃) နိရောဓ သစ္စာ၊—
ဒုက္ခ-ခေါ်သော ရုပ်-တရား-နာမ်-တရား၊ ဤ နှစ်ပါးတို့၏၊ ချုပ်ငြိမ်းရာကေန်၊ စင်စစ်မှန်သော ''နိဗ္ဗာန်'' တရား။

(၄) မဂ္ဂ သစ္စာ၊—
(က) သ ဉပါဒိသေသ-နိဗ္ဗာန်+
(ခ) အနုပါဒိသေသ-နိဗ္ဗာန်+
နှစ်တန်သော နိဗ္ဗာန်သို့၊ ရောက်ကြောင်းကေန်၊ စင်စစ် မှန်သော အကျင့်-ဟူသော ''မဂ္ဂင်-ရှစ်ပါး'' တရား၊

ဤသို့ ဖေါ်ပြအပ်ပြီးသော သရုပ်တရားကိုယ်နှင့် တကွ ဖြစ်သော လေးပါးသောအမှန်တို့ပင်တည်း။

# (ခ) ဓမ္မစကြာသုတ်နိဒါန်း

(၁) ''ယဒါ ဗုဒ္ဓေါ အဘိညာယ၊
ဓမ္မစက္ကံ ပ-ဝတ္တယိ။
သဒေဝကဿ လောကဿ၊
သတ္ထာ အ-ပ္ပဋိ-ပုဂ္ဂလော''။
(ဇာတက-နိပါတ်-၄-စက္ကဝဂ်-၂၉၃)

မြန် မာ ဘာ သာ ပြန်

(၁) ဒုက္ခ=သမုဒယ=နိရောဓ=မဂ္ဂ=ဟူသော သစ္စာလေးပါးအမှန် တရားကို၊ ထူးခြားသောဉာဏ်ဖြင့်၊ သိမြင်တော်မူ၍၊ တုဘက် အပ်သောသူ၊ နှိုင်းယှဉ်အပ်သောသူ၊ အတူရှိတော်မမူသဖြင့်, လူ-နတ်-ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏၊ဦးခေါင်းဝပ်လျှိုးရှိခိုး ဦးညွတ်ရာ၊ ဆရာရင်းအစစ်၊ ဖြစ်တော်မူသော မြတ်စွာဘုရား သျှင်သည်၊ နတ် ဗြဟ္မာ အပေါင်းနှင့်တကွ ဖြစ်သော သတ္တ လောကကြီးအား၊ ''ဓမ္မစကြာ'' ခေါ်၊ သစ္စာ လေးပါးပြ တရားကို၊ ဟောကြားတော်မူ၏။

### အဘယ်အချိန် အဘယ်ဌာနၥ၊ဟောတော်မူသနည်း ဟောတော်မူရာဌာနနှင့်- အချိန်ကာလ

လူတို့-ဝေါဟာ၊ မြန်မာကောဇာ- သက္ကရာဇ်၊ ဘိုးတော်-အဥ္စန- မင်းကြီး၏ ဖြိုကွင်းမဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေ နေ့၊ နေဝန်း အရောင်ပျောက်၍၊ လပြည့်ဝန်း အရှိန် ရောက် သဖြင့်၊ ထွန်းတောက်သော ညဉ့် အချိန်၌ ''အစိန္တေယျ'' တန်ခိုးတော်သျှင်ဖြစ် သော မြတ်စွာဘုရားသည်၊ (ဗာရာဏသီ) ပြည်ကြီး၏ အနီးဖြစ်သော (ဣသိ-ပတန)အမည်ရှိသော (မိဂ-ဒါဝုန်)တော၌ ဟောတော်မူ၏။

### ''ဓမ္မစကြာ''တရားနာသူသော ပုဂ္ဂိုလ်တို့၏ဘွဲ့အမည်

''ပဒုမု-တ္တရ''မြတ်စွာဘုရားသျှင်၏ လက်ထက်တော်အခါ၊ (ပွင့်ဦး စ အချိန်၌ဟူ၍လည်းဆို) နတ်သားအဖြစ်နှင့် နေရစဉ်၊ ထိုဘုရားသျှင် ၏ အထံတော်၌၊ ''ဓမ္မစကြာ'' တရား နာယူ၍၊ တရားထူး+တရား မြတ်၊ သိမြင်ရလိုကြောင်း၊ ဆုပန်တောင်း၍၊ (ဆွမ်း) အလှူ-ဟူသော ကောင်းမှုအထူး၊ ကြည်နူးဝမ်းမြောက်စွာ ပြုခဲ့ဘူးသော နတ်သားဖြစ်၍

ဤယခု "**ဂေါတမ**" မည်တွင်၊ မြတ်စွာဘုရားသျှင်၏၊ ခြေတော်ရင်း၌၊ ဝပ်စင်းတုပ်ပျပ်၊ ဆည်းကပ်လျက်ရှိသော (၁)"**ကောဏ္ဍည**"မည်တွင်၊ ရသေ့-သျှင်နှင့်အပေါင်းအဖေါ်ဖြစ်ကြသော(၂)"**ဝပ္ပ**"(၃)"**ဘဒ္ဒိယ**" (၄) "**မဟာနာမ်**" (၅) "**အဿဇိ**" အမည်ရှိသော ငါးဦးသော-"ပဉ္စ-ဝဂ္ဂီ" (**ဍှသိ-ပဗ္ဗဇ္ဇာ**) ရသေ့-ရဟန်းတို့ပင်ဖြစ်၏။

ဤပြဆိုအပ်ပြီးသော သစ္စာ-လေးတန်၊ အမှန်တရားကို၊ ပိုင်းခြား တိတိ၊ သိမြင်နိုင်သောဉာဏ်ကို ရရှိတော်မူခြင်းကြောင့်၊ လောက- သုံးပါးအလယ်၌၊ (**သဗ္ဗညုတ**) ဘုရားသျှင်အဖြစ်၊စင်စစ်ဝန်ခံတော်မူ၏။

* ဤသို့ ချီးကျူး၊ဂုဏ်အထူးတို့ဖြင့်၊ ရှင်မြူးအားတက်၊ နှစ်သက်ဘွယ်ကောင်းလှသော ဤ "**ဓမ္မ စကြာ**"ခေါ်၊ သစ္စာလေးပါးပြ တရားတော်ကြီးသည်၊ ဤယခုအချိန်အခါ၊ မြန်မာပြည်၌၊ လူ-ရှင်-ရဟန်းတို့ ပို့ချ-သင်ကြားခြင်း၊ တဦးတည်း+ တကိုယ်တည်း+ (သို့မဟုတ်) အသင်းအပင်းဖွဲ့စည်း၍-ဝတ်ရွတ်စဉ် သဘောဖြင့်၊ရွတ်ဘတ်သရဇ္ဈာယ်ခြင်း-ဟူသော"**ပရိယတ္တိ**"သဘော၊ပွားများ ဆင်ခြင်ကျင့်ဆောက်တည်ခြင်းဟူသော "**ပဋိပတ္တိ**" သဘော၊ ဤနှစ်ရပ်သော နည်းတို့ဖြင့်၊ ထင်ရှားစွာ၊ ပေါ်လွင်-ထွန်းကားလျက် ရှိသဖြင့်၊ လူ-နတ်-ဗြဟ္မာ၊ သုံးဖြာသောချမ်းသာသုခမျှ-မက၊"**အတိ-သုခ**"အချမ်းသာဆုံးဖြစ်သောနိဗ္ဗာန်သို့ရောက်ကြောင်း၊ (**လမ်းကောင်း–လမ်းမကြီး**)သဖွယ် (**စောင်းတန်း-လှေကားကြီး**)သဖွယ်(**လမ်းပြ-မီးရှူးတိုင်ကြီး**)သဖွယ် ဖြစ်၍၊ ပါရမီ-ရင့်သန်၊ အသိဉာဏ်ဓာတ် ရှိကြကုန်သော သူတို့အဘို့မှာ၊ (တကယ်ပင်) အားတက်စရာကောင်းသော တရားတော်မြတ်ကြီးဖြစ်ပေ၏။

* (ထိုသို့ပင်ဖြစ်ခဲ့စေ)=[ဤခေတ်-ဤအခါ-သည်ကား၊ အသက်တန်းအားဖြင့်ငင်း၊ တရားစစ်-တရာမှန်၊-ရမှု၊ သန့်ရှင်းစင်ကြယ်သော အသက်ရှည်မှု၊စီးပွား-ဥစ္စာ-ရမှု+တိုးတက်မှုအားဖြင့်ငင်း၊ (**သမ္ပတ္တိ**) ခေတ်မျိုးမဟုတ်တော့ချေ။]

* တနှစ်အောက်- တနှစ်၊+တခေတ်နောက်-တခေတ်၊ အသစ်–အသစ်-ပြောင်း၍၊ ပြောင်း၍၊ခေတ်ဟောင်းတွေ၊ (ခေတ်ကောင်းတွေ) ကုန်ဆုံး၍၊ လောဘ-ကြီးမှု၊ ဒေါသ-ကြီးမှု၊မောဟ-ကြီးမှု-တို့ကြောင့်, စိတ်ဆိုး+ စိတ်ကြမ်းထူပြောသော (**ဝိပ္ပတ္တိ**) ခေတ်၊ ဘာသာ- မတူ၊

အယူ-ကွဲပြား သဖြင့်၊ ဆန့်ကျင်ဘက်အနိုင်ရလိုမှု၊ တုပ-ဘက်ပြိုင်မှု၊ ပေါများသော (ဗိပ္ပလ္လိ) ခေတ်ဆိုး+ ခေတ်ကြမ်းကြီး ဖြစ်ခြင်းကြောင့်၊ [ဤ "ဓမ္မစကြာ" ခေါ်၊ တရား ကြော်ငြာသံသည်၊ ဗုဒ္ဓဘာသာ၊ မြန်မာလူမျိုးတို့၏ စိတ်၌၊ ကင်းဆိတ်ပျောက်ကွယ်၍သွားခဲ့လျှင်၊ နောက်က၊ ပြဆိုခဲ့သော (အတိ-သုခ)အချမ်းသာဆုံး-ခေါ်သော(နိဗ္ဗာန်)ခေါ်သော အသံသည်လည်း၊ ပျောက်ကွယ်၍-သွားဦးမည်ပင် ဖြစ်၏။]

ထိုကြောင့်-ဤပြဆိုခဲ့ပြီးဖြစ်သောအတိုး+-အဆုတ်+စကားနှစ်ပြင်ထက်၊ သ+ဆတက်၍၊ နှိုင်းစက်ပြိုင်ရာ၊မနိုင်သာအောင်၊ များစွာကြည်နူး၊ ဂုဏ်အလူးတို့ဖြင့်၊ ချီးကျူးကော်ရော်၊ ပူဇော်+ချီးပ+ခြင်း ငှါ၊ ထိုက်လှပေသော တရားမြတ်+တရားဦး ဖြစ်၍၊ စကားတော်အားဖြင့်၊ အလူးတူး,အထွေထွေ၊အချေ-အတင်ပြောဆိုခြင်းအမှု၊ ပြုတော်မူပြီးနောက်မှ "ပဋ္ဌဝဂ္ဂိ"ဟူဟော(ဇာသိပဗ္ဗဇ္ဇာ)ရဟန်းပရိသတ်ငါးယောက်အစုံ၊ တဆွဲရှစ်ကုဋေ၊အရေအတွက်ရှိသောနတ်,ဗြဟ္မာ, ပရိသတ်အစုံ၊ ဗိုလ်ပုံအထုတို့၏အလယ်၌၊ အသွယ်သွယ်သောဉာဏ်၊ အတန်တန်သော နည်းနာနယအမျိုးမျိုးတို့ဖြင့်၊ တန်ဆာဆင်လျက်၊ ရှင်လန်းသာယာ၊ မဟာကရုဏာဉာဏ်၏-အားအစွမ်းဖြင့်၊ ရှေးရှေးသောဘုရားရှင်တို့၏ ထုံးတမ်းနှင့်အညီ၊ (သာမုက္ကံသိက) ကိုယ်တော်တိုင် ရွတ်ဆိုဟောကြားအပ်သော "ဓမ္မစကြာ" ပါဠိတော်ဟူသောတရားဦး တရားထူး ဖြစ်ပေလင့်ကစား၊ ပရိယတ္တိ သာသနာဝန်ကို၊ အားသွန်ကြိုးပမ်း၊ထမ်းရွက်ကြကုန်သော၊တပည့်ကြီးငယ် စာသင်သားအပေါင်းတို့အား၊ ထို "ဓမ္မ-စကြာ" ပါဠိတော်နှင့်တကွ၊ သုတ္တန်,ဝိနည်း,အဘိဓမ္မာ၊ သုံးဖြာသော ပိဋကတ်၊ တရားမြတ်၏ အနက်အဓိပ္ပါယ်ကို၊သဘာဝဓမ္မ၊ နည်းနာကျအောင်၊ သင်ကြားပြသ၊ ပို့ချချီးမြှင့်ခဲ့ပေဘူးသော ညောင်တုံးမြို့၊ သိရီ-မဟာမင်္ဂလာရာမ၊ ရွှေဟင်္သာတောရတိုက်၊ ကျေးဇူးရှင် စံကျောင်းဆရာတော် ဘုရားကြီး၏၊ နည်းပေးလမ်းညွှန်၊ သွန်သင်ဆုံးမချက်ကို၊ နှစ်သက်ဝမ်းမြောက်စွာ၊အာရုံပြုလိုက်နာ၍၊ထိုဆုံးမချက်အလိုက်၊တိုက်ဆိုင်ညီညွတ်အောင်၊ အလူးအားဖြင့်၊ လေးလေးစားစားပြုလျက်၊ ဤ (*"ဓမ္မ-စက္ကပဝတ္တန") သုတ္တန်ကို၊(*မြန်မာမြန်နိဿယ) ကျမ်းအနေသို့ရောက်အောင်၊ ကြိုးပမ်းကာညပ်ယှဉ်၊ စီရင်ရေးသားရကြောင်း။

# ဟေမဝတသုတ္တန် မြန်မာပြန်နိဒါန်း

**ပါရမီ ရင့်သန်သဖြင့် သဗ္ဗညုတဉာဏ် ရခြင်းအကြောင်း**

လောကသေဋ္ဌနင်း၊တရားမင်းစင်စစ်ဓမ္မရာဇ်မှန်ကူ သယမ္ဘူထွတ်ထား ဗုဒ္ဓချင်တော်ဘုရားသည် သံသရာပြင်ကျယ် ရေပင်လယ်တွင် ကယ်သူမမြင် အစဉ်မျောပါး ဝေနေယျသတ္တဝါများကို ကယ်မလိုသောစိတ်၊မဟာကရုဏာ ဟိတ်ကြောင့်၊ အတိတ်ရှေးအခါ၊ ဒီပင်္ကရာဘုရားထင်ရှားပွင့်တော်မူစဉ် အဘိညာဉ်ရျာန်ရ သုမေဓပဏ္ဍိတ၊ဋ္ဌာသိမြတ်မွန်ရသေ့ချွန်ရသေ့ထူးဖြစ်၍ ထိုဘုရားချင်ရှေ့မှောက် လက်တော်သို့ရောက်ပြီး နိဗ္ဗာန်တည်းဟူသော ဝိမုတ္တိ အရသာကြီးကို စွန့်လွှတ်တော်မူ၍ များစွာသော သတ္တဝါတို့အား တရားရေအေး အမြိုက်ဆေးဖြင့် တိုက်ကျွေးတော်မူလိုရကား၊ လေးသင်္ချေနှင့် တွက်ရေကပ္ပါ၊တသိန်းတာလျှင် ပါရမီတော်ဖြည့်ကျင့် ဆည်းပူးတော်မူခဲ့သဖြင့် သမ္မာ သမ္ဗောဓိဉာဏ်၊ရင့်သန်ကြီးမား ဘုရားငါးဆူပွင့်ရာ ဤဘဒ္ဒကပ္ပါဝယ် စတုတ္ထမြောက်ဘုရားအဖြစ်သို့ ရောက်တော်မူလေသည်။

**ဟေမဝတသုတ် ရှုပိုင်း ဖြစ်ပေါ်လာပုံ အကြောင်း**

ယင်းသို့ ဘုရားအဖြစ်သို့ ရောက်တော် မူပြီးနောက် ဓမ္မ-စက္ကပဝတ္တနသုတ်ကို ဟောကြားတော်မူ၏၊ထိုသို့ ဟောကြားတော်မူစဉ်၊ **သာတဂိရိ** နတ်မင်းသည် တရားနာစဉ် မိတ်ဆွေဖြစ်သော **ဟေမဝတ** နတ်မင်း တရားပွဲတွင်၊ပါ-မပါ၊ရောက်-မရောက်၊ အာရုံတွေဖောက်ပြန်နေရကား၊တရားနာအပြီးတွင် **သာတဂိရိ**နတ်မင်းသည် အလျင်အမြန် **ဟေမဝတ**နတ်မင်းထံ အသွား၊ **ဟေမဝတ**နတ်မင်းကလည်း၊ **သာတဂိရိ**နတ်မင်းထံ အလာ၊ လမ်းခရီးအကြား **ကုလဃရမြို့ က-နွဲ** အမျိုးသ္မီးကလေး၏ အိမ်အထက် တည့်တည့်၊ ကောင်းကင်ပြင်ဝယ်တွေ့ဆုံကြ၍ **ဟေမဝတ** နတ်မင်းကမေး၍ **သာတဂိရိ** နတ်မင်းကဖြေဆိုသောအားဖြင့် **ဟေမဝတ**သုတ် ရှေ့ပိုင်းဒေသနာကို ဟောကြားလေသည်၊ ထိုအမေး အဖြေ တရားစကားသည် ဘုရားချင်၏ ဂုဏ်ကျေးဇူးတော်နှင့်စပ်သော တရားစကားဖြစ်သဖြင့်၊ထိုတရားစကားတော်

ကို အိမ်သျှင်မ ကာဠီကြားသိလတ်သော်၊သဒ္ဓါရွှင်လန်း၊ပီတိတွေလျှမ်း၍ သောတာပန်စခန်းသို့ တက်လှမ်းနိုင်ခဲ့လေသည်။

**ဟေမဝတ သုတ်ကို ဟောကြားတော်မူရခြင်းအကြောင်း**

ဤသို့ သာတာဂိရိ နတ်မင်း၏အဖြေတရားစကားနှင့် ညီမညီ ကိုယ်တွေ့ သိလို မြင်လိုရကား- ဟေမဝတ နတ်မင်းသည်သာတာဂိရိနတ်မင်းကိုခေါ်၍ဘုရားသျှင်ထံတော်မှောက်ရောက်လတ်သော် "ကိသ္မိံ လောကော သမုပ္ပန္နော" ဘုန်းတော်ကြီးမား အသျှင်ဘုရား၊ အဘယ်တရားသည် ဖြစ်ပေါ်လာသည်ရှိသော်၊သတ္တလောက, သင်္ခါရလောက-၂-ပါးသည် ဖြစ်ပါသနည်း-စသည်ဖြင့်၊ မိမိ သိလို, မြင်လို သည့်အတွက်၊ အချက်ပေါင်းမြောက်မြားစွာကို မေးမြန်းလျှောက်ကြားလေ၏၊ ထိုအခါ မြတ်စွာဘုရားသျှင်သည်-

၁။ အတ္တဇ္ဈာသယ-ကိုယ်တော်မြတ် အလိုတော်ဖြင့် တရားဟောကြားခြင်း။

၂။ ပရဇ္ဈာသယ-ဝေနေယျ သတ္တဝါအလိုဖြင့် တရားဟောကြားခြင်း။

၃။ ပုစ္ဆာဝသိက-ပုစ္ဆာ ပြဿနာမေးမြန်းလာသဖြင့် တရားဟောကြားခြင်း။

၄။ အဋ္ဌုပ္ပတ္တိက-အကြောင်းအဋ္ဌုပ္ပတ်တိုက်ဆိုင်လာသဖြင့် တရားဟောကြားခြင်း ဟူသော တရားဟောကြားခြင်း-၄-မျိုးတို့တွင်၊ ပုစ္ဆာဝသိက-ပုစ္ဆာပြဿနာ မေးမြန်းလာသည်ကို စွဲ၍၎င်း၊ ဤသုတ်ဖြင့် ကျွတ်ထိုက်သူ သတ္တဝါများရှိသည်ကို စွဲ၍၎င်း၊ ကရုဏာတော်ရင်း နှလုံးသွင်း၍သည်အားလျော်စွာဟေမဝတ နတ်မင်း အမေးပြဿနာကို ဖြေဆိုသောအားဖြင့် ဟေမဝတ သုတ္တန်-ဓမ္မက္ခန်ကို၊ ခံတွင်းတော်ကြာကုမုဒ်မှ၊ ဖွင့်ထုတ်မြွက်ဟာတော်မူလေသည်။

**သုတ်အမည် မှည့်ခေါ်ပုံ အကြောင်း**

ယင်းသို့ ဟောကြားတော်မူအပ်သော သုတ်တို့ကို အမည်မှည့်ခေါ်ရာတွင် အချို့နေရာ၌ ဓမ္မပဋိဂ္ဂါဟက ခေါ်-ပမာန တရားနာကြားသူ ပုဂ္ဂိုလ်ကိုစွဲ၍ ရာဟုလောဝါဒသုတ်, ကုဋဒန္တသုတ်စသည်ဖြင့်၎င်း၊အချို့

နေရာ၌ပုဂ္ဂိုလ်ကိုမစွဲးဓမ္မသဘောကိုစွဲ၍ **ဓမ္မ-စက္ကပဝတ္တနသုတ်**, **မဟာသတိပဋ္ဌာနသုတ်** စသည်ဖြင့်၎င်း၊အချို့နေရာ၌ မေးမြန်းသောတရားအချက်ကိုစွဲ၍ **သာမညဖလ** သုတ်, **မင်္ဂလ** သုတ် စသည်ဖြင့်၎င်း၊ အချို့နေရာ၌ မေးမြန်းသူပုဂ္ဂိုလ်ကိုစွဲ၍ **ဇီဝကသုတ်** **အာဠဝကသုတ်**-စသည်ဖြင့်၎င်း၊ အမည် မှည့်ခေါ်လေသည်၊ ဤသုတ်ကို **ဟေမဝတသုတ်**-ဟုအမည် မှည့်ခေါ်ခြင်းသည်-မေးမြန်းသူ ပုဂ္ဂိုလ်ဖြစ်သော **ဟေမဝတ** နတ်မင်းကိုစွဲ၍ မှည့်ခေါ်ကြောင်း သိသာလေသည်၊ သို့ဖြစ်၍ **သာတဂိရိ** နတ်မင်း **ဟေမဝတ** နတ်မင်းကြီး ၂-ဥုးလုံးပင်၊ဘုရားသျှင်မျက်မှောက်တော်သို့ ရောက်သောအခါ **ဟေမဝတ** နတ်မင်းကသာ၊ ခေါင်းဆောင်ပြု၍ မေးမြန်းကြောင်းကို "**ဇ္ဇတိ ဟေမဝတော ယက္ခော**" ဟူသော ပုစ္ဆာ ဂါထာလာစကားဖြင့် ထင်ရှားသိသာအပ်လှပေသည်၊သံဂါယနာတင် ထေရ်အရှင်တို့ကား၊ **ဟေမဝတ** နတ်မင်းအမေး **သာတဂိရိ**နတ်မင်းအဖြေ ဟူသော ဗုဒ္ဓဂုဏပဋိသံယုတ္တဖြစ်သည့် ရှေ့ပိုင်းကို **သာတဂိရိ** သုတ်ဟု အမည်မှည့်ခေါ်ကြကုန်၏။

**ဟေမဝတသုတ္တန် အခါတော်နေ့ အကြောင်း**

မဟာသက္ကရာဇ် ၁၀၃-ခုနှစ်-ဝါဆိုလပြည့် စနေနေ့၌ ဓမ္မစကြာသုတ်ကို၎င်း၊ **ဟေမဝတ** သုတ်ကို၎င်း သျှင်တော်ဘုရား ဟောကြားတော် မူခဲ့လေသည်၊ ဤသည့်နေ့ကို ရှေးရှေးသာသနာပြု မင်းကောင်းများလက်ထက်တော် အခါမှစ၍ ယခုကာလတိုင်အောင်၊ အဆိုပါဝါဆိုလပြည့်နေ့ကို ဓမ္မစကြာတရားနာယူရန် **ဓမ္မစကြာ အခါတော်နေ**ဟု ထင်ရှား သတ်မှတ်သမုတ် ပညတ်အပ်သကဲ့သို့၊ ဓမ္မစကြာ တရားတော်နှင့် တနေ့တည်းဟောတော်မူသော **ဟေမဝတ** သုတ်ကိုစွဲ၍လည်း **ဟေမဝတ သုတ္တန် အခါတော်နေ** ဟူ၍ ထင်ရှားသတ်မှတ်- သမုတ်ပညတ် အပ်လေသည်။

**ကျမ်းပြုဆရာတော်၏ အာသီသ**

ရန်ကုန်မြို့ ကျောင်းတော်ရာ (မဟာဓမ္မဒီပိကာရာမ) ရွှေကျင်တိုက် မန်းဥုးကျောင်း၌၊သီတင်းသုံး နေထိုင်တော်မူသော ကျောင်းတော်ရာ ရွှေကျင်တိုက် အုပ်ချုပ်ရေးအဖွဲ့၊ ပဌမနာယက ဓမ္မဝါစက(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တဇောတ မည်သော ကျမ်းပြုဆရာ ထေရ်မဟာ၏ အာသီသ နှလုံ

## (၈) ဟေမဝတသုတ္တန်-မြန်မာပြန်နိဒါန်း

သွင်းတောင့်တရင်းသည်ကား-ဤ **ဟေမဝတ** သုတ်ကိုအကြောင်းပြု၍၊ ၁-**ကာဠီ** မည်သော အိမ်သျှင်မ၊ ၂-**ကာတိယာနီ** မည်သောအိမ်သျှင်မ၊ ၃-**ဟေမဝတ**နတ်မင်း၊ ၄-**သာတဂိရိ** နတ်မင်းတို့မဂ်ဉာဏ်ပေါက်၍၊ အရိယာအဖြစ် ရောက်ပုံကိုဂုဏ်း၊ **တေဒဂ်** ဘွဲ့တံဆိပ် ခပ်နှိပ်ခံရ၍၊ဂုဏ်ဟိတ်ကြီးမားပုံကိုဂုဏ်း၊ **ကာဠီ**၏သားချစ်၊ **သောဏ**ထေရ်၏ **တေဒဂ်** ဘွဲ့ထူးကို၊ ဆွတ်ခူးတော်မူပုံကိုဂုဏ်း၊ တွေ့ရှိသိမြင်ကြသော သူတော်ကောင်းတို့သည်၊ ဤ**ဟေမဝတ**သုတ်ကို၊ လေးလေးစားစား၊ သတိထား၍၊ တရားယူနိုင်စေရန်၊ရည်သန်ရိုးရင်း၊နှလုံးသွင်းအာသီသထားရှိတော်မူရကား၊ ဤကျမ်းကို အပန်းတကုတ်၊ ကြိုးစားအားထုတ် စီရင်တော်မူလေသည်။

**ဟံသာဝတီ၏ အာသီသ**

ပါဠိဘာသာမဖက် မြန်မာဘာသာ သက်သက်ကိုသာ ဖတ်တတ်,ရှုတတ်သူတို့အဘို့ ပါဠိတော်၊ အဋ္ဌကထာ ဋီကာ ပါဠိစာပေများကို မလေ့လာမကြည့်ရှုနိုင်ကြသည့် ကရားလိုက်စား၊ အမျိုးသား၊ အမျိုးသမီး၊ များစွာတို့ တရားသက်ဝင် သဒ္ဓါရွှင်လျက်၊ ဝမ်းတွင်သိမှီး၊ ပိဋကတ်တိုက်ကြီး သဖွယ် ဖြစ်စေရန် ရည်သန် ရိုးရင်း နှလုံးသွင်းရှိသည်ဖြစ်၍၊ မြန်မာစာပေ အရေးအသားဖြင့် ထုတ်ဝေ ဖြန့်ချိအပ်သော စာကောင်း, စာမွန်,စာချွန်တို့ကို ရွေးနုတ်ပြီးကာ-ငွေကြေးရမှု တခုကိုသာ၊ ပဓာနမထားဘဲ [**အမတဒုဒြဘိ**ံ၊ အမြိုက်နိဗ္ဗာန်လမ်းပြ၊ဓမ္မစည်တော်ကြီးကို။ **အာဟညိ**ံ၊ ဒေသနာဉာဏ်စက်ဖြင့်၊ တီးနှက် ပေတော့အံ့…] ဟူသော ဗုဒ္ဓသျှင်တော်မြတ်ဘုရား၏ အာသီသ အလိုကျ၊ မိန့်ခွန်းတော်မြွက်ဟသည့်အတိုင်း၊ တသွေမတိမ်းလိုက်နာ ကျင့်သုံးသောအားဖြင့်၊ ဖြန့်ချိထုတ်ဝေအပ်သည်ဖြစ်ပါကြောင်း၊ ယင်းသို့ဖြန့်ချိထုတ်ဝေရာတွင်လည်း၊ ရှင်းလင်းသေသပ်သော အထားအသို, အပို အလို မရှိသောပုဒ်ပါဌ်, အဖြတ် အရပ် ကျ-နှ-သေချာ-အက္ခရာ ပုဒ် ဗျည်း မလိပ်လည်း စေရအောင် ပါဠိဆရာကြီးဦးခင်စိုး-**သိရိပဝရဓမ္မာစရိယ** အမှူးရှိသော **ဟံသာဝတီ ပါဠိဆရာအဖွဲ့**ဝင်များက၊ ကောင်းစွာ သုတ်သင် ပြင်ဆင်ကာ ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

**ဟံသာဝတီ**

---

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဓမ္မစကြာအမွန်း ၃-ဂါထာပါဠိ | .... | ၁ |
| ၂။ | ၎င်း နိဿယ | .... | ၁၇ |
| ၃။ | ဓမ္မစကြာတရားဟောတော်မူရာဌာနနှင့် ပဉ္စဝဂ္ဂီရဟန်း တို့ကို မိန့်ခေါ်ပုံပြခဏ်းပါဠိ | .... | ၂ |
| ၄။ | ၎င်း နိဿယ | .... | ၁၉ |
| ၅။ | ရဟန်းတို့မမှီဝဲအပ်သော အယုတ်တရားနှစ်ပါးကို အမေးအဖြေပြု၍ ဟောကြားပုံပြခဏ်းပါဠိ | .... | ၂ |
| ၆။ | ၎င်း နိဿယ | .... | ၁၉ |
| ၇။ | ကာမသုခလ္လိကာနုယောဂ-ဟူသောအယုတ်တရား ပြခဏ်းပါဠိ | .... | ၂ |
| ၈။ | ၎င်း နိဿယ | .... | ၂၀ |
| ၉။ | အတ္တကိလမထာ နုယောဂ-ဟူသော အယုတ်တရား ပြခဏ်းပါဠိ | .... | ၃ |
| ၁၀။ | ၎င်း နိဿယ | .... | ၂၀ |
| ၁၁။ | အယုတ်တရားနှစ်ပါး ပယ်၍ (မဇ္ဈိမပဋိပဒါ)အကျင့် တရား၏ အကျိုးရပုံပြခဏ်းပါဠိ | .... | ၃ |
| ၁၂။ | ၎င်း နိဿယ | .... | ၂၁ |
| ၁၃။ | (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည်အဘယ်ပါနည်း ဟု အမေးပုစ္ဆာပြုပုံ ပြခဏ်းပါဠိ | .... | ၄ |
| ၁၄။ | ၎င်း နိဿယ | .... | ၂၂ |
| ၁၅။ | (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည် ဤမဂ္ဂင် အကျင့်ပင်တည်း ဟုဖြေဆိုပုံပြခဏ်းပါဠိ | .... | ၄ |
| ၁၆။ | ၎င်း နိဿယ | .... | ၂၃ |
| ၁၇။ | (မဇ္ဈိမပဋိပဒါ)အကျင့်တရား၏ အကျိုးရပုံနိဂုံးချုပ် ပြခဏ်းပါဠိ | .... | ၄ |
| ၁၈။ | ၎င်း နိဿယ | .... | ၂၃ |

(ည)

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၉။ | ဒက္ခသစ္စာပြခဏ်းပါဠိ | .... | ၄ |
| ၂၀။ | ၎င်း နိဿယ | .... | ၂၄ |
| ၂၁။ | သမုဒယသစ္စာပြခဏ်းပါဠိ | .... | ၅ |
| ၂၂။ | ၎င်း နိဿယ | .... | ၂၅ |
| ၂၃။ | နိရောဓသစ္စာပြခဏ်းပါဠိ | .... | ၅ |
| ၂၄။ | ၎င်း နိဿယ | .... | ၂၆ |
| ၂၅။ | မဂ္ဂသစ္စာပြခဏ်းပါဠိ | .... | ၆ |
| ၂၆။ | ၎င်း နိဿယ | .... | ၂၇ |
| ၂၇။ | ဒုက္ခသစ္စာ၌ သစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၆ |
| ၂၀။ | ၎င်း နိဿယ | .... | ၂၀ |
| ၂၉။ | ဒုက္ခသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၇ |
| ၃၀။ | ၎င်း နိဿယ | .... | ၂၉ |
| ၃၁။ | ဒုက္ခသစ္စာ၌ ကတဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၇ |
| ၃၂။ | ၎င်း နိဿယ | .... | ၃၀ |
| ၃၃။ | သမုဒယသစ္စာ၌ သစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | | ၇ |
| ၃၄။ | ၎င်း နိဿယ | .... | ၃၁ |
| ၃၅။ | သမုဒယသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၀ |
| ၃၆။ | ၎င်း နိဿယ | .... | ၃၂ |
| ၃၇။ | သမုဒယသစ္စာ၌ ကတဉာဏ် ၅-ပါးပြခဏ်းပါဠိ | | ၀ |
| ၃၀။ | ၎င်း နိဿယ | .... | ၃၃ |
| ၃၉။ | နိရောဓသစ္စာ၌ သစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၉ |
| ၄၀။ | ၎င်း နိဿယ | .... | ၃၄ |
| ၄၁။ | နိရောဓသစ္စာ၌ ကိစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၉ |
| ၄၂။ | ၎င်း နိဿယ | .... | ၃၅ |
| ၄၃။ | နိရောဓသစ္စာ၌ ကတဉာဏ် ၅-ပါးပြခဏ်းပါဠိ | | ၉ |
| ၄၄။ | ၎င်း နိဿယ | .... | ၃၆ |
| ၄၅။ | မဂ္ဂသစ္စာ၌ သစ္စဉာဏ် ၅-ပါးပြခဏ်းပါဠိ | .... | ၁၀ |
| ၄၆။ | ၎င်း နိဿယ | .... | ၃၀ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄၇။ | မင်္ဂလသုတ်၌ ကိစ္စညာဏ် ၅-ပါးပြဆိုပါ၏ .... | ၁၀ |
| ၄၈။ | ၎င်း နိဿယ .... | ၃၉ |
| ၄၉။ | မင်္ဂလသုတ်၌ ကတညာဏ် ၅-ပါးပြဆိုပါ၏ .... | ၁၁ |
| ၅၀။ | ၎င်း နိဿယ .... | ၄၀ |
| ၅၁။ | သစ္စာလေးပါးတရားအစဉ်ကို မသိမမြင်ရသေးမီက ဗုဒ္ဓမည်တွင် ဘုရားသျှင်အစစ်ဖြစ်ပြီဟု ဝန်မခံပုံပြဆိုပါ၏ | ၁၁ |
| ၅၂။ | ၎င်း နိဿယ .... | ၄၁ |
| ၅၃။ | သစ္စာလေးပါးတရားအစဉ်ကို သိမြင်သော အခါတိုင်မှ ဗုဒ္ဓမည်တွင် ဘုရားသျှင်အစစ်ဖြစ်ပြီဟု ဝန်ခံပုံပြဆိုပါ၏ | ၁၂ |
| ၅၄။ | ၎င်း နိဿယ ...... | ၄၂ |
| ၅၅။ | ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ)ညာဏ်အမြင်ဖြင့် ဆင်ခြင်ပုံ ပြဆိုပါ၏ .... | ၁၂ |
| ၅၆။ | ၎င်း နိဿယ .... | ၄၃ |
| ၅၇။ | ပဉ္စဝဂ္ဂီရဟန်းတို့၏ နှစ်သက်ခြင်းဖြစ်ပုံပြဆိုပါ၏ | ၁၂ |
| ၅၈။ | ၎င်း နိဿယ .... | ၄၄ |
| ၅၉။ | ကောဏ္ဍညရဟန်း၏ သောတာပတ္တိမဂ်ညာဏ်ဖြစ်ပုံ ပြဆို ပါ၏ .... | ၁၂ |
| ၆၀။ | ၎င်း နိဿယ .... | ၄၄ |
| ၆၁။ | ကောဏ္ဍညရဟန်း၏ တေဘူမက သင်္ခါရတရားတို့၌ အသိညာဏ်ဖြစ်ပုံပြဆို ပါ၏ .... | ၁၃ |
| ၆၂။ | ၎င်း နိဿယ .... | ၄၅ |
| ၆၃။ | ဓမ္မစကြာတရား ဟောကြားပြီးနောက် နတ် ဗြဟ္မာတို့၏ ကြွေးကြော်ပုံပြဆိုပါ၏ .... | ၁၃ |
| ၆၄။ | ၎င်း နိဿယ .... | ၄၅ |
| ၆၅။ | ကြွေးကြော်သော အသံ၏ ပျံ့နှံ့ တက်ရောက်ပုံ ပြဆိုပါ၏ .... | ၁၄ |
| ၆၆။ | ၎င်း နိဿယ .... | ၄၇ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၆၇။ | မြေကြီး၏ တုန်လှုပ်ပုံပြခန်း ပါဠိ | .... | ၁၄ |
| ၆၈။ | ၎င်း နိဿယ | .... | ၄၀ |
| ၆၉။ | အရောင်အလင်း ဖြစ်ပုံ ပြခန်းပါဠိ | .... | ၁၅ |
| ၇၀။ | ၎င်း နိဿယ | .... | ၄၀ |
| ၇၁။ | ဥဒါန်းကျူးရင့်ပုံနှင့်၊ ဘွဲ့အမည်တော် အပ်နှင်းပုံ ပြခန်းပါဠိ | .... | ၁၅ |
| ၇၂။ | ၎င်း နိဿယ | .... | ၄၀ |
| ၇၃။ | အညာသိကောဏ္ဍညရဟန်း၏ ရှင်ရဟန်း ပြုလိုကြောင်း ခွင့်တောင်းပုံ ပြခန်းပါဠိ | .... | ၁၅ |
| ၇၄။ | ၎င်း နိဿယ | .... | ၄၉ |
| ၇၅။ | ဧဟိဘိက္ခုခေါ်ပုံနှင့်၊ (ဧဟိဘိက္ခု) ရဟန်းဖြစ်ပုံ ပြခန်းပါဠိ | .... | ၁၆ |
| ၇၆။ | ၎င်း နိဿယ | .... | ၅၀ |
| ၇၇။ | ဟေမဝတသုတ္တန် မြန်မာဘာသာပြန် | .... | ၅၃ |
| ၇၈။ | ကာဠီအမျိုးသမီးဝတ္ထု | .... | ၅၄ |
| ၇၉။ | သောဏထေရ်အလောင်း ဆုတောင်းခန်း | .... | ၅၇ |
| ၈၀။ | သာတာဂိရိ နတ်မင်းအကြောင်း | .... | ၅၉ |
| ၈၁။ | ဟေမဝတ နတ်မင်းအကြောင်း | .... | ၆၄ |
| ၈၂။ | နတ်မင်း နှစ်ပါး မေးမြန်းခန်း | .... | ၆၇ |
| ၈၃။ | နတ်နှစ်ပါးတရားစကား ကာဠီ-ကြားသိခန်း | .... | ၇၃ |
| ၈၄။ | ကာဠီအမျိုးသမီး သောတာပန်တည်ပုံအခန်း | .... | ၇၇ |
| ၈၅။ | သောဏထေရ်အလောင်း ဖွားမြင်ခန်း | .... | ၇၈ |
| ၈၆။ | ကာဠီအမျိုးသမီး(တေဒဂ်)ဘွဲ့-ချီးကျူးခန်း | .... | ၇၈ |
| ၈၇။ | သောဏ ရှင်ရဟန်းပြုခန်း | .... | ၈၁ |
| ၈၈။ | သောဏရဟန်းအား ဥပဇ္ဈာယ်ဆရာ မိန့်ကြားခန်း | .... | ၈၃ |
| ၈၉။ | သောဏရဟန်းအား ကရားဟောရန် တိုက်တွန်းခန်း | .... | ၈၅ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ


၉၀။ မယ်တော်အမေးစကားဖြေကြားခဏ်း .... ၈၉
၉၁။ သောဏရဟန်း တရားဟောတော်မူခဏ်း .... ၉၁
၉၂။ သောဏရဟန်း(တေဒဂ်)ဘွဲ့ပေးခဏ်း .... ၉၃
၉၃။ သောဏထေရ်-ရဟန္တာဖြစ်ခဏ်း .... ၉၅
၉၄။ သောဏတွေ့ရ-ဝတ္ထုအဋ္ဌကထာ .... ၉၇
၉၅။ နတ်မင်းနှစ်ပါး၏ အတ္ထုပ္ပတ္တိအကျဉ်း .... ၁၀၀
၉၆။ ကာတိယာနီ အမျိုးသမီးဝတ္ထု .... ၁၁၇
၉၇။ ခိုးသူကြီး၏ ကြံစည်ပုံ .... ၁၂၀
၉၈။ ကာတိယာနီ-သောတာပန်တည်ခဏ်း .... ၁၂၀
၉၉။ ခိုးသူကြီး၏ တောင်းပန်စကား ပြောကြား ခဏ်း .... ၁၂၁
၁၀၀။ ကာတိယာနီ၏ ခွင့်လွှတ်ခဏ်း .... ၁၂၂
၁၀၁။ ခိုးသားငါးရာ-အကျွတ်တရားရခဏ်း .... ၁၂၂
၁၀၂။ ကာတိယာနီအမျိုးသမီး(တေဒဂ်)ဘွဲ့ ချီးကျူးခဏ်း .... ၁၂၃
၁၀၃။ ဟေမဝတ သုတ္တန် ပါဠိတော် ဂါထာ-၃၀-.... ၁၂၇
၁၀၄။ ပါဠိတော် မြန်မာဘာသာပြန် .... ၁၃၅
၁၀၅။ သာတဂိရိ-နတ်မင်း၏ တိုက်တွန်းစကား .... ၁၃၅
၁၀၆။ ဟေမဝတနတ်မင်း၏ အမေးစကား .... ၁၄၄
၁၀၇။ သာတဂိရိနတ်မင်း၏ အဖြေစကား .... ၁၄၆
၁၀၈။ ဟေမဝတနတ်မင်း၏ အမေးစကား .... ၁၄၇
၁၀၉။ သာတဂိရိနတ်မင်း၏ အဖြေစကား .... ၁၅၀
၁၁၀။ ဟေမဝတနတ်မင်း၏အမေးစကား .... ၁၅၂
၁၁၁။ သာတဂိရိနတ်မင်း၏ အဖြေစကား .... ၁၅၄
၁၁၂။ သုတ်သီလက္ခန်ပါဠိတော်စူဠသီလအကြောင်း ၁၅၅
၁၁၃။ ဟေမဝတနတ်မင်း၏ အမေးစကား .... ၁၆၂
၁၁၄။ သာတဂိရိနတ်မင်း၏ အဖြေစကား .... ၁၆၄
၁၁၅။ ဟေမဝတနတ်မင်း၏ အမေးစကား .... ၁၆၆

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၁၆။ | သာတဂိရိနတ်မင်း၏အဖြေစကား | .... | ၁၆၀ |
| ၁၁၇။ | ဟေမဝတနတ်မင်း၏ ဝမ်းမြောက်စကား ပြောကြားပုံ | .... | ၁၆၉ |
| ၁၁၈။ | သာတဂိရိနတ်မင်းသည်ချီးကျူးစကားကြား၍ဝမ်းမြောက်စကား ပြန်ကြားခြင်း | .... | ၁၇၁ |
| ၁၁၉။ | သာတဂိရိနတ်မင်းသည် ဟေမဝတနတ်မင်းအားဘုရားသျှင်ထံ ဖူးမျှော်ရန်ခေါ်ဆောင်ခြင်း | | ၁၇၂ |
| ၁၂၀။ | ဝိဇ္ဇာတရားသုံးပါးပြခြင်း | .... | ၁၇၄ |
| ၁၂၁။ | သူတော်ကောင်းတရား၇-ပါးပြခြင်း | .... | ၁၇၇ |
| ၁၂၂။ | ဝိဇ္ဇာနှင့်စရဏတရား အကျယ်ပြခြင်း | .... | ၁၇၈ |
| ၁၂၃။ | ပုဏ္ဏားတို့၏ဝိဇ္ဇာတရားသုံးပါးပြည့်တ်ထားပုံ လျှောက်ချက် | .... | ၁၈၄ |
| ၁၂၄။ | ဘုရားသျှင်၏အလိုတော်ကျဝိဇ္ဇာသုံးပါးပြပုံ | .... | ၁၈၅ |
| ၁၂၅။ | အဂ္ဂိကဘာရဒွါဇ၏ဝိဇ္ဇာစရဏတရားဘုရားသျှင်ပယ်ပုံ | .... | ၁၈၉ |
| ၁၂၆။ | ဘုရားသျှင်၏ ဝိဇ္ဇာစရဏတရားခေါ်ပုံ | .... | ၁၉၀ |
| ၁၂၇။ | ဘုရားသျှင်၏ ဝိဇ္ဇာစရဏတရားသဘောကျ၍.... နို့ယနာဆွမ်းအလှူခံရန်ဘိတ်ကြားပုံ | .... | ၁၉၁ |
| ၁၂၈။ | ဘုရားသျှင်သည်နို့ယနာဆွမ်းအလှူကိုပယ်စွန့်တော်မူပုံ | .... | ၁၉၁ |
| ၁၂၉။ | ဘုရားသျှင်သည် အဂ္ဂိကဘာရဒွါဇအားဆွမ်းလှူပုံနည်းတရားဟောကြားပုံ | .... | ၁၉၂ |
| ၁၃၀။ | ဟေမဝတနတ်မင်းသည် ဘုရားသျှင်ထံ ဖူးမျှော်သွားရန်သာတဂိရိနတ်မင်းအားတိုက်တွန်းပုံ | .... | ၁၉၄ |
| ၁၃၁။ | နတ်မင်းနှစ်ပါးဘုရားထံလျှောက်ကြားရန်တိုင်ပင်ပုံ | | ၁၉၇ |
| ၁၃၂။ | ဘုရားသျှင်အားတရားစကား မေးလျှောက်ရန်ခွင့်ပန်ပုံ | .... | ၂၀၂ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၃၂။ | ဟေမဝတနတ်သား ဘုရားသျှင်အား တရားစကားမေးလျှောက်ပုံ | .... | ၂၀၄ |
| ၁၃၃။ | ဘုရားသျှင်သည် ဟေမဝတနတ်သားအား အမေးစကားဟောကြားပုံ | .... | ၂၀၆ |
| ၁၃၄။ | နတ်သားတဦး၏မေးလျှောက်ထားပုံ | .... | ၂၁၂ |
| ၁၃၅။ | နတ်သားအမေးစကားဟောကြားဖြေဆိုပုံ | .... | ၂၁၃ |
| ၁၃၆။ | ဟေမဝတနတ်သား ဝဋ်မှလွတ်မြောက်ကြောင်းတရား လျှောက်ထားပုံ | .... | ၂၁၆ |
| ၁၃၇။ | ဘုရားသျှင်သည် ဝဋ်မှလွတ်မြောက်ကြောင်းတရားဟောကြားပုံ | .... | ၂၂၀ |
| ၁၃၈။ | ဟေမဝတနတ်သားအား မဂ္ဂင်တရားဟောကြားပုံ | .... | ၂၂၅ |
| ၁၃၉။ | ဟေမဝတနတ်သားသြဃတရားလေးပါးလျှောက်ထားပုံ | .... | ၂၂၇ |
| ၁၄၀။ | နတ်သားအမေးစကားဟောကြားဖြေဆိုပုံ | .... | ၂၂၈ |
| ၁၄၁။ | မြတ်စွာဘုရားသေက္ခ,အသေက္ခတရားဟောကြားပုံ | .... | ၂၃၀ |
| ၁၄၂။ | စန္ဒန-နတ်သားလျှောက်ထားပုံ | .... | ၁၃၁ |
| ၁၄၃။ | နတ်သား၏အမေးစကားဖြေကြားပုံ | .... | ၂၃၂ |
| ၁၄၄။ | ဟေမဝတနတ်သားချီးကျူးပုံ | .... | ၂၃၅ |
| ၁၄၅။ | မြတ်စွာဘုရားအားအထူးလျှောက်ကြားပုံ | .... | ၂၃၉ |
| ၁၄၆။ | ကျမ်းနိဂုံးစကား | .... | ၂၄၃ |

# ဓမ္မစကြာသုတ်ပါဠိတော်

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ

## (၁) ဓမ္မစကြာ သုတ်အမွှန်းပါဠိ ၃ ဂါထာ

(၁) (၁) ဘိက္ခူနံ ပဉ္စ- ဝဂ္ဂီနံ၊
ဣသိ-ပတန-နာမကေ။
မိဂ-ဒါယေ ဓမ္မ- ဝရံ၊
ယံ တံ နိဗ္ဗာန- ပါပကံ။ ။

(၂) သဟ-မ္ပတိ-နာမကေန၊
မဟာ- ဗြဟ္မေန, ယာစိတော။
စတု-သစ္စံ, ပ-ကာသေန္တော၊
လောက-နာထော, အဒေသယိ။ ။

(၃) နန္ဒိတံ သဗ္ဗ- ဒေဝေဟိ၊
သဗ္ဗ-သမ္ပတ္တိ- သာဓကံ။
သဗ္ဗ- လောက- ဟိတ-ဝ္ဟာယ၊
ဓမ္မ-စက္ကံ ဘဏာမ, ဟေ။ ။

## ဓမ္မစကြာသုတ်-ပါဠိတော်၊

(၂) ဓမ္မ စကြာ တရားဟောကြားတော် မူရာ-ဌာန-နှင့် ပဉ္စ-ဝဂ္ဂီ-ရဟန်းတို့ကို၊ မိန့်ခေါ်ပုံပြခန်း

(၂) ဧဝံ မေ သုတံ +
[ဧကံ သမယံ ဘဂဝါ + ဗာရာဏသိယံ ဝိဟရတိ + ဣသိ-ပတနေ မိဂ-ဒါယေ၊ + တတြ ခေါ ဘဂဝါ + ပဉ္စ-ဝဂ္ဂိယေ ဘိက္ခူ အာမန္တေသိ။ + ]

---

(၃) ရဟန်းတို့မမှီဝဲအပ်သောအယုတ်တရားနှစ်ပါးကို၊ အမေးအဖြေပြု၍ ဟောကြားပုံပြခန်း

(၃) [ဒွေ မေ ဘိက္ခဝေ အန္တာ + ပဗ္ဗဇိတေန န သေဝိတဗ္ဗာ၊ + ]
[က တ မေ ဒွေ + ]

---

(၄) (၁) ကာမ သုခလ္လိကာ နုယောဂ-
ဟူသောအယုတ်တရားပြခန်း

(၄) (၁) ယော စာ-ယံ, ကာမေသု + ကာမ-သုခ-လ္လိကာ- နုယောဂေါ + (၁) ဟီနော၊ (၂) ဂမ္မော၊ (၃) ပေါထု- ဇ္ဇနိကော၊ (၄) အန-ရိယော၊ (၅) အန-တ္ထ-သံဟိတော။

---

[မှတ်ချက်။ ။၌+ကြက်ခြေခတ်- ပြရာ၌၊ အနည်းငယ်-ရပ်၍ ရွတ်ဆိုရန်]

(၅) (၂) အတ္တ-ကိလမထာ- နု ယောဂ
ဟူသော အယုတ်တရားပြခဏ်း

(၅) (၂) ယော စာ-ယံ, အတ္တ-ကိလမထာ- နု- ယော
ဂေါ+ (၁) ဒုက္ခော၊ (၂) အန-ရိယော၊
(၃) အန-တ္ထ- သံဟိတော။

---

(၆) အယုတ်တရားနှစ်ပါးပယ်၍
(မဇ္ဈိမပဋိပဒါ) အကျင့်တရား၏အကျိုးရပုံ
ပြခဏ်း

(၆) [ဧတေ ခေါ ဘိက္ခဝေ + ဥဘော အန္တေ
အနု-ပ-ဂမ္မ + မဇ္ဈိမာ ပဋိပဒါ + တထာ
ဂတေန အဘိ-သမ္ဗုဒ္ဓါ +
(၁) စက္ခု-ကရဏီ + (၂) ဉာဏ-ကရဏီ +
(၁) ဥပ-သမာယ + (၂) အဘိ-ညာယ၊ +
(၃) သ-မ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံဝတ္တ-
တိ။ + ]

---

(၇) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည်၊
အဘယ်ပါနည်း-ဟု၊အမေး,ပုစ္ဆာ,-
ပြုပုံပြခဏ်း

(၇) [ကတမာ စ သာ ဘိက္ခဝေ + မဇ္ဈိမာ ပဋိ-
ပဒါ+ တထာ ဂတေန အဘိ-သမ္ဗုဒ္ဓါ+
(၁) စက္ခု-ကရဏီ + (၂) ဉာဏ-ကရဏီ +
(၁) ဥပ-သမာယ + (၂) အဘိ-ညာယ +
(၃) သ-မ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံ ဝတ္တ-
တိ။ + ]

(၈) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည်၊ ဤ''မဂ္ဂင်'' တရားအကျင့်ပင်တည်းဟု၊ ဖြေဆိုပုံပြခဏ်း

(၈) [အယ-မေ-ဝ အရိယော + အဋ္ဌ-ဂိကော မဂ္ဂေါ + (သေယျထိ-ဒံ)
(၁) သမ္မာ-ဒိဋ္ဌိ၊ (၂) သမ္မာ-သင်္ကပ္ပေါ +
(၃) သမ္မာ-ဝါစာ၊ (၄) သမ္မာ-ကမ္မန္တော +
(၅) သမ္မာ-အာဇီဝေါ၊(၆)သမ္မာ-ဝါယာမော +
(၇) သမ္မာ-သတိ၊ (၈) သမ္မာ-သမာဓိ + ]

---

(၉) (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏အကျိုးရပုံ နိဂုံးချုပ်ပြခဏ်း

(၉) [အယံခေါ သာ ဘိက္ခဝေ + မဇ္ဈိမာ ပဋိ-ပဒါ + တထာ ဂတေန အဘိ-သမ္ဗုဒ္ဓါ +
(၁) စက္ခု-ကရဏီ၊ (၂) ဉာဏ-ကရဏီ၊ +
(၁) ဥပ-သမာယ + (၂) အဘိ-ညာယ +
(၃) သ-မ္ဗောဓာယ + (၄) နိဗ္ဗာနာယ သံ ဝတ္တ-တိ။]

---

(၁၀) (၁) ဒုက္ခ သစ္စာပြခဏ်း

(ဒုက္ခ ၈-မျိုး)

(၁၀) (က) ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ +
(ခ) အရိယ-သစ္စံ +
(၁) ဇာတိ-ပိ ဒုက္ခာ +
(၂) ဇရာ-ပိ ဒုက္ခာ +
(၃) ဗျာဓိ-ပိ ဒုက္ခော +

(၄) မရဏံ-ပိဒုက္ခံ +
(၅) အ-ပ္ပိယေဟိ သ-မ္ပ-ယောဂေါ ဒုက္ခော +
(၆) ပိယေဟိ ဝိ-ပ္ပ-ယောဂေါ ဒုက္ခော +
(၇) ယံ-ပိ-စ္ဆံ နလဗ္ဘတိ၊ တံ-ပိ ဒုက္ခံ +
(၈) (သံ-ခိတ္တေန)ပဉ္စု-ပါဒါန-က္ခန္ဓာ-ပိ ဒုက္ခာ +

---

## (၁၁) (၂) သမုဒယသစ္စာပြခန်း

(တဏှာ ၃-မျိုး)

(၁၁) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-သမုဒယံ +
(ခ) အရိယ-သစ္စံ +
[ယာ-ယံ တဏှာ၊ (၁) ပေါနော-ဗ္ဘဝိကာ +
(၂) နန္ဒီ-ရာဂ- သဟဂတာ + (၃) တတြ +
တတြာ-ဘိ-နန္ဒိနီ + (သေယျထိ-ဒံ)
(၁) ကာမ- တဏှာ + (၂) ဘဝ-တဏှာ +
(၃) ဝိ-ဘဝ-တဏှာ + ]

---

## (၁၂) (၃) နိရောဓ သစ္စာပြခန်း

(နိဗ္ဗာန်၏ အခြင်းအရာ ၅—မျိုး)

(၁၂) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-နိရောဓံ +
(ခ) အရိယ-သစ္စံ +
[ယော တဿာ-ယေဝ တဏှာယ +
(၁) အ-သေသ- ဝိရာဂ-နိရောဓော +
(၂) စာဂေါ + (၃) ပဋိ-နိ-ဿဂ္ဂေါ +
(၄) မုတ္တိ + (၅) အနာ-လယော + ]

## (၁၃) (၄)မဂ္ဂသစ္စာပြခန်း
(မဂ္ဂင် ၈-ပါး အကျင့်တရား)

(၁၃) (က) ဣဒံ ခေါ ပန ဘိက္ခဝေ ဒုက္ခ-နိရောဓ-ဂါမိနီ-
ပဋိပဒါ +
(ခ) အရိယ-သစ္စံ +
[အယ မေဝ အရိယော + အဋ္ဌ-င်္ဂိကော
မဂ္ဂေါ + (သေယျထိ-ဒံ)]
(၁) သမ္မာ-ဒိဋ္ဌိ +
(၂) သမ္မာ-သင်္ကပ္ပေါ +
(၃) သမ္မာ-ဝါစာ +
(၄) သမ္မာ-ကမ္မန္တော +
(၅) သမ္မာ-အာဇီဝေါ +
(၆) သမ္မာ-ဝါယာမော +
(၇) သမ္မာ-သတိ +
(၈) သမ္မာ-သမာဓိ +

---

## (၁၄) (၁) ဒုက္ခသစ္စာ၌၊
## (၁) သစ္စဉာဏ် ၅-ပါးပြခန်း

(၁၄) (က) ဣဒံ ဒုက္ခံ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ +
(၂) ဉာဏံ ဥဒပါဒိ၊
(၃) ပညာ ဥဒပါဒိ၊ +
(၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

(၁၅) (၁) ဒုက္ခသစ္စာ၌၊
(၂) ကိစ္စဉာဏ် ၅-ပါးပြခဏ်း

(၁၅) (က) တံ ခေါ ပန်-ဒံ ဒုက္ခံ၊ +
(ခ) အရိယ-သစ္စံ +
ပရိ-ညေယျ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဉဒပါဒိ၊ + (၂) ဉာဏံ ဉဒပါဒိ၊ +
(၃) ပညာ ဉဒပါဒိ၊ + (၄) ဝိဇ္ဇာ ဉဒပါဒိ၊ +
(၅) အာလောကော ဉဒပါဒိ၊ +

---

(၁၆) (၁) ဒုက္ခသစ္စာ၌၊
(၃) ကတဉာဏ် ၅-ပါး ပြခဏ်း

(၁၆) (က) တံ ခေါ ပန်-ဒံ ဒုက္ခံ၊ +
(ခ) အရိယ-သစ္စံ၊
ပရိ-ညာတ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဉဒပါဒိ၊ + (၂) ဉာဏံ ဉဒပါဒိ၊ +
(၃) ပညာ ဉဒပါဒိ၊ + (၄) ဝိဇ္ဇာ ဉဒပါဒိ၊ +
(၅) အာလောကော ဉဒပါဒိ၊ +

---

(၁၇) (၂) သမုဒယ သစ္စာ၌ (၁) သစ္စဉာဏ်
၅-ပါး ပြခဏ်း

(၁၇) (က) ဣဒံ ဒုက္ခ-သမုဒယံ၊ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +

(၁) စက္ခုံ ဥဒပါဒိ + (၂) ဉာဏံ ဥဒပါဒိ +
(၃) ပညာ ဥဒ ပါဒိ + (၄) ဝိဇ္ဇာ ဥဒပါဒိ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၁၀) (၂) သမုဒယသစ္စာ၌ (၂) ကိစ္စဉာဏ် ၅-ပါး ပြခဏ်း

(၁၀) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ-သမုဒယံ၊ +
(ခ) အရိယ-သစ္စံ၊ +
ပ-ဟာ- တဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၁၉) (၂) သမုဒယသစ္စာ၌ (၃) ကတဉာဏ် ၅-ပါးပြခဏ်း

(၁၉) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ-သမုဒယံ၊ +
(ခ) အရိယ-သစ္စံ၊ +
ပ-ဟီ-န-န္တိ၊ မေ ဘိက္ခဝေ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

## (၂၀) (၃)နိရောဓ-သစ္စာ၌ (၁) သစ္စဉာဏ် ၅-ပါးပြခဏ်း

(၂၀) (က) ဣဒံ ဒုက္ခ-နိရောဓံ၊ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အနနု-နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒ ပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

## (၂၁) (၃) နိရောဓ-သစ္စာ၌ (၂) ကိစ္စဉာဏ် ၅-ပါး ပြခဏ်း

(၂၁) (က) ဣဒံ ဒုက္ခ- နိရောဓံ၊ +
(ခ) အရိယ- သစ္စံ၊ +
*သစ္ဆိ- ကာတဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အနနု-နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

## (၂၂) (၃) နိရောဓ-သစ္စာ၌ (၃) ကတဉာဏ် ၅-ပါး ပြခဏ်း

(၂၂) (က) တံ ခေါ ပနိ-ဒံ ဒုက္ခ-နိရောဓံ၊ +
(ခ) အရိယ-သစ္စံ၊ +
*သစ္ဆိ-ကတ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အနနု-နုဿုတေသု ဓမ္မေသု၊ +

(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒ ပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

(၂၃) (၄) မဂ္ဂသစ္စာ၌၊ (၁) သစ္စဉာဏ်
၅-ပါးပြခဏ်း

(၂၃) (က) ဣဒံ ဒုက္ခ-နိရောဓ ဂါမိနီ ပဋိပဒါ၊ +
(ခ) အရိယ-သစ္စ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခု ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

---

(၂၄) (၄) မဂ္ဂသစ္စာ၌၊ (၂) ကိစ္စဉာဏ်
၅-ပါးပြခဏ်း

(၂၄) (က) တံ ခေါ ပနိ-ဒံ + ဒုက္ခ နိရောဓ-ဂါမိနီ ပဋိ-
ပဒါ၊ +
(ခ) အရိယ-သစ္စံ၊ +
* ဘာဝေတဗ္ဗ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန-နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခု ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒပါဒိ၊ +

## (၂၅) (၄) မဂ္ဂသစ္စာ၌၊ (၃) ကတဉာဏ် ၅-ပါးပြခဏ်း

(၂၅) (က) တံ ခေါ ပနိ-ဒံ + ဒုက္ခ- နိရောဓ- ဂါမိနီ-
ပဋိပဒါ၊ +
(ခ) အရိယ-သစ္စံ၊ +
*ဘာဝိတ-န္တိ၊ မေ ဘိက္ခဝေ၊ +
ပုဗ္ဗေ အန- နုဿုတေသု ဓမ္မေသု၊ +
(၁) စက္ခုံ ဥဒပါဒိ၊ + (၂) ဉာဏံ ဥဒပါဒိ၊ +
(၃) ပညာ ဥဒပါဒိ၊ + (၄) ဝိဇ္ဇာ ဥဒပါဒိ၊ +
(၅) အာလောကော ဥဒ ပါဒိ၊ +

---

## (၂၆) သစ္စာလေးပါး၊တရားအစဉ်ကို၊ မသိ,မမြင်ရ သေးမီက၊ ဗုဒ္ဓမည်တွင်၊ဘုရားသျှင်အစစ်၊ ဖြစ်ပြီ-ဟု၊ဝန်မခံပုံပြခဏ်း

(၂၆) (က) [*ယာဝ ကီဝ-ဉ္စ မေ ဘိက္ခဝေ + ဣမေသု
စတူသု အရိယ-သစ္စေသု + ဧဝံ တိ-ပရိ-ဝဋ္ဋံ,
ဒွါဒသာ-ကာရံ + ယထာ ဘူတံ ဉာဏ–
ဒဿနံ + န သု-ဝိ-သုဒ္ဓံ အဟော-သိ၊ + ]
(ခ) [*နေဝ တာဝါ-ဟံ ဘိက္ခဝေ + သ- ဒေဝ-
ကေ, လောကေ + သ-မာရကေ, သ-ဗြဟ္မ-
ကေ + သ-သမဏ ဗြာဟ္မဏိယာ ပဇာယ +
သ-ဒေဝ- မနု ဿာယ + အနု တ္တရံ သမ္မာ-
သမ္ဗောဓိံ + အဘိ- သမ္ဗုဒ္ဓေါ- တိ၊ ပစ္စ-ညာ-
သိံ၊ + ]

## (၂၇) သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိ-မြင်သော အခါတိုင် မှသာ၊ ဗုဒ္ဓ-မည်တွင်၊ ဘုရားသျှင်အစစ်၊ ဖြစ်ပြီ-ဟု၊ ဝန်ခံပုံပြခဏ်း

(၂၇) (က) [ *ယတော စ ခေါ မေ ဘိက္ခဝေ + ဣမေသု စတူသု အရိယ- သစ္စေသု + ဧဝံ တိ-ပရိ-ဝဋ္ဋံ, ဒွါဒသာ- ကာရံ + ယထာ- ဘူတံ ဉာဏ- ဒဿနံ + သု-ဝိ- သုဒ္ဓံ အဟောသိ၊ + ]

(ခ) [ *အထာ- ဟံ ဘိက္ခဝေ + သ- ဒေဝကေ, လောကေ + သ-မာရကေ, သ-ဗြဟ္မကေ + သ-သမဏ-ဗြာဟ္မဏိယာ ပဇာယ + သ-ဒေဝမနုဿာယ + အနု-တ္တရံ သမ္မာ-သမ္ဗော- ဓိံ + အဘိ-သမ္ဗု|ဒ္ဓေါ-တိ၊ ပစ္စ-ညာသိံ၊ + ]

---

## (၂၈) ဗုဒ္ဓ-ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ) ဉာဏ် အမြင်ဖြင့် ဆင်ခြင်ပုံ ပြခဏ်း

(၂၀) *ဉာဏ-ဥ္စ ပန မေ ဒဿနံ ဥဒပါဒိ၊ +

(၁) အကုပ္ပါ မေ စေတော-ဝိ-မုတ္တိ၊ +

(၂) အယ-မန္တိမာ, ဇာတိ၊ +

(၃) နတ္ထိ ဒါနိ ပုန- ဗ္ဘဝေါ-တိ၊ +

ဣဒ-မဝေါစ, ဘဂဝါ- တိ၊ +

---

## (၂၉) "ပဥ္စ ဝဂ္ဂီ"ရဟန်းတို့၏၊ နှစ်သက်ခြင်းဖြစ်ပုံ ပြခဏ်း

(၂၉) [အတ္တ-မနာ ပဥ္စ-ဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိ- နန္ဒု|န္တိ။]

## (၃၀) "ကောဏ္ဍည"ရဟန်း၏ သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပုံပြခန်း

(၃၀) ဣမသ္မိံ စ ပန + ဝေယျာ-ကရဏသ္မိံဘည-
မာနေ + အာယသ္မတောကောဏ္ဍညဿ +
ဝိ ရဇံ,ဝိတ-မလံ, ဓမ္မ-စက္ခုံ ဉဒပါဒိ။

---

## (၃၁) "ကောဏ္ဍည"ရဟန်း၏၊ တဘူမကသင်္ခါရတရားတို့၌ အသိဉာဏ်ဖြစ်ပုံပြခန်း

(၃၁) (၁) "ယံ ကိ ဉ္စိ သမုဒယ-ဓမ္မံ"
(၂) "သဗ္ဗံ တံ နိရောဓ-ဓမ္မ-န္တိ"။

---

## (၃၂) "ဓမ္မစကြာ"တရား၊ ဟောကြားပြီးနောက်နတ်,ဗြဟ္မာ,တို့၏၊ ကြွေးကြော်ပုံပြခန်း

(၃၂) (၁) ပဝတ္တိတေ စ ပန ဘဂဝတာ ဓမ္မ-စက္ကေ +
ဘူမာ ဒေဝါ သဒ္ဒ-မနုဿာဝေသုံ။
[*တေ ဘဂဝတာ ဗာရာဏသိယံ +
ဣသိ-ပတနေ မိဂ-ဒါယေ +
အ-နု-တ္တရံ ဓမ္မ စက္ကံ ပဝတ္တိတံ +
အ-ပ္ပဋိ-ဝတ္တိယံ + သမဏေနဝါ +
ဗြာဟ္မဏေနဝါ + ဒေဝေန ဝါ +
မာရေန ဝါ + ဗြဟ္မုနာ ဝါ +
ကေနစိ ဝါ လောကသ္မိံ-တိ + ]
(၁) [ဘူမာနံ ဒေဝါနံ သဒ္ဒံ သုတွာ +
(၂) စာတု-မဟာ- ရာဇိကာ ဒေဝါ +
သဒ္ဒ-မနုဿာဝေသုံ။]

(၁–၂) စာတု-မဟာ-ရာဇိကာနံ ဒေဝါနံ သဒ္ဒံသုတွာ-
(၃) တာဝတိံသာ ဒေဝါ +
(၄) ယာမာ ဒေဝါ +
(၅) တုသိတာ ဒေဝါ +
(၆) နိမ္မာန-ရတိ- ဒေဝါ +
(၇) ပရ-နိမ္မိတ-ဝသ-ဝတ္တိ-ဒေဝါ +
(၈) ဗြဟ္မ- ကာယိကာ ဒေဝါ + သဒ္ဒ- မနုဿာ ဝေသုံ။
[ ဧတံ ဘဂဝတာ ဗာရာဏသိယံ
ဣသိ-ပတနေ မိဂ-ဒါယေ +
အ-နု-တ္တရံ ဓမ္မ-စက္ကံ ပဝတ္တိတံ +
အ-ပ္ပဋိ-ဝတ္တိယံ + သမဏေန ဝါ +
ဗြာဟ္မဏေန ဝါ + ဒေဝေန ဝါ +
မာရေန ဝါ + ဗြဟ္မုနာ ဝါ +
ကေနစိ ဝါ လောကသ္မိံ-တိ၊ + ]

(၃၃) ကြွေးကြော်သောအသံ၏ပျံ့နှံ့
တက်ရောက်ပုံပြခန်း

(၃၃) [ ဣတိဟ၊ တေန ခဏေ န + တေနလယေ-
န + တေန မုဟုတ္တေန + ယာဝ-ဗြဟ္မလော-
ကာ + သဒ္ဒေါ အဗ္ဘု-ဂ္ဂစ္ဆိ။ ]

(၃၄) မြေကြီး၏တုန်လှုပ်ပုံ ပြခန်း

(၃၄) [ အယ-ဉ္စ,ဒသ-သဟဿီ-လောက-ဓာတု +
သ-င်္ကမ္ပိ၊ + သ-မ္ပ-ကမ္ပိ၊ + သ-မ္ပ-ဝေဓိ၊ + ]

## (၃၅) အရောင်,အလင်းဖြစ်ပုံပြခက်း

(၃၅)[အ-ပ္ပမာဏော စ ဥဠာရော + ဩဘာသော လောကေ ပါတု- ရဟောသိ + အတိ-က္ကမ္မ ဒေဝါနံ ဒေဝါ-နု-ဘာဝန္တိ၊ + ]

---

## (၃၆) "ဥဒါန်း" ကျူးရင့်ပုံနှင့်၊ဘွဲ့,အမည်တော်, အပ်နှင်းပုံပြခက်း

(၃၆) [အထခေါ ဘဂဝါ ဥဒါနံ ဥဒါနေသိ၊
(၁) အညာသိ,ဝတ, ဘော, ကောဏ္ဍညော၊ +
(၁) အညာသိ, ဝတ,ဘော,ကောဏ္ဍညော-တိ၊ +
(၂) ဣတိဟိ-ဒံ,အာယသ္မတော ကောဏ္ဍညဿ + "အညာသိ- ကောဏ္ဍညော" တွေ-ဝ + နာမံ အဟောသိ၊ + ]

---

## (၃၇) "အညာသိ-ကောဏ္ဍည"ရဟန်း၏ရှင်,ရဟန်း, ပြုရလိုကြောင်းခွင့်တောင်းပုံ ပြခက်း

(၃၇) [အထခေါ အာယသ္မာ, အညာသိ-ကောဏ္ဍ-ညော +
(၁) ဒိဋ္ဌ- ဓမ္မော + (၂) ပတ္တ-ဓမ္မော + (၃) ဝိဒိတ-ဓမ္မော + (၄) ပရိယော-ဂါဠ္ဍ-ဓမ္မော + (၅) တိဏ္ဏ-ဝိစိကိစ္ဆော + (၆) ဝိဂတ-ကထံ-ကထော + (၇)ဝေ-သာရဇ္ဇ-ပတ္တော + (၈)အ-ပရ-ပစ္စယော + သတ္ထု-သာသနေ + ဘဂဝန္တံ ဧတ-ဒဝေါ-စ၊ + ]

(က) [လဘေယျာ- ဟံ,ဘန္တေ + ဘဂဝတော
သန္တိကေ ပဗ္ဗဇ္ဇံ +
(ခ) လဘေယျံ ဥပ-သမ္ပဒ-န္တိ။]

---

## (၃၈) (ဧဟိဘိက္ခု) ခေါ်ပုံနှင့် (ဧဟိဘိက္ခု) ရဟန်းဖြစ်ပုံ ပြခန်း

(၃၈)(၁) [ဧဟိ ဘိက္ခူ- တိ၊ ဘဂဝါ အဝေါစ +
သွာ-က္ခာတော ဓမ္မော + စရ,ဗြဟ္မစရိယံ +
သမ္မာ ဒုက္ခဿ အန္တ-ကိရိယာယာ- တိ +
(၂) သာဝ,တဿ အာယသ္မတော + ဥပ-သမ္ပဒါ
အဟောသီ·တိ + ]

(ဓမ္မ စက္က ပဝတ္တန သုတ္တံ နိဋ္ဌိတံ။)

# ဓမ္မစကြာနိဿယသစ်

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၁) ဓမ္မစကြာအမွန်း ၃-ဂါထာနိဿယသစ်

(၁)(၁-၂) စတု-သစ္စံ၊ သစ္စာလေးပါး တရားအစဉ်ကို။ ပကာသေန္တော၊ မျက်ဝါးထင်ထင် သိမြင်စေကြောင်း၊ ကောင်းစွာပြတော်မူ တတ်ထသော။ လောက-နာထော၊ သုံးလောကလုံး၊ ပျားပိတုန်းတို့၊ ညွှတ်ရုံးဦးခိုက်၊မကိုင်ုသရဖူ၊ အောင်လံထူ၍၊ ပြိုင်သူဘက်ရှား၊ ကိုးစားရာအစစ်၊ ဖြစ်တော်မူသော မြတ်စွာဘုရားသခင်သည်။ သဟံပတိနာမကော၊ ရူပါဝစရ၊ ပဌမ-ဘုံစံ (သဟံ ပတိ) အမည်ရှိသော။ မဟာဗြဟ္မုန၊ ဘုန်းရောင်, ဂုဏ်ရောင်၊ နေ, တန်ဆောင်သို့၊ ထွန်းပြောင်-တင့်လတ်၊မြတ်သော "မဟာဗြဟ္မာ"မင်းသည်။ ယာစိတော၊[ဒေသေ-တု, ဘန္တေ ဘဂဝါ ဓမ္မံ၊ ဒေသေတု, သုဂတော ဓမ္မံ] ဟု၊ အဖန်ဖန်တောင်းပန်အပ်သည်ဖြစ်၍။ ဣသိ-ပတန-နာမကေ၊ ဘုရားပစ္စေကာ၊ အရိယာ သခင်၊အရှင်မြတ်တို့၊ ကောင်းကင်-ထက်သို့၊ တက်ရောက်ရာ၊ ကောင်းကင်-ထက်မှ၊ ဆင်းသက် ကျရောက်ရာ ဖြစ်ခြင်းကြောင့် (ဣသိ-ပတန) အမည်ရှိသော။ မိဂ-ဒါယေ၊ သား, ငှက်, အပေါင်း၊ ချမ်းသာကြောင်း-ဟု၊ မိန့်ညွှောင်းသာချို၊ ကောင်းစွာဆို၍၊ ကြည်ညိုလေးငဲ့၊ အရေးဖွဲ့၍၊ ဘေးမဲ့ပေးရာ၊ မိဂ ဒါဝုန်၊ ရဂုံတောအုပ်ကြီး၌။ ပဉ္စ-ဝဂ္ဂိနံ၊ ငါးယောက်အစု၊ တိုင်ပင်ပြု၍၊ နေမှုတွက်တာ၊ ဤခြင်းရာကြောင့် (ပဉ္စ-ဝဂ္ဂီ) အမည်ရှိကုန်သော။ ဘိက္ခုနံ၊ အရှင်-ကောဏ္ဍည, အရှင်-ဝပ္ပ, အရှင်-ဘဒ္ဒိယ,အရှင်-မဟာနာမ်, အရှင်-အဿဇိ, ဟူကုန်သော ရဟန်းပုဂ္ဂိုလ်တို့အား။ နိဗ္ဗာန-ပါပကံ၊ နိဗ္ဗာန် နန်းသို့၊ ဖြောင့်တန်းထုတ်ချောက်၊ မဂ်-ဉာဏ် ပေါက်၍၊ ရောက်စေတတ်ထသော။ဓမ္မ-ဝရံ၊ အနမတဂ်၊ သံသရာ စက်၌၊ အိပ်မက်တွင်မျှ၊ မကြားရဘူး၊ မကြုံရဘူး၊ စကားဦးဖြင့်၊ တရားထူး, တရားမြတ်ဖြစ်ပေထသော။ ယံ ဓမ္မ-စက္ကံ၊

အကြင်သို့ သဘောရှိသော (ဓမ္မစကြာ) သုတ်၊ တရားဒေသနာတော်မြတ်ကို အဒေသယိ၊ အင်္ဂါရှစ်ရုံ၊ သံတော်ဂုဏ်ဖြင့်၊ သင်းထုံပျံ့မွှေး၊ ကောင်းသံပေး၍၊ ကြည်ဇ-ဇောညွှတ်၊ ဟောရွတ်တော် မူလေပြီ။

(၃) သဗ္ဗ ဒေဝေဟိ၊ ခပ်သိမ်း ဥဿုံ၊ အလုံးစုံသော မင်း-ဟူသော သမုတိနတ်၊ သိကြား ဗြဟ္မာ၊ နတ် ဒေဝါ-ဟူသော ဥပ-ပတ္တိ-နတ်၊ လောကဓာတ်လုံး၊အပြတ်ဆုံး ဖြစ်တော်မူသော မြတ်စွာဘုရားဟူသော ဝိသုဒ္ဓိနတ်ရှင်တို့သည်။ နန္ဒိတံ၊ လေးမြတ်ကြည်ညို၊ သဒ္ဓါပို၍၊ နှစ်လိုအပ်လေသော၊ သဗ္ဗ သမ္ပတ္တိ သာဓကံ၊ ခပ်သိမ်းဥဿုံ၊ အလုံးစုံသော လောကီ, လောကုတ္တရာ၊ ပစ္စုပ္ပန်-သံသရာ၊ ချမ်းသာကောင်းကျိုး အမျိုးမျိုးတို့ကို၊ ပွားတိုးပြီးစေနိုင်ထသော၊ တံ ဓမ္မ-စက္ကံ၊ ထိုသို့သဘောရှိသော (ဓမ္မစကြာ)သုတ် တရားဒေသနာတော်မြတ်ကို၊ သဗ္ဗ-လောက ဟိတတ္ထာယ၊ သုံးဆဲ့တဘုံ၊ ဖြစ်ခိုက်ကြုံသည့်၊ အလုံးစုံသော သတ္တလောက-ကြီး၏၊ အစီးအပွား အကျိုးငှါ။ ဟော၊ အို....အရှင် သူတော်ကောင်းတို့။မယံ၊ သဒ္ဓမ္မ-စာရီ၊သမ္မာဒိဋ္ဌိလျက်၊ ပါရမီဂုဏ်းဝင်၊ သူတော်စင်ဖြစ်ကြကုန်သော (ဓမ္မစကြာ-သာသနာပြု အသင်းဝင်) အကျွန်ုပ်တို့သည် ဘဏာမ၊ တရားဂုဏ်ကို၊အာရုံစွဲ၍၊ အားမပြတ်၊ ရွတ်ဘတ် သရဇ္ဈာယ်ကြပါကုန်အံ့။ ။

အမှန်း ၃-ဂါထာ-ပါဠိ-နိဿယ-ပြီးပြီ။

# ဓမ္မစကြာနိဿယသစ်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## (၂) "ဓမ္မစကြာ" တရားဟောကြားတော်မူရာဌာန နှင့် ပဉ္စဝဂ္ဂီရဟန်းတို့ကို မိန့်ခေါ်ပုံပြခန်း

(၂) ဘန္တေ-ကဿပ၊ အသျှင်မြတ် "ကဿပ" ထေရ်ဘုရား။

ဣဒံသုတ္တံ၊ ဤ"ဓမ္မစကြာ"သုတ်တရားတော်မြတ်ကို။(ပေ-မယာ၊) အာနန္ဒာ-မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ မြတ်စွာဘုရား သျှင်၏။ သမ္မုခါ၊ ထံပါး- မျက်မှောက်၊ ရှေ့တော်အောက်မှ။ ဧဝံ၊ ဤသို့လျှင်။ သုတံ၊ကြားနာအပ်ပါ၏ အရှင်ဘုရား။

[ကိံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ "ဗာရာဏသီ" ပြည်၌။ ဣသိ-ပတနေ၊ "ဣသိပတန" အမည်ရှိသော။ မိဂ-ဒါယေ၊ "မိဂဒါဝုန်" တော၌။ ဝိဟရတိ၊ သီတင်း သုံးနေတော်မူ၏။

တကြံခေါ်၊ထိုသို့"ဗာရာဏသီ"ပြည်၏အနီး၊"ဣသိ ပတန"အမည် ရှိသော "မိဂဒါဝုန်" တောဝယ်၊ သီတင်းသုံး- စံနေတော်မူသောအခါ ၌။ ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်၊ ပဉ္စဝဂ္ဂိယေ၊" ပဉ္စဝဂ္ဂီ" အမည်ရှိ ကုန်သော၊ ဘိက္ခူ၊ "ဣသိပဗ္ဗဇ" ဖြစ်သောရဟန်းတို့ကို၊ အာမန္တေသိ၊ မိန့်ခေါ်တော်မူ၏။]

---

## (၃) ရဟန်းတို့မမှီဝဲအပ်သော အယုတ်တရားနှစ်ပါးကို အမေး,အဖြေ,ပြ၍ ဟောကြားပုံပြခန်း

(၃) [ဘိက္ခဝေ၊ ဒွေ "ပဉ္စဝဂ္ဂီ"ရဟန်းတို့။

ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သောသူသည်။ ဒွေ၊ နှစ်ပါး ကုန်သော။ ဣမေ အန္တာ၊ ဤအယုတ်တရားတို့ကို။ နသေဝိတဗ္ဗာ၊ မမှီဝဲအပ်ကုန်။]

[ဒွေအန္တာ၊ အယုတ်တရားနှစ်ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့ပေနည်း။]

---

## (၄) ကာမသုခလ္လိကာနုယောဂ-ဟူသော အယုတ်တရားပြခဏ်း

(၄)(၁) ဟီနော၊ အကျိုးမဖြစ်၊ ဆိုးညစ်ယုတ်ညံ့သော အကျင့်ဖြစ်၍။ (ဟီန)မည်သော,—

(၂) ဂမ္မော၊ ရွာ၌နေသူ၊ လူတို့၏ ပြုအပ်သော အမှုဥစ္စာဖြစ်၍ (ဂမ္မ) မည်သော,—

(၃) ပေါထုဇ္ဇနိကော၊ ကာမဂုဏ်တွင်၊ အာရုံခင်သည့်၊ ပုထုဇဉ်တို့၏ အလေ့အကျင့်ဖြစ်၍ (ပေါထုဇ္ဇနိက) မည်သော,—

(၄) အနရိယော၊ ကိလေသာညွန်ကို၊ လွန်မြောက်ပြီးသော အရိယာ ပုဂ္ဂိုလ်တို့၏ အမှုဥစ္စာ မဟုတ်သောကြောင့် (အနရိယ)မည်သော,—

(၅) အနတ္ထ သံဟိတော၊ ပစ္စုပ္ပန်, သံသရာ၊ ချမ်းသာပွားတိုး၊ အကျိုးဖြစ်ကြောင်းနှင့် မစပ်ယှဉ်သောကြောင့် (အနတ္ထ သံဟိတ) မည်သော။ ကာမေသု၊ တေဘူမက၊ သင်္ခါရတရားဟူသော ဝတ္ထုကာမတို့၌။ ကာမသုခလ္လိကာ နုယောဂေါ၊ ဆန္ဒ, ရာဂ, ဟူသောကိလေသာ ကာမနှင့် ယှဉ်သော ချမ်းသာကို၊အဖန်တလဲလဲ ခံစားခြင်းဟု ဆိုအပ်သော။ယော စာယံ၊(ယောစ-အယံ-အန္တော၊) အကြင် (ကာမသုခလ္လိကာ နုယောဂ)ဟူသော အယုတ်တရားသည်ရှင်း။

---

## (၅) အတ္တကိလမထာနုယောဂ-ဟူသော အယုတ်တရားပြခဏ်း

(၅)(၁) ဒုက္ခော၊ ဆူးခြောင့်ကို မှီ၍ အိပ်ခြင်း အစရှိသည်ဖြင့် ဆင်းရဲကို ဆောင်တတ်သော—

(၂) အနုရိယော၊ အရိယ-ဂိုဏ်းဝင်၊ သူတော်စင်တို့၏၊ အကျင့် မဟုတ်သော တိတ္ထိတို့၏ ဥစ္စာဖြစ်သော–

(၃) အနတ္ထ သံဟိတော၊ ပစ္စုပ္ပန်, သံသရာ၊ ချမ်းသာပွားတိုး၊ အကျိုးဖြစ်ကြောင်းနှင့် မစပ်ယှဉ်သော။ အတ္တကိလမထာ နုယောဂေါ၊ မိမိကိုယ်၏ ပင်ပန်းခြင်းကို အဖန်တလဲလဲ ဖြစ်စေတတ်သော။ယောစာယံ၊ (ယောစ– အယံ– အန္တော၊) အကြင် (အတ္တကိလမထာ နုယောဂ) ဟူသောအယုတ်တရားသည်ရင်း။ အတ္ထိ၊ ရှိ၏။ ဣမေဝမွာ၊ ဤအကျင့် တရားတို့သည်။ ဒွေအန္တာ၊ အယုတ်တရား နှစ်ပါးတို့မည် ကုန်၏။

---

## (၆) အယုတ်တရားနှစ်ပါးပယ်၍ (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏ အကျိုးရပုံပြခဏ်း

(၆) ဘိက္ခဝေ၊ အို"ပဉ္စ ဝဂ္ဂီ"ရဟန်းတို့။

ဧတေခေါ ဥဘော အန္တေ၊ ထိုအယုတ်တရား နှစ်ပါးတို့ကို။ အနုပဂမ္မ၊ ယုံကြည်ခြင်းဖြင့် မကပ်ရောက်မူ၍။ တထာဂတေန၊ ငါဘုရားသျှင်သည်။ အဘိ-သမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိမြင်တော်မူအပ်သော။

(၁) စက္ခု-ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာ မျက်စိကို ပြုတတ်သော။

(၂) ဉာဏ-ကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ မဇ္ဈိမာ၊ အလယ်, အလတ်,ဖြစ်သော [(ဝါ) (၁)ကာမ သုခလ္လိကာ- နုယောဂ-သဿတ-ဒိဋ္ဌိ, ဟူသော တခုသော အစု၊(၂) အတ္တကိလမထာ-နုယောဂ- ဥစ္ဆေဒ- ဒိဋ္ဌိ, ဟူ သော တခုသောအစု၏၊] အလယ်၌ဖြစ်သော။ ပဋိ- ပဒါ၊ အကျင့်တရားသည်။ (ဝါ) ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်း ၄ါ အလိုရှိသော သူတို့၏ ကျင့်အပ်သော အကျင့်တရား သည်–

(၁) ဥပ-သမာယ၊ ကိလေသာမီးမျှသာ + ငြိမ်းခြင်း ဟူသော (သ-ဥပါဒိသေသ)နိဗ္ဗာန်အကျိုးငှါ–

(၂) အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း အကျိုးငှါ။

(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်း အကျိုးငှါ။

(၄) နိဗ္ဗာနာယ၊ (အနုပါဒိ သေသ) နိဗ္ဗာန် အကျိုးငှါ။ သံဝတ္တတိ၊ ထင်ရှားစင်စစ် ဖြစ်၏။

## (၇) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည် အဘယ်ပါနည်းဟု အမေး, ပုစ္ဆာ, ဖြေပုံဖြေချက်

(၇) ဘိက္ခဝေ၊အို''ပဋ္ဌ ဝဋ္ဋိ''ရဟန်းတို့။ တထာဂတေန၊ ငါဘုရားသျှင်သည် အဘိ-သမ္ဗုဒ္ဓါ၊ ထိုးထွင်း၍ သိမြင်တော်မူအပ်သော

(၁) စက္ခု-ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော

(၂) ဉာဏ-ကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ (+ယာ မဇ္ဈိမာ ပဋိပဒါ၊) အကြင်အလယ်, အလတ်, ဖြစ်သောအကျင့်တရားသည်။

(၃) ဥပ-သမာယ၊ ကိလေသာမီးမျှသာ + ငြိမ်းခြင်းဟူသော (သ-ဥပါဒိသေသ)နိဗ္ဗာန်အကျိုးငှါ။

(၂) အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း အကျိုးငှါ။

(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်း အကျိုးငှါ။

(၄) နိဗ္ဗာနာယ၊ (အနုပါဒိသေသ)နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ထင်ရှားစင်စစ်ဖြစ်၏။

(+သာ မဇ္ဈိမာ ပဋိပဒါ၊) ထိုအလယ်, အလတ်, ဖြစ်သော အကျင့်တရားသည်။ ကတမာစ၊ အဘယ်ပေနည်း။

---

## (ဂ) (မဇ္ဈိမပဋိပဒါ) အကျင့်တရားဟူသည် ဤမဂ္ဂင်တရားအကျင့်ပင်တည်းဟုဖြေဆိုပုံ ပြခဏ်း

(ဂ) အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ အယမေဝ မဂ္ဂေါ၊ဤ ''မဂ်'' ပင်လျှင်တည်း။ ဣဒံမဂ္ဂင်္ဂံ၊ ဤ ''မဂ္ဂင်'' တရားဟူသည်။ သေယျထာ (ကတမံ၊)အဘယ်ပေနည်း။

(၁) သမ္မာ ဒိဋ္ဌိ၊ ကောင်းစွာ သိမြင်ခြင်း၊
(၂) သမ္မာ သင်္ကပ္ပေါ၊ ကောင်းစွာ ကြံစည်ခြင်း၊
(၃) သမ္မာ ဝါစာ၊ ကောင်းစွာ ပြောဆိုခြင်း၊
(၄) သမ္မာ ကမ္မန္တော၊ ကောင်းစွာ ပြုခြင်း၊
(၅) သမ္မာ အာဇီဝေါ၊ ကောင်းစွာ အသက်မွေးခြင်း၊
(၆) သမ္မာ ဝါယာမော၊ ကောင်းစွာ အားထုတ်ခြင်း၊
(၇) သမ္မာ သတိ၊ ကောင်းစွာ အောက်မေ့ခြင်း၊
(၈) သမ္မာ သမာဓိ၊ ကောင်းစွာ တည်ကြည်ခြင်း၊

ဣဒံ၊ (ဓမ္မဇာတံ၊) ဤရှစ်ပါးသော တရားသဘောသည်။ မဂ္ဂင်္ဂံ၊ ''မဂ္ဂင်'' မည်၏။(ဝါ)အစိတ်အစိတ်အားဖြင့် ''မဂ်'' ၏အင်္ဂါမည်၏။

---

## (ဃ) (မဇ္ဈိမပဋိပဒါ) အကျင့်တရား၏အကျိုးရပုံ နိဂုံးချုပ်ပြခဏ်း

(ဃ) ဘိက္ခဝေ၊ အို ''ပဉ္စ ဝဂ္ဂီ'' ရဟန်းတို့။ တထာဂတေန၊ ငါ ဘုရားသျှင်သည်။ အဘိ-သမ္ဗုဒ္ဓါ၊ ထိုးထွင်း၍သိတော်မူအပ်သော—

(၁) စက္ခု-ကရဏီ၊ သစ္စာလေးပါးကို မြင်တတ်သော ပညာမျက်စိကို ပြုတတ်သော။
(၂) ဉာဏ-ကရဏီ၊ သစ္စာလေးပါးကို သိခြင်းကို ပြုတတ်သော။ [+အယံ-ခေါ သာ၊ မဇ္ဈိမာပဋိပဒါ။] ဤ"မဂ္ဂင်"ရှစ်ပါး ဟူသော အလယ်, အလတ်, ဖြစ်သောအကျင့်တရားသည်။
(၁) ဥပ-သမာယ၊ ကိလေသာမီးမျှသာ+ငြိမ်းခြင်း ဟူသော (သ-ဥပါဒိသေသ) နိဗ္ဗာန် အကျိုးငှါ။
(၂) အဘိညာယ၊ သစ္စာလေးပါးကို ထူးသောဉာဏ်ဖြင့် သိခြင်း အကျိုးငှါ။
(၃) သမ္ဗောဓာယ၊ သစ္စာလေးပါးကို ကောင်းစွာ သိခြင်း အကျိုးငှါ။
(၄) နိဗ္ဗာနာယ၊ (အနုပါဒိ သေသ) နိဗ္ဗာန်အကျိုးငှါ။သံဝတ္တ-တိ၊ ထင်ရှား စင်စစ်ဖြစ်၏။

## (၁၀) ဒုက္ခသစ္စာပြခန်း

[ဒုက္ခ ၈-မျိုး]

(၁၀) ဘိက္ခဝေ၊ အို "ပဉ္စ ဝဂ္ဂီ" ရဟန်းတို့။

ဣဒံ ခေါ ပန၊ (ဓမ္မဇာတံ၊) ဤ (လောဘ)+(တဏှာ) ကြဉ်သော တေဘူမက သင်္ခါရတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယ–သစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်သော ဒုက္ခ-ဟူသော အမှန် သစ္စာ တရားမည်၏။

(၁) ဇာတိ-ပိ၊ ပဋိသန္ဓေ,နေရခြင်းသည်လည်း။ဒုက္ခာ၊ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။)
(၂) ဇရာ–ပိ၊ ဆိုး ရွှားဟောင်း မြင်း၊ အိုမင်း–ရင့်ရော်ခြင်း သည်လည်း။ ဒုက္ခာ၊ ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်း ဖြစ်၏။)
(၃) ဗျာဓိ-ပိ၊ ဖျားနာရခြင်းသည်လည်း။ ဒုက္ခော။ ဆင်းရဲ၏။ (ဆင်းရဲခြင်း၏အကြောင်းဖြစ်၏။)

(၄) မရဏံ-ပိ၊ ခန္ဓာပြတ်ကြွေ၊ သေလွန်ရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။ (ဆင်းရဲခြင်း၏ အကြောင်းဖြစ်၏။)

(၅) အပ္ပိယေဟိ၊ မချစ်အပ်, မနှစ်လိုအပ်သောသတ္တဝါ သင်္ခါရတို့နှင့်။ သမ္ပယောဂေါ၊ အတူတကွ ပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၆) ပိယေဟိ၊ ချစ်အပ်, နှစ်လိုအပ်သော သတ္တဝါသင်္ခါရတို့နှင့်။ ဝိပ္ပ-ယောဂေါ၊ ကွေကွင်း ဖဲကြဉ်၊ မပေါင်းယှဉ်ရခြင်းသည်လည်း။ ဒုက္ခော၊ ဆင်းရဲ၏။

(၇) ယံ-ပိစ္ဆံ၊ (ယံ-ပိ-ဣစ္ဆံ၊) အကြင်တောင့်တခြင်းကို။ [(ဝါ) ပဋိသန္ဓေ-နေရခြင်း အစရှိသော ဒုက္ခသဘောတရားသည်-ငါ့အား, မဖြစ်ပါမူ၊ ကောင်းလေစွ – အစရှိသည်ဖြင့် တောင့်တခြင်းကို။] နလဗ္ဘတိ၊ မရအပ်။ တံပိ၊ ထိုတောင့်တတိုင်းမရခြင်းသည်လည်း။ ဒုက္ခံ၊ ဆင်းရဲ၏။

(၈) သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်သော။ ပဉ္စ၊ ငါးပါးကုန်သော။ ဥပါဒါန-က္ခန္ဓာ-ပိ၊ ဥပါဒါန်တရားတို့၏ အာရုံပြုရာဖြစ်သော ခန္ဓာငါးပါး တရားအစုတို့သည်လည်း။ ဒုက္ခာ၊ ဆင်းရဲကုန်၏။

ဣဒံခေါပန၊ (ဓမ္မ ဇာတံ၊) ဤဇာတိ, ဇရာ, ဗျာဓိ, မရဏ, အစရှိသော သဘောတရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယ–သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခဟူသောအမှန် သစ္စာတရားမည်၏။

---

## (၁၁) သမုဒယသစ္စာပြခန်း

(တဏှာ-သုံးမျိုး)

(၁၁) ဘိက္ခဝေ၊ ဒို''ပဉ္စဝဂ္ဂီ''ရဟန်းတို့၊ ယာယံတဏှာ၊ အကြင်တဏှာသည်။ (ဝါ) အကြင်လောဘသည်။

(၁) ပေါနောဗ္ဘဝိကာ၊ဘဝ-တဖန်၊ ခန္ဓာ-ဝန် အသစ်ကို၊ဖြစ်စေတတ်သောအလေ့ရှိ၏။

(၂) နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း, တပ်ခြင်း, ဖြစ်၍ဖြစ်၏။
(၃) တတြ-တတြ၊ ထိုထိုကိုယ်ခန္ဓာ၏အဖြစ်၊ ထိုထိုအာရုံငါးပါး သဘောတရားတို့၌။ အဘိ-နန္ဒိနီ၊ အလွန် တပ်နှစ်သက် တတ်၏။
[ဣဒံ(သော တဏှာ၊)ဤတဏှာ-သည်။ (ဝါ)ဤလောဘ သည်။](သေလျထာ-ကတမာ၊)အဘယ်ပေနည်း။
(၁) ကာမ တဏှာ၊ ရူပါရုံအစရှိသော ဝတ္ထုကာမကို၊ တပ် နှစ်သက်တတ်သော တဏှာ-ငှင်း။
(၂) ဘဝတဏှာ၊ သဿတ—ဒိဋ္ဌိအယူနှင့်တကွ ဖြစ်သော တပ် နှစ်သက်တတ်သော တဏှာငှင်း။
(၃) ဝိ-ဘဝ-တဏှာ၊ ဥစ္ဆေဒ— အယူနှင့်တကွဖြစ်သော တပ် နှစ်သက်တတ်သော တဏှာငှင်း။
ဣဒံခေါပန၊(ဓမ္မဇာတံ၊)ဤတဏှာ-ဟူသောသဘောတရား သည်၊[(ဝါ) ဤလောဘ-ဟူသော သဘောတရားသည်။] ဒုက္ခ-သမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခ- သမုဒယ-ဟူသော အမှန်သစ္စာတရားမည်၏။

---

## (၁၂) နိရောဓသစ္စာပြခဏ်း

(နိဗ္ဗာန်၏ အခြင်း အရာ ၅—မျိုး)

(၁၂) ဘိက္ခဝေ၊ဒုံ''ပဥ္စ ဝဂ္ဂိ''ရဟန်းတို့။
တဿာယေဝ-တဏှာယ၊ ထိုကာမတဏှာ အစရှိသည် ဖြင့် ဝေဖန်အပ်သော လောဘ-၏သာလျှင်။
(၁) ယော အသေသ ဝိရာဂ နိရောဓော၊ အကြွင်းအကြွင်းမဲ့, တပ်နှစ်သက်ခြင်း ကင်းရာ, ချုပ်ရာ, ဖြစ်သောနိဗ္ဗာန်သည်။
(၂) ယော စာဂေါ၊ အကြွင် စွန့်ရာ,ဖြစ်သော နိဗ္ဗာန်သည်။
(၃) ယော ပဋိ-နိဿဂ္ဂေါ၊ အကြွင် ဝေးစွာ စွန့်ရာ, ဖြစ်သော နိဗ္ဗာန်သည်။

(၄) ယာ မုတ္တိ၊ အကြင်ကင်းလွတ်ရာ, ဖြစ်သော နိဗ္ဗာန်သည်။
(၅) ယော အနာ-လယော၊ အကြင်ကပ်ငြိခြင်း ကင်းရာဖြစ်သော နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။

ဣဒံ ခေါ ပန၊ (ဓမ္မဇာတံ၊) ဤနိဗ္ဗာန်ဟူသော သဘောတရားသည်။ ဒုက္ခ-နိရောဓံ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခနိရောဓ-ဟူသောအမှန် သစ္စာ တရားမည်၏။

---

## (၁၃) မဂ္ဂသစ္စာပြခန်း

(မဂ္ဂင် တရား ၈-ပါး)

(၁၃) ဘိက္ခဝေ၊ အို "ပဥ္စ ဝဂ္ဂီ" ရဟန်းတို့။

အရိယော၊ မြတ်သော။ အယမေဝ-မဂ္ဂေါ၊ ဤ"မဂ်"သည်သာ ချင်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံ၏။ ဣဒံ-(မဂ္ဂင်္ဂံ၊)ဤမဂ္ဂင်တရားဟူသည်။ (သေယျထာ-ကတမံ၊) အဘယ်ပေနည်း။

| | |
|---|---|
| (၁) သမ္မာ ဒိဋ္ဌိ၊ | ကောင်းစွာ သိမြင်ခြင်း။ |
| (၂) သမ္မာ သင်္ကပ္ပေါ၊ | ကောင်းစွာ ကြံစည်ခြင်း။ |
| (၃) သမ္မာ ဝါစာ၊ | ကောင်းစွာ ပြောဆိုခြင်း။ |
| (၄) သမ္မာ ကမ္မန္တော၊ | ကောင်းစွာ ပြုခြင်း။ |
| (၅) သမ္မာ အာဇီဝေါ၊ | ကောင်းစွာ အသက်မွေးခြင်း။ |
| (၆) သမ္မာ ဝါယာမော၊ | ကောင်းစွာ အားထုတ်ခြင်း။ |
| (၇) သမ္မာ သတိ၊ | ကောင်းစွာ အောက်မေ့ခြင်း။ |
| (၈) သမ္မာ သမာဓိ၊ | ကောင်းစွာ တည်ကြည်ခြင်း။ |

ဣဒံခေါ ပန၊ (ဓမ္မ ဇာတံ၊)ဤမဂ္ဂင်ရှစ်ပါး သဘောတရားသည်။ ဒုက္ခ-နိရောဓ ဂါမိနီ-ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ် တို့သည်၊ သိအပ်, မြင်အပ်, သော (ဒုက္ခ-နိရောဓ-ဂါမိနီ-ပဋိပဒါ) ဟူသော အမှန်သစ္စာ တရားမည်၏။

## (၁၄) ဒုက္ခသစ္စာ၌ (၁)သစ္စဥာဏ် ၅-ပါးပြခဏ်း

(၁၄) ဘိက္ခဝေ၊ အို "ပဉ္စဝဂ္ဂီ" ရဟန်းတို့။

ဣဒံ၊ ဤ(လောဘ)(တဏှာ)ကြဲ၍သော တေဘူမက တရားသည်။ ဒုက္ခံ၊ ဒုက္ခဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခ-ဟူသော အမှန် သစ္စာတရား မည်၏။

ဣတိ၊ ဤသို့။ (မေ-မယာ၊)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ-ရှေးအဘို့၌။အနနုဿုတေသု၊ တကြိမ်တဖန်၊ တရံ+ တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ဒုက္ခသစ္စာ တရားတို့၌။—

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို၊ မြင်တတ်သော ပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခသစ္စာကို၊ (ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့်သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ဒုက္ခသစ္စာကို၊ဖုံးလွှမ်းတတ်သော (မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

## (၁၅) ဒုက္ခသစ္စာ၌ (၂)ကိစ္စဥာဏ် ၅-ပါးပြခဏ်း

(၁၅) ဘိက္ခဝေ၊ အိုး "ပဉ္စ ဝဂ္ဂီ" ရဟန်းတို့။

အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခဟူသော အမှန်သစ္စာတရားဖြစ်သော။ တံခေါပနိဒံ၊(တံ-ခေါ-ပန-ဣဒံ) ဒုက္ခံ၊ ထိုဒုက္ခဖြစ်သောတရားကို။ ပရိညေယျံ၊ ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။ [(ဝါ)ဤတရားသည်ကား၊ ဒုက္ခသာတည်း။ ။ ဒုက္ခ-သည်ကား-ဤမျှသာတည်း။ ။ဤထက်အလွန်မရှိ။ ။ဤမှ အောက် အယုတ်မရှိ-ဟု၊ ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်၏။]

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ-ရှေးအဘို့၌။အနနုဿုတေသု၊တကြိမ်-တဖန်၊တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ဒုက္ခသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခသစ္စာကို၊ (ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ ဒုက္ခသစ္စာကို၊ဖုံးလွှမ်းတတ်သော(မောဟ) တည်းဟူသောအမိုက်အတိုက်ကို ဖျက်ဆီးတတ်သော(ပညာ)တည်းဟူသောအရောင် အလင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

## (၁၆) ဒုက္ခသစ္စာ၌ (၃) ကတဉာဏ် ၅—ပါးပြခဏ်း

(၁၆) ဘိက္ခဝေ၊ အို"ပဉ္စ ဝဂ္ဂီ" ရဟန်းတို့။

အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည် သိအပ်, မြင်အပ်, သော ဒုက္ခဟူသော အမှန်သစ္စာ တရားဖြစ်သော။ တံ ခေါ ပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခံ၊ ထိုဒုက္ခဖြစ်သောတရားကို။ ပရိညာတံ၊ ထက်ဝန်းကျင်မှ ပိုင်းခြား၍သိအပ်ပြီ။ ။[(ဝါ) ဤတရားသည်ကား၊ဒုက္ခ-သာတည်း။ ။ ဒုက္ခ-သည်ကား-ဤမျှသာတည်း။ ။ဤထက်အလွန်မရှိ။ ။ဤမှအောက် အယုတ်မရှိ-ဟု၊ ထက်ဝန်းကျင်မှ ပိုင်းခြား၍ သိအပ်ပြီ။]

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။ အန နုဿုတေသု၊ တကြိမ်တဖန်-တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ ဒုက္ခသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ ဒုက္ခသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ ဒုက္ခသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ ဒုက္ခ သစ္စာကို၊ (ဇာတိ-ဒုက္ခ) အစရှိသော အပြားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှား ဖြစ်၏။

(၄) ဝိဇ္ဇာ၊ ဒုက္ခသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ ဒုက္ခသစ္စာကို၊ဖုံးလွှမ်းတတ်သော(မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသောအရောင် အလင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၁၇) သမုဒယသစ္စာ၌ (၁) သစ္စဉာဏ် ၅-ပါးပြခဏ်း

(၁၇) ဘိက္ခဝေ၊ အို"ပဉ္စ ဝဂ္ဂီ"ရဟန်းတို့။

ဣဒံ၊ ဤတဏှာ, ဟူသော လောဘ-သည်။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယ–သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်,သော ဒုက္ခသမုဒယ-ဟူသော အမှန်သစ္စာတရား မည်၏။

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ဘုရားသျှင် အစစ်၊မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်တဖန်-တရံ တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာတရား တို့၌။—

(၁) စက္ခုံ၊ သမုဒယသစ္စာကို၊မြင်တတ်သောပညာမျက်စိ သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ သမုဒယသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ သမုဒယသစ္စာကို၊ အပြားအားဖြင့် သိခြင်း သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ၊※ သမုဒယ သစ္စာသည်၊ တရားကိုယ်အားဖြင့် တပါး။[ဖြစ်သောအခြင်းအရာအားဖြင့် (၁) ကာမတဏှာ,(၂)ဘဝတဏှာ, (၃) ဝိဘဝ တဏှာ, ဟူ၍ သုံးပါး။ (၁) ရူပတဏှာ, (၂)သဒ္ဒတဏှာ, (၃) ဂန္ဓတဏှာ, (၄) ရသတဏှာ, (၅) ဖေါဋ္ဌဗ္ဗတဏှာ,(၆)ဓမ္မ တဏှာ,ဟူ၍-အာရုံအားဖြင့်တဆဲ့ရှစ်ပါး။ ။ အဇ္ဈတ္တ, ဗဟိဒ္ဓ, သန္တာန် အားဖြင့် သုံးဆဲ့ ခြောက်ပါး။ ။အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလ သုံးပါး အားဖြင့် တရာ့ ရှစ်ပါးရှိ၏- ဟု-အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယသစ္စာကို၊ ဖုံးလွှမ်းတတ်သော (မောဟ)တည်းဟူသောအမိုက် အတိုက်ကို ဖျက်ဆီးတတ်သော- (ပညာ)တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

---

## (၁၈) သမုဒယသစ္စာ၌ (၂) ကိစ္စဉာဏ် ၅-ပါးဖြခဏ်း

(၁၀) ဘိက္ခဝေ၊ ဒို ''ပဉ္စ ဝဂ္ဂီ'' ရဟန်းတို့။

တံ ခေါပနိဒံ၊(တံ– ခေါ– ပန– ဣဒံ) ဒုက္ခ-သမုဒယံ၊ ထိုဒုက္ခ၏ အကြောင်း ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာ ပုဂ္ဂိုလ်တို့သည်၊သိအပ်, မြင်အပ်,သော ဒုက္ခ-သမုဒယ ဟူသော အမှန်သစ္စာတရားကို။ ပ ဟာ တဗ္ဗံ၊ပယ်အပ်၏။

(မှတ်ချက်)

(၁) ပ ဟာ တဗ္ဗံ-ဒိဋ္ဌိဂတ သမ္ပယုတ်စိတ်ကို၊ သောတာပတ္တိ မဂ်ဖြင့်ပယ်အပ်၏။

(၂) ပ.ဟာ တဗ္ဗံ-ကာမရာဂကို၊ အနာဂါမိမဂ်ဖြင့် ပယ်အပ်၏။

(၃) ပ ဟာ တဗ္ဗံ-ရူပရာဂ, အရူပရာဂ,ကို၊ အရဟတ္တမဂ်ဖြင့် ပယ်အပ်၏။

ဣတိ၊ ဤသို့ ။(မေ-မယာ၊)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်တဖန်-တရံ တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာ တရား တို့၌။

(၁) စက္ခုံ၊ သမုဒယသစ္စာကို၊ မြင်တတ်သောပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ သမုဒယ သစ္စာကို၊သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ သမုဒယသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

---

## (၁၉) သမုဒယသစ္စာ၌ (၃)ကတဉာဏ် ၅–ပါးပြခဏ်း

(၁၉) ဘိက္ခဝေ၊အို''ပဥ္စ ဝဂ္ဂီ''ရဟန်းတို့။

တံ ခေါ ပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခ-သမုဒယံ၊ ထိုဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊အရိယာ ပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခ-သမုဒယဟူသော အမှန်သစ္စာတရားကို။ ပ-ဟီနံ၊ မင်လေးပါးဖြင့် အကြွင်းမဲ့ပယ်အပ်ပြီ။(ပယ်၍ပြီးပြီ။)

ဣတိ၊ ဤသို့။ (မေ-မယာ၊)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။အနနုဿုတေသု၊တကြိမ်-တဖန်၊တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ သမုဒယသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ သမုဒယသစ္စာကို၊ မြင်တတ်သောပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ သမုဒယသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ သမုဒယသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ သမုဒယသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၅) အာလောကော၊ သမုဒယသစ္စာကို၊ ဖုံးလွှမ်းတတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

---

## (၂၀) နိရောဓသစ္စာ၌ (၁) သစ္စဉာဏ် ၅- ပါးပြခဏ်း

(၂၀) ဘိက္ခဝေ၊အို''ပဉ္စ ဝဂ္ဂီ''ရဟန်းတို့။

ဣဒံ၊ ဤနိဗ္ဗာန်တရားသည်။ ဒုက္ခနိရောဓံ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခ-နိရောဓဟူသော အမှန်သစ္စာတရားမည်၏။

ဣတိ၊ ဤသို့။ (မေ-မယာ၊)ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊တကြိမ်-တဖန်၊တရံ-တခါမျှ၊ မကြားနာရ- စဘူးကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ၊ [ ※နိရောဓသစ္စာသည် တရားကိုယ်အားဖြင့် တပါး။ [ (၁) သဉပါဒိသေသ နိဗ္ဗာန်၊ (၂)အနုပါဒိသေသနိဗ္ဗာန်အားဖြင့် နှစ်ပါး။] [(၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတ နိဗ္ဗာန်အားဖြင့် သုံးပါး

ရှိ-၏ဟု၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓ သစ္စာကို၊ ထိုးထွင်း၍သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ နိရောဓသစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

---

## (၂၁) နိရောဓသစ္စာ၌(၂)ကိစ္စဥာဏ် ၅-ပါးပြခဏ်း

(၂၁) ဘိက္ခဝေ၊အို''ပဉ္စ ဝဂ္ဂီ''ရဟန်းတို့။

တံခေါ်ပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခနိရောဓံ၊ ထိုဒုက္ခ၏ ချုပ်ငြိမ်းရာဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော ဒုက္ခ-နိရောဓဟူသော အမှန်သစ္စာတရားကို။ သစ္ဆိ-ကာတဗ္ဗ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်,တို့ဖြင့် မျက်မှောက်ပြုအပ်၏။

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ပုဗ္ဗေ၊ ဘုရားသျှင်အစစ်၊မဖြစ်သေးမီ-ရှေးအခါ၌။ အနနုဿုတေသု၊တကြိမ်-တဖန်၊တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ နိရောဓသစ္စာတရားတို့၌။—

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ၊ [နိရောဓသစ္စာသည်၊ တရားကိုယ် အားဖြင့် တပါး။ [(၁) သဉပါဒိသေသ နိဗ္ဗာန်၊ (၂) အနုပါဒိသေသ နိဗ္ဗာန်အားဖြင့် နှစ်ပါး၊] [(၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတ နိဗ္ဗာန်အားဖြင့် သုံးပါး မျှ၏-ဟု၊ အပြား အားဖြင့် သိခြင်းသည်။ ဥဒ-ပါဒ်၊ ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒ်၊ ထင်ရှားဖြစ်၏။

( ) အာလောကာ၊ နိရောဓ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒ်၊ ထင်ရှား ဖြစ်၏။

---

## (၂၂) နိရောဓသစ္စာ၌ (၃) ကတဉာဏ် ၅-ပါးပြခဏ်း

(၂၂) ဘိက္ခဝေ၊ ဒုံ "ပဥ္စ ဝဂ္ဂီ" ရဟန်းတို့။

တံ ခေါ ပနိ ဒံ၊ (တံ ခေါ-ပန-ဣဒံ) ဒုက္ခနိရောဓံ၊ ထိုဒုက္ခ၏ ချုပ်ငြိမ်း ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်,သော ဒုက္ခ နိရောဓဟူသော အမှန်သစ္စာတရားကို။ သစ္ဆိ-ကတံ၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်,တို့ဖြင့် မျက်မှောက်ပြုအပ်ပြီ။ (ပြု၍ပြီးပြီ။)

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစ်ဖြစ်သေးမီ- ရှေးအခါ၌။ အနနုဿုတေသု၊ တကြိမ်-တဖန်၊

တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ နိရောဓ သစ္စာ တရားတို့၌။—

(၁) စက္ခုံ၊ နိရောဓသစ္စာကို၊ မြင်တတ်သောပညာမျက်စိ သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ နိရောဓသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ နိရောဓသစ္စာကို၊ အပြားအားဖြင့် သိခြင်း သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(မှတ်ချက်)

(၃) ပညာ၊ [နိရောဓသစ္စာသည် တရားကိုယ် အားဖြင့် တပါး။ [(၁)သဉပါဒိသေသနိဗ္ဗာန်၊ (၂)အနု ပါဒိသေသနိဗ္ဗာန်၊ အားဖြင့် နှစ်ပါး။] (၁) သုညတနိဗ္ဗာန်၊ (၂) အနိမိတ္တနိဗ္ဗာန်၊ (၃) အပ္ပဏိဟိတနိဗ္ဗာန်၊ အားဖြင့် သုံးပါးရှိ၏- ဟု၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။]

(၄) ဝိဇ္ဇာ၊ နိရောဓသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်၊ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ နိရောဓသစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင်အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

## (၂၃) မဂ္ဂသစ္စာ၌ (၁) သစ္စဥာဏ်
## ၅–ပါးပြခဏ်း

(၂၃) ဘိက္ခဝေ၊အို့''ပဋ္ဌ ဝဂ္ဂီ''ရဟန်းတို့။

ဣဒံ၊ ဤမဂ္ဂင်ရှစ်ပါးတရားသည်။ ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်,သော မဂ် ဟူသော အမှန်သစ္စာတရားမည်၏။

ဣတိ၊ ဤသို့။ (မေ-မယာ၊) ငါဘုရားသျှင်သည်။ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်- တဖန်၊ တရံ-တခါမျှ၊ မကြားနာရ- စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂသစ္စာတရား တို့၌။—

(၁) စက္ခုံ၊ မဂ္ဂ သစ္စာကို၊ မြင်တတ်သော ပညာမျက်စိ သည်။ ဥဒပါဒိ၊ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂ သစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂ သစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂ သစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ မဂ္ဂ သစ္စာကို၊ ဖုံးလွှမ်း တတ်သော (မောဟ) တည်းဟူသော အမိုက်အတိုက်ကို ဖျက်ဆီးတတ်သော (ပညာ) တည်းဟူသော အရောင် အလင်းသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။

## (၂၄)မဂ္ဂသစ္စာ၌ (၂)ကိစ္စဥာဏ် ၅-ပါးပြခဏ်း

(၂၄) ဘိက္ခဝေ၊ အို“ပဉ္စ ဝဂ္ဂီ”ရဟန်းတို့။

တံ ခေါပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ၊ ထိုဒုက္ခ၏ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း၊ အကျင့်ဖြစ်သော။ အရိယ-သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်, သော အမှန် သစ္စာတရားကို၊ ဘာဝေတဗ္ဗံ၊ ပွါးစေအပ်ပြီ။

ဣတိ၊ ဤသို့။(မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်-တဖန်၊ တရံ-တခါမှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂသစ္စာတရား တို့၌။—

(၁) စက္ခုံ၊ မဂ္ဂ သစ္စာကို၊ မြင်တတ်သော ပညာမျက်စိ သည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂ သစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂ သစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊မဂ္ဂသစ္စာကို၊ ဖုံးလွှမ်းတတ်သော(မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဉဒပါဒိ၊ထင်ရှားဖြစ်၏။

## (၂၅) မဂ္ဂသစ္စာ၌ (၃)ကတဉာဏ် ၅-ပါးပြခဏ်း

(၂၅) ဘိက္ခဝေ၊ အို''ပဉ္စဝဂ္ဂီ'' ရဟန်းတို့။

တံ ခေါ ပနိဒံ၊ (တံ-ခေါ-ပန-ဣဒံ) ဒုက္ခနိရောဓ ဂါမိနီ ပဋိပဒါ၊ ထိုဒုက္ခ၏ ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ အရိယ သစ္စံ၊ အရိယာပုဂ္ဂိုလ်တို့သည်၊ သိအပ်, မြင်အပ်,သော မဂ်ဟူသော အမှန်သစ္စာတရားကို။ ဘာဝိတံ၊ ပွါးစေအပ်ပြီ။ (ပွါး၍ပြီးပြီ။)

ဣတိ၊ ဤသို့၊ (မေ-မယာ၊) ငါဘုရားသျှင်သည်။ ပုဗ္ဗေ၊ ဘုရားသျှင် အစစ်၊ မဖြစ်သေးမီ-ရှေးအဘို့၌။ အနနုဿုတေသု၊ တကြိမ်-တဖန်၊ တရံ-တခါမျှ၊ မကြားနာရ-စဘူးကုန်သော။ ဓမ္မေသု၊ မဂ္ဂသစ္စာတရား တို့၌။—

(၁) စက္ခုံ၊ မဂ္ဂသစ္စာကို၊ မြင်တတ်သော ပညာမျက်စိသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၂) ဉာဏံ၊ မဂ္ဂသစ္စာကို၊ သိတတ်သော ဉာဏ်သည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၃) ပညာ၊ မဂ္ဂသစ္စာကို၊ အပြားအားဖြင့် သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၄) ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို၊ ထိုးထွင်း၍ သိခြင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

(၅) အာလောကော၊ မဂ္ဂသစ္စာကို၊ ဖုံးလွှမ်းတတ်သော(မောဟ) တည်းဟူသော အမိုက် အတိုက်ကို ဖျက်ဆီး တတ်သော(ပညာ)တည်းဟူသော အရောင် အလင်းသည်။ ဉဒပါဒိ၊ ထင်ရှားဖြစ်၏။

## (၂၆) သစ္စာလေးပါး၊ တရားအစဉ်ကို၊ မသိမမြင်ရသေးမီက၊ ဗုဒ္ဓ-မည်တွင်၊ ဘုရားသျှင်အစစ်၊ ဖြစ်ပြီဟု၊ ဝန်မခံပုံပြခန်း

(၂၆) (က)ဘိက္ခဝေ၊ အို''ပဉ္စ ဝဂ္ဂီ''ရဟန်းတို့။

ယာဝ ကီဝဉ္စ၊ (ယတ္တကံ ကာလံ၊) အကြင်မျှလောက်သော ကာလပတ်လုံး။ စတူသု၊ လေးပါးကုန်သော။ ဣမေသု အရိယ သစ္စေသု၊ ဤအရိယ သစ္စာတရားတို့၌။ ဧဝံ၊ ဤသို့။ တိ-ပရိ-ဝဋ္ဋံ၊ သစ္စဉာဏ်,ကိစ္စဉာဏ်, ကတဉာဏ်, အားဖြင့်သုံးပါးသော အပြန်ရှိသော။ ဒွါဒသာ-ကာရံ၊ သုံးပါး (လေးလီ) ဖြစ်၍ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ မဖေါက်မပြန်၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏ-ဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်အား။ သု-ဝိ-သုဒ္ဓံ၊ အလွန်သန့်ရှင်း ကြည်လင်စင်ကြယ်သည်။ န-အဟောသိ၊ မဖြစ်သေး။

---

(ခ) ဘိက္ခဝေ၊ အို''ပဉ္စ ဝဂ္ဂီ'' ရဟန်းတို့။

တာဝ၊(တတ္တကံ ကာလံ၊)ထိုသို့ဉာဏ်အမြင်-မသန့်ရှင်း မစင်ကြယ်သေးသမျှ ကာလ ပတ်လုံး။ အဟံ၊ဗုဒ္ဓ-မည်တွင်၊ ငါဘုရား သျှင်သည်။

(၁) သ-ဒေဝ ကေ၊ ကာမာဝစရ နတ် ပြည်ငါးထပ် နှင့် တကွဖြစ်သော,—

(၂) သ-မာရ ကေ၊ ဝသ ဝတ္တီ နတ်ပြည်နှင့် တကွဖြစ်သော,—

(၃) သ-ဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့် တကွဖြစ်သော,—
လော ကေ၊ ဩကာသ လော က၌,။—

(၁) သ-သာမဏ- ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏား,နှင့် တကွဖြစ်သော,—

(၂)· သ- ဒေဝ-မ နုဿာယ၊ သမ္မုတိ-နတ်တည်းဟူသော မင်း၊ ကြွင်းသော လူနှင့်တကွဖြစ်သော။ ပဇာယ၊သတ္တလောက၌။ အနုတ္တရံ၊ တုဘက်ပြိုင်ဘက်၊ နှိုင်းစက်အပ်သူ၊ အတူမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိ-သမ္ဗုဒ္ဓေါတိ၊ ထိုးထွင်းတိတိ၊ သိမြင်ပြီ-ဟူ၍။ နေဝ ပစ္စညာသိံ၊ တာဝန်ခံတော်မမူသေး။

## (၂၇) သစ္စာလေးပါး၊တရားအစဉ်ကို၊ သိမြင်သောအခါတိုင်မှသာ၊ ဗုဒ္ဓ-မည်တွင်၊ ဘုရားသျှင်အစစ်၊ဖြစ်ပြီဟု-ဝန်ခံပုံပြခဏ်း

(၂၇) (က) ဘိက္ခဝေ၊ အို"ပဉ္စ ဝဂ္ဂီ"ရဟန်းတို့။

ယတော စ ခေါ၊ (ယဒါ စ ကာလေ၊)အကြင်အခါ၌ကား။စတုသ္၊ လေးပါးကုန်သော။ ဣမေသု အရိယသစ္စေသု၊ ဤအရိယသစ္စာတရားတို့၌။ ဧဝံ၊ ဤသို့။ တိ-ပရိ-ဝဋ္ဋံ၊သစ္စဉာဏ်, ကိစ္စဉာဏ်, ကတဉာဏ်,အားဖြင့် သုံးပါးသော အပြန်ရှိသော။ ဒွါဒသာ-ကာရံ၊ သုံးပါး(လေးလီ) ဖြစ်၍ တဆဲ့နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊ မဖေါက်မပြန်၊ ဟုတ်မှန်တိုင်းဖြစ်သော။ ဉာဏ ဒဿနံ၊ ဉာဏ်အမြင်သည်။ မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်အား။သု-ဝိ-သုဒ္ဓံ၊ အလွန် သန့်ရှင်း ကြည်လင် စင်ကြယ်သည်။ အဟောသိ၊ဖြစ်ပြီ။

(ခ) ဘိက္ခဝေ၊ အို"ပဉ္စ ဝဂ္ဂီ" ရဟန်းတို့။

အထ၊ (တသ္မိံ ကာလေ၊)ထိုသို့ဉာဏ်အမြင်၊ သန့်ရှင်း စင်ကြယ်စွာ ဖြစ်သော အခါ၌။ အဟံ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်သည်။

(၁) သ-ဒေဝကေ၊ ကာမာဝစရ နတ်ပြည် ၆ါးထပ်နှင့် တကွ ဖြစ်သော,-

(၂) သ-မာရကေ၊ ဝသဝတ္တိ နတ်ပြည်နှင့် တကွဖြစ်သော,-

(၃) သ-ဗြဟ္မကေ၊ ဗြဟ္မာ, ပြည်နှင့် တကွဖြစ်သော,-
လောကေ၊ သြကာသ လောက၌။-

(၁) သ-သမဏာ- ဗြာဟ္မဏိယာ၊ ရဟန်း, ပုဏ္ဏားနှင့် တကွ ဖြစ်သော,–

(၂) သ-ဒေဝ- မနုဿာယ၊ သမ္မုတိ-နတ် တည်းဟူသော မင်း၊ ကြွင်းသော လူနှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောကနှ၌။ အနုတ္တရံ၊ တုဘက် မြိုင်ဘက်၊ နှိုင်းစက်အပ်သူ၊ အတူမရှိသော။ သမ္မာ သမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို။ အဘိ-သမ္ဗုဒ္ဓေါတိ၊ ထိုးထွင်းတိတိ၊ သိမြင်ပြီ-ဟူ၍။ ပစ္စ ညာသိံ၊ တာဝန်ခံတော်မူပြီ။

---

## (၂၀) ဗုဒ္ဓ-ဘုရားသျှင်၏ (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်ဖြင့် ဆင်ခြင်ပုံပြခဏ်း

(၂၀) မေ၊ဗုဒ္ဓ-မည်တွင်၊ငါဘုရားသျှင်အား။ဉာဏဉ္စ ပန ဒဿနံ၊ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ် ဖြစ်လေပြီ။

ကိံ-ဥဒပါဒိ၊ အဘယ်သို့ဖြစ်သနည်း ဟူမူကား–

(၁) မေ၊ ဗုဒ္ဓ-မည်တွင်၊ ငါဘုရားသျှင်၏။ စေတော-ဝိမုတ္တိ၊ အရဟတ္တဖိုလ် ဉာဏ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက် တရားတို့သည် မဖျက်ဆီးအပ်ပြီ။(မဖျက်ဆီးနိုင်ပြီ။)

(၂) အယံ၊ ဤ''ပစ္စုပ္ပန်''ဘဝတွင် ထင်ရှားရှိသော ဤကိုယ်ခန္ဓာ၏ အဖြစ်သည်။ အန္တိမာ၊ သံသရာဝယ်၊ ခန္ဓာပန် လက်စတုံး၍၊ အဆုံးစွန်ဖြစ်သော။ ဇာတိ၊ အဖြစ်တော်ပေတည်း။

(၃) ဒါနိ(ဣဒါနိ)၊ ဤယခုအခါ၌။ ပုနဗ္ဘဝေါ၊ ဘဝတဖန်၊ ခန္ဓာဝန်အသစ်၊ဖြစ်ကြောင်းဖြစ်သော သမုဒယသစ္စာတရားတည်းဟူ သည်။ နတ္ထိ၊ မရှိပြီ။

ဣတိ ဉာဏ ဒဿနံ၊ ဤသို့ ဆင်ခြင်တတ်သော (ပစ္စဝေက္ခဏာ) ဉာဏ်အမြင်သည်။ ဥဒပါဒိ၊ ထင်ရှားစင်စစ်ဖြစ်လေပြီ။ ဣဒမဝေါစ ဘဂဝါ၊ ဘုန်းတော်ကြောက်မုံ၊ ဂုဏ်တော်များသျှင်၊ မြတ်စွာဘုရား

သခင်သည်။ ဣဒံဝစနံ၊ ဤ (ဒွေမေ ဘိက္ခဝေ အန္တာ) အစဖြာသော ''ဓမ္မစကြာ''တရားဒေသနာတော်မြတ်ကို။ အဝေါစ၊ မိန့်ဟတော်မူပြီ။

---

## (၂၉) ''ပဉ္စဝဂ္ဂီ'' ရဟန်းတို့၏ နှစ်သက်ခြင်း ဖြစ်ပုံပြခန်း

ပဉ္စဝဂ္ဂိယာ၊ ''ပဉ္စဝဂ္ဂ'' အမည်ရှိကုန်သော။ဘိက္ခူ၊ဣသိပဗ္ဗဇ-ရဟန်းတို့သည်။ အတ္တမနာ၊ လွန်စွာ အားတက်၊ နှစ်သက် ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရားသျှင်၏။ ဘာသိတံ၊ဟောကြား မြွက်ဖေါ်၊ ''ဓမ္မစကြာ'' တရားတော်မြတ်ကို။ အဘိနန္ဒုံ၊ သာဓု, သာဓု,သာဓု,ဟူ၍၊ရှိသေစွာ,ဦးထိပ်ဖြင့် ခံယူကြကုန်၏။

---

## (၃၀) ''ကောဏ္ဍည'' ရဟန်း၏ ''သောတာပတ္တိ'' မဂ်ဉာဏ်ဖြစ်ပုံပြခန်း

(၃၀) ဣမသ္မိံ စ ပန ဝေယျာ ကရဏသ္မိံ၊ ဤသို့ ''ဂါထာ'' မဖက်၊ သက်သက်''ဝုဏ္ဏိယ'' ဖြစ်သောအမေး,အဖြေ, ဖြစ်သော ''ဗျာကရဏ်း'' ကို။ ဘည-မာနေ၊ ဟောကြားတော် မူအပ်ပြီးသော်။ အာ ယသ္မတော၊ ရှည်သော သက်တော်ရှိသော။ ကောဏ္ဍညဿ၊''ဣသိပဗ္ဗဇ ကောဏ္ဍည'' ရဟန်းအား—

(၁) ဝိ-ရဇံ၊ အပါယ်သို့ လားစေတတ်သော ရာဂ,အစရှိသော မြူမှ ကင်းသော,—

(၂) ဝီ တ-မလံ၊ ဒိဋ္ဌိ,ဝိစိကိစ္ဆာ, တရားနှစ်ပါးကို အကြွင်းမဲ့ ပယ်သဖြင့် ကင်းသော အညစ်အကြေး ရှိသော။ ဓမ္မစက္ခုံ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်တတ်သော ''သောတာပတ္တိ'' မဂ်ဉာဏ် တည်းဟူသော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

## (၃၁) "ကောဏ္ဍည"ရဟန်း၏၊ တေဘူမက သံခါရ တရားတို့၌ အသိဉာဏ်ဖြစ်ပုံပြခန်း

(၃၁) ကိံ ဉဒပါဒိ၊ အဘယ်သို့ ထင်ရှားဖြစ်ပေါ်လာသနည်း ဟူမူကား—

(၁) ယံကိဉ္စိ၊ အလုံးစုံသော တေဘူမက သံခါရ သဘော တရားသည်။ သမုဒယဓမ္မံ၊ ပြုပြင်မှုဟူသော အကြောင်း ကိုမှီ၍ ဖြစ်ခြင်းသဘောရှိ၏။

(၂) တံသဗ္ဗံ၊ ထိုသို့ ဖြစ်ခြင်း သဘောရှိသော တေဘူမက သံခါရတရား ဟူသမျှသည်။ နိရောဓဓမ္မံ၊ အကြောင်း တရားတို့၊ ကုန်ဆုံး-ချုပ်သိမ်းက၊ ချုပ်ငြိမ်းခြင်းသဘော ရှိ၏။
ဣတိ၊ဤသို့။ ဉာဏံ၊ သိတတ်သောဉာဏ်သည် ဉဒပါဒိ၊ ထင်ရှားဖြစ်ပေါ်လာ၏။

---

## (၃၂) "ဓမ္မစကြာ"တရား၊ဟောကြားပြီးနောက်၊ နတ်, ဗြဟ္မာ တို့၏၊ကြွေးကြော်ပုံပြခန်း

(၃၂) ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဓမ္မစက္ကေ၊ "ဓမ္မ စကြာ" တရားတော်မြတ်ကို ပဝတ္တိတေစပန၊ ဟောကြား တော်မူအပ်ပြီးသည် ရှိသော်ကား။ ဘူမာ ဒေဝါ၊ ဘုမ္မစိုး နတ်တို့သည်။ သဒ္ဒံ၊ကောင်းချီးပေးသောအသံကို။အနုဿာ ဝေသုံ၊ တပြိုင်နက်တည်း၊ကြွေးကြော် ကြကုန်၏။

ကိံ - အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြ ကုန်ဘိ သနည်း -

ဘဂဝတာ၊မြတ်စွာဘုရား ှင်သည်။ဗာရာဏသိယံ၊" ာ ကာသီပြည်" ၌။ ဣသိပတနေ၊ " ဣသိပတန"အမည်ရှိသော။ မိဂဒါယေ၊ "မိဂဒါဝုန်"တောအုပ်၌။ လောကသ္မိံ၊ လောက၌။

(၁) ကေနစိ၊ တစုံတယောက်သော။ သမဏောနဝါ၊ ရဟန်းသည်၎င်း။
(၂) ကေနစိ၊ တစုံတယောက်သော။ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။
(၃) ကေနစိ၊တစုံတယောက်သော။ဒေဝေနဝါ၊နတ်သည်၎င်း။
(၄) ကေနစိ၊ တစုံတယောက်သော။ မာရေနဝါ၊ မာရ်နတ်သည်၎င်း။
(၅) ကေနစိ၊ တစုံတယောက်သော။ ဗြဟ္မုနာဝါ၊ ဗြဟ္မာမင်းသည်၎င်း။ အ-ပ္ပဋိ-ဝတ္တိယံ၊ မတားမြစ်နိုင်သော။ (မဟောကြားနိုင်သော) အနုတ္တရံ၊ အတုမရှိသော။ တံဓမ္မစက္ကံ၊ ၍ "ဓမ္မစကြာ" တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော်မူအပ်ပြီ။ ။ဣတိ၊ဤသို့။ အနုဿာဝေသုံ၊ တပြိုင်နက်တည်းကြွေးကြော်ကြကုန်၏။
(၁) ဘူမာနံ ဒေဝါနံ၊ ဘုမ္မဇိုဝ်းနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ သုတွာ၊ ကြား၍။
(၁) စာတု မဟာရာဇိကာဒေဝါ၊ စာတု မဟာရာဇ် နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသောအသံကို။ အနုဿာဝေသုံ၊တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။ စာတု-မဟာရာဇိကာနံ–ဒေဝါနံ၊ စာတုမဟာရာဇ် နတ်တို့၏။ သဒ္ဒံ၊ကောင်းချီးပေးသောအသံကို။ သုတွာ၊ကြား၍။–
(၂) တာဝတိံသာဒေဝါ၊ တာဝတိံသာနတ်တို့သည်။
(၃) ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။
(၄) တုသိတာ ဒေဝါ၊ တုသိတာနတ်တို့သည်။
(၅) နိမ္မာန ရတိဒေဝါ၊ နိမ္မာနရတိနတ်တို့သည်။
(၆) ပရနိမ္မိတဝသဝတ္တိဒေဝါ၊ပရနိမ္မိတဝသဝတ္တိနတ်တို့သည်။
(၇) ဗြဟ္မကာယိကာ၊ ဗြဟ္မာပြည်၌ ဖြစ်ကြကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿာဝေသုံ၊ အဆင့် ဆင့် ကြွေးကြော်ကြကုန်၏။

ကို, အနုဿာဝေသုံ၊အဘယ်သို့ကြွေးကြော်ကြကုန်ဘိသနည်း။ ဘဂဝတာ၊ မြတ်စွာဘုရားသျှင်သည်။ ဗာရာဏာသိယံ၊ "ဗာရာဏာသီ"ပြည်၌။ ဣသိပတနေ၊ "ဣသိပတန" အမည်ရှိသော။ မိဂဒါယေ၊ "မိဂဒါဝုန်"တော၌။ လောကသ္မိံ၊လောက၌။—

(၁) ကေနစိ၊ တစုံတယောက်သော။ သမဏေနဝါ၊ ရဟန်းသည်၎င်း။

(၂) ကေနစိ၊ တစုံတယောက်သော။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်၎င်း။

(၃) ကေနစိ၊ တစုံတယောက်သော။ ဒေဝေန ဝါ၊ နတ်သည်၎င်း။

(၄) ကေနစိ၊ တစုံတယောက်သော။ မာရေန ဝါ၊ မာရ်နတ်သည်၎င်း။

(၅) ကေနစိ၊ တစုံတယောက်သော၊ ဗြဟ္မုနာ ဝါ၊ ဗြဟ္မာမင်းသည်၎င်း။ အ-ပ္ပဋိ-ဝတ္တိယံ၊ မတားမြစ်နိုင်သော။ (မဟောကြားနိုင်သော။)အနုတ္တရံ၊ အတုမရှိသော။ ဇေတံ ဓမ္မ စက္ကံ၊ ထို "ဓမ္မစကြာ"တရားတော်မြတ်ကို။ ပဝတ္တိတံ၊ ဟောကြားတော် မူအပ်ပြီ။ ဣတိ၊ ဤသို့။ အနုဿာ ဝေသုံ၊ တပြိုင်နက်တည်း၊ ကြွေးကြော်ကြကုန်၏။

---

## (၃၃) ကြွေးကြော်သောအသံ၏၊ပျံ့နှံ့တက်ရောက်ပုံပြခဏ်း

(၃၃)(၁) တေနခဏေန၊ လက်ဖျစ်ဆယ်တွက်ဟူသော ထိုခဏဖြင့်။ (၂) တေန-လယေန၊ ဆယ်ခဏ ဟူသော ထိုလယဖြင့်။ (၃) တေန-မုဟုတ္တေန၊ ဆယ်-ခဏလယ ဟူသော ထိုမုဟုတ်ဖြင့်။ ယာဝ ဗြဟ္မလောကာ၊ အထက်(အကနိဋ္ဌ)ဗြဟ္မာပြည် တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘု-ဂ္ဂစ္ဆတိ၊ ပျံ့နှံ့၍ တက်လေ၏။

---

## ဓမ္မစကြာနိဿယသစ်

## (၃၄) မြေကြီး၏တုန်လှုပ်ပုံ ပြခန်း

(၃၄) အယဥ္စ-ဒသ-သဟဿီ-လောက-ဓာတု၊ ဤတသောင်းသော လောကဓာတ် စကြာဝဠာသည်။
(၂) သံကမ္ပိ၊ အောက်သို့ သက်၍ သက်၍ လှုပ်၏။
(၂) သမ္ပကမ္ပိ၊ အထက်သို့ တက်၍ တက်၍ လှုပ်၏။
(၃) သမ္ပဝေဓိ၊ ထိုမှ,ဤမှ, ယောဉ်ကွဲသို့ လှုပ်၏။

---

## (၃၅) အရောင် အလင်းဖြစ်ပုံပြခန်း

(၃၅) အပ္ပမာဏော၊ အတိုင်းအရှည် မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသော၈၊ ဒေသနာဉာဏ်ကြောင့် ဖြစ်သောအရောင် အလင်းသည်လည်း။ လောကေ၊ လောက၌။ဒေဝါနံ၊ နတ်, ဗြဟ္မာ, တို့၏။ ဒေဝါ-နု-ဘာဝံ၊ နတ်, ဗြဟ္မာတို့၏ အာနုဘော်ကို၊အတိက္ကမ္မ၊သာလွန် လွှမ်းမိုး၍။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

---

## (၃၆) ဥဒါန်းကျူးရင့်ပုံနှင့်၊ ဘွဲ့အမည်တော်, အပ်နှင်းပုံပြခန်း

(၃၆) အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သျှင်သည်။ ဥဒါနံ၊ ဝမ်းမြောက် သော စကားကို။ ဥဒါနေသိ၊ တသောင်း တိုက်သား၊ နတ်, လူ, များတို့၊ ကြားသိလေ အောင် မြွက်ဆို ကျူးရင့် တော်မူ၏။

ကိံ ဥဒါနေသိ၊အဘယ်သို့ မြွက်ဆို ကျူးရင့် တော် မူသနည်း။

(၁)※ဘော၊ အို ''ပဥ္စဝဂ္ဂီ'' ရဟန်းတို့။—
ကောဏ္ဍညော၊''ကောဏ္ဍည''ရဟန်းသည်။ဝတ၊စင်စစ် ကေန်၊ အမှန်အားဖြင့်။ အညာသိ၊ သစ္စာလေးပါး၊ တရားအစဉ်ကို၊ သိမြင်ပြီ။

(၂)※ဘော၊ အို"ပဋ္ဌ ဝဂ္ဂိ"ရဟန်းတို့။
ကောဏ္ဍညော၊"ကောဏ္ဍည" ရဟန်းသည်။ ဝတ၊ စင်စစ်
ကေန်၊အမှန်အားဖြင့်။ အညာသိ၊ သစ္စာလေးပါး တရား
အစဉ်ကို သိမြင်ပြီ။
ဣတိ၊ ဤသို့အားဖြင့်။ဥဒါနေသိ၊ ဥဒါန်းစကား၊ မိန့်ကြား
မြွက်ဆိုတော်မူ၏။

(ခ) ဣတိဟိ၊(ဣတိဝေ၊)ဤသို့"ဥဒါန်း"စကား၊မိန့်ကြားကျူး ရင့်တော်မူသောကြောင့်သာလျှင်။ အာယသ္မတော၊ ရှည် သောသက်တော်ရှိသော။ကောဏ္ဍညဿ၊" ကောဏ္ဍည" ရဟန်းအား။ အညာသိ ကောဏ္ဍညောတွေဝ၊ "အညာသိ ကောဏ္ဍည"ဟူ၍သာလျှင်။ ဣဒံနာမံ၊ ဤအမည်သည်။ အဟောသိ၊ဖြစ်ပြီ။

---

## (၃၇) "အညာသိ–ကောဏ္ဍည" ဣသိ-ပဗ္ဗဇ ရဟန်း၏ ရှင်, ရဟန်း, ပြုရလိုကြောင်း ခွင့်တောင်းပုံပြခဏ်း

(၃၇) အထခေါ၊ ထိုသို့ "သောတာပတ္တိ" မဂ်ဉာဏ် ရပြီးသော အခါ၌။ အာယသ္မာ၊ ရှည်သော သက်တော်ရှိသော။ အညာသိ ကောဏ္ဍညော၊ အသျှင်"အညာသိကောဏ္ဍည" ဣသိ-ပဗ္ဗဇရဟန်းသည်။

(၁) ဒိဋ္ဌ-ဓမ္မော၊ မြင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍–

(၂) ပတ္တ-ဓမ္မော၊ရောက်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍–

(၃) ဝိဒိတ-ဓမ္မော၊ သိအပ်ပြီးသော သစ္စာတရား ရှိသည်ဖြစ်၍–

(၄) ပရိယောဂါဠ္ဟ- ဓမ္မော၊ ဉာဏ်ဖြင့် သက်ဝင်အပ်ပြီးသော သစ္စာတရားရှိသည်ဖြစ်၍–

(၅) တိဏ္ဏ-ဝိစိကိစ္ဆော၊ ကူးမြောက်ပြီးသော တဆဲ့ခြောက်ပါး သော ယုံမှားခြင်း, + ရှစ်ပါးသော ယုံမှားခြင်း, + ရှိသည် ဖြစ်၍–

(၆) ဝိဂတ-ကထံကထော၊ သို့လော-သို့လော၊ တွေးတောယုံမှား ခြင်းကင်းသည်ဖြစ်၍—

(၇) သတ္ထု၊ သာသနေ၊ မြတ်စွာဘုရားသျှင်၏ သာသနာတော်၌။ ဝေသာရဇ္ဇ-ပတ္တော၊ ရဲရင့်ခြင်းသို့ ရောက်သည်ဖြစ်၍—

(၈) အ-ပရ-ပစ္စယော၊ ကိုယ်တိုင်မျက်မှောက် သိမြင်အပ်သည် ဖြစ်၍ သူတပါးတို့အား ယုံကြည်ခြင်းမဖြစ်မူ၍— ဘဂဝန္တံ၊ မြတ်စွာဘုရားသျှင်ကို။ ဧတံ ဝစနံ၊ ဤသို့သော စကားကို။ အဝေါစ၊ လျှောက်ကြားလေ၏။

ကိံ အဝေါစ၊ အဘယ်သို့လျှောက်ကြားသနည်းဟူမူကား။

ဘန္တေ၊ ဘုန်းတော်ကြီးမား အသျှင်မြတ်ဘုရား။

အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။ သန္တိကေ၊ ထံပါးမျက်မှောက်၊ ရှေတော်အောက်၌။ ပဗ္ဗဇ္ဇံ၊ ရှင် "သာမဏေ" အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

အဟံ၊ "ကောဏ္ဍည" မည်တွင်၊ တပည့်ရှင်သည်။ ဘဂဝတော၊ ဘုန်းတော်ကြီးမြင့်၊ တန်ခိုးတင့်လတ်၊ အသျှင်မြတ်ဘုရား၏။ သန္တိကေ၊ ထံပါးမျက်မှောက်၊ ရှေတော်အောက်၌။ ဥပ-သမ္ပဒံ၊ ရဟန်း- ပဉ္စင်း, ၏အဖြစ်ကို။ လဘေယျံ၊ ရချင်ပါ၏ဘုရား။

ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ကြားလေ၏။

---

## (၃၈) (ဧဟိဘိက္ခု) ခေါ်ပုံနှင့် (ဧဟိဘိက္ခု) ရဟန်းဖြစ်ပုံပြခဏ်း

(၃၈) ဘိက္ခု၊ "ကောဏ္ဍည" မည်တွင်၊ ငါ့ရှင်- ချစ်သားရဟန်း။ ဧဟိ၊ ငါ၏ထံမှောက်၊ ချဉ်းကပ်လာရောက်လေလော့။ ဓမ္မော၊ သစ္စာ လေးပါး၊ တရားအစဉ်ကို။ သွာ-က္ခာတော၊ ကောင်းစွာ ဟောကြား

အပ်ပြီ။ ဒုက္ခသ၊ သံသရာဝဋ်ဒုက္ခ၏။ အန္တကိရိယာယ၊ အဆုံးအပိုင်းအခြားကို ပြုခြင်းငှါ။ သမ္မာ၊ ဝီရိယ-ခေတ်၊ ထူးမြတ်ကောင်းမွန်စွာ။ ဗြဟ္မစရိယံ၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်, အရဟတ္တမဂ်,ဟူသော အထက်မဂ် သုံးပါး၊ မြတ်သော အကျင့်တရားကို။ စရ၊ ကြိုးစား, မယုတ်၊ အားထုတ်ကျင့်လေလော့။

ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသျှင်သည်။ အဝေါစ၊ သံသာချိုမြိန့်၊ ဟောမိန့်တော်မူလေပြီ။ တဿ၊(အာယသ္မတော၊) ထိုအသျှင် "အညာသိ- ကောဏ္ဍည" ရဟန်းအား။ သာဝ-ဥပသမ္ပဒါ၊ ထို(ဧဟိ-ဘိက္ခု)ရဟန်း, ပဉ္စင်းအဖြစ်သည်သာလျှင်။ အဟောသိ၊ ဖြစ်ရလေ၏။

ဓမ္မ-စက္ကပဝတ္တနသုတ္တံ၊ ဓမ္မ-စက္က ပဝတ္တနသုတ်သည်။ နိဋ္ဌိတံ၊အနက်မြန်မာ၊ ရေးစီကာဖြင့်၊ သံသာနှုတ်ချို၊ ပြန်ဆိုပြီးလတ်၊ အဆုံးသတ်လေပြီ။

———•—•—•———

ဓမ္မစကြာ-ပါဠိတော်
နှင့်
ဓမ္မစကြာ-နိဿယသစ်
ပြီးပြီ။

စတုတ္ထအကြိမ်ပုံနှိပ်ခြင်း
(၁၃၁၆-ခုနှစ်၊ တပေါင်းလ)



# ဟေမဝတသုတ္တန်ပါဠိတော်
## မြန်မာဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊

### ကာဠီ-၏၊ ပစ္စုပ္ပန်ဘဝ၌ ဂုဏ်ထူးဘွဲ့တံဆိပ်ရပုံ

(၁) [*ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ-ဥပါသိ-
ကာနံ အနု-ဿဝ-ပ္ပသန္နာနံ ယဒိ-ဒံ ''ကာဠီ''
ဥပါ-သိကာ ကုလ-ဃရိကာ-တိ။]

(အင်္ဂုတ္တိုရ်ပါဠိတော်-ဧတဒဂ္ဂဝဂ်)

(၁) [+ဘိက္ခဝေ၊ အို····ချစ်သား+ချစ် သမီးတို့-
မမ၊ သုံးလူ့-ဥသျှောင်၊ ဲ့းတိုင်းအောင်သည့်၊ ဘုန်းခေါင် ထွတ်တင်၊ ငါ-ဘုရား သျှင်၏။ သာဝိကာနံ၊ ပါရမီ-ကုသိုလ်ကံ၊ မျိုးရိုးမှန်၍၊ အဘိုးတန် တပည့်မ- ဖြစ်ကြကုန်သော။ အနု- ဿဝ- ပ္ပသန္နာနံ၊ ''ဟေမဝတ''၊မည်နာမနှင့်၊ ''သာတ-ဂိရိ''၊မည်ရှိ နတ်မင်း၊ ချင်းတို့-ချင်းဖြင့်၊ ရင်းနှီးစွာ ပြောဆို- ဟာကြားအပ်သော တရားစကားကို၊ (တဆင့်) ကြားနာရသဖြင့်၊ ကြည်ညိုခြင်း ရှိကုန်သော။ ဥပါသိကာနံ၊

ရတနာ-သုံးရပ်၊ ဆည်းကပ်- ကိုးကွယ်ခြင်းဖြင့် (ဥပါ-သိကာ-မ) ဖြစ်သောသူတို့တွင်။ ကုလ- ဃရိကာ၊ (ကုလ-ဃရ) မှီ၍နေသော။ ဥပါသိကာ၊ (ဥပါသိကာမ) ဖြစ်သော။ ယဒိဒံ၊ (ယာ-သော ကာဠီ) အကြင် ''ကာဠီ''မည်သော သူငယ်မသည်။ အတ္ထိ၊ရှိ၏။

ဧတံ၊(သော ကာဠိ)ထို(ကာဠီ)မည်သော ဥပါသိကာ ဒါယိကာ-သူငယ်မသည်။ အဂ္ဂါ၊(အဂ္ဂါ) သာဝိကာမ- ဇာနီ၊ သမ္ဘာ-မှီလျက်၊ ပါရမီ-ထူးချွန်၊ ဂုဏ်ပေါင်းလွန်၍၊ အမွန်ဆုံး+အမြင့်ဆုံး+အမြတ်-ဆုံး ဖြစ်ပေ၏။]

---

## (၁) ''ဟေမဝတ'' သုတ္တန်-ပါဠိတော်နှင့်''ကာဠီ'' ဝတ္ထု|ဆက်စပ်ပုံ၊အတိတ်-ပစ္စုပ္ပန်-အကြောင်း

ဤသို့အားဖြင့် (ဂေါတမ) နွယ်ဝင်၊ ဗုဒ္ဓ- မြတ်စွာဘုရားသျှင်၏၊ ရွှေနှုတ်တော်ထွက်၊မိန့်တော်ချက်ဖြင့်၊ ''ဧတဒဂ်'' ဟူသောဂုဏ်ထူး+ဘွဲ့ထူး+ဆွတ်ခူးပန်ဆင်ရရှိသော ''ကာဠီ'' မည်သော သူငယ်မသည်၊ ''ဒီပင်္ကရာ'' မြတ်စွာ ဘုရား+ ''ကောဏ္ဍည'' မြတ်စွာဘုရား အစရှိကုန်သော နှစ်ကျိပ်-ရှစ်ဆူကုန်သော မြတ်စွာဘုရားသျှင်တို့၏၊ ပွင့်စဉ်အတိုင်း (၉) ကြိမ်မြောက် ပွင့်တော်မူသော–

(နာရဒ) မြတ်စွာ ဘုရားသျှင်၊ ပွင့်တော်မူပြီးနောက်၊ အ-သင်္ချေကိုလွန်၍၊ ဤ ''ဘဒ္ဒ'' ကပ် ကပ္ပါမှ၊ ပြန်၍ ရေတွက်သည် ရှိသော်၊ ''ကပ္ပါ'' တသိန်းထက်၊ တခုသော ''မဏ္ဍ''ကပ္ပါ ၌၊ လူတို့၏ အသက် (တသိန်း) တမ်း နေရသော အခါ၊ ''ပဒုမု-တ္တရ''၊ မည်ရ ထင်ရှား၊ ဘုရား-မြတ်စွာ၊ စိန္တေယျာ-သည်၊ ခြောက်ဖြာ ရောင်ခြည်၊ ထိန်ထိန်ကြည်၍၊ တောက်လည်-ထွန်းတင့်၊ဘုန်းရောင် မြင့်၍၊ပွင့်တော် မူလာဆဲအခါဖြစ်လေ၏။

ထိုအခါ၌ (ဟံသာ ဝတီ) ပြည်ဝယ်၊ တဦးသော အမျိုးအိမ်၌၊ အမျိုး သမီး ငယ် ဖြစ်လာရသော သူငယ်မ=တဦးသည်၊ ထင်ရှား ရှိလေသတတ်။

ထိုအခါ၊ တနေ့သောအခါ=၌၊ "ပဒုမ-ဏ္ဍရ" မြတ်စွာ ဘုရားသျှင်သည်၊ လူ-ရှင်-ရဟန်း-ပရိသတ် တို့အား၊ သစ္စာ-လေးပါး၊ တရားအမြိုက်၊ သုခ-ဘုတ်ကို၊ တိုက်ကျွေး ဆုံးမ၊ ဟောပြ ပြီးလျှင်၊ အထူးသဖြင့်၊ [တဆင့်-စကား ကြားနာရခြင်း] ဖြင့်၊ကြည်ညို လေးမြတ်၊ သဒ္ဓါ ပြတ်၍၊ စိတ် ဓာတ်-အထူး၊ ရွှင်မြူး ကြည်ညိုခြင်း ရှိသော သူအား၊ (အမြင့် အမြတ်ဆုံးသော ပုဂ္ဂိုလ်) ဟူသော (ဧတ-ဒဂ်) ဂုဏ်ထူး+ဘွဲ့ထူး+ဖြင့်၊ ချီးကျူးပေးအပ်၍၊ လေးမြတ် ကော်ရော်၊ ပူဇော် ကန်တော့ခြင်းကို ခံယူလျက် ရှိနေသောအခါ ဖြစ်လေ၏။

ထိုအခါ၊ ထို အမျိုး-သမီး သူငယ်မသည်၊ ထို မြတ်စွာ ဘုရားသျှင်အား၊ မျက်ဝါး-ထင်ထင်၊ ဖူးမြင် ရ၍၊ လွန်စွာ-နှစ်သက်၊ အားတက်-ဝမ်းမြောက်ခြင်း ဖြစ်ရကား၊=မိမိသည်လည်း၊ နောက်=တဘူသော မြတ်စွာ-ဘုရားသခင်၏ လက်ထက် တော်၌၊ ဤ(ဥပါသိကာ) ဒါယိကာ—သူငယ်မ-ကဲ့သို့ပင်၊(ဧတ-ဒဂ်)ဘွဲ့ခံ၊ ဌာန-န္တရ-ဂုဏ်ထူး+ တံဆိပ်ထူး+ဖြင့်၊ချီးကျူး မြောက်စားခြင်းကို ရ-ရ-ပါလို၏ဘုရား=(ဖြစ်ရ—ပါလို၏ဘုရား-)ဟု၊အစဉ်သဖြင့်၊နှုတ်-မြွက် သံပြောင်း၊ ဆုပန် တောင်း၍၊ ကောင်းမှု ကုသိုလ် အမျိုးမျိုး တို့ကို၊ ကြိုးကြိုး စားစား ပြုလေသတည်း။

ဤ အချိန်=အခါမှ-စ၍၊ ထိုအမျိုး—သမီး သူငယ်မ—သည်၊ "ကပ္ပါ"(တသိန်း) တို့-တိုင်တိုင်၊ လူ့ပြည်+နတ်ပြည်+တို့၌၊ စုန်ချည်+ဆန်ချည်+ဝဲ-ရစ်သည်သို့၊ အတည်မကျ၊ ကျင်လည် ရ လေသတည်း။

(ဤသည်ကား၊"ကာဠိ"၏ (၁) ပဌမ-အခန်း၊ အတိတ် ဝတ္ထု ပေတည်း။)

---

(၂) ဤဆိုလတ္တံ့သည်ကား၊ (၂) ဒုတိယအခန်း ပစ္စုပ္ပန်ဝတ္ထု ဖြစ်သတတ်၊

(၂) ဤယခုအခါ၌၊ (ကဿပ) မြတ်စွာဘုရားသျှင်သည်၊ ထင်ရှားစွာ ပွင့်လာတော်မူပြီးနောက်၊ လူတို့အသက်(တရာ)တမ်း၌(ဂေါတမ) မြတ်စွာဘုရားသျှင်သည်၊ သုံးခွင်ဘုံသိုက်၊ တသောင်းတိုက်ဟယ်၊ မကိုင်

နှုန်းဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊ ထွန်းပြောင်တောက်ပလျက်၊ ပွင့်မြောက်ပေါ်လာသောအခါ+ ၁-ရှေး၌ ပြဆိုခဲ့ပြီးဖြစ်သော (ဟံသာဝတီ) ပြည်ဝယ်၊ တဥုးသောအမျိုးသမီး-ဖြစ်ခဲ့ဘူးသော သူငယ်မသည်ပင်၊ ဤယခုအခါ၌၊ (ရာဇဂြိုဟ်) ပြည်ကြီးဝယ်၊ တဥုးသောအမျိုးအိမ်၌၊ အမျိုးသမီး-သူငယ်မ တဥုး-ဖြစ်လာရပြန်လေ၏။=

ထိုအခါ၊ (ကာဠီ) ဟူသောအမည်ဖြင့်၊ မှည့်ခေါ်ကြကုန်၏။

ထိုအမျိုးသမီး-သူငယ်မ-သည်၊ အစဉ်သဖြင့်၊ ကြီးမြင့်၍လာခဲ့ရာ= တဆဲ့-ငါးနှစ်+ တဆဲ့-ခြောက်နှစ်+ ပျိုမျစ် နုနယ်၊ အရွယ်သို့ ရောက်လတ်သောအခါ၌၊ တဥုးသောအမျိုးသားနှင့်၊ ထိမ်းမြားမင်္ဂလာ ပြု၍ နေပြန်ရာ၊ နောက်ဆုံးဖြစ်သောအချိန်သည်ကား=

တေ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခုနီ ကလျာဏ-ဝါက္ကရဏာနံ ယဒိ-ဒံ "သောဏော" ကောဠိ-ကဏ္ဏော-

[ဟူ၍၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ ဧက-နိပါတ်-ဧတဒဂ္ဂ-ဝဂ်၊ ပဥ္စမသုတ်၌ ဟောတော်မူသည့်အတိုင်း--]

(က) ကောင်းမြတ်သော တရားစကားကို၊ ဆိုတတ်ကုန်သော ရဟန်း အပေါင်းတို့တွင်၊ (အမြင့်မြတ်ဆုံးသော ပုဂ္ဂိုလ်) ဟူသော (ဧတ-ဒဂ်) ဂုဏ်ထူး+ဘွဲ့ထူး+ဖြင့်၊ ချီးကျူး မြှောက်စားခြင်းကိုယူရလတ္တံ့သော-

(ခ) လူ၏အဖြစ်၌၊ နေ စဉ်အခါ၌၊ အဘိုးငွေ (တကုဋေ) ထိုက်တန်သော နားတန်ဆာကို၊ ပန်ဆင်သုံးစွဲးရ- လတ္တံ့သော အသျှင်မြတ် (သောဏ) ထေရ်အလောင်း၊ ရင့်ခြောင်းသမ္ဘာ၊ သူတော်စွာကို၊ မင်္ဂလာ ချီးကျူး၍၊ မီးရှူး- သန့်စင်၊ ဘွားမြင်-ဘိုရာ- အချိန်သို့၊ နီးကပ်ဆိုက်ရောက်၍ လာလေသတည်း။

## (၃) "ကာဠီ–"မည်တွင်၊ မွေး–မိခင်၏၊ ကြည်လင်-သန့်ရှင်း၊ ရွှေ-ဂူ-တွင်း-သို့၊ ပျော်ခင်း-သမိုက်၊ ဝမ်း-ကြာ-တိုက်၌၊ကိန်းပိုက်-သန္ဓေ၊ဖွဲ့တည် နေသော "သောဏ"ထေရ်-အလောင်း၊ ရှေးဆုတောင်းနှင့် တကွ၊ ကောင်းမှုကုသိုလ်ပြုပုံ အစဉ်ပြခဏ်း

(၃) ဤ(သောဏ)ထေရ် အလောင်း၊သူတော်ကောင်းသည်လည်း၊ (ပဒုမု-ဌာရ) မြတ်စွာဘုရားသျှင်၊ လက်ထက်တော်၌၊ ရှေးရှေး၌ တရား အထူးရရှိဘူးကြသော ပုဂ္ဂိုလ်တို့၏နည်းအတိုင်း၊ လူများအပေါင်းနှင့် အတူ၊မြတ်စွာဘုရားသျှင်၏၊ ကျောင်းတော်သို့သွား၍၊ ပရိသတ် အစွန်၌ နေ၍၊ တရားတော်ကိုနာယူ၍ နေစဉ်၊ ကောင်းမြတ်သော တရားစကား ပြောကြားသော ရဟန်းပုဂ္ဂိုလ် အပေါင်းတို့တွင်၊ ရဟန်းပုဂ္ဂိုလ် တပါး အား၊(အထူးမြတ်ဆုံးသောရဟန်းပုဂ္ဂိုလ်)ဟူသောအရာ၌၊တင်မြှောက် ချီးကျူး၍ နေသော မြတ်စွာဘုရားသျှင်ကို၊ ဖူးမြင်ရလေ၏။

ထိုအခါ၊ ငါ-တုံတမူလည်း၊ နောင်အခါ-တခုသော ဘဝအသစ်၌၊ တဆူသော မြတ်စွာဘုရားသျှင်၏၊ သာသနာတော်၌၊ (ကလျာဏ– ဝါက္ကရဏ) ဂုဏ်နှင့်၊ ပြည့်စုံသော ရဟန်းပုဂ္ဂိုလ် အပေါင်းတို့တွင်၊ (အထူးမြတ်ဆုံးသောရဟန်းပုဂ္ဂိုလ်)တပါး၊ဖြစ်ခြင်းငှါ သင့်တော်၏ဟု၊ ကြံစည်၍(ပဒုမု-ဌာရ)မြတ်စွာဘုရားသျှင်အား၊ မိမိ၏နေအိမ်သို့ ပင့်၍၊ ခုနစ်ရက်ပတ်လုံး (မဟာ ဒါန)အကြီးမြတ်ဆုံးသော အလှူကို ပေးလှူ ပြီးလျှင်၊ ဤသို့လျှောက်လေ၏။

ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား–

ဤယနေ့မှ အထက်၊ ခုနစ်ရက် မြောက်သော နေ့အခါ၌၊ ရဟန်း အပေါင်းတို့တွင်၊ ရဟန်းတပါးကို "ကလျာဏ-ဝါက္ကရဏ" ဂုဏ်ဖြင့် အမြင့်မြတ်ဆုံးသော ရဟန်းပုဂ္ဂိုလ်အဖြစ်ဖြင့်၊ ချီးမြှောက် စကားမြွက် ကြားပုံကို၊ အစုံပင် ကြားသိရပါ၏ဘုရား။

တပည့်တော်သည်လည်း၊ ဤယခုလှူဒါန်း ပူဇော်ရသော ကောင်းမှု ကုသိုလ်ကံ၏ အစွမ်းကြောင့်၊ အနာဂတ် ဘဝ၌ တဆူသောမြတ်စွာ

ဘုရားသျှင်၏ သာသနာတော်၌၊ ထို(ကလျာဏ-ဝါဏ္ဏရဏ) ဂုဏ်နှင့် ပြည့်စုံသော ရဟန်းပုဂ္ဂိုလ်ကဲ့သို့-ဖြစ်ရပါလို၏=ဘုရား–ဟု၊ နှုတ်မြွက် သံပြောင်း၊ သုပန်၊ တောင်း၍၊ ကောင်းမှုကုသိုလ်ပြုလေ၏။

ထိုနောက် (သောဏ) ထေရ်အလောင်း၊ ရင့်ပြောင်း သမ္ဘာ၊ သူတော်စွာဖြစ်သော ဥပါသကာသည်လည်း၊ အသက်ဆုံးတိုင်၊ ကောင်းမှုကုသိုလ်တရား ပွါးများလျက်ဖြင့်ပင်၊ ကပ္ပါတသိန်းတို့ ကာလတိုင်တိုင်၊ လူ့ပြည်+နတ်ပြည်+တို့၌၊ ကျင်လည်ရခဲ့ပြီးနောက်၊ ဤယခု၊ ငါတို့–(ဂေါတမ) မြတ်စွာဘုရားသျှင် ပွင့်တော်မူသည်မှ၊ (ပုရေတရမေဝ) ရှေးအဘို့၌ မကြာမြင့်မီ နတ်တို့ဘုံမှ-စုန်ဆင်းခဲ့၍၊ရှေးယခင်ပြဆိုခဲ့ပြီးဖြစ်သော (ကာဠိ) အမည်ရှိသော ဥပါသိကာ ဒါယိကာမ၏ ဝမ်းတိုက်၌၊ ကိန်းဝိုက်သန္ဓေ၊ စွဲယူတည်နေသောသူဖြစ်ရလေ၏။

ထိုအခါ၊ ဤသို့ လောက-တံထွာ ဓမ္မတာအားဖြင့်၊ ဖြစ်ပေါ်လာသော ဤအမှုကိစ္စမျိုးတို့ကိုပြုရန်၊ တာဝန်မျိုးတို့မည်သည်၊ ယောက်-ခမဖြစ်သူ၊ တပါးသူတို့၏ နေအိမ်၌၊ နေ၍ပြုခြင်းငှါမသင့်ချေ။

မိမိ၏ နေရင်းရပ်ဌာန်၊ (ရာဇဂြိုဟ်) ပြည်ကြီးသို့ ပြန်သွား၍၊ အမိ-အဘ-ဆွေမျိုး-ရင်းချာတို့၏ နေအိမ်၌နေ၍ ပြုခြင်းသည်သာလျှင်၊ သင့်ျော်၏-ဟု၊ ကြံစည်အောက်မေ့၍၊ မိ-ဘ-တို့၏ နေအိမ်သို့ ပြန်သွားလေ၏။

ထိုသို့ပြန်သွား၍၊ မိမိ၏နေအိမ်သို့ ရောက်သွားသောအခါ၊ မင်္ဂလာကြက်သရေမှုံသော၊ တိုက်ခန်းအိပ်ရာထက်၌၊ လျောင်းစက်၍နေသောအချိန်သည်ကား၊ ဘိုးတော်အဥ္စန မင်းကြီး၏ ဖြိုကြွင်းမဟာ သက္ကရာဇ် ၁၀၃-ခုနှစ်၊ ဝါဆိုလပြည့်စနေနေ့-ညဥ့်အချိန်ဖြစ်လတ်သတည်း။

ဤမျှပြဆိုခဲ့ပြီးသော စကားအစဉ်ဖြင့် (ကာဠိ) မည်သော ဥပါသိကာ-ဒါယိကာ သူငယ်မ၏ ဒုတိယအခဏ်းဖြစ်သော ဤပစ္စုပ္ပန် ဝတ္ထုတည်း။

(ထိုဝတ္ထုကို၊ဤနေရာ၌၊(ခေတ္တ)ရပ်၍ထားကြဦးစို့။)

## (၄) "သာတ ဂိရိ" နတ်မင်းအကြောင်းပြ ပါဠိ အကျဉ်းချုပ်

[*တသ္မိံ သမယေ အမှာကံ သတ္ထာ သဗ္ဗညုတ-ဉာဏံ ပတွော ဂယာသီ-ပတနေ ဓမ္မ-စက္ကံ ပဝတ္တေသိ၊ ဓမ္မ-စက္က-ပဝတ္တနေ ဒသ-သဟဿ စက္က ဝါဠ ဒေဝ-တာ သန္နိပတိံသု၊ (ပ) ရာဇ- ဂဟ- မတ္တကေန တဿ သန္တိကံ ပါယာသိ။]

[ကျေ-နိပါတ် ၁၄-ဟေဒဂ္ဂ-ဝဂ်-သောဏာ-ထေရ ဝတ္ထု-အဋ္ဌကထာပြ စကား၊ ပဌမ စာအုပ်မျက်နှာအမှတ်-၁၉၁-စာကြောင်းရေ-(၁၁)။]

---

## (၄) "သာတ ဂိရိ"နတ်မင်းအကြောင်းပြခန်း

(၄) ဤပြဆိုအပ်ခဲ့ပြီးသော ဝါဆို-လပြည့်နေ့- ညဥ့် အ ျနှင့် တပြိုင်နက် တည်းသော အချိန်၌၊ ဘုန်း ခြောက်ပါးသျှင်၊ မြတ်စွာဘုရားသခင်သည်လည်း၊ သဗ္ဗညုတ၊ ဉာဏ တန်ဆောင်၊ စက်နေရောင်သို့၊ တောက်ပြောင်ထွန်းပခြင်းသို့ ရောက်တော်မူ ျက်၊ (ဘိုးတော်-အဥ္ဇန မင်းကြီး၏)ဖြိုကွဲင်းမဟာသက္ကရာဇ်၊ (၁၀၃-) ခုနှစ်၊ (ဝါဆို) လပြည့် (စနေနေ့) ညဥ့်အချိန်၌၊ (ဗာရာဏသီ) ပြည်ကြီး၏အနီး၊ (ဣသိ-ပတန) အမည်ရှိသော (မိဂ-ဒါဝုန်) ရဂုံသာမော၊ တောအုပ်ကြီးအလယ်၌၊ အရှင်(ကောဏ္ဍည) (ဣသိ-ပဗ္ဗဇ္ဇာ) အပူး ျသော (ပဉ္စဝဂ္ဂီ) ငါးဦးတို့နှင့်တကွ၊ တသောင်းသော စကြဝဠာတိုက်အတွင်းမှ၊ လာရောက်ကြကုန်သော နတ် ဗြဟ္မာ အပေါင်းတို့အား၊ အကြောင်းသစ္စာ+ အကျိုးသစ္စာ+ဟူသော အမှန်လေးပါး၊ သစ္စာတရားတို့ကို၊ သစ္စဉာဏ်+ ကိစ္စဉာဏ်+ ကတဉာဏ်+ ဟူသော သုံးပါးသော ဉာဏ်အမြင်ရှိသော+သုံးပါး (လေး ပ်) ဖြစ်၍ တဆဲ့နှစ်ပါးသော သိမြင်ပုံနည်းအခြင်းအရာရှိသော မပေါက်မပြန်၊ မှန်ကန်သော (ဓမ္မစကြာ) တရားကို၊ ဟောကြား ျက် ေနဆဲး ဖြစ်ေသာအခါ ဖြစ်လေ၏။

(က) ထိုအခါ နှစ်သိန်း လေးသောင်း အထုရှိသော ဤ မဟာ ပထဝီမြေကြီး၏ ကြီးစွာသော တုန်လှုပ်ခြင်းသည်ရင်း—

(ခ) သုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည်၎င်း–

(ဂ) အမျိုးမျိုးသော တန်ခိုးပြာဋိဟာတို့သည်၎င်း- ဖြစ်လာကြကုန်၏။

၍အခါသို့ ရောက်မှသာလျှင်၊ ထိုသို့ဖြစ်သောအခြင်းအရာကို၊ ထိုနတ်များအပေါင်းတို့တွင် (သာတဂိရိ) နတ်သည်သာလျှင်၊ ရှေးဦးစွာ သိရလေ၏။

ထိုအခါ၊ ၍တသောင်းသောစကြဝဠာတိုက် အတွင်း၌၊ မှီတင်းနေထိုင်ကြကုန်သော နတ် ဗြဟ္မာအပေါင်းတို့သည်၊အကြောင်းအားလျော်စွာ၊ အချင်းချင်း ပွေ့ဆုံစုဝေးမိကြကုန်၏။

ထိုအခါ၊ ထိုနတ် ဗြဟ္မာ အပေါင်းတို့တွင်၊ (သာတ ဂိရိ)၊ မည်ရှိ ထွန်းပြောင်၊ တောင်ကို အမှီပြု၍ နေခြင်းကြောင့်၊ (သာတ ဂိရိ) နတ်-ဟူ၍၊ထင်ရှားကျော်စောသော နတ် တဦးသည်၊ထင်ရှားရှိ၏။

ထို နတ် သည်သာလျှင်၊ ထိုမြေကြီး၏၊ တုန်လှုပ်ခြင်း+ မဖြစ်စဘူး၊ ထူးဆန်းသော ပုဗ္ဗနိမိတ်တို့၏ ဖြစ်ပေါ်လာခြင်းတို့ဖြင့်၊ အခြင်းအရာ အကုန်အစင်ကို၊ အစုံအလင် သိမြင်၍၊ မိမိ၏ အခြွေအရံ နတ်ပရိသတ်ငါးရာနှင့်တကွ၊ ထို (ဗာရာဏသီ) ပြည်ကြီး၏ အနီး၊ (မိဂ-ဒါ၀ုန်) တောအရပ်၌၊ မြတ်စွာ ဘုရားသျှင်၏၊ ထံပါးမျက်မှောက်၊ ရှေ့တော်အောက်သို့၊ သွားရောက်ချဉ်းကပ်၍ (ဓမ္မ-စကြာ) တရား ကြားနာရာ၊ (သာတဂိရိ)နတ်မင်းသည်၊ လေးဖြာ-ဒိဋ္ဌိ+ဝိစိကိစ္ဆာ၊ ကင်းစင်ကွာသော (သောတာပတ္တိ)မဂ်+ဖိုလ် မျက်မှောက်ပြုရ၍၊(အရိယာ)ဇာတ်၊ မြင့်မြတ်သောဘုံသို့၊ ၌လုံ့ ကပ်ရောက်ရသော (အရိယာ) နတ်မင်း တဦးဖြစ်ရလေသတည်း။

**အထူးမှတ်ချက်။**

[ *တတ္ထ-ကောဒ အဋ္ဌဝိသတိယာ ယက္ခ-သေနာပတီနံ အဗ္ဘန္တရေ သာတဂိရောနာမ ယက္ခော ဒသ-ဗလဿ ဓမ္မ-ကထံသုတွာ "သောတာပတ္တိဖလေ" ပတိဋ္ဌာယ စိန္တေသိ။]

[အဂ်ုတ္တိုရ်-တေဒဂ္ဂဝဂ်- (အဋ္ဌမ) သောဏတ္ထေရဝတ္ထု-အဋ္ဌကထာ စကားအရ- "သာတဂိရိ" နတ်မင်း သောတာပန်တည်ပုံ၊ စာအုပ် မျက်နှာနံပါတ်- ၁၉၂-ပဋ္ဌမတွဲ။]

ထိုအခါ၊ (သာတ ဂိရိ)နတ်မင်း၏ စိတ်၌ ဤသို့ ဆိုလတ္တံ့သော စိတ်အကြံအစည်အောက်မေ့ခြင်းသည်၊ ဖြစ်ပေါ်လာ၏။

အဘယ်သို့ ဖြစ်ပေါ်လာသနည်း=ဟူမူကား။

ဤသို့အားဖြင့်၊ ပိုင်းခြား ထုတ်ဖေါ်၊ ဟောတော်မူအပ်သော ဓမ္မကထာ၊ သာယာချိုမြိန်၊ နှစ်သိမ့်ဘွယ်ရာ လေးဖြာသော (၁) ဒုက္ခ-သစ္စာ၊ (၂) သမုဒယသစ္စာ၊ (၃) နိရောဓ-သစ္စာ၊ (၄) မဂ္ဂ-သစ္စာ ဟူသော သစ္စာတရားတို့ကို၊ မိမိ-နှင့် စိတ်, လက် ကြည်ဖြူ၊ အတူနေပျော်၊ မိတ်ဆွေတော် အဖေါ်ရင်း ဖြစ်သော (ဟေမ ဝတ) နတ်သားသည်၊ ကြားမှ ကြားနာရပါ၏=လော၊ (သို့ မဟုတ်) မကြားနာရဘဲများ ရှိလေသလော=ဟု၊တွေးတော+ကြံစည်+အောက်မေ့မိ၏။

ထိုအခါ၊ (သာတ ဂိရိ)နတ်သားသည် နတ်ဗြဟ္မာ အပေါင်းတို့၏ အလယ်၌၊ (ဟေမ ဝတ) နတ်သားကို၊ ကြည့်ရှု ရှာဖွေလတ်သော်+ မမြင်ရ+မတွေ့ရဖြစ်ရကား၊ စင်စစ် ကေန်၊ အမှန် အားဖြင့်၊ ငါနှင့် အတူနေပျော်၊ မိတ်ဆွေတော် အဖေါ်ရင်း ဖြစ်သော (ဟေမဝတ) နတ်သားသည်၊ ဘုရား+တရား+ သံဃာ-+ဟူသော ရတနာသုံးပါးတို့၏ ဖြစ်ထွန်း ပွင့်ပေါ်၍ နေပုံကို၊ မကြား+မသိ-ဖြစ်လေယောင် တကား။

ငါသည်၊ သွားရောက်ဥုးအံ့--

သုံးလူထွတ်တင်၊ မြတ်စွာ ဘုရားသျှင်၏၊ ကျေးဇူး-ဥသျှံ၊ ဂုဏ်တော် အထူးကိုလည်း၊ ချီးကျူး ပြောဆိုပေအံ့။

မိမိ ကိုယ်တိုင်၊ ကိုယ်ပိုင် ဉာဏ်ဖြင့်၊သိမြင်အပ်ပြီးဖြစ်သော သစ္စာ-လေးပါး၊ တရားအထူးကိုလည်း၊ ဥုးဥုး ဖျားဖျား၊ ပြောကြားပေအံ့-ဟု၊ ကြံစည်စိတ်ကူး၍၊ မိမိ၏ နတ်ပရိသတ် အခြွေအရံ ငါးရာနှင့် တကွ၊ရာဇဂြိုဟ်ပြည်(ကာဠ)မည်သောသူငယ်မ၏နေရာ၊အိမ်(ဂေဟာ) အထက် တည့်တည့်၊ ကောင်းကင် ခရီး လမ်းဖြင့် (ဟေမ ဝတ) နတ်မင်းအား၊ ခေါ်ဆောင်ရန် သွားပြန်၏။

ဤတွင်-(သာတ ဂိရိ)နတ်မင်း၏ အကြောင်းတခု-ပြခဏ်းပြီး၏။

---

အထူးမှတ်ချက်။

[သုတ္တနိပါတ် ၃၇၈-ဝဂ်- ဟေမဝတသုတ် အဋ္ဌကထာ၌၊ "သာတာ ဂိရိ" နတ်မင်းသည်၊ "ဓမ္မ-စကြာ" တရား ကြားနာရလျက်၊ သောတာ ပတ္တိမဂ်-ဖိုလ်-မရဖြစ်ပုံ၊ အကြောင်းပြ အဋ္ဌကထာဆရာ-စကားအဆို-စာအုပ်ပျက်နှာ နံပါတ်-၁၇၃]

ထိုပြင်၊ နောက်၌ပြလတ္တံ့သော ဟေမဝတသုတ်၊ ပါဠိ ဂါထာဦးရေ အမှတ်(၂၂) မြန်မာဘာသာပြန်ရောက်မှ၊ နတ်မင်း နှစ်ဦးတို့၊သောတာ ပတ္တိမဂ် ဖိုလ် ရပုံ-ပြဆိုမည်။

ဓမ္မ စက္ကပ္ပ ဝတ္တနေ ပန- ပဉ္စ-ဝဂ္ဂိယေ အာမန္တေ-တွာ ဘဂဝတိ, တိ-ပရိ-ဝဋ္ဋံ ဒွါဒသာ-ကာရံ ဝရဓမ္မ စက္ကံ ပဝတ္တေန္တေ, မဟာဘူမိစာလံ, ပုဗ္ဗနိမိတ္တံ, ပါဠိ-ဟာရိယာနိစ, ဧတေသံ ဧကော (သာတဂိရော) ယေဝ ပဌမံ အဒ္ဒသ။

နိဗ္ဗတ္တကာရဏံ တေသံ ဉတွာ သ-ပရိသော ဘဂဝန္တံ ဥပ-သင်္ကမ္မ ဒေသနံ အဿောသိ။ [*န ကိဉ္စိ ဝိသေသံ အဓိ-ဂစ္ဆိ၊] ကသ္မာ၊ သော ဟိ ဓမ္မံ သု-ဏန္တော ဟေမဝတံ အနုဿရိတွာ အာဂတောန-ခေါ-မေ-သဟာယော၊ (နော-တိ၊) ပရိသံ ဩလောကေတွာ တံ အ-ပဿန္တော "ပ-ပဉ္စိတော မေ သဟာယော" ဧဝံ ဝိစိတြ- ပဋိ-ဘာနံ ဘဂဝတော ဓမ္မဒေသနံ န-သုဏာတိတိ၊ ဝိက္ခိတ္တ-စိတ္တော အဟောသိ။

ဘဂဝါ စ အတ္ထင်္ဂတေ သူရိယေ ဒေသနံ နိဋ္ဌပေသိ။ ။အထ သာတဂိရော သဟာယံ ဂဟေတွာ တေန သမာ- ဂမ္မ ဒေသနံ သောဿာမိ-တိ- ဟတ္ထိ-ယာန, + အဿ-ယာန, + ဂရုဠ ယာနာ·ဒီနိ မာပေတွာ ပဉ္စဟိ ယက္ခ-သတေဟိ ပရိဝုတော ဟိမဝန္တာ-ဘိ-မုခေါ ပါယာသိ။ ။ဟူ၍ပြဆို၏။

## အဋ္ဌကထာ၌၊ ပြဆိုအပ်သောစကားကို၊ ပါဠိဘာသာမှ မြန်မာဘာသာ ပြန်ဆိုပြခဏ်း

(ဓမ္မ-စကြာ) တရား ဟောတော်မူသော အခါ၌ကား၊ (ပဉ္စဝဂ္ဂီ) ရဟန်းတို့ကို၊ မိန့်ခေါ်တော်မူ၍၊ မြတ်စွာဘုရားသျှင်သည်၊ သုံးပါးသော အပြန်ရှိသော+၁၂- ပါးသောအခြင်းအရာရှိသော မြတ်သော (ဓမ္မ-စကြာ) တရားကို၊ ဟောတော်မူသည်ရှိသော်၊ (မဟာ-ပထဝိ) မြေကြီး၏ တုန်လှုပ်ခြင်းကိုငင်း+သုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်တို့၏ ဖြစ်ပေါ်လာခြင်းကိုငင်း+အမျိုးမျိုးသော တန်ခိုးပြာဋိဟာတို့၏ ဖြစ်ပေါ်လာခြင်းကိုငင်း+ထိုနတ်များ အပေါင်းတို့တွင် (သာတဂိရိ) နတ်မင်းတဦးတည်းသည်သာလျှင်၊ ရှေးဦးစွာသိမြင်လေ၏။

ထိုသို့သိရ၍ (သာတဂိရိ) နတ်မင်းသည်၊ မိမိ၏ ပရိသတ်အစုံနှင့်တကွ မြတ်စွာဘုရားသျှင်၏ အထံသို့ ချဉ်းကပ်၍ (ဓမ္မ-စကြာ) တရားကြားနာ၍ နေလေ၏။

ထိုသို့ပင် ကြားနာရသည်ဖြစ်စေ+ထို(သာတဂိရိ) နတ်မင်းသည်၊ တစုံတခုသော မဂ်+ဖိုလ်—ဟူသော တရားထူး+တရားမြတ်ကို၊ မရရှိ+မသိရ+ဖြစ်လေ၏။

အဘယ်ကြောင့်၊ မရရှိ+မသိရ-သနည်း ဟူမူကား၊

ထိုစကားမှန်၏။—

(ဓမ္မစကြာ)တရား၊ ကြားနာ၍ နေသော ထို (သာတဂိရိ) နတ်မင်းသည်၊ (ဟေမ ဝတ) နတ်မင်းကို၊ အစဉ်အောက်မေ့၍၊ မိမိနှင့်၊ အတူနေပျော်၊ မိတ်ဆွေတော်၊ အဖေါ်ရင်း ဖြစ်သော (ဟေမ ဝတ) နတ်မင်းသည်၊ ဤတရားပွဲသို့၊ လာရောက်လေသလော၊+ (သို့ မဟုတ်) မလာရောက်ဘဲ၊ ရှိလေသလော+ဟု၊ ပရိသတ် အပေါင်းကို စောင်းလှည့်-ကြည့်ရှု ရှာဖွေလတ်သော်၊ +ထို (ဟေမ ဝတ) နတ်မင်းကို၊ မမြင်ရ-ဖြစ်လတ်ပြန်သော်-+ ငါနှင့်အတူနေပျော်၊ မိတ်ဆွေတော်၊ အဖေါ်ရင်း ဖြစ်သော

(ဟေမဝတ) နတ်မင်းသည်၊ သံသရာ—ဇာတ်လမ်း၌၊ စခမ်း—မသိမ်းနိုင်အောင်- (တလှဲပြင်၍- ချွတ္ထွင်ထုထောင်) ၍ နေလေယောင်တကား။—

၍ကဲ့သို့ မြတ်စွာ ဘုရားသျှင်၏၊ ဉာဏ်တော်၌၊ ဆန်းကြယ်စွာ ထင်မြင်လာသော (ဓမ္မ-စကြာ) တရား၊ မကြားနာရချေ-တကား-ဟု၊ ပျံ့လွင့်သော စိတ်ရှိ၍ နေသောကြောင့် တရားအထူးမရ-ဖြစ်၏။

ထိုအခါ၊(ဘဂဝါ စ အတ္တ-ဂ်တေ သူရိယေ ဒေသနံ နိဋ္ဌပေသိ။)ဟူသည်နှင့်အညီ၊ နေဝင်သောအခါ၊ မြတ်စွာ ဘုရားသျှင်သည်၊ ·(ဓမ္မ-စကြာ) တရားပွဲးကို၊ (ခေတ္တ-ခဏ) မျှ ရပ်စဲး+ရုပ်သိမ်းတော် မူပြန်၏။

ထိုအခါ (သာတဂိရိ) နတ်မင်းသည်၊ မိမိ၏ မိတ်ဆွေတော်အဖေါ်ရင်းဖြစ်သော (ဟေမ-ဝတ) နတ်မင်းကို ခေါ်ယူ၍၊ ထို''ဟေမဝတ''နှင့် ပေါင်းဆုံပြီးလျှင် မြတ်စွာဘုရားအထံသို့၊ ချဉ်းကပ်၍ (ဓမ္မ-စကြာ) တရားကြားနာအံ့ဟု၊ ကြံစည်၍ (ဆင်ယာဉ်+မြင်းယာဉ်+ဂရုဠ်ယာဉ်+)စသည်တို့ကို၊ အစုံအလင်စီရင်ဖန်ဆင်း၍၊ငါးရာသော နတ်(စစ်သည်)တို့ဖြင့် ခြံရံအပ်သည်ဖြစ်၍ (ဟိမဝန္တာ) တောသို့ ရှေးရှုသွားလေ၏။

## (၅) (ဟေမဝတ)နတ်မင်းအကြောင်းပြခန်း

(၅) [*ဟေမ ဝတော ပိ, တိ ယောဇန- သဟဿံ ဟိမဝန္တံ အ-ကာလ ပုပ္ဖိတံ ဒိသွာ မမ သဟာယေန သာတဂိရေန သဒ္ဓိံ ဟိမဝန္တ-ကီဠိတံ ကီဠိဿာမီ-တိ အတ္တနော ပရိသာယ သဒ္ဓိံ ရာဇ-ဂဟ မတ္တကေ-နေဝ ပါယာသိ။

[ဏ္ကေနိပါတ် ၁၄- တေဒဂ္ဂဝဂ်၊ သောဏ-ဗ္ဗေရဝတ္ထု၊ အင္ဂုကထာပြ စကား၊ပဋ္ဌမစာအုပ်-စာမျက်နှာအမှတ်(၁၉၂-)စာကြောင်းရေ-၄။]

(၅) ဤပြဆိုအပ်ခဲ့ပြီးသောအချိန်နှင့် တပြိုင်နက်တည်းသော အချိန်၌၊ (ဟေမဝတ) နာမ-ထွန်းပြောင်၊ တောင်ကိုအမှီပြု၍ နေခြင်းကြောင့်၊ (ဟေမဝတ) အမည်ရှိသော နတ်မင်းကမူလည်း၊ ယူဇနာသုံးထောင်၊ များးမြောင်ကျယ်ပြောသော တောရပ်- ဟေမ- ဝါ၊ မြိုင်သေလာ၌၊လေ-ယူရာ-ယိမ်းနွဲ့၍၊ တိမ်း-ငဲ့-ကာ-၁※ပျူ-ငှါ-ဖန်၍၊ သူ-ငါ-ဟန်-အသွင်ခြားသဖြင့်၊ အမြင်-မှားအောင် အဆင်သုံးလျက်၊ ဘပင်လုံး+တပင်လုံး+ပွင့်၍+ပွင့်၍ နေကြကုန်သော ပန်းသစ်ပင်အပေါင်းတို့ကို၊ကောင်းစွာတွေ့မြင်ကြရပြန်၏။

ထိုအခါ (ဟေမဝတ) နတ်မင်းသည်လည်း၊အကြင့်ကြောင့်—

(၁) မြတ်စွာဘုရားသျှင် အလောင်းတော်မြတ်၊ ပဋိသန္ဓေနေသောအခါ—

(၂) ဖွားမြင်သောအခါ—

(၃) တောထွက်သောအခါ—

(၄) သစ္စာလေးပါး၊တရားအစဉ်ကို၊ သိမြင်သောအခါ—

(၅) ပရိနိဗ္ဗာန်ပြုသောအခါတို့၌သာလျှင်၊ ထိုသုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည် ဖြစ်၍၊တဖန်-ပျောက်ကွယ်၍သွားကြကုန်၏= ဟူ၍—သိ၏။ ။အချိန်ကာလ ကြာမြင့်စွာ မတည်မူ၍၊ ချုပ်ကွယ်လေ၏။

(ဓမ္မ-စကြာ) တရားဟောတော်မူသောအခါ၌- မူကား= ထိုသုံးဆဲ့နှစ်ပါးသော ပုဗ္ဗနိမိတ်တို့သည်၊ အထူးနှင့်တကွ ဖြစ်ကုန်၍၊ အချိန်ကာလကြာမြင့်စွာတည်ပြီးမှ ချုပ်ကွယ်ကုန်၏။

ထို့ကြောင့် ဤဟိမဝန္တာတော၌၊ မဖြစ်စဘူး၊ ထူးဆန်းသော အံ့ဘွယ်သရဲတို့သည်၊ ထင်ရှားစွာဖြစ်ပေါ်လာသည်ကိုမြင်၍၊အကြင်နေ့,ရက်,အခါမှစ၍ ငါသည်၊ ဤတော+ဤတောင်-၌နေ၏။

အဘယ်အခါမှ၊ ဤတော+ဤတောင်-၌၊ ဤကဲ့သို့ နှစ်သက် မွေ့လျော်၊ ပျော်ဘွယ်ရာကောင်းသော အခြင်းအရာသည်၊မဖြစ်စဘူး၊ချေ—

---

※၁-ပျူ ငှါဖန် ၍ ဆိုသည်ကား။

※၁-ပျူ ပျူ ငှါငှါ၊သူ တကာ ကို၊သာသာချိုချို၊ချစ်ဘွယ်ဆို၍၊…=ဟူသော (လောကသာရ)ပျို့စကားမျိုးတို့ကဲ့သို့တည်း။

ဤယခုအခါ၌၊ ငါနှင့်အတူနေပျော်၊ မိတ်ဆွေတော်၊ အဖော်ရင်း ဖြစ်သော (သာတဂိရိ) နတ်မင်းကို ခေါ်ယူ၍ ထိုနတ်မင်းနှင့် အတူ တကွ၊ ဤပန်းပွင့် အပေါင်းတို့၏ တင့်တယ်သော အသရေကို၊ ရှုမျှော် ခံစား၊ ပျော်ပါး၍ နေတော့အံ့-ဟု၊ ကြံစည်စိတ်ကူး၍၊ ထိုရှေးဖြစ် သော (သာတဂိရိ) နတ်မင်း၏ နည်းအတူသာလျှင်၊ (ရာဇဂြိုဟ်) ပြည် ကြီးသို့၊ ခရီး-ရှေးရှု ပြန်သွားလေ၏။=

ထိုအခါ ထိုနတ်မင်းကြီးတို့၏ အခြံအရံဗိုလ်ပါ (စစ်သည်) ဖြစ်ကြ ကုန်သော ငါးရာ+ငါးရာ+ကုန်သော နတ် (စစ်သည်) တို့သည် လည်း၊ ကောင်းကင် ခရီးဖြင့် သွားကြလေရာ၊ (မကြာမြင့်မီ)နောက်၌ ပြဆိုအပ်ခဲ့ပြီးသော (ကာဠီ) အမည်ရှိသော ဥပါသိကာ, ဒါယိကာ, သူငယ်မ၏-နေရာ၊အိမ်-(ဂေဟာ)အထက် တည့်တည့်ဖြစ်သော ကောင်း ကင်ခရီးလမ်းအကြား၌၊နတ် (စစ်သည်) နှစ်ဥုးတို့သည်၊ အချင်း-ချင်း တွေ့ဆုံ၍၊ပေါင်းမိကြလေရာ=ဤသို့အားဖြင့်၊ အချင်း-ချင်း၊ မေးမြန်း ကြကုန်၏။=

(အဘယ်သို့ မေးမြန်း ကြကုန်သနည်း=)

တုမှေ ကဿ ပရိသာ၊=ဟူသောစကားအရ၊=

အို....အချင်း....နတ်မင်းတို့-

အသင်နတ်မင်းတို့သည် အဘယ်မည်သော နတ်မင်း၏၊ အခြံအရံ ပရိသတ်တို့-ဖြစ်ကြပါကုန်သနည်း=ဟု၊ မေးမြန်းရာ၊=

မယံ သာတ ဂိရဿ=ဟူသော စကားအရ၊=

အကျွန်ုပ်တို့မှာမူ=(သာတဂိရိ) နတ်မင်း၏၊ ထံရင်းခြွေရံ၊ အစေခံ နတ် (စစ်သည်) ပရိသတ်တို့သည်၊ဖြစ်ကြပါကုန်၏-ဟု၊ဖြေဆိုကြကုန်၏။

---

ထိုနည်းအတူ၊=

[တုမှေ ကဿ ပရိသာ=ဟူသော စကားအရ]=အသင် နတ်မင်း တို့သည်လည်း၊အဘယ်မည်သော နတ်မင်း၏၊ထံရင်းခြွေရံ၊အစေခံ-နတ် (စစ်သည်) ပရိသတ်တို့သည်၊ ဖြစ်ကြပါကုန်သနည်း=ဟု၊ မေးမြန်း ပြန်ရာ၊=

မယံ ဟေမဝတသာ-တိ၊=ဟူသောစကားအရ၊=

အကျွန်ုပ်တို့မှာမူလည်း၊ (ဟေမ ဝတ) နတ်မင်း၏၊ ထံရင်း ခြွေရံ၊ အစေခံ နတ် (စစ်သည်) ပရိသတ်တို့သည်၊ဖြစ်ကြပါကုန်၏=ဟု၊ ဖြေဆိုကြပြန်ကုန်၏။

---

ထိုအခါ၊ ထိုနှစ်ဦး-နှစ်ဘက်သော နတ်(စစ်သည်) တို့သည်၊ တဦးနှင့်တဦး၊ ကြည်နူးဝမ်းသာ၊ သဒ္ဒါ-ဗလဝ၊ ဖြစ်ကုန်ကြလျက်၊ မိမိ+မိမိတို့၏၊ နတ်မင်းကြီးတို့ရှိရာသို့၊ ပြန်လည်သွားကြပြီးလျှင်၊ နတ်မင်းကြီးတို့-ထံမှောက်၊ ရောက်ကြသောအခါ၊ မိမိတို့တွေ့ကြုံရပုံ အကြောင်းစကား၊ ပြန်ကြားပြောဆိုကြကုန်၏။

ထိုအခါ၊ ထိုနတ်မင်းကြီးတို့သည်လည်း၊ ထိုသို့ ပြောဆို၍ (မကြာမြင့်မီ) တ-ခဏခြင်းဖြင့် သာလျှင် (ကာဠီ) အမည်ရှိသော ဥပါသိကာ၊ သူငယ်မ၏ နေရာ၊ အိမ် (ဂေဟာ) အထက်တည့်တည့် ဖြစ်သော ကောင်းကင်ခရီးလမ်း၌၊ အချင်းချင်းတွေ့ဆုံ ပေါင်းမိကြပြန်၏။

---

ထိုအခါ၊ (သာတ ဂိရိ) နတ်မင်းသည် (ဟေမ ဝတ) နတ်မင်းအား၊ ရှေးဦးစတင်၍၊ မေးမြန်းလေ၏။

(သာတဂိရော ဟေမဝတံ အာဟ)ဟူ၏။

(မေးမြန်းပုံစကား)

(၁) အို…အဆွေ…(ဟေမ ဝတ)နတ်မင်း–
အသင်- နတ်မင်းသည်၊ အဘယ်သို့ သွားမည်နည်း-ဟု၊ မေးမြန်းလေ၏။

(၁) (※ ကဟံ သမ္မ ဂစ္ဆသီ-တိ။)ဟူ၏။

---

(၂) အို…အဆွေ…(သာတ ဂိရိ)နတ်မင်း–
အကျွန်ုပ်သည်ကား၊အသင်(သာတ ဂိရိ)နတ်မင်း၏အထံသို့၊ လာခဲ့ခြင်းဖြစ်ပါသည်=ဟု၊ဖြေဆိုလေ၏။

(၂) (※ တဝ သန္တိကံ သမ္မာ-တိ)ဟူ၏။

(၃) အို····အဆွေ (ဟေမ ဝတ)နတ်မင်း–

အသင်နတ်မင်းသည်၊ အဘယ့်ကြောင့် အကျွန်ုပ်ထံသို့၊ လာရောက်လို=သနည်းဟု၊ မေးမြန်းပြန်၏။

(၃) (※ကိံ ကရဏာတိ)ဟူ၏။

(၄) အို····အဆွေ (သာတ ဂိရိ)နတ်မင်း–

နားထောင်ဦးလော။

အကျွန်ုပ်၏နေရာ၊ (ဟိမဝန္တာ)တောတန်း၌၊ ပန်းအမျိုးအမျိုးတို့ဖြင့်၊ အံ့မခန်းဘွယ်၊ အဆန်းတကြယ် ပွင့်၍+ ပွင့်၍+ နေပုံကို၊ တွေ့ကြုံသိမြင်ရ၍ အသင် (သာတ-ဂိရိ)နတ်မင်းနှင့်အတူ၊ကြည်ဖြူဝမ်းမြောက်စွာ၊ ထိုပန်းပွင့်တို့၏ အသရေကို၊ ရှုမျှော်-ခံစား၊ ပျော်ပါးနေလို၍၊ ခေါ်ငင်ယူဆောင်ရအောင်၊ လာခြင်းဖြစ်ပါသည်-ဟု၊ဖြေဆိုလေ၏။

(၄) (※ဟိမဝန္တ ပုပ္ဖိတံ ဒိသွာ တယာ သဒ္ဓိံ တတ္ထ ကီဠိဿာမိ-တိ) ဟူ၏။

[ဤသည်ကား၊(သာတ ဂိရိ)နတ်မင်းက-မေး၍ (ဟေမ ဝတ)နတ်မင်းက၊ ဖြေဆိုပုံစကားတရပ်အပြီးတည်း။]

ဤဆိုလတ္တံ့သည်ကား၊ (ဟေမ ဝတ) နတ်မင်းကမေး၍၊ (သာတဂိရိ)နတ်မင်းက၊ တဖန်ဖြေဆိုပုံစကားအစဉ်။

(၅) အို····အဆွေ-(သာတ ဂိရိ) နတ်မင်း–

အသင် နတ်မင်းသည်၊ အဘယ်အရပ်သို့ သွားလို၍ လာခဲ့သနည်းဟု၊ မေးမြန်းပြန်၏။

(၅) ( ※ တွံ ပန သမ္မ ကဟံ ဂစ္ဆသီ-တိ) ဟူ၏။

(၆) အို····အဆွေ····(ဟေမ ဝတ)နတ်မင်း–

အကျွန်ုပ်သည်၊ အသင် (ဟေမဝတ) နတ်မင်း၏၊ အထံသို့ ရောက်လို၍ လာခြင်းဖြစ်သည်-ဟု၊ ဖြေဆိုလေ၏။

(၆) (※ တဝ သန္တိကံ သမ္မာ-တိ) ဟူ၏။

(၇) အို....အဆွေ (သာတ ဂိရိ)နတ်မင်း–
အသင်နတ်မင်းသည်၊ အဘယ့်ကြောင့် အကျွန်ုပ် အထံသို့၊ လာရောက်လို=သနည်းဟု၊ မေးမြန်းလေ၏။
(၇) (※ကိံ ကရဏာ-တိ၊) ဟူ၏။

---

(၈) အို....အဆွေ (ဟေမ ဝတ)နတ်မင်း--
အဘယ် အကြောင်းကြောင့်၊ ဤ ဟိမ-ဝန္တာတော-အလယ်၌၊ ဤပန်း သစ်ပင် အပေါင်းတို့သည်၊ အစုံ+အစုံ၊ ပွင့်၍+ပွင့်၍+နေကြကုန်ဘိသနည်း။
အသင်နတ်မင်းသည်၊ အဘယ်သို့အားဖြင့်၊ သိရှိ-နားလည်ပါသနည်း–ဟု၊ မေးမြန်းလေ၏။
(၈) (※ တွံ ဟိမ ဝန္တသ ကေန ပုပ္ဖိတ ဘာဝံ ဇာနာသီ-တိ) ဟူ၏။

---

(၉) အို....အဆွေ (သာတ ဂိရိ)နတ်မင်း–
ဤ ဟိမဝန္တာ တော အတွင်း၌-ရှိကြကုန်သော ပန်းသစ်ပင်တို့နှင့်တကွ၊ ပန်းချုံ+ပန်းရုံတို့၌၊ အစုံ+အစုံ၊ ပွင့်၍+ပွင့်၍ နေကြကုန်သည်မှာ၊ အဘယ် အကြောင်းကြောင့်-ဟု၊ မသိရကြောင်း ဖြင့်၊ ပြန်ပြောင်း၍ ပြောဆိုလေ၏။
(၉) (※ န ဇာနာမိ သမ္မာ-တိ၊) ဟူ၏။

---

(သာတ ဂိရိ)နတ်မင်းအဆို။

(၁၀) အို....အဆွေ (ဟေမ ဝတ)နတ်မင်း–
နာယူ ဥုးလော့–

ဤယခုအခါ၌၊ (ကပိလဝတ်) ပြည်ကြီးဝယ်၊ ထီးဖြူ-မိုး၍၊ အုပ်စိုးယျက်ရှိသော (သုဒ္ဓေါ-ဒန) ရာဇ-ထွတ်တင်၊ မင်းမြတ်သျှင်၏၊ နတ်ခွင်-ထက်ဖွား၊ သားတော်ရင်းဖြစ်သော (သိဒ္ဓတ္ထ) ကုမာရ၊ မင်းသားငယ်သည်၊တသောင်းသော လောကဓာတ် တိုက်ကို၊ ရိုက်-ခါ ရိုက်-ခါ၊တုန်

လှုပ်စေလျက်၊ မိမိကိုယ်တိုင်၊ ကိုယ်ပိုင်ဉာဏ်ဖြင့်၊ ထိုးထွင်း-တိတိ၊သိမြင်ရရှိ-နားလည်ပြီးဖြစ်သော (သဗ္ဗညုတ) ဉာဏ်တော်ဖြင့်၊ ထိုတသောင်းသော လောကဓာတ်တိုက်ကြီးအတွင်း၌၊ မိုတင်း နေထိုင်ကြကုန်သော နတ်+ဗြဟ္မာ+အပေါင်းတို့၏ အလယ်၌၊ အကု မရှိ၊ မြင့်မြတ် မှန်ကန်လှစွာသော ''ဓမ္မ-စကြာ'' ခေါ်၊ သစ္စာ-လေးပါးပြတရားကို၊ ဟောကြားတော်မူလျက်ရှိ၏။

ထိုသို့ လောက-သုံးပါး၌၊ မြတ်စွာဘုရားသျှင် စင်စစ်၊ ဖြစ်တော်မူလာ၍၊ ''ဓမ္မ-စကြာ''ခေါ်၊ သစ္စာလေးပါးပြတရား၊ ဟောကြား၍နေသည်ကို၊ အချင်း (ဟေမ ဝတ) နတ်မင်းသည်၊ ကြားမျှ-မကြားသိရ-လေ-သလော-ဟု မေးမြန်းလေ၏။

(၁၀) (※ သုဒ္ဓေါဒန မဟာရာဇဿ ပုတ္တော····(လ) န ဇာနာသိ-တိ၊)ဟူ၏။

---

ဟေမ ဝတ)နတ်မင်းအဆို။

(၁၁) အို····အဆွေ (သာတ ဂိရိ)နတ်မင်း—

ထိုသို့ ဖြစ်ပုံ၊အလုံးစုံသော အကြောင်းအခြင်းအရာအထူးများကို၊ နားမျှ-လေသံ၊ မကြားရ-မသိရ-ပါ-ဟု၊ ဖြေဆိုလေ၏။

(၁၁) (※ န ဇာနာမိ သမ္မာ-တိ၊)ဟူ၏။

---

(သာတ ဂိရိ)နတ်မင်းအဆို။

(၁၂) အို····အဆွေ (ဟေမ ဝတ)နတ်မင်း—

အသင်နတ်မင်းသည်၊ ဤ (ဟိမ ဝန္တာ) တောတန်း၌၊ ဆန်း-ဆန်း၊ ကြယ်ကြယ်၊ ပွင့်၍+ပွင့်၍ နေကြကုန်သော ပန်းသစ်ပင်အပေါင်းတို့နှင့်တကွ၊ ပန်းချုံ+ ပန်းရုံတို့ကိုသာ၊ တွေ့မြင်၍၊ သိရှိဟန်-တူ၏။

ဤသို့မျှ-မဟုတ်သေး-စင်စစ်မူကား—

ထို (သိဒ္ဓတ္ထ)ကုမာရ-မင်းသား၊မြတ်စွာဘုရားသျှင်'ကိုယ်တော်မြတ်အား၊ လေးမြတ်-ကော်ရော်၊ ပူဇော်-သက္ကာရ-အမှုကို၊ပြုရ-လိုကြောင်း

ဖြင့်၊တသောင်းသော ဤ "စကြ-ဝဠာ" လောကဓာတ်တိုက်ကြီး တခုလုံးသည်၊ ကုံးသီ၍ထားအပ်သော ပန်းကုံးကြီးသဖွယ်+ ပန်းခိုင်ကြီးသဖွယ်+အသွယ်သွယ်သော တောတိုင်း+တောတိုင်း+ တောင်တိုင်း+တောင်တိုင်း+တို့၌၊ ပန်းသစ်ပင်အပေါင်းတို့သည်၊ ကောင်းစွာ အစုံ+အစုံ၊ ပွင့်၍+ပွင့်၍သာ၊ နေကြကုန်၏-ဟု၊ ပြောဆိုညွှန်ပြလေ၏။

(၁၂) (※ ဧတ္တကမေဝ ဠာနံ ပုပ္ဖိတ-န္တိ-အညာသိ.... (လ) အဇ္ဇ ဇာတံ သမ္ပာ-တိ၊)ဟူ၏။

(ဟေမ ဝတ)နတ်မင်းအဆို။

(၁၃) အို....အဆွေ (သာတ ဂိရိ) နတ်မင်း-

ဤမျှသော စကားအစဉ်ဖြင့်၊ များပြားစွာ သာ ပန်းသစ်ပင်တို့နှင့်တကွ၊ ပန်းချုံ+ပန်းရုံတို့၊ အစုံ+ အစုံ၊ ပွင့်၍+ ပွင့်၍နေကြပုံကို၊ အသင်နတ်မင်း၏ ပြောစကားဖြင့်၊ ကြားသိရ၍၊ ရှိပါချေ၍းတော့၊ အသင် (သာတ ဂိရိ)နတ်မင်းသည်၊ သုံးလူ့-ထွတ်တင်၊ မြတ်စွာဘုရားသျှင်ကို၊ အနီးကပ်၍၊ တပ်အပ်ထင်ထင်၊ ဖူးမြင်-ရေ ရှိရပါ၏- လော-ဟု၊ မေးမြန်းလေ၏။

(၁၃) (※မာလာ တာဝ ပုပ္ဖန္တု-ဟယာ သော သတ္ထာ အဂ္ဂိနိ ပူရေတွာ ဒိဋ္ဌော-တိ၊) ဟူ၏။

(သာတ ဂိရိ)နတ်မင်းအဆို။

(၁၄) အို....အဆွေ (ဟေမ ဝတ)နတ်မင်း-

အသင်နတ်မင်းသည်၊ အဘယ်သို့ မေးမြန်းဘိသနည်း။

(က) ※ အကျွန်ုပ်သည်ကား = သုံးလူ့ထွတ်တင်၊ မြတ်စွာဘုရားသျှင်ကို၊ မျက်မှောက်ထင်ထင် ဖူးမြင် ဖူးကြရပါ၏။

(က) ( ※ အာမ သတ္ထာ စ မ ဒိဋ္ဌော၊) ဟူ၏။

(ခ) ※ ထို မြတ်စွာ ဘုရားသျှင်၏၊ သစ္စာ-လေးပါး၊ တရားတော်မြတ်ကိုလည်း၊နားဖြင့်ဆတ်ဆတ်ကြားနာရပါ၏။

(ခ) (※ ဓမ္မော စ မေ သုတော၊)ဟူ၏။

(ဂ) ※ ဤသို့-ကြားနာရကာမျှ - မဟုတ်သေး၊=

ထို သစ္စာ-လေးပါး၊ တရားအမြိုက်၊ သုခဘုတ်ကို လည်း၊ နှစ်ခြိုက်-ဝမ်းသာ၊ (သဒ္ဓါ) ပေါက်အောင် ပင်၊ သောက်စို့ ရပါ၏။
(အဓိဂမ-သဒ္ဓါ-ပေါက်အောင်ပင်-ဟု-ဆိုလို၏။)

(ဂ) (※ အမတဥ္စ ပီတံ၊)ဟူ၏။

(၁၅) ဤသို့ အကျွန်ုပ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်၊ထိုးထွင်းတိတိ၊ သိမြင်-ရရှိအပ်ပြီး ဖြစ်သော အမြိုက် နိဗ္ဗာန်တရားကိုလည်း၊ အကျွန်ုပ် နှင့်-အတူနေပျော် မိတ်ဆွေတော် အဖော်ရင်း ဖြစ်သော အသင်-(ဟေမ ဝတ)နတ်မင်းကိုလည်း၊(အကျွန်ုပ်)နှင့်အတူ၊ ကြည်ဖြူစွာ-သိမြင် နားလည် စေလို၍၊အသင်– (ဟေမ ဝတ)နတ်မင်း၏၊ ပျော် ခင်း-စံရာ၊ ဟေမ-ဝါ-ဟု၊ သလာ—ရဂုံ၊ ပန်းစုံ—ရော ယှက်၊ တောမြိုင် နက်သို့၊ ခရီး—သက်၍၊ ထွက်လာ ရပါကြောင်းဖြင့်၊ ပြန်ပြောင်း၍၊ ပြောဆို လေသတည်း။

(၁၂)(※ အဟံ တေ အမတ-ဓမ္မံ တံ-ပိ ဇာနာ ပေဿာ မီ-တိ-တဝ သန္တိကံ အာဂတော-သ္မိ သမ္မာ-တိ၊) ဟူ၏။

ဤသည်လျှင်၊ (ဟေမ ဝတ)နတ်မင်းနှင့်(သာတ ဂိရိ)နတ်မင်း နှစ်ဦးတို့၊ အချင်းချင်း ပြောဆိုမေးမြန်းပုံ စကား တရပ်၊ အဦးသတ်တည်း။

---

မှတ်ချက်။

ဤနေရာ၌၊နောက်၌ တန်ရပ်၍ ထားခဲ့သော (ကာဋ္ဌ)မည်သော ဥပါသိကာ ဒါယိကာသူငယ်မ၏၊(၂) ဒုတိယ—ဇာတ်လမ်း အဆက် ဖြစ်သော ဤ(၃) တတိယ—ဇာတ်လမ်းကို၊ တခက်းဆက်၍ဆိုကြဦး စို့။

## (၁၆) "ဟေမဝတ"နတ်မင်းနှင့် "သာတဂိရိ" နတ်မင်းတို့ အချင်း + ချင်း၊ပြောဆိုမေးမြန်းသော တရားစကား အသံကို"ကာဠီ"ခေါ်သော ဒါယိကာမ-ကြားသိရပုံအခန်း

(၁၆) ဤသို့ အားဖြင့် ထိုနတ်မင်းကြီးနှစ်ဦးတို့၊အချင်း + ချင်း မေးမြန်း ဖြေဆို၍ နေကြစဉ်၊ (နေကြဆဲဖြစ်သော) အချိန်၌၊ နောက်၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော စကားစဉ် အတိုင်း၊ မိမိ၏နေရာ၊ မဂ်လာကြက်သရေ ရှိသော အိပ်ရာထက်၌၊ လျောင်းစက်သေခွေ၊ ကိုယ်အနေနှင့်၊ သန္ဓေ-နှုတ်ငုံ၊ ရင်ငွေ့ လှုံ၍၊ ပိုက်ပြို ရစ်ထွေးလျက် နေသော (ကာဠီ) မည်သော ဥပါသိကာ ဒါယိကာ သူငယ်မသည်၊ ကြားလတ်သော်၊ ရှေးယခင် မိမိလျောင်းစက်၍ နေရာမှ ချင်စွာ (ထ)၍ ထိုင်နေပြီးလျှင်၊ ထိုသို့ပြောဆို မေးမြန်းကြသော စကားအသံကို၊ ဆင်ခြင်စဉ်းစားလတ်သော်=ဤယခု-ငါ-ကြားသိရသော အသံ-သည်ကား=ငါ-၏ အိမ်အောက်က၊ ဖေါက်ထွင်း၍ တက်လာသော အသံ-မဟုတ်ချေ=ငါ-၏ အိမ်အထက် မိုယ်းကောင်းကင် ထက်က ဆင်းသက်ကျလာသော နတ်တို့အချင်း+ချင်း မေးမြန်းဖြေဆိုအပ်သော စကားအသံသည်သာလျှင်-ဖြစ်တန်ရာ၏=ဟု၊ဆုံးဖြတ် ပိုင်နှံခြား၍၊ ရှေးယခင်-ကြားရ-ကာ-စ အခါ က-ထက်၊ ဂရု-စိုက်၍ နှစ်မြိုက်စွာ နာယူ၍ နေလေ၏။

(၁၆) [*တေသံ အညမညံ ကထေန္တာနံ ယေဝ ဥပါသိကာ သိရိ-သယနတော ဥဋ္ဌာယ နိသိန္နာ တံ ကထာ- သလ္လာပံ သုတွာ သဒ္ဒေ နိမိတ္တံ ဂဏှိ။ အယံ သဒ္ဒေါ ဥဒ္ဓံ န ဟေဋ္ဌာ၊အ-မနုဿ-ဘာသိတော တိ၊ သလ္လက္ခေတွာ ဩဟိတ-သောတာ ပဂ္ဂဟိတ-မာနသာ ဟုတွာ နိသီဒိ ]ဟူ၍ အဋ္ဌကထာ စာအုပ်မျက်နှာ အမှတ်(၁၉၂)၌၊ ပြဆို၏။

ထိုနောက်၊ (သာတ ဂိရိ)နတ်မင်းသည်၊ အောက်၌ ဖေါ်ပြအပ်သော ပါဠိ-ဂါထာကို ရွတ်ဆိုလေ၏။

(၁) "အဇ္ဇ ပန္နရသော ဥပေါသထော၊
ဣတိ သာတ ဂိရော ယက္ခော။
ဒိဗ္ဗာ ရတ္တိ ဥပ-ဋ္ဌိတာ၊

အနောမိနာမ သတ္တာရံ၊
ဟန္ဒ ပဿာမ ဂေါတမ-’’န္တိ။

(၁) (မြန် မာ ဘာ သာ ပြ န်)

(၁) အို…အဆွေ (ဟေမဝတ)နတ်မင်း—

ဤ ယနေ့သည်-ကား၊ =ဘိုးတော်(မဟာ-အဥ္ဇန-မင်းကြီး၏)—ဖြိုကြွင်း မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့၊ တဆဲ့—င်ါးရက်မြောက်သော (ဥပုသ်) နေ့ ပေတည်း။

(၁) အို…အဆွေ (ဟေမ ဝတ)နတ်မင်း—

ဤ-ယနေ့-ညဉ့်-အခါသည်-ကား၊ = အထက်မိုဃ်းကောင်းကင်အပြင်၌၊မိုဃ်းသားတိမ်ပုပ်တို့ဖြင့်၊ ဖုံးအုပ် ခြင်း တို့ မှ ကင်း လွတ် လျက်၊ ဆွတ်ဆွတ် ဖြူစင်သော (လ) ပြည့်ဝန်း အရောင်ဖြင့်၎င်း၊ =နတ်တို့၏ ကိုယ်ရောင်+အဝတ် တန်ဆာရောင်+အစရှိသည် တို့ဖြင့်၎င်း—ထွန်းပြောင် တောက်ပသည်ဖြစ်၍ တည်နေသော (ညဉ့်) အခါ ဖြစ်ပေ၏။

(၁) အို…အဆွေ (ဟေမဝတ) နတ်မင်း—

ဤ—ယခု-အခါ၌၊ ဗုဒ္ဓ-ဇိန စသည်-များစွာ၊ အရာ အထောင်မကသော ဂုဏ်တော်ပုဒ်တို့ဖြင့်၊ ထုတ်ပြ-ချီးကျူးအပ်သော်လည်း၊ မယုတ်လျော့သော, အမည်-နာမ-ရှိသည်ဖြစ်၍၊ လူ-နတ်-ဗြဟ္မာ၊ သတ္တဝါ—အပေါင်းတို့၏ ဆရာ၊ (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်ကို၊ အသင်နှင့်၊ အကျွန်ုပ်တို့သည်၊ ဖူးမြင်ကြပါကုန်အံ့၊-(ဖူးမြင်ရအောင် သွားကြပါစို့=ဟူလို။)

ဤသို့-အားဖြင့်၊(သာတ ဂိရိ) နတ်မင်းသည်၊ (ဟေမ ဝတ) နတ်မင်းအား—

[ဤ ၁-အမှတ်ပြ ※ အဋ္ဌ ပန္နရသော ဥပေါသထော၊] အစရှိသော ပါဠိဂါထာဖြင့်၊ (နေ့) အမှတ် အသားကို၎င်း၊=(ညဉ့်) အခါ၏ တင့်တယ်ပုံကို၎င်း=မြတ်စွာ ဘုရားသျှင်၏ ဂုဏ်တော်ပုဒ်တို့ကို၎င်း= ဖေါ်ပြ၍-(ဟေမ ဝတ) နတ်မင်းအား၊ မြတ်စွာဘုရားသျှင်အထံ၊ဘုရားဖူး သွားကြရန်၊ တိုင်ပင် ပြောဆိုသော ပါဠိဂါထာ ဖြစ်၏။

(၂) (ဟေမ ဝတ) နတ်မင်း၏ အမေး-(ပုစ္ဆာ) (၂)
အမှတ်ပြ ဂါထာ။

(၂) ကစ္စိ မနော သု-ပဏိ ဟိတော၊
ဇ္ဇတိ ဟေမဝတော ယက္ခော။
သဗ္ဗ-ဘူတေသု တာဒိနော၊
ကစ္စိ ဇ္ဇဋ္ဌေ, အနိဋ္ဌေ,စ၊
သင်္ကပ္ပ--ဿ, ဝသီ-ကတာ။

(၂) (မြန် မာ ဘာ သာ ပြန်)

(၂) အို....အဆွေ (သာတ ဂိရိ)နတ်မင်း—
အဘယ်သို့- ပေနည်း။

ခပ်သိမ်းကုန်သော သတ္တဝါ ဟူသမျှတို့၌၊ မဖေါက်မပြန်၊ မှန်ကန်သော သဘောရှိသော ထို (ဂေါတမ) နွယ်ဖွား၊မြတ်စွာဘုရားသျှင်သည်၊ မိမိ၏ စိတ်တော်ကို ကောင်းစွာသိမ်းဆည်း၊ ချုပ်တည်း၍ ထားအပ်ပါ၏-လော=(ထားနိုင်ပါ၏-လော=ဟူလို။)

(၂) အို....အဆွေ (သာတ ဂိရိ) နတ်မင်း—
အဘယ်သို့ ပေနည်း။

(က) အလိုရှိအပ်သော ရူပါရုံ အစရှိသော ဣဋ္ဌာရုံ၌ ၎င်း။
(ခ) အလိုမရှိအပ်သော ရူပါရုံအစရှိသော အနိဋ္ဌာရုံ၌၎င်း။

စိတ် အကြံအစည်တို့သည်၊ ထို(ဂေါတမ) နွယ်ဖွား၊မြတ်စွာဘုရားသျှင်၏ အလိုသို့၊ လိုက်၍ ဖြစ်ပါကုန်၏-လော။

ဤသို့အားဖြင့်၊ (ဟေမ ဝတ) နတ်မင်းသည်၊ (သာတ ဂိရိ) နတ်မင်းအား—

[ဤ ၂-အမှတ်ပြ ※ ကစ္စိ မနော သု-ပဏိဟိတော] အစရှိသော ပါဠိ-ဂါထာဖြင့်၊မြတ်စွာဘုရားသျှင်၏၊ စိတ်တော် အနေအထားရှိပုံနှင့်တကွ၊ အာရုံငါးပါး၊တရားအစုတို့၌၊ ဝတ္တ၊ အာရုံအလိုက်၊ တိုက်ရိုက်-စိတ်နှလုံးသွင်းရှိပုံကို၊ မေးမြန်းလေ၏

ဤသို့အားဖြင့်၊ (ဟေမ ဝတ) နတ်သားသည်၊ မြတ်စွာ ဘုရား၏ (၁) ကိုယ် အကျင့်တရားကိုဋ်း၊= (၂) အသက် မွေးမြူမှုကိုဋ်း၊= (၃) စိတ်တော်၌ ဆောက်တည်အပ်သော အကျင့်တရားကိုဋ်း=မေး မြန်းလေ၏။ ။(သာတ ဂိရိ) နတ်သားသည် (ဟေမ ဝတ)နတ်မင်း၏ မေးတိုင်း-မေးတိုင်းသော စကားတို့ကို ဖြေဆိုလေ၏။

ဤသို့အားဖြင့် မြတ်စွာ ဘုရားကိုယ်တော်မြတ်၏၊ ဂုဏ်တော်,ကျေး ဇူးတော်တို့ကို အစုံအလင် မေးမြန်း ဖြေဆိုကြခြင်း၊ (ပုစ္ဆာ-) စကား၊ ဖြေသိုဟောကြားအပ်သည်တို့ကို၊ နာယူခြင်းတို့ဖြင့်၊ [သုတ္တ-နိပါတ်-ပါဠိ တော်၊ ၃၅၈-ဝဂ်၊ ဟေမဝတ] သုတ်၊ ပါဠိ-ဂါထာ-ဥုးရေ-၃၀-မျှရှိရာ၊ ဂါထာ—အမှတ် (၂၂-)

> ''ဧတံ လောကဿ နိယျာတံ၊
> အက္ခာတံ ဝေါ ယထာ တထံ။
> ဧတံ ဝေါ အဟ-မက္ခာမိ၊
> ဧဝံ ဒုက္ခာ ပမုစ္စတိ''။

ဟူသော ပါဠိဂါထာ၏၊ အနက်အဓိပ္ပါယ်-ဟောပြ၊ ပြီးဆုံးသော အခါ၊ (ဟေမ ဝတ)နတ်သားသည်၊ မိမိ-နှင့်-အတူနေပျော်၊ မိတ်ဆွေ တော်၊ အဖေါ်ရင်းဖြစ်သော (သာတ ဂိရိ) နတ်သား၏ ဖြေဆို ဟော ကြားအပ်သော တရား စကားကို၊ အစဉ် လျှောက်၍၊အောက်မေ့ ဆင် ခြင်သဖြင့်၊ အစဉ်အတိုင်း၊ လေးဖြာ-ဒိဋ္ဌိ၊ ဝိ-စိကိစ္ဆာ၊ ကင်းစင်ကွာ သော၊ (သောတာပတ္တိ)မဂ်+ဖိုလ်+ကိုရ၍၊(သောတာပန်) တည်၊နတ် သားအဖြစ်ဖြင့်၊ အရိယာ-ဇာတ်၊ မြင့်မြတ်သောဘုံသို့၊ ခိုလှုံကပ်ရောက်ရ သော (အရိယာ)နတ်သား တဦး၊ထူးထူး ခြားခြား ဖြစ်ရလေသတည်း။

---

**အထူး မှတ်ချက်**။

[ဤ နေရာ၌ ပြဆိုအပ်သော (ဟေမ ဝတ) သုတ္တန် ပါဠိတော်ရင်း ပါဠိဂါထာ ၃၀-နှင့်တ ူ၊(မြန် မာ ဘာ သာ ပြန်) ဆိုချက်ကို၊အဓိပ္ပါယ် နှင့်တ ူ၊ နောက်ဆက်ကွဲ ပြ၍၊ သီးခြား-ပြဆိုလတ္တံ့၊-ဖြစ်၍၊ ရှေ့သို့- မျှော်လင့်ကြလေ၊=]

## (၃) ''ဟေမဝတ''နတ်မင်းနှင့်၊ ''သာတဂိရိ'' နတ်မင်းတို့ပြောဆို, ဟောကြားသော တရားစကား အသံကို၊ ကြားနာရ၍''ကာဠီ''ခေါ်သောဥပါသိကာ ဒါယိကာမ-(သောတာပန်) တည်ပုံပြခဏ်း

ထိုနောက် (ကာဠီ) မည်သော ဥပါသိကာ ဒါယိကာ သူငယ်မသည်၊ နတ်သား-နှစ်ဥုးတို့၊ ရှင်မြူး-ဝမ်းသာ၊ သဒ္ဓါ-ဗလဝ၊ ဟောပြ+နာယူနေကြပုံကို၊ အာရုံ တမ်းတမ်း၊ စိတ်ဝယ် မှန်း၍၊ သဒ္ဓါ-ပန်း ပွင့်လတ်ရကား၊=သုံးလူ့ ထွတ်တင်၊ မြတ်စွာ ဘုရားသျှင်ကို၊ မျက်ဝါး-ထင်ထင်၊ မဖူးမြင်+မတွေ့ကြုံရပါဘဲးလျက်သာ၊ အချင်းချင်း ပြောဆိုကြသော သာတ ဂိရိ နတ်မင်းနှင့်-ဟေမ ဝတ နတ်မင်းတို့၏ တရားစကားအသံ-ကို၊ တဆင့်+ကြားသိနာခံ ကြည်ညိုရခြင်းဖြင့်—

နား''သောတ''ပန်ဆင်၍နေရာ၊=(ဟေမ ဝတ)သုတ် ပါဠိဂါထာ-ဥုးရေ-၃၀-မျှရှိရာ၊ ပါဠိဂါထာ-အမှတ်-၁၆—

> ''သီဟံ ဝေ-က-စရံ နာဂံ၊
> ကာမေသု အန-ပေက္ခိနံ။
> ဥပ-သင်္ကမ္မ ပုစ္ဆာမ၊
> မစ္စု-ပါသ- ပ-မောစနံ။

ဟူသော-ပါဠိ-ဂါထာ၏၊ အနက်-အဓိပ္ပါယ် ပြီးဆုံးသောအခါ—

ရှေး၌၊ ပြဆိုအပ် ခဲ့ပြီးဖြစ်သော-(ပဉ္စ-၈၇) မြတ်စွာ ဘုရားသျှင်၏ လက်ထက်တော်အချိန် နှောင်းခဲ့စဥ်က=ဆုတောင်းချက်အတိုင်း-လေးမြင့် ရှည်ကြာ၊ သံသရာ စက်၊ အဆက်ဆက် က၊ လေ့ကျက် ဆည်းပူး အပ်ခဲ့ပြီးဖြစ်သော (ပါရမီ) အဟုန်၊ စိတ်ဓာတ်၏-ဝသီ-အထုံသည်၊နေအရုဏ်-လင့်၊ အချိန်သင့်၍၊ ပွင့်မည့် ဆဲးဆဲးဖြစ်သော ပွင့်ချပ် အစုံ၊ ပဒုမ္မာ-ကြာပန်းကဲ့သို့၊ မပင်-မပန်း၊ ချမ်းမြေ့ လွယ်ကူစွာ ကျင့်ရသော (သုခ+ပဋိ-ပဒါ) အကျင့်ဖြင့်ရှင်း +လျင်စွာ သိတတ်သော (ခိပ္ပါ-ဘိညာ) ဉာဏ်ဖြင့်ရှင်း+လေးဖြာ+ဒွိ၊+ဝိ-စိကိစ္ဆာ၊ ကင်းစင် ကွာ

သော(သောတာပတ္တိမဂ်+သောတာပတ္တိ)ဖိုလ် ကိုရ၍"စကြ-ဝဠာ" ပေါင်း၊ တသောင်းသော ဤလောကဓာတ်တိုက်ကြီး အတွင်းဝယ်၊ အရိယာ ဇာတ်၊ မြင့်မြတ်သော ဘုံသို့၊ ခိုလှုံဆိုက်ကပ်ရသော အရိယာ-အမျိုးသမီးတဦးသည်၊ ဥုံးဥုံး-ဖျားဖျား၊ ထူးထူးခြားခြား၊ လူ-နတ်-အများတို့၏ အလယ်၌၊ အံ့-မခန်းဘွယ်၊ အဆန်း တကြယ်-ဖြစ်ပေါ်၍ လာရလေသတည်း။

---

## (၄) "ကာဠီ" ခေါ်သော (သောတာပန်) တည်၊ အရိယာ-အမျိုးသမီး ဥပါသိကာ ဒါယိကာမ၏၊ မီးရှူး-သန့်စင်၊ ဖွားမြင်ပုံပြခန်း

(၄) ထိုနောက် ထို-ဥပါသိကာ ဒါယိကာ-သူငယ်မ- ဖြစ်သော (ကာ ဠီ)သည်၊ (သော တာပတ္တိ)ဖိုလ်,သို့ ဆိုက်ရောက်သည်နှင့် တပြိုင်နက်၊ (မကြာမြင့်မီ—ဟူလို—)

ရှေးယခင်အခန်းက၊ ပြဆိုအပ်ခဲ့ ပြီးဖြစ်သော စကားစဉ်အတိုင်း။

[ ※ သန္ဓေ နှတ်ငုံ၊ရင်ငွေ့ လှုံ၍၊ ပိုက်ခြို ရစ်ထွေး၊ တန္ဓေး-နွေးဖြင့်၊တွေးကာ-ဆွေးကာ၊အရေး-ပါအောင်၊ဖေးကာ-မ-ကာ၊ စောင့်ရှောက် ခဲ့ရသော အသျှင် (သောဏ)ထေရ်အလောင်း၊ ရင့်ပြောင်း-သမ္ဘာ၊ သူတော်စွာကို၊ မင်္ဂလာ-ချီးကျူး၍၊ မီးရှူး သန့်စင်၊ ဖွားမြင်-ပြီးမြောက်လတ်သတည်း။ ]

---

## (၅) "ကာဠီ" ခေါ်သော ဥပါသိကာ ဒါယိကာမ (သောတာပန်)တည်ခြင်း + မီးရှူးသန့်စင်၊ဖွါးမြင်ခြင်း ကိစ္စ-တို့ပြီးဆုံးသည်နောက်၊ တခုသောအချိန်၌၊ "တေဒဂ်" ဂုဏ်ထူး + ဘွဲ့ထူး + ချီးကျူးပုံပြခန်း

(၅) ထိုနောက် တနေ့သ၌၊ ဘုန်းခြောက်ပါးသျှင်၊ မြတ်စွာ ဘုရား သခင်သည်၊ "ဇေတဝန်" - ခေါ်၊ ရွှေကျောင်းတော်၌၊ စံပျော်ကိန်း

အောင်း၍ နေစဉ်အခါ၊ တခုသော အချိန်၌၊ ရဟန်း အပေါင်းတို့၏ အလယ်၌၊ တင့်တယ်စွာ ထိုင်နေတော်မူလျက်၊ လူ-ဥပါသိကာ ဒါယိကာမ-တို့ကို [*တေ-ဒဂ္ဂ-အမြင့်မြတ်ဆုံးသောသူ] ဟူ၍ [※တေဒဂ်] ဂုဏ်ထူး+ဘွဲ့ထူး+တံဆိပ်ထူး+ဖြင့်၊ ချီးကျူးတင်မြှောက်လေရာ (ကာဠီ) မည်သော [အရိယာ +ဥပါသိကာ+ ဒါယိကာမ]၏ အလှည့်-အကြိမ်-ကြုံသဖြင့်—

[*ဧတဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနု-ဿဝ-ပ္ပ သန္နာနံ ယဒိ-ဒံ ကာဠီ+ဥပါသိကာ-ကုလ-ဃရိကာ-တိ၊ = ]ဟူ၍မိန့်ဆိုပေးသနားတော်မူ၏။

ဘိက္ခဝေ၊ အို····ချစ်သား+ချစ်သမီးတို့--

မမ၊ငါ-ဘုရားသျှင်၏။သာဝိကာနံ၊ တပည့်-မဇာနီ၊သမ္မာ-မှီ-လျက်၊ ပါရမီမျိုးမှန်၊ အဘိုးတန် ဖြစ်ကြကုန်သော။ အနုဿဝ-ပ္ပသန္နာနံ၊ တဆင့်တရားစကား၊ကြားနာ-ရသဖြင့်၊ကြည်ညိုခြင်းရှိကြကုန်သော။ဥပါသိကာနံ၊ ရတနာ သုံးရပ်၊ ဆည်းကပ်-ကိုးကွယ်ခြင်းဖြင့် (ဥပါသိကာမ) ဖြစ်သော သူအပေါင်းတို့တွင်။ ကုလ-ဃရိကာ၊ (ကုလ-ဃရ) မြို့၌ နေသော။ဥပါသိကာ၊ ဥပါသိကာပ ဖြစ်သော။ ယဒိဒံ၊ (ယာ-သော) ကာဠီ၊ အကြင်(ကာဠီ) မည်သောသူငယ်မ-သည်။ အတ္ထိ၊ ထင်ရှားရှိ၏။

တော၊ (သော) ကာဠီ၊ထို(ကာဠီ) မည်သော သူငယ်မသည်။ အဂ္ဂံ (အဂ္ဂါ) တပည့်မ-ဇာနီ၊ သမ္မာမှီလျက်၊ ပါရမီ-ထူးချွန်၊ ဂုဏ်ပေါင်း လွန်၍၊ အမွန်ဆုံး+အမြင့်ဆုံး+အမြတ်ဆုံး+ဖြစ်ပေ၏-တကား။

ထိုအခါမှစ၍၊ (ကုလ-ဃရ) မြို့-၌နေသော ဥပါသိကာ ဒါယိကာ-သူငယ်မ-ဖြစ်သော (ကာဠီ) သည်၊ အလုံးစုံသော လူဝတ်ကြောင်၊ ဥပါသိကာ-ဒါယိကာ မိန်းမတို့၏ အလယ်၌၊ လက်မွှန်မဆွ၊ အစ-ဉးစွာ၊ သောတာပတ္တိ-မဂ်+ဖိုလ်ရသည့်ပြင်၊ အလုံးစုံသော ဥပါသိကာ ဒါယိကာမ အပေါင်းတို့ထက်၊ ကြီးကဲ မြင့်မြတ်သော "တေဒဂ်"-ဟူသော

ဘွဲ့ထူး+ဂုဏ်ထူး+တံဆိပ်ထူးဖြင့်၊ ချီးကျူးတင်မြှောက်ခြင်းကို ခံယူရသောအမျိုးသမီးအဖြစ်သို့ ရောက်ရလေ၏။

ဤမျှသော စကားအစဉ်ဖြင့် ''ဓမ္မ-စကြာ'' တရား၊ ကြားနာရန်၊ ကောင်းကင်ခရီးဖြင့် သွားကြကုန်သော (သာတဂိရိ) နတ်မင်း-(ဟေမဝတ)နတ်မင်းနှစ်ဦးတို့၏ အချင်းချင်းပြောဆို+မေးမြန်းကြသော တရားစကားအသံကို တဆင့် ကြားနာရသဖြင့် (သောတာပန်) တည်သော (ကာဠီ)မည်သော ဥပါသိကာ ဒါယိကာမ၏၊-(သောတာပန်) တည်ပုံ တေဒဂ်–ဘွဲ့–တံဆိပ် ရယူပုံပြခန်းပြီး၏။

---

**အထူးမှတ်ချက်။**

[နောက်က-ပြဆိုခဲ့ပြီးဖြစ်သော ''ကာဠီ''မည်သော သူငယ်မသည်၊ မိမိသည် တဦးသော အမျိုးသမီး-အဖြစ်နှင့် နေရစဉ်အခါက၊ ကုသိုလ်ပြု၍ ဆုတောင်းချက်ကား= မိမိ ရှေ့တွင်တွေ့မြင်နေရသော အမျိုးသမီးတဦး-ကဲ့သို့ပင်၊ မြတ်စွာဘုရားအထံမှ (တေဒဂ်) ဟူသော ဘွဲ့ထူး+ဂုဏ်ထူး+ဖြင့်၊ ချီးကျူးခြင်း-ခံယူရသော အမျိုးသမီးတဦးဖြစ်ရလိုမှုပင်ဖြစ်၏။

ထိုမှတပါး၊ မိမိသည်၊ သံသရာ၌ ကျင်လည်နေရစဉ်အခါ၊ မည်သို့-မည်ပုံ (သား) ယောက်ျား-ဖွားမြင်ရရှိမှု၌၊ မြွှာ်လင့်-တမ်းတ-ချက်မရှိဖြစ်၏။

ထိုနည်းအတူပင်-နောက်က ပြဆိုခဲ့ပြီးဖြစ်သော ဥပါသကာဒါယကာသည်လည်း၊ မိမိသည် တဦးသောအမျိုးသားအဖြစ်နှင့် နေရစဉ်အခါက၊ကုသိုလ်ပြု၍ ဆုတောင်းချက်ကား- မိမိရှေ့တွင် တွေ့မြင်နေရသော အမျိုးသားကဲ့သို့-ပင်၊မြတ်စွာဘုရားအထံမှ၊ (တေဒဂ်) ဟူသော ဘွဲ့ထူး+ဂုဏ်ထူး+ ဖြင့်၊ချီးကျူး-တင်မြှောက်ခြင်းကို ခံယူရသော ရဟန်းပုဂ္ဂိုလ်တပါး ဖြစ်ရလိုမှုပင်ဖြစ်၏။

ထိုမှတပါး၊ မိမိသည်၊ သံသရာ၌၊ ကျင်လည်နေရစဉ်အခါ၊ မည်သို့သော မိခင်၏ (သား) ယောက်ျား-ဖြစ်ရမှု၌၊ မြွှာ်လင့်တမ်းတ-ချက်မရှိဖြစ်၏။

ထိုသို့ပင် ဖြစ်ခဲ့စေကာမူ၊=

ဤယခုအခါ၊ ဇာတ်တော့်ပေါင်းရုံး၍၊အဆုံးသို့ရောက်အောင်ကြည့် မိသောအခါ၊ အမျိုး-သမီးနှင့်၊ အမျိုးသား-နှစ်ဦးတို့သည်၊တဦးနှင့်+ တဦး၊ မတွေ့ရ+မမြင်ရ+မသိရ+သား-နှင့်+ အမိ+ဖြစ်ရလို့မူ၊ ဆုတောင်း ပန်ဆိုချက်-မရှိကြဘဲးလျက်ဖြင့်သာ+ (သား+အမိ) ဖြစ် လာတော်စပ်ကြ၍၊+(သား-လှ-မိခင်)ကျေးဇူးရှင်သည်ကား၊(ကာဠီ) ဟူသောအမည်ဖြင့်၊(တေဒဂ်) ဟူသောဂုဏ်ထူးရ၍၊ (သောတာပတ္တိ) မဂ်-ဖိုလ်-ဟူသော အရိယာ-အောင်ပန်း၊ ဆွတ်လှမ်း ပန်ဆင်ရသော အရိယာဂိုဏ်းဝင်၊သူတော်စင်(သောတာပန်)တည်၊အမျိုးသမီး-တဦး ထူးထူးခြားခြား ဖြစ်ရ၏။

မိခင်-ရင်နှစ်၊ သားတော်ချစ်-သည်ကား- ''သောတာ'' ဟူသော အမည်ဖြင့်၊ (တေဒဂ်) ဟူသော ဂုဏ်ထူးရ၍၊ (အရဟတ္တ-) မဂ်-ဖိုလ်- ဟူသော-အရိယာအောင်ပန်း၊ ဆွတ်လှမ်း-ပန်ဆင်ရသော အရိယာ ဂိုဏ်းဝင်၊ သူတော်စင်-ရဟန္တာပုဂ္ဂိုလ်-ဟူသော သာသနာ့ဝန်ထမ်း၊ ရဟန်းပုဂ္ဂိုလ် တဦး၊ ထူးထူး ခြားခြား ဖြစ်ရခြင်းပင်တည်း။]

## (၆) (ကာဠီ) မည်ခေါ်၊ မွေးမယ်တော်နှင့်၊ သားတော် (သောတာ)တို့၊ နောက်ကာလ၌၊ (ရှင်-ရဟန်း)ပြုပုံ ''တေဒဂ်''ဂုဏ်ထူး+ဘွဲ့ထူး-ချီးကျူး- တင်မြှောက်ပုံ ပြခန်း

(၆) ထို(ကာဠီ) မည်သော သူငယ်မသည်၊မိမိ၏ သားငယ်အား၊ အမည်(နာမ) ပေးအပ်သည့်နေ့၌၊ ( သောတာ )-ဟု၊ ခေါ်တွင်စေ၏။ ထိုသူငယ်မသည်၊မိမိ၏ အလိုအားလျော်စွာ၊ အမျိုးအိမ်၌ နေခဲ့ပြီး နောက်၊တဖန်-နေရင်း ဌာန ဖြစ်သော အိမ်၌ ပြန်၍ နေပြန်၏။

ထိုအခါ၊ အသျှင်မြတ် (မဟာ ကစ္စည်း) ထေရ်သည်၊ ထို ရာဇဂြိုဟ် ပြည်ကို၊ ဆွမ်းခံကြွရာ-အရပ်-ဟု၊ အမှီပြု၍၊ တခုသော (ဥပဝတ္တ)ခေါ် သောတောင်၌+ ။တနည်းကား၊ -(ပဝတ္တ)ခေါ်သော တောင်၌+ သီတင်းသုံးနေ၏။

ထိုနောက်၊ ဥပါသိကာ ဒါယိကာမ (ကာဠီ) သည်၊ အသျှင်မြတ် (**မဟာကစ္စည်း**) ထေရ်ကို၊ ဆည်းကပ်-ကိုးကွယ်၊ ပြုစုလုပ်ကျွေးလျက်ပင် နေ၏။

အသျှင်မြတ် (**မဟာ-ကစ္စည်း**) ထေရ်သည်၊ အစဉ်မပြတ်ဆွမ်းခံဝတ်ဖြင့်၊ ထို ဥပါသိကာ ဒါယိကာမ (ကာဠီ) နေအိမ်သို့၊ ကြွရောက်ရာ "**သောဏ**" သူငယ်သည်လည်း၊ အသျှင်မြတ် (**မဟာ-ကစ္စည်း**) ထေရ်အား၊ အစဉ် မပြတ် ဖူးတွေ့ မြင်ရ-ပါများသဖြင့်၊ ရင်းနှီးစွာ၊ အကျွမ်းဝင်သကဲ့သို့ ဖြစ်နေ၏။

ထိုနောက်၊ အရွယ်သို့ ရောက်လတ်သော အခါ၊ အသျှင်မြတ်၊ (**မဟာကစ္စည်း**) ထေရ်၏ အယုံ၌ပင်၊ "**ရှင်-သာမဏေ**" အဖြစ်ကိုပြု၏။

ဥပဇ္ဈာယ် ဆရာသျှင် ဖြစ်သော (**မဟာကစ္စည်း**) ထေရ်သည်လည်း၊ ထို "**ရှင်သာမဏေသောဏ**" ကို၊ ရဟန်း- ပဉ္စင်း-အဖြစ်ပြုလို၍၊ အာဝန္တိ-ဒက္ခိဏ-တိုင်း၌၊ ကံဆောင်ဘိုရာ၊ (ဂိုဏ်း—သံဃာ) မပြည့်စုံ၍၊ သုံးနှစ်တို့-တိုင်တိုင်၊ စောင့်ဆိုင်း၍၊ (ဂိုဏ်း-သံဃာ) ပြည့်စုံသောအခါမှသာ၊ ရဟန်းပြုရလေ၏။

ထိုသို့-ရဟန်းပြုပြီးနောက်၊ ရဟန်းအသစ်ဖြစ်သော "**သောဏ**" သည်၊ မိမိ၏ ဥပဇ္ဈာယ်ဆရာအား၊ ကမ္မဋ္ဌာန်းတရား ဟောကြား-ပြသစေပြီးလျှင်၊ ဝိပဿနာတရား၊ ပွါးများအားထုတ်ရာ၊ မကြာမြင့်မီ၊ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ရောက်ရလေ၏။

---

**အထူးမှတ်ချက်။**

(၁) ※ ဥပဝတ္တေ ပဗ္ဗတေ ပဋိဝသတိ၊-ဟူ၍ [အင်္ဂုတ္တိုရ်-အဋ္ဌကထာ ပ-စာအုပ်မျက်နှာ (၁၉၃) ၌၊ ဆို၏။]

(၂) ※ ပဝတ္တေ ပဗ္ဗတေ-တိ၊=ပဝတ္တနာမကေ ပဗ္ဗတေ၊ ပပါတေ ပဗ္ဗတေ-တိ-ပိ ပဌန္တိ၊-ဟူ၍၊ [ဥဒါန်း အဋ္ဌကထာ-၅-သောဏတ္ထေရဝဂ္ဂ-၄၆၊ ဆဋ္ဌသုတ္တ ဝဏ္ဏနာ-(ဇမ္ဗူ့မိတ်ဆွေ) စာအုပ်မျက်နှာ အမှတ်-၃၀၀-၌-ဆို၏။]

**အထူးမှတ်ချက်။**

(၁) ※ **ကာဠီ** သညာ၊ မွေးမာတာ-က၊ (သောတာပန်) တည်၊ မယ်တော်ဖြစ်၍–

(၂) ※ သားတော်-"**သောဏ**"က၊ ရဟန်းဘဝ-ရ၍၊(ရဟန္တာ) ပုဂ္ဂိုလ်ဖြစ်၏။

(၃) ထိုနောက်"**သောဏ**" ရဟန်းသည်၊ မိမိ၏ဥပဇ္ဈာယ်ဆရာ အရင်းထံ၌ပင်၊ (သုတ္တ-နိပါတ) သုတ္တ-နိပါတ်ပါဠိတော်ကို၊သင်ကြား၍၊ ဝါ- လ- ကျွတ်၍ (ပဝါရဏာ) ကံပြုပြီးသောအခါ၊ မြတ်စွာဘုရားသျှင်အား၊ ဖူးမြင်လို၍၊ ဥပဇ္ဈာယ်ဆရာအထံ၌၊ ခွင့်ပန်လျှောက်ကြားလေ၏။

---

## (၇) ဥပဇ္ဈာယ်ဆရာအသျှင်၏မိန့်ဆိုမှာကြားပုံ စကားအစဉ်

(၇) ငါ့-သျှင် "**သောဏ**"–

ငါ့-သျှင်သည်၊မြတ်စွာဘုရားသျှင်၏အထံတော်သို့၊သွားရောက်ခဲ့လျှင်၊ မြတ်စွာဘုရားသျှင်သည်၊ငါ့သျှင်"**သောဏ**"ရဟန်းကို(**ကေ-ဂန္ဓ-ကုဋိယံ**) တခုသော (ဂန္ဓ–ကုဋိ) ခေါ်သောကျောင်း၌၊ နေစေပြီးလျှင်၊ တရားဟောရန် တိုက်တွန်းလတ္တံ့=

ငါ့-သျှင်"**သောဏ**"သည်၊တရားဟောရလတ္တံ့=

မြတ်စွာဘုရားသျှင်သည်၊ ငါ့သျှင်၏ တရားစကားကို၊ ကြည်ညို၍ (ငါ့သျှင်) အား၊ ထူးမြတ်သောဆုကိုပေးလတ္တံ့=

(ငါ့–သျှင်) သည်၊ ထူးမြတ်သောဆုကို ယူခဲ့လျှင်၊ ဤမည်+ ဤမည်+သောဆုကိုသာယူလေ=

ထို့ပြင်-ငါ–ဆရာသျှင်၏ စကားဖြင့်လည်း၊ မြတ်စွာ ဘုရားသျှင်၏ ခြေတော်စုံကို၊ ဦးပံ့ ဝပ်လျှိုး၊ ရှိခိုးလေ–လော့–ဟု၊ ပြောဆိုမှာကြားလေ၏။

ထိုနောက်၊ ဥပဇ္ဈာယ်ဆရာသျှင်၊ ခွင့်ပြုအပ်ပြီးဖြစ်သော အသျှင် "**သောဏ**" ရဟန်းသည်၊ မွေးသည့်-မိခင်၊ ကျေးဇူးသျှင် မယ်တော် အိမ်သို့ကြွ၍၊ အကြောင်းအရာ စကား၊ ပြောကြားလေ၏။

(ဂ) မွေးသည်-မိခင်၊ ကျေးဇူးသျှင်၏၊ မှာကြားချက်စကား

(၈) ဒို····မယ်တော်သားချစ်၊ "သောဏ"–
ကောင်းလေစွ+ကောင်းလေစွ၊

အသင်-သားချစ်သည်၊ မြတ်စွာ ဘုရားသျှင်ကို၊ မျက်မြင်-ဒိဋ္ဌ၊ဖူးမြင်ခဲ့သော၄ါ၊ ကြွသွားသည်ရှိသော်၊ ဤ (ကမ္ဗလာ) အထည်ကို ယူဆောင်၍၊ မြတ်စွာ ဘုရားသျှင်၊ သီတင်းသုံးနေရာ၊ (ဂန္ဓ-ကုဋိ) တိုက်တွင်၊မြေပေါ်၌အခင်းပြု၍၊ လှူပါလေ-လော့-ဟု၊ ဆို၍ (အထည်) ကို၊ လှူဒါန်းလေ၏။

ထိုနောက်၊အသျှင် "သောဏ" ထေရ်သည်၊ ထိုအထည်(ကမ္ဗလာ) ကိုယူ၍၊ ခရီးသွားမည့်-ရဟန်းတို့၊ ပြုရာသော ကျင့်စဉ်၊ (ဂမိက) ဝတ်အတိုင်း၊ ကျောင်း,ဒေါ်ရာ,နေရာ,တို့ကို၊ သိမ်းဆည်း-သိုမှီး-ထားခဲ့ပြီးလျှင်၊ ခရီးစဉ်အတိုင်း၊ မြတ်စွာ ဘုရားသျှင်၊ သီတင်းသုံးရာ အရပ်သို့-သွားရောက်၍၊ မြတ်စွာ ဘုရားသျှင်၏၊ (ဗုဒ္ဓါ-သန)ခေါ်သော နေရာ၌ ထိုင်နေသော အချိန်တွင်၊ချဉ်းကပ်ရှိခိုးပြီးလျှင်၊သင့်တင့်ရာ၌၊နေလေ၏။

[ ∴ သောဏ ထွေရော တံ အာဒါယ သေနာသနံ သံသာမေတွာ အနုပုဗ္ဗေန သတ္ထု ဝသနဋ္ဌာနံ ဂန္တွာ ဒသ ဗလဿ ဗုဒ္ဓါ-သနေ နိသိန္န-ဝေလာယ မေဝ ဥပ-သင်္ကမိတွာ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။ ။ဟူ၍၊(၁၉၄)၌၊ ပြဆို၏။]

(၉) မြတ်စွာဘုရားသည်၊မိမိ၏-မျက်မှောက်၊ ရှေတော်အောက်သို့ရောက်လာသော အသျှင် "သောဏ" ရဟန်းနှင့် (ပဋိသန္ဓာရ) အကြောင်းအရာနှင့် စပ်ဆိုင်သောစကားကို ပြောဆိုပြီးလျှင်၊ အသျှင် "အာနန္ဒာ"ထေရ်ကို မိန့်ခေါ်တော်မူ၏။

(၉) [∴ သတ္ထာ တေန သဒ္ဓိံ ပဋိ-သန္ဓာရံ ကတွာ အာနန္ဒ–ထွေရံ အာမန္တေသိ၊]–ဟူ၏။

---

(၁၀) ချစ်သား-အာနန္ဒာ-
ဤ"သောဏ"ရဟန်း-နေဘို့ရာ၊ နေရာပြု-လော့-ဟု၊မိန့်တော်မူ၏။

(၁၀) [∴ အာနန္ဒ ဣမဿ ဘိက္ခုနော သေနာသနံ ဇာနာဟီ-တိ၊] ဟူ၏။

(၁၁) အသျှင် "အာနန္ဒာ"ထေရ်သည်၊မြတ်စွာဘုရား၏ စိတ်အလို ဆန္ဒကိုသိ၍၊ မြတ်စွာဘုရားသျှင် သီတင်းသုံးရာ(ဂန္ဓကုဋိ)ခေါ် ကျောင်း ၌သာလျှင်၊ မြေအခင်းကို၊ ဖဲရှားသကဲ့သို့ပြု၍၊ အခင်းခင်းထားလေ၏။

[ထေရော သတ္ထုအဓိပ္ပါယံ ဥတွာ အနန္ဒော ဂန္ဓကုဋိယံ ယေဝ ဘုမတ္ထရဏံ ဥဿာရေန္တော ဝိယ အတ္ထရိ၊ ]ဟူ၏။

(၁၂) ထိုအခါ မြတ်စွာ ဘုရားသည်၊ များစွာသော ညဉ့်ဥုးယာမ် ပတ်လုံး၊ လွင်တီးခေါင်၌ အချိန်ကို လွန်စေပြီးမှ၊ ကျောင်းခန်းတွင်းသို့ ဝင်၏။

[※ အထခေါ ဘဂဝါ ဗဟု-ဒေဝ-ရတ္တိံ အဇ္ဈောကာသေ ဝိတိ နာမေတွာ ဝိဟာရံ ပါဝိသိ၊]ဟူ၏။

(၁၃) အသျှင်"သောဏ"ရဟန်းသည်လည်း၊ မြတ်စွာဘုရားသျှင်နှင့် အတူ၊ များစွာသော ညဉ့်ဦးယာမ်ပတ်လုံး၊ လွင်တီးခေါင်၌၊ အချိန် ကို လွန်စေပြီးမှ၊ ကျောင်းခန်းသို့ဝင်၏။

[※ အာယသ္မာပိခေါ"သောဏော"ဗဟု-ဒေဝ-ရတ္တိံ အဇ္ဈော ကာသေ ဝီတိနာမေတွာ ဝိဟာရံ ပါဝိသိ၊]ဟူ၏။

မြတ်စွာ ဘုရားသျှင်သည် (ပစ္ဆိမ) ယာမ်ခေါ်သော နောက်ဆုံး အချိန်၌၊ (သီဟ-သေယျ) ခေါ်သော လျောင်းစက်ခြင်းဖြင့်၊ လျောင်း စက်တော်မူပြီးလျှင်၊ မိုးသောက်တအချိန်၌၊ ရှေးဥုးစွာ၊ ထတော်မူ၍၊ ထိုင်တော်မူပြီးလျှင်၊ ဤမျှသောအချိန်ဖြင့်၊ "သောဏ" ရဟန်း၏ကိုယ် ၏ ပူလောင်ပင်ပန်းခြင်းသည် ငြိမ်းခြင်းသည် ဖြစ်လတ္တံ့ ဟု၊ သိတော် မူ၍၊အသျှင်"သောဏ"ရဟန်းကို၊တရားဟောရန် တိုက်တွန်းတော်မူ၏။ [သတ္ထာ ပစ္ဆိမ-ယာမေ (ဃ) ဘဝိဿတိ-တိ၊]ဟူ၏။

## (၁၄) တိုက်တွန်းတော်မူပုံစကား

(၁၄) [※ ပဋိဘာတု တံ ဘိက္ခု ဓမ္မော ဘာသိတုံ၊]ဟူ၏။

(၁၄) ချစ်သား ''သောဏ'' ရဟန်း —
တရားစကား ဟောကြားရွတ်ဆိုဘို့ရာအတွက်၊ တရားတော်သည်၊ သင်- ချစ်သား ''သောဏ'' ရဟန်း၏ဉာဏ်၌၊ ထင်=စေသော-ဟု၊ တိုက်တွန်းတော်မူ၏။

**အထူးမှတ်ချက်။**

[ပဋိဘာတု တံ ဘိက္ခု ဓမ္မော ဘာသိတု-န္တိ ဘိက္ခု တုယှံ ဓမ္မော ဘာသိတုံ ဥပ-ဋ္ဌာတု၊ ဉာဏ-မုခေ အာဂစ္ဆတု၊ယထာ-သုတံ ယထာပရိယတ္တံ ဓမ္မံ ဘဏာ ဟိ-တိ အတ္ထော။]

[ဥဒါန်း အဋ္ဌ ကထာ—သောဏ ထေရ ဝဂ္ဂ—၄၆ အဋ္ဌ သုတ္တ ဝဏ္ဏနာ စာအုပ် မျက်နှာ ၃၅၀]

(၁၅) ထိုအခါ ''သောဏ''ရဟန်းသည်၊ သာယာသော အသံဖြင့်၊ တခုသော ပုဒ်ဗျည်းကိုမျှလည်း၊မချွတ်ယွင်း-မပျက်စီးစေမူ၍၊(အဋ္ဌက) ဝဂ်-ခေါ်သော သုတ်ကိုဟောတော်မူ၏။

[သောဏ ထေရော မဓုရဿရေန ကေ-ဗျဥ္ဇနမ္ပိ အ-ဝိနာ သေန္တော အဋ္ဌက-ဝဂ္ဂိယာနိ သုတ္တာနိ အဘာသိ၊] ဟူ၏။

(၁၆) ထိုသို့ရွတ်ဆို၍-ပြီးဆုံးသောအခါ၊မြတ်စွာဘုရားသျှင်သည်၊ (သာဓုကာရံ-ဒတွာ)၊ ကောင်းချီးနုမော်၊ သာဓုခေါ်၍၊ ကြည်ညိုဘွယ် ရာ ဖြစ်ပုံကို၊ ပြတော်မူ၏။

**(၁၇) မြတ်စွာ ဘုရားသျှင်၏ ကြည်ညိုဘွယ်ရာ''ပြတော်မူဟန်ကား''**

(၁၇)အို····ချစ်သား ''သောဏ'' ရဟန်း—
သင်—ချစ်သားသည်၊ ငါ-ဘုရားသျှင် ဟောကြား အပ်သော တရားတော်မြတ်ကို၊ ကောင်းစွာ နာယူ-သင်ကြား-အပ်ပေ၏။

(၁၈) ငါဘုရားသျှင်သည် ဟောတော်မူအပ်သော အခါ၌ဝင်း၊= သင်-ချစ်သား'သောဏ'' ရဟန်း၊ ရွတ်ဆိုသော ဤယခုအခါ၌ဝင်း= ဟောတော်မူအပ်သော တရားတော်သည်၊ (တစပ်တည်း) (မူ=တမူ တည်း) ဖြစ်၍၊ တူကြသည်သာလျှင်တည်း။

(၁၉) စိုးစဉ်းမျှ မယုတ်၊ အပိုအလိုမရှိချေ=ဟူ၍၊ ကြည်ညိုဘွယ် ရာ ဖြစ်ပုံကို၊ မိန့်တော်မူ၏။

အသျှင် "သောဏ" ထေရ်သည်လည်း၊ ဤ အချိန် အခါသည်ကား—မိမိ၏ ဥပဇ္ဈာယ် ဆရာ၊ မိန့်မှာလိုက်သော စကားကိုရင်း= မယ်တော်လှူဒါန်းဆက်ကပ်အပ်သောအထည်-(ကမ္ဗလာ)နှင့် စပ်သော စကားတို့ကိုရင်း= လျှောက်ကြားဘို့ရာ—အခွင့်ကောင်း-အခါကောင်း ကြုံပြီ-ဟု၊ ယုံကြည်စွာ အမှတ်ပြု၍၊ မိမိ-၏ ဥပဇ္ဈာယ်ဆရာ၏ စကားဖြင့်၊ မြတ်စွာ ဘုရားသျှင်အား၊ ရှိခိုးပြီး၍၊ ဝိနည်းပုံရှိ ပုဂ္ဂိုလ်လျှင်-ငါး ပါးမြောက်သော ဂိုဏ်း-သံဃာဖြင့်၊ ရဟန်းခံခြင်းစသော ငါးပါး သော (ကံ) ကို၊ ပြုရပါလိုကြောင်း-အစရှိသော အလုံးစုံသော အခွင့် အရေးတို့ကိုတောင်းဆို၏၊ မြတ်စွာဘုရားသျှင်သည်၊ခွင့်ပြုပေးတော်မူ၏။

**အထူးမှတ်ချက်။**

[ဧဝံ ဘဂဝတာ ဥဒါနေ ဥဒါနိတေ အာယသ္မာ "သောဏော"ဥဋ္ဌာယာ-သနာ ဘဂဝန္တံ ဝန္ဒိတွာ အတ္တနော ဥပဇ္ဈာယဿ ဝစနေန ပစ္စန္တ-ဒေသေ ပဉ္စ-ဝဂ္ဂေန ဥပသမ္ပဒါဒိ-ပဉ္စ-ဝတ္ထူနိ ယာစိ။

ဘဂဝါ ပိ တာနိ အနုဇာနိ-တိ တံသဗ္ဗံ ခန္ဓကေ အာဂတ နယေန ဝေဒိတဗ္ဗံ။] (ဆဋ္ဌသုတ္တဝဏ္ဏနာ နိဋ္ဌိတာ။) (ဥဒါန်း အဋ္ဌကထာ…၃၀၈)

ထိုနောက်တဖန်၊ မယ်တော်၏ စကားဖြင့် ရှိခိုးပြီး၍၊ အထည်-(ကမ္ဗလာ)ကို၊ ကပ်လှူပြီးလျှင် မြတ်စွာဘုရားသျှင်ကို၊ ရှိခိုးလျက်၊ လက်အုပ်ချီကာ၊ ပြန်လည် ထ-လာခဲ့လေသတည်း။

အယ·မေတ္ထ သင်္ခေပေါ။····

ဤအကျဉ်း၌၊ ဤပြဆိုအပ်သော စကားအစဉ်သည်ကား- အကျဉ်း အမြွက်ချုံသော စကားသာဖြစ်၏။

(၂၀) [ဝိတ္ထာရော ပန ထေရဿ ပဗ္ဗဇ္ဇံ အာဒိံ ကတွာ သဗ္ဗံ သုတ္တေ အာဂတမေဝ၊] ဟူ၏။

အကျယ်တဝင့်၊ ဖွင့်ပြ ပြောဆို အပ်သော စကား သည်ကား "သောဏ" ထေရ်၏၊ရဟန်းပြုသည့် အချိန်ကို အစပြု၍၊ အလုံးစုံသည် (သုတ္တန် ပါဠိတော်)၌၊ ပြဆိုခဲ့ပြီးသည်သာလျှင် ဖြစ်၏၊—ဟူ၍၊ ညွှန်ပြခဲ့၏။

ဤသို့ပြဆိုခဲ့သောစကားအစဉ်ဖြင့်၊ "သောဏ" ထေရ်သည်၊မြတ်စွာဘုရား၏ အထံမှ၊ ရှစ်ခုသော ဆုတို့ကို ရခဲ့ပြီးနောက်၊ ဥပဇ္ဈာယ်ဆရာ၏အထံသို့၊ ပြန်လာခဲ့ပြီးလျှင်၊ အလုံးစုံသော အကြောင်း အခြင်းအရာတို့ကို၊ လျှောက်ဆို၏။

နောက်တနေ့၌၊ မိခင်-ဥပါသိကာမကြီး၏၊ (နေအိမ်) တံခါး-ဝ-သို့၊ ကြွသွား၍၊ ဆွမ်းရပ်တော်မူ၏။

မိခင် ဥပါသိကာမကြီးသည်၊ ငါ၏ သားသည်၊ အိမ်ဝင်း ခြံတံခါးဝ၌၊ ရပ်နေပြီ-ဟု၊ ပြောဆိုသောအသံကို ကြား၍၊ (သိ၍) လျင်စွာသွား၍ ရှိခိုးပြီးလျှင်၊ သား ရဟန်း၏ လက်တော်မှ၊ သပိတ်ကိုလှမ်းယူ၍ နေအိမ် အတွင်းသို့၊ ပင့်ဆောင် နေစေပြီးလျှင်၊ ဆွမ်းကပ်လှူ၏။

ဆွမ်းစားခြင်းကိစ္စ-ပြုပြီးနောက်၊ မယ်တော်နှင့်၊ သားတော်ရဟန်းတို့၊ အချင်းချင်း မေးမြန်း ဖြေဆိုကြကုန်၏။

သားတော်ရဟန်း အသျှင်"သောဏ"ထေရ်နှင့်၊မယ်တော်(ကာဠိ) ဥပါသိကာ-ဒါယိကာမကြီးတို့၊ အချင်းချင်း-မေးမြန်း-ဖြေဆိုပုံကို၊အစဉ်အတိုင်း ဂဏန်းစဉ်ပြ၍၊ မြန်မာနှင့်-ပါဠိ-တွဲဘက်၍ ပြ ဉီးအံ့။

(၁) **မယ်တော်(ကာဠိ)၏မေးခွန်းစကား**

(၁) မယ်တော်၏—သားချစ်ရဟန်း—

သားတော်သည်၊ မြတ်စွာဘုရားသျှင်အား၊မျက်မြင်ဒိဋ္ဌ၊ဖူးမြင်ခဲ့ရပါ၏လော-ဟု၊မေးမြန်း၏။

(၁) (※ဒိဋ္ဌော တေ တာတ ဒသ-ဗလော-တိ၊)ဟူ၏။

(၂) သားတော် "သောဘာ" ရဟန်း၏အဖြေစကား
(၂) မယ်တော်-ဥပါသိကာဒါယိကာမကြီး–
သားတော်ရဟန်းသည်၊ မြတ်စွာဘုရားသျှင်အား၊ မျက်မြင်-ဒိဋ္ဌ၊ ဖူးမြင်ရပါ၏-ဟု၊ ဖြေဆို၏။
(၂) (※အာမ ဥပါသိကေ-တိ၊)ဟူ၏။

(၃) မယ်တော်(ကာဠီ)၏မေးခွန်းစကား
(၃) သားတော်ရဟန်းသည်၊ မယ်တော်၏စကားဖြင့်၊ မြတ်စွာဘုရားသျှင်အား၊ ရှိခိုးပါ၏လော-ဟု၊မေးမြန်း၏။
(၃) (※ဝန္ဒိတော တေ မမ ဝစနေနာ-တိ၊)ဟူ၏။

(၄) သားတော် "သောဘာ" ရဟန်း၏အဖြေစကား
(၄) မယ်တော် ဥပါသိကာဒါယိကာမကြီး–
သားတော်ရဟန်းသည်၊ မြတ်စွာဘုရားသျှင်အား၊ လက်အုပ်မိုးကာ၊ ရှိခိုးပါ၏-ဟု၊ဖြေဆို၏။
(၄)(※အာမ-ဝန္ဒိတော-တိ၊)ဟူ၏။

(၅) မယ်တော်(ကာဠီ)၏မေးခွန်းစကား
(၅) သားတော်ရဟန်းသည်၊ မယ်တော်လှူဒါန်း, ပေးအပ်လိုက်သော အဆည်(ကမ္ဗလာ)ကို၊မြတ်စွာဘုရားသျှင် သိတင်းသုံးနေရာ၌၊မြေ၌အခင်းပြု၍၊ ခင်းထား-လှူဒါန်းပါ၏လော-ဟု၊ မေးမြန်း၏။
(၅) (※ သော ပိ မေ ကမ္ဗလော တထာ ဂတဿ ဝသနဋ္ဌာနေ ဘူမတ္ထရဏံ ကတွာ အတ္ထတော-တိ၊)ဟူ၏။
[၅၊ (၅) အမှတ်မေးခွန်း၌၊ အဖြေ စကား-အဋ္ဌကထာ—၌ မရှိ။]

(၆) မယ်တော်(ကာဠီ)၏မေးခွန်းစကား
(၆) သားတော် ရဟန်း–
သားတော်ရဟန်းသည်၊ မြတ်စွာဘုရားသျှင်၏ ရှေ့တော်၌–
(က) တရားစကား ရွတ်ဆိုဟောကြားခဲ့ရပါ၏လော-ဟူ၍၎င်း–

(ခ) မြတ်စွာဘုရားသျှင်သည်၊ သားတော်ရဟန်းအား၊ ကောင်းပေစွ+ကောင်းပေစွ+ဟူသော သာဓု-နုမော်၊ကောင်းချီးခေါ်သော ချီးကျူးသံစကား၊ မိန့်ကြားပါ၏- လော့=ဟူ၍ငင်း=မေးမြန်းလေ၏။

(က) (※ကိံတာတ တယာ ကိရ သတ္တ၊ ဓမ္မ-ကထာ ကထိတာ=

(ခ) သတ္ထာရာ စ တေ သာဓု-ကာရော ပိ ဒိန္နော-တိ၊)ဟူ၏။

---

**(၇) သားတော်"သောဏ"ရဟန်း၏မေးခွန်းစကား**

(၇) မယ်တော်ဥပါသိကာ ဒါယိကာမကြီး—

မယ်တော် ဥပါသိကာဒါယိကာမကြီးသည်၊အဘယ်သို့သောနည်းဖြင့်-ဤသို့မေးမြန်းပုံ-အကြောင်းအရာကို၊ သိသနည်း-ဟု၊ ပြန်လည်၍မေးမြန်းလေ၏။

(၇) (※တယာ ကထံ ဉာတံ ဥပါသိကေ-တိ၊)ဟူ၏။

---

**(၈) မယ်တော်၏အဖြေစကား**

(၈) တာတ မယှံ ဂေဟေ အဓိဝတ္ထာ ဒေဝတာ ဒသဗလေန သာဓုကာရံ ဒိန္န-ဒိဝသေ, သကလ-ဒသ-သဟဿ-စက္က-ဝါဠေသု [※ဒေဝတာ သာဓု-ကာရံ အဒံသူ-တိ- အာဟ။ ဟူ၏။]

(မြန်မာဘာသာပြန်)

(၈) မိခင်-ရင်နှစ်၊ သားချစ်-ရဟန်း—

(၈) မယ်တော်၏ နေအိမ်၌၊ စောင့်၍နေသော အိမ်စောင့်နတ်သည်၊ မြတ်စွာ ဘုရားသျှင်သည်—သားချစ်—ရဟန်းအား၊ **သာဓု-**နုမော်၊ ကောင်းချီးခေါ်သော နေ့၌၊ အလုံးစုံသော တသောင်းသော စကြ-ဝဠာ-တိုက်၌ ရှိကြကုန်သော များစွာသော နတ်တို့သည်လည်း၊ **သာဓု**-နုမော်၊ ကောင်းချီးခေါ်ကြကုန်၏။

ဤသို့သောစကား၊ပြောကြားကုန်၏-ဟူ၍ လျှောက်ဆိုလေ၏။

(၉) မယ်တော်-ကာဠီ-၏ လျှောက်ကြားချက် စကားအစဉ်

(၉) [တာတ, တယာ ကထိတ ဓမ္မ-ကထံ ဗုဒ္ဓါနံ ကထိတ နိယာမေနေဝ, မယှံ ပိ ကထေဟိ၊ တံ ဗုဇ္ဈိဿာမိ-တိ။]

(မြန် မာ ဘာ သာ ပြန်)

(၉) မယ်တော် ရင်နှစ်၊သားချစ်-ရဟန်း—

သင်-ချစ်သား၊ ဟောကြားအပ်ပြီးသော တရားစကားကို၊ မြတ်စွာဘုရားသျှင် အထံ၌၊ ဟောကြားပုံနည်း အတိုင်း၊ သား-လှ– မိခင်၊ ကျေးဇူးသျှင်အား၊ ဟောကြား- ပြသပါဦး= မယ်တော်သည်၊ ထိုတရား စကားကို၊ သိရ–လတ္တံ့-ဟု၊ မြှော်လင့်ပါ၏-ဟု၊ လျှောက်ဆိုလေ၏။=ဟူ၏။

---

(၁၀) မယ်တော်လျှောက်ကြားချက်စကား သားတော်ရဟန်း အသျှင်''သောဏ'' ဝန်ခံပုံ

(၁၀) [ထေရော မာတု-ကထံ သမ္ပဋိစ္ဆိ၊=]ဟူ၏။

(မြန် မာ ဘာ သာ ပြန်)

(၁၀) သားတော် ရဟန်း-''သောဏ'' ထေရ်သည်၊ မယ်တော်၏-လျှောက်ဆိုတောင်းပန်ချက်စကားကို၊ ကြားနာပြီးနောက်၊ ဟောကြားပါအံ့-ဟု၊ ဝန်ခံစကား၊ ပြန်ကြားပြောဆိုလေ၏။

---

## (၁၁) မယ်တော်အစီအစဉ်၊တရားပွဲသဘင်ကျင်းပပုံ

(၁၁) ''ကာဠီ-''မည်တွင်၊ ကျေးဇူးသျှင်၊မယ်တော် ဥပါသိကာ၊ဒါယိကာမကြီးသည်၊ သားတော်ရဟန်း၏ ဝန်ခံချက်စကားကို ကြားရသဖြင့်၊ အိမ် တံခါး-ဝ-၌၊ တရားနာယူရန်၊(မဏ္ဍပ်) ဆောက်လုပ်၍၊ မြတ်စွာဘုရားသျှင်၏ ရှေ့တော်၌၊ ဟောရွတ်တော်မူပုံ နည်းအတိုင်း၊ တရားပွဲကို ဆင်နွှဲး ဟောရွတ်သံကို၊မိမိ၏-ခင်မင်-ရင်းနှီးသော-(ကာတိယာနီ) ခေါ်သောအဖော်-(မိတ်ဆွေမ)နှင့်အတူ၊ နာယူလျက်ဖြင့်ပင်၊ နောက်ဆုံးသောအချိန်၌၊ တရားပွဲကို ပြီးဆုံးစေတော့သတည်း။

ထိုနောက်၊ မြတ်စွာ ဘုရားသျှင်သည်၊ နောက်ဆုံးဖြစ်သော တနေ့သောအခါ၌၊ အရိယာဂိုဏ်းဝင်၊သူတော်စင်-အပေါင်းတို့၏ အလယ်၌၊ တင့်တယ်စွာ ခင်းထားအပ်သော "ဓမ္မာ-သန"ခေါ် "ပလ္လင်"-အမြင့်၌၊အဆင်သင့်-ထက်ဝယ်ဖွဲ့ခွေ၊ထိုင်နေတော်မူလျက်၊"သောဏ"ရဟန်းအား၊ (ကလျာဏ-ဝါက္ကရဏ) ဟူသော ဂုဏ်ထူး+ဘွဲ့ထူး+တံဆိပ်တော်ထူး+ဖြင့်၊ ချီးကျူးတော်မူ၏။

[*ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကလျာဏ- ဝါက္ကရဏာနံ ယဒိ-ဒံ "သောဏော" ကောဋိ- ကဏ္ဏော-တိ။]

[※ဘိက္ခဝေ၊ ဒို့…ချစ်သား ရဟန်းတို့။
မမ၊ သုံးလူ့ ထွတ်တင်၊ ငါဘုရားသျှင်၏။ သာဝကာနံ၊ တပည့်သားဖြစ်ကြကုန်သော။ ကလျာဏ-ဝါက္ကရဏာနံ၊ သာယာ-ချိုမြိန့်၊ နှစ်သိမ့်ဖွယ်ရာသော အသံဖြင့်၊ကောင်းမြတ်သော တရားစကားကို၊ဟောကြားရွတ်ဆို တတ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်း အပေါင်းတို့တွင်။ ကောဋိ-ကဏ္ဏော၊ (တကုဋေ) ထိုက်သော နားတန်ဆာ ရှိသော။ ယဒိ-ဒံ၊ (ယော+အယံ) သောဏော၊ အကြင်"သောဏ" ခေါ်သော ရဟန်းသည်။ အတ္ထိ၊ ထင်ရှားရှိ၏။
ဧတံ (သော) သောဏော၊ ထို "သောဏ" ခေါ်သော ရဟန်းသည်။ အဂ္ဂံ (အဂ္ဂေါ) သားတော် မြတ် ပီ-ပီ၊ သညာ မှိ၍၊ ပါရမီ-ထူးချွန်၊ ဂုဏ်ပေါင်း လွန်လျက်၊ အထွန်ဆုံး+အမြင့်ဆုံး+အမြတ်ဆုံး ဖြစ်ပေ၏။]

(၁၁) [* သာ တဿ အဓိ ဝါသနံ ဝိဒိတွာ ဥါရေ မဏ္ဍပံ ကာရေတွာ ဒဿ-ဗလဿ ကထိဘာ- နိယာမေ နေဝ အတ္တနော ဓမ္မ-ကထံ ကထာ ပေသီ-တိ, ဝတ္ထုဧတ္ထ သမုဋ္ဌိတံ။
သတ္ထာ အပရ-ဘာဂေ အရိယ-ဂဏ- မဇ္ဈေ နိ-သိန္နော ထေရံ ကလျာဏ ဝါက္ကရဏာနံ အဂ္ဂဋ္ဌာနေ ထပေသီ-တိ။ ဟူ၏။]

[*တေ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ့ ကလျာဏ-ဝါက္ကရဏာနံ ယ-ဒိဒံ "သောဏော" ကောဋိကဏ္ဏော တိ။]

ဟူ၍ "တေဒဂ်" ဘွဲ့တံဆိပ်၊ ခတ်နှိပ်ပေးသနားတော်မူရာ ပါဠိတော်ဝယ်၊ (ကလျာဏ-ဝါက္ကရဏ) ဟု၊ဆိုရာ၌—

ဝါက္ကရဏ-ပုဒ်သည် ပြောဆိုအပ်သော စကား=ဟူသောအနက်ကို ဟော၏။

ကလျာဏ=ပုဒ်နှင့်=ဝါက္ကရဏ=ပုဒ်၊ နှစ်ပုဒ်ပေါင်းစပ်၍၊ ရအပ်သော အနက်သည်ကား—

(၁) ကလျာဏ-ဝါက္ကရဏ၊ ကောင်းသော စကား၊(သို့မဟုတ်)

(၂) ကလျာဏ-ဝါက္ကရဏ၊ ကောင်းသော စကားရှိသော ပုဂ္ဂိုလ် ဟူသော, အနက်နှစ်မျိုးရစကောင်းသော ပုဒ်ဖြစ်၏။ ။ဤ အရာ၌-မူ၊ ကလျာဏ-ဝါက္ကရဏ=ကောင်းသော တရားစကားရှိသော အသျှင် "သောဏ" ထေရ်ကို၊ဟောသောပုဒ် အနေဖြင့် ကောက်ယူရာ၏။

ထိုစကား သင့်စွာ—

ဤအသျှင် "သောဏ" ထေရ်သည်၊ မြတ်စွာဘုရားသျှင်နှင့် အတူ တကွ၊ တခုသော (ဂန္ဓ-ကုဋိ) ခေါ်သော ကျောင်း၌ နေစဉ်၊ မြတ်စွာဘုရားသျှင်၏၊ တိုက်တွန်းတော်မူချက်အရ=ချိုမြိန်-သာယာ၊ နားပျော်ဘွယ်ရာ ကောင်းသော အသံဖြင့်၊ (သုတ္တန်) ပါဠိတော်တခုကို ရွတ်ဆို၍ လျှောက်ရ၏။

ထိုအခါ၊ မြတ်စွာ ဘုရားသျှင်သည် "သောဏ" ထေရ်အား၊ (ချစ်သား-သောဏ) ကောင်းပေစွ+ကောင်းပေစွ၊ ဟူ၍ သာဓု-နုမော်၊ ကောင်းချီးခေါ်တော်မူ၏။

ထို့ကြောင့်၊ ထို "သောဏ" ထေရ်သည်၊ ကောင်းသော တရားစကားကို၊ ရွတ်ဆိုဟောကြားတတ်သော ရဟန်းပုဂ္ဂိုလ် အပေါင်းတို့တွင်၊ အထူးမြတ်ဆုံးသော ရဟန်းပုဂ္ဂိုလ်ဖြစ်၏=ဟူ၍၊ "တေဒဂ်"

ဟူသော ဂုဏ်ထူး+ဘွဲ့ထူး+တံဆိပ်တော်ထူးဖြင့်၊ ချီးကျူးပေးသနားတော်မူ၏။

ထိုရဟန်းပုဂ္ဂိုလ်၏၊ ဘွဲ့ အမည်သည်၊ သူငယ်ကလေး- အရွယ်က၊ မယ်တော်တို့ မှည့်ခေါ်အပ်သော "သောဏ" ဟူသောအမည်ပင်ဖြစ်၏။

ဝိနည်း မဟာဝါ- ပါဠိတော် (စမ္မက္ခန္ဓက) ၌၊ ဟောတော်မူအပ်သော သူဌေးသား "သောဏ" အမည်နှင့်တူ၏။ (တေဒဂ်) ပေးသနားရာ၌၊ ဂုဏ်တမျိုးစီပင်ဖြစ်၏။

ဝိနည်းမဟာဝါ ပါဠိတော်၊ (စမ္မက္ခန္ဓက)၌ ဟောတော်မူအပ်သော "သောဏ" အမည်ရှိသူကား—

[*ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ အာရဒ္ဓ-ဝီရိယာနံ ယ-ဒိဒံ သောဏော ကောဠိ ဝိသော။]

ဟူ၍၊ အားထုတ်အပ်သော ဝီရိယ ရှိသော+ကောဠိ-ဝိသ-အနွယ်၌ ဖြစ်သော သူဌေးသား "သောဏ" ပင်တည်း။ ။ဤသို့ထူး၏။

(၁) အာရဒ္ဓ- ဝီရိယာန- န္တိ=ပဂ္ဂဟိတ ဝီရိယာနံ။
ပရိ-ပုဏ္ဏ-ဝီရိယာနံ။

(၂) သောဏော ကောဠိဝိသော-တိ=သောဏော-တိ တဿ နာမံ။

(၃) ကောဠိဝိသော-တိ=ဂေါတ္တံ။
ကောဠိ-ဝသော-တိပိအတ္ထော။
ဧတဿရိယေန ကောဠိပတ္တဿ ဝေဿ ကုလဿ ဒါရကော-တိ အဓိပ္ပါယော။

[အဋ္ဌကထာဖွင့် စာအုပ်မျက်နှာ၊ ၄-မျက်နှာနှင့်၊ စာကြောင်းရေ-၈-ကြောင်းရှိ၏။]

## (၁၂) ရဟန္တာသခင်၊ အသျှင်မြတ်ဖြစ်သော ''သောဏ'' ထေရ်၏ ဖြစ်စဉ်၊ အတ္ထုပ္ပတ္တိ-အကျဉ်းချုပ်

(၁၂) ဤမျှသောစကားအစဉ်ဖြင့်၊ ဤယခုဖော်ပြအပ်သော အသျှင်မြတ် ''သောဏ'' ခေါ်တွင်၊ ရဟန္တာအသျှင်မြတ်သည်၊ ရှေးလွန်လေပြီးသော (ပဒုမုတ္တရ) မြတ်စွာဘုရားသျှင်၏ လက်ထက်တော်၌ အမျိုးသားတဦးဖြစ်ခဲ့ဘူး၍၊ ထိုမြတ်စွာဘုရားသျှင်၏အဖို့၌၊ ဘုံပြန်တောင်း၍ ကောင်းမှုကုသိုလ်တရား၊ ပွါးများအားထုတ်ခဲ့ဘူးသော အမျိုးသားတဦး-ထူးခြားသောပုဂ္ဂိုလ်မွန်ဖြစ်ခဲ့ဘူး၏။

ထိုကောင်းမှုကံကြောင့်၊ ဤယခု (ဂေါတမ) မြတ်စွာဘုရား၏ လက်ထက်တော်၌(ကုလ-ဃရ) မြို့နေ၊ (ကာဠီ) တွင်ခေါ်၊ မယ်တော်၏ဝမ်းတိုက်၌၊ ကိန်းဝိုက်သန္ဓေ၊ စွဲးယူတည်နေရသော (မနုဿတ္တ) လူ့ဘဝ ရခဲ့၏။

ထိုနောက်၊ ထိုသားငယ်ကို၊ ဖွားမြင်ပြီးမြောက်၊ အရွယ်သို့ရောက်သောအခါ၊ (ကာဠီ) မည်ခေါ်၊ မွေးမယ်တော်ကမူ၊ ''သောဏ'' ဟူသောအမည်ဖြင့်ခေါ်တွင်စေ၏။

ထိုနောက်တဖန်၊ အရွယ်သို့ရောက်ပြန်သောအခါ၊ (ဥပဝတ္တ) ခေါ်သောတောင်၌၊သီတင်းသုံးနေသော အသျှင်မြတ်(မဟာ-ကစ္စည်း)အထံ၌ အပ်နှံ၍၊ ရှင်သာမဏေပြုခြင်း၊ ရဟန်းအဖြစ်သို့ ရောက်အောင် ချီးမြှင့်ခြင်းဖြင့်၊ ထူးမြတ်သောကုသိုလ်အစု၊ ကောင်းမှုတရား၏ အကျိုးတို့ကို၊ ခံစားရပြန်၏။

ထိုနောက် ''သောဏ'' တွင်ခေါ်၊ ရဟန်းငယ်သည်၊ ဝါ-ဝါ ရှိရသေးသောအချိန်၌၊ ဆရာသျှင်၏သွန်သင်-ညွှန်ပြချက်အရ၊ တရားအားထုတ်ပြန်ရာ၊အာသဝေါ-လေးဖြာ၊ ကင်းစင်ကွာသော ရဟန္တာပုဂ္ဂိုလ် အစစ် ဖြစ်လာရပြန်၏။

ထိုနောက် ''သောဏ'' ရဟန်းငယ်သည်၊ မြတ်စွာဘုရားအထံသို့ သွားရောက်၍၊ မြတ်စွာဘုရားသျှင်၏ တိုက်တွန်းချက်အရဖြင့် (အဋ္ဌက-ဝဂ်) ခေါ်သောသုတ္တန်တရား ဟောကြတ်ရ၏။ ။မြတ်စွာဘုရားသျှင်

အထံတော်၌၊ (သံယုတ်-ကံ) နှင့်သက်ဆိုင်သောဆုရှစ်ပါး တောင်းယူပြန်၏။

ထိုနောက်၊ မိမိ၏နေရင်းရပ်ဌာန်၊ ပြန်လာပြီးလျှင်— မယ်တော်နေအိမ် ဝင်းခြံအတွင်းသို့၊ ကြွရောက်၍၊ ဆွမ်းခံခြင်း+ ဆွမ်းစားခြင်း၊ မိမိသည်၊ မြတ်စွာဘုရားသျှင် အထံတော်၌၊ တရားစကားဟောကြားရွှတ်ဆိုရပုံမှစ၍၊ ပြုခဲ့သမျှ၊ ပြောဆိုခဲ့သမျှ၊ အလုံးစုံကို မယ်တော်အားပြန်လည်ပြောပြခြင်း၊ +မယ်တော်၏-လျှောက်ထား တောင်းပန်ချက်အရ၊ မိမိသည်၊မြတ်စွာဘုရားအထံ၌ တရားစကား ဟောကြားရွတ်ဆိုပုံတို့ကို၊ မယ်တော်၏ အိမ်တံခါးဝ အနီး၌ပင်၊ မဏ္ဍပ် ဆောက်လုပ်စေ၍၊ တရားဟောပြရခြင်း၊ ထိုတရားပွဲ၌၊ (ကာဠိယာနီ) ခေါ်သော မယ်တော်၏ ရင်းနှီးသောမိတ်ဆွေမ-(သောတာပန်)တည်၊ အမျိုးသမီးဖြစ်ရခြင်း၊ ထိုနောက်-(အဝေစ္စ-ပ္ပသန္န) ဟူသော ဘွဲ့လူး+ဂုဏ်ထူး-ချီးကျူးတင်မြှောက်ခြင်းကို၊ ခံယူရခြင်းတို့ဖြစ်၏။

ထိုနောက်၊ ထိုအသျှင် "သောဏ" ထေရ်သည်၊ တခုသောနေ့၊ တခုသောအချိန်၌၊ မြတ်စွာဘုရားသျှင်အထံမှ၊ (ကလျာဏ-ဝါက္ကရဏ) ဟူသော ဘွဲ့လူး+ဂုဏ်ထူး+မြင့်၊ ချီးကျူးခြင်းကို ခံယူရခြင်းစသော လောကီဘုံသားတို့၊ တွေ့ကြုံ-ခံစားခဲ့ရသော ဖြစ်စဉ်ထုံးကို၊ အဆုံးသတ်ဖြတ်တောက်ရသော-ဤယခု နောက်ဆုံးအချိန်၌မူ၊ အာသဝေါ လေးဖြာ၊ ကင်းစင်ကွာ၍၊ ရဟန္တာပုဂ္ဂိုလ်အစစ်၊ ဖြစ်ရပြီးနောက်၊ သံသရာ၌၊ ခန္ဓာဝန် လက်စသိမ်း၍၊ ငြိမ်းအေးပြီးဆုံးခြင်းသို့ ရောက်တော်မူလေပြီဖြစ်၏။

ဤတွင်၊ "သောဏ" ထေရ်၏ ဖြစ်စဉ် အတ္ထုပ္ပတ္တိ-
အကျဉ်းချုပ် ပြီး၏။

## [ အင်္ဂုတ္တိုရ် ဧကနိပါတ် ၁၄ ]

## တေဒဂ္ဂဝဂ်၊ သောဏတ္ထေရဝတ္ထု အဋ္ဌကထာ

[* ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ ဘိက္ခူနံ ကလျာဏ-ဝါက္ကရဏာနံ ယ-ဒိဒံ "သောဏော" ကောဋိကဏ္ဏော-တိ။]

အဋ္ဌမေ၊ ကလျာဏ ဝါက္ကရဏာနန္တိ = ဝါက္ကရဏံ ဝုစ္စတိ ဝစနံ၊ ကလျာဏ-ဝါက္ကရဏံ မဓုရ-ဝစနန္တိ အတ္ထော။

အဲယ-ဟိ ထေရော ဒသ-ဗလေန သဒ္ဓိံ ဧက ဂန္ဓ-ကုဋိယံ တထာဂတဿ မဓုရေန သရေန ဓမ္မ-ကထံ ကထေသိ။ အဲထ-ဿသတ္ထာ သာဓုကာရံ အဒါသိ။ တသ္မာ သော ကလျာဏ-ဝါက္ကရဏာနံ အဂ္ဂေါ နာမ ဇာတော။ (သောဏော) တိ တဿ နာမံ ကောဋိ-အဂ္ဃနကံ ပန ကဏ္ဏပိဠန္ဓနံ ဓာရေတိ။ တသ္မာ ကုဋိ-ကဏ္ဏော တိ ဝုစ္စတိ။ ကောဋိ-ကဏ္ဏော-တိ အတ္ထော။

တဿ ပဉှာ ကမ္မေ အဲယံ အနုပုဗ္ဗိကထာ။

အယမ္ပိ ပဒုမုတ္တရ ဗုဒ္ဓကာလေ ပုရိမ နယေနေဝ မဟာဇနေန သဒ္ဓိံ ဝိဟာရံ ဂန္တွာ ပရိသာ ပရိ-ယန္တေ ဌတွာ သတ္ထု ဓမ္မံ သုဏန္တော သတ္ထာရံ ဧကံ ဘိက္ခုံ ကလျာဏ ဝါက္ကရဏာနံ အဂ္ဂ-ဋ္ဌာနေ ထပေန္တံ ဒိသွာ မယာ-ပိ အနာ-ဂတေ ဧကဿ ဗုဒ္ဓဿ သာ သနေ ကလျာဏ ဝါက္ကရဏာနံ အဂ္ဂေန ဘဝိတုံ ဝဋ္ဋတိ-တိ စိန္တေတွာ ဒသဗလံ နိမန္တေတွာ သတ္တာ-ဟံ မဟာ ဒါနံ ဒတွာ ဘန္တေ-ယံ ဘိက္ခု-တုမှေ

ဣတော သတ္တဒိဝသ မတ္တကေ ကလျာဏ ဝါက္ကရ-ဏာနံ အဂ္ဂ-ဋ္ဌာနေ ထပယိတ္ထ။

အဟံ ပိ ဣမဿ အဓိကာရ-ကမ္မဿ ဗလေန အနာဂတေ ဧကဿ ဗုဒ္ဓဿ သာသနေ တထာ-ရူပေါ ဘဝေယျ-န္တိ ပတ္ထနံ အကာသိ။

သော ပိ ယာဝ ဇီဝံ ကုသလံ ကတွာ ကပ္ပ သတ-သဟဿံ ဒေဝေသု စ မနုဿေသု စ သံ-သရန္တော အမှာကံ ဒသ ဗလဿ ဥပ္ပတ္တိတော ပုရေ-တရမေဝ ဒေဝ-လောကာ စဝိတွာ (ကာဠိယာ) နာမ ကုလ-ဃရိကာယ ဥပါသိကာယ ကုစ္ဆိသ္မိံ ပဋိ-သန္ဓိံ ဂဏှိ။ သာ ပရိ-ပက္ကေ ဂဗ္ဘေ ရာဇ-ဂဟ နဂရေ အတ္တ-နော ကုလ-နိဝေသနံ အာဂတာ။

တသ္မိံ သမယေ အမှာကံ သတ္ထာ သဗ္ဗညုတဉာဏံ ပတွာ ဣသိ-ပတနေ ဓမ္မ-စက္ကံ ပဝတ္တေသိ။ ဓမ္မစက္က ပဝတ္တနေ ဒသ သဟဿ စက္ကဝါဠ ဒေဝတာ သန္နိ-ပတိံသု။

တတ္ထ ဧကော အဋ္ဌဝီသတိယာ ယက္ခ သေနာ-ပတီနံ အဗ္ဘ-န္တရေ "သာတဂိရော" နာမ ယက္ခော ဒသဗလဿ ဓမ္မ-ကထံ သုတွာ သောတာ ပတ္တိဖလေ ပတိဋ္ဌာယ စိန္တေသိ။

ကိံ- နုခေါ = အယံ ဧဝ မဓုရ ဓမ္မ ကထာ မမ သဟာယေန ဟေမ ဝတေန (သုတာ = နသုတာ) တိ=သော ဒေဝ-သံဃဿ အန္တရံ ဩလောကေန္တော တံ အ-ပဿိတွာ အဒ္ဓါ မမ သဟာယော တိဏှ

ရတနာနံ ဥပ္ပန္နဘာဝံ န ဇာနာတိ၊ + ဂစ္ဆာမိ ဒသဗလဿ ဧဝ ဝဏ္ဏံ ကထေဿာမိ၊ + ပဋိဝိဒ္ဓ-ဓမ္မဉ္စ အာရောစေဿာမိ + တိ + အတ္တနော ပရိ-သာယ သဒ္ဓိံ ရာဇ ဂဟမတ္ထကေန တဿ သန္တိကံ ပါယာသိ။

ဟေမဝတောပိ,တိယောဇန သဟဿံ ဟိမဝန္တံ အကာလ ပုပ္ဖိတံ ဒိသွာ မမ သဟာယေန "သာတာဂိရေန" သဒ္ဓိံ ဟိမဝန္တ-ကီဠိတံ ကီဠိဿာမီ-တိ အတ္တနော ပရိသာယ သဒ္ဓိံ ရာဇဂဟ-မတ္ထကေနေဝ ပါယာသိ။

တေသံ ဒွိန္နံ ပိ အဂ္ဂဗလ ကာယာ ကုလ ဃရိ-ကာယ (ကာဠိယာ) ဥပါသိကာယ နိဝေသနမတ္ထကေ သမာ-ဂန္တွာ တုမှေ ကဿ ပရိသာ၊ = မယံ သာတာ-ဂိရဿ၊ + တုမှေ ကဿ ပရိသာ၊ မယံ = ဟေမဝ-တဿ = တိ-အာဟံသု။ တေ ဟဋ္ဌ တုဋ္ဌာဝ ဂန္တွာ တေသံ ယက္ခ သေနာပတီနံ အာရောစယိံသု။

တေပိ တံခဏ-ဉ္ဉေဝ ဥပါသိကာယ နိဝေသန-မတ္ထကေ သမာ-ဂစ္ဆိံသု။

"သာတာဂိရော" "ဟေမဝတံ" အာဟ = ကဟံ သမ္မ ဂစ္ဆသီ-တိ။ + တဝ သန္တိကံ သမ္မာ-တိ၊ = ကိံ ကာရဏာ-တိ၊ + ဟိမဝန္တံ ပုပ္ဖိတံ ဒိသွာ တယာ သဒ္ဓိံ တတ္ထ ကီဠိဿာမီ-တိ၊ တွံ ပန သမ္မ ကဟံ ဂစ္ဆသီ-တိ၊ = တဝ သန္တိကံ သမ္မာ-တိ။ = (ကိံ ကာ-ရဏာ-တိ)၊ = တွံ ဟိမဝန္တဿ ကေန ပုပ္ဖိတ ဘာဝံ

ဇာနာသိတိ၊ = နဇာနာမိ သမ္မာတိ = သုဒ္ဓေါဒန-
မဟာရာဇဿ ပုတ္တော သိဒ္ဓတ္ထ ကုမာရော ဒသ သ-
ဟဿိ လောကဓာတုံ ကမ္ပေတွာ ပဋိဝိဒ္ဓ သဗ္ဗညုတ-
ညာဏော ဒသ သဟဿ စက္ကဝါဠေ ဒေဝတာနံ မဇ္ဈေ
အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တေတိ၊တဿ ပဝတ္တိတ ဘာဝံ
နဇာနာသိ တိ = န ဇာနာမိ သမ္မာတိ =။

တွံ ဧတ္တကမေဝ ဌာနံ ပုပ္ဖိတ-န္တိ အညာသိ =
တဿ ပန ပုရိသဿ သက္ကာရတ္ထာယ သကလ-
ဒသ သဟဿ စက္ကဝါဠံ ဧက မာလာ ဂုဠ-
သဒိသံ အဟု ဇာတံ သမ္မာ တိ = မာလာ တာဝ
ပုပ္ဖန္တု၊ တယာ သော သတ္ထာ အက္ခီနိ ပူရေတွာ
ဒိဋ္ဌော - တိ = အာမသမ္မ သတ္ထာ စ မေ
ဒိဋ္ဌော = ဓမ္မော စ သုတော = အမတဉ္စ ပီတံ၊ =။

အဟံ ဧတံ အမတဓမ္မံ တံ ပိ ဇာနာပေဿာမီ-
တိ + တဝ သန္တိကံ အာဂတော-သ္မိ သမ္မာ တိ =
ဧတံ အညမညံ ကထေန္တာနံ ယေဝ ဥပါသိကာ
သိရိ သယနတော ဥဋ္ဌာယ နိသိန္နာ တံ ကထာ-
သလ္လာပံ သုတွာ သဒ္ဒေ နိမိတ္တံ ဂဏှိ၊ (အယံ သဒ္ဒေါ
ဥဒ္ဓံ + န ဟေဋ္ဌာ + အမနုဿ- ဘာသိတော,
တိ + ) သလ္လက္ခေတွာ ဩဟိတ သောတာ ပဂ္ဂဟိတ-
မာနသာ ဟုတွာ နိသီဒိ။တတော =

(၁) အဇ္ဇ ပန္န-ရသော ဥပေါသထော။
ဣတိ သာတ ဂိရော ယက္ခော။
ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။ အနောမ နာမ သတ္ထာရံ၊
ဟန္ဒ ပဿာမ ဂေါတမန္တိ။ဧဝံ သာတဂိရေန ဝုတ္တေ=

(၂) ကစ္စိ မနော သုပဏိဟိတော။
ဉာတိ ဟေမဝတော ယက္ခော၊
သဗ္ဗ-ဘူတေသု တာဒိနော။
ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊
သင်္ကပ္ပ-ဿ ဝသီကတာ-တိ-။

* ဧဝံ ဟေမဝတော သတ္ထု ကာယ သမာ-စာ-ရဥ္စ အာဇီဝဥ္စ မနောသမာ-စာရဥ္စ ပုစ္ဆိ-။ =

ပုစ္ဆိတံ + ပုစ္ဆိတံ "သာတဂိရော" ဝိဿဇ္ဇေသိ၊ ဧဝံ သတ္ထုသရီရ ဝဏ္ဏ ဂုဏဝဏ္ဏကထာနံ ဝသေန ဟေမဝတသုတ္တန္တေ နိဋ္ဌိတေ "ဟေမဝတော" သ-ဟာယကဿ ဓမ္မဒေသနာ-နုသာရေန ဉာဏံ ပေ-သေတွာ သောတာပတ္တိဖလေ ပတိဋ္ဌဟိ။

* အထ "ကာဠိ" ဥပါသိကာ ပရဿ ဓမ္မ ဒေသိယမာနေ တထာဂတံ အဒိဋ္ဌ ပုဗ္ဗာဝ ဟုတွာ အ-နုဿဝ ပ္ပသာဒံ (ဥပ္ပါဒေတွာ ပရဿ ဝဍ္ဎိတံ ဘော-ဇနံ ဘုဉ္ဇ မာနာ ဝိယ သောတာပတ္တိဖလေ ပတိဋ္ဌာ-သိ။ =) သာ သဗ္ဗ မာတု ဂါမာနံ အဂ္ဂရေ ပဌမ-မေဝ သောတာပန္နာ သဗ္ဗဇေဋ္ဌကာ အဟောသိ။

တဿာ သဟ သောတာပတ္တိဘာဝေန တ-မေဝ ရတ္တိံ ဂဗ္ဘ-ဝုဋ္ဌာနံ ဇာတံ။

ပဋိလဒ္ဓဒါရကဿ နာမ-ဂ္ဂဟဏ-ဒိဝသေ "သော-ဏော"-တိ နာမံ အကာသိ။

သာ ယထာ-ရုစိယာ ကုလ- ဂေဟေ ဝသိတွာ ကုလ-ဃရမေဝ အဂမာသိ။

တသ္မိံ သမယေ "မဟာကစ္စာန" ထ္ထေရော တံ နဂရံ ဥပ-နိဿာယ (ဥပဝတ္တေ ပဗ္ဗတေ) ပဋိ-ဝသတိ။

ဥပါသိကာ ထေရံ ဥပဋ္ဌာသိ။
ထေရော နိဗဒ္ဓံ တဿာ နိဝေသနံ ဂစ္ဆတိ။
"သောဏာ" ဒါရကောပိ နိဗဒ္ဓံ ထေရဿ သန္တိ-ကေ ဝိစရန္တော ဝိဿာသိကော အဟောသိ။
သော အပရေန သမယေန ထေရဿ သန္တိကေ ပဗ္ဗဇိ။

ထေရော တံ ဥပ-သမ္ပာဒေတု-ကာမော တီဏိ ဝဿာနိ ဂဏံ ပရိယေသိတွာ ဥပ-သမ္ပာဒေသိ။
သော ဥပ-သမ္ပန္နော ကမ္မ-ဋ္ဌာနံ ကထာပေတွာ ဝိပဿနံ ဝဍ္ဎေတွာ အရဟတ္တံ ပတွာ ထေရဿေဝ သန္တိကေ သုတ္တနိပါတံ ဥဂ္ဂဏှိတွာ ဝုတ္ထဝဿော ပဝါရေတွာ သတ္ထာရံ ပဿိတု-ကာမော ဟုတွာ ဥပဇ္ဈာယံ အာပုစ္ဆိ။
ထေရော အာဟ၊ "သောဏာ" တယိ ဂတေ သတ္ထာ တံ ဧက-ဂန္ဓကုဋိယံ ဝသာပေတွာ ဓမ္မံ အဇ္ဈေသိ-ဿတိ၊ တွံ ဓမ္မံ ကထေဿသိ။
သတ္ထာ တဝ ဓမ္မကထာယ ပသီဒိတွာ တုယှံ ဝရံ ဒဿတိ။

တွံ ဝရံ ဂဏှန္တော ဣမဉ္စ + ဣမဉ္စ ဂဏှာဟိ။
မမ ဝစနေန ဒသဗလဿ ပါဒေ ဝန္ဒာဟိ-တိ၊ သော ဥပဇ္ဈာယေန အနုညာတော မာတု- ဥပါ-သိကာယ ဂေဟံ ဂန္တွာ အာရောစေသိ

သာမိ သာဓု တာတ တွံ ဒသဗလံ ပဿိတုံ ဂစ္ဆန္တော ဣမံ ကမ္ဗလံ အာဟရိတွာ သတ္ထု ဝသန-ဂန္ဓ-ကုဋိယာ ဘူမ-တ္ထရဏံ ကတွာ အတ္ထရာဟီ-တိ ကမ္ဗလံ အဒါသိ။

“သောဏော”တ္ထေရော တံ အာဒါယ သေနာသနံ, သံသာမေတွာ အနုပုဗ္ဗေန သတ္ထု ဝသနဋ္ဌာနံ ဂန္တွာ ဒသဗလဿ ဗုဒ္ဓါသနေ နိသိန္နဿ ဝေလာယမေဝ ဥပ-သင်္ကမိတွာ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ။

တထာဂတေန သဒ္ဓိံ ပဋိသန္ထာရံ ကတွာ အာနန္ဒ-ထ္ထေရံ အာမန္တေသိ = အာနန္ဒ ဣမဿ ဘိက္ခုဿ သေနာသနံ ဇာနာဟီ-တိ-။

ထေရော သတ္ထု အဓိပ္ပါယံ ဉတွာ အန္တော ဂန္ဓ-ကုဋိယံယေဝ ဘူမ-တ္ထရဏံ ဥဿာရေန္တော ဝိယ အတ္ထရိ။

အထခေါ ဘဂဝါ ဗဟုဒေဝ ရတ္တိံ အဗ္ဘော-ကာသေ ဝီတိနာမေတွာ ဝိဟာရံ ပါဝိသိ။

အာယသ္မာ ပိ ခေါ “သောဏော” ဗဟုဒေ-ဝ ရတ္တိံ အဗ္ဘောကာသေ ဝီတိနာမေတွာ ဝိဟာရံ ပါဝိသိ။

သတ္ထာ ပစ္ဆိမယာမေ သီဟ-သေယျံ ကပ္ပေတွာ ပစ္စူသ သမယေ ဝုဋ္ဌာယ နိသီဒိတွာ ဩက္ကေန ကာလေန “သောဏဿ” ကာယ-ဒရထော ပဋိ-ပ္ပဿဒ္ဓေါ ဘဝိဿတီ-ဟိ။

ဉတွာ အာယသ္မန္တံ “သောဏံ” အဇ္ဈေသိ။

ပဋိဘာတု တံ ဘိက္ခု ဓမ္မော ဘာသိတု-န္တိ၊ “သောဏ-”ထ္ထေရော မဓုရ-ဿရေန ကေ-ဗျဥ္ဇနမ္ပိ အဝိနာသေန္တော အဋ္ဌက-ဝဂ္ဂိယာနိ (သုတ္တာနိ) အ-ဘာသိ။

ကထာ ပရိယောသာနေ ဘဂဝါ သာဓုကာရံ ဒတွာ သုဂ္ဂဟိတော တေ ဘိက္ခု ဓမ္မော၊ မယာ ဒေ-သိတကာလေ စ အဇ္ဇ စ,ကေသဒိသာဝ ဒေသနာ ကိဉ္စိ ဦနံ ဝါ အဓိကံ ဝါ နတ္ထိ-တိ ပသန္နဘာဝံ ပကာသေသိ။

“သောဏ”ထ္ထေရော ပိ အယံ ဩကာသော-တိ သလ္လက္ခေတွာ ဥပဇ္ဈာယဿ ဝစနေန ဒသဗလံ ဝန္ဒိ-တွာ ဝိနယဓရေ ပဉ္စမေန ဂဏေန ဥပသမ္ပဒံ အာဒိံ-ကတွာ သဗ္ဗေ ဝရေ ယာစိ၊ သတ္ထာ အဒါသိ။

ပုန ထေရော မာတုဥပါသိကာယ ဝစနေန ဝန္ဒိတွာ အဟံ ဘန္တေ ဥပါသိကာယ ဘုမှာကံ ဝသန-ဂန္ဓကုဋိယံ ဘူမ-တ္ထရဏတ္ထံ ကမ္ဗလော ပဟိတော-တိ-ကမ္ဗလံ ဒတွာ ဥဋ္ဌာယာ-သနာ သတ္ထာရံ ဝန္ဒိတွာ ပဒက္ခိဏံ ကတွာ ပက္ကမိ။ ။အယ-မေတ္ထသင်္ခေပေါ။ ။ ဝိတ္ထာရတော ပန ထေရဿ ပဗ္ဗဇ္ဇံ အာဒိံကတွာ သဗ္ဗံ သုတ္တေ အာဂတမေဝ။

ဇာတိ ထေရော သတ္ထု သန္တိကာ အဋ္ဌဝရေ လဘိ-တွာ ဥပဇ္ဈာယဿ သန္တိကံ ဂန္တွာ သဗ္ဗံ တံ ပဝတ္တိံ အာရောစေတိ၊ ပုန ဒိဝသေ မာတု ဥပါသိကာယ နိဝေသန-ဒွါရံ ဂန္တွာ ဘိက္ခာယ အဋ္ဌာသိ၊ဥပါသိကာ ပုတ္တော ကိရ မေ ဒွါရေ ဋ္ဌိတော-တိ သုတွာ ဝေဂေန အာဂန္တွာ အဘိ ဝါဒေတွာ ဟတ္ထတော ပတ္တံ

ဂဟေတွာ အန္တော နိဝေသနေ နိသီဒါပေတွာ ဘောဇနံ အဒါသိ။

အထ နံ ဘတ္တ ကိစ္စပရိယောသာနေ အာဟ။

"ဒိဋ္ဌော တေ တာတ ဒသဗလော-"တိ။

အာမ ဥပါသိကေ-တိ။

"ဝန္ဒိတော တေ မမ ဝစနေန-"တိ။

"အာမဝန္ဒိတော" သောပိ စ မေ ကမ္ဗလော တထာဂတဿ ဝသန-ဋ္ဌာနေ ဘူမ-တ္ထရဏံ ကတွာ အတ္ထတော-တိ။

(ကိံ) တာတ တယာ ကိရ သတ္ထု ဓမ္မကထာ ကထိတာ၊ သတ္ထာရာ စ တေ သာဓု-ကာရော ဒိန္နော-တိ၊ "တယာ ကထံ ဉာတံ ဥပါသိကေ-"တိ။ "တာတ မယှံ ဂေဟေ အဓိဝတ္ထာ ဒေဝတာ ဒသဗလေန တုယှံ သာဓုကာရံ ဒိန္န-ဒိဝသေ သကလ ဒသ သဟဿ-စက္ကဝါဠေ ဒေဝတာ သာဓု-ကာရံ အဒံသူ"တိ အာဟ။

တာတ တယာ ကထိတဓမ္မ-ကထံ ဗုဒ္ဓါနံ ကထိတ-နိယာမေနေဝ မယှံပိ ကထေဟိ၊ တံ ဗုဇ္ဈိဿာမီ-တိ ထေရော မာတု-ကထံ သမ္ပဋိစ္ဆိ၊ သာ တဿ အဓိဝါ-သနံ ဝိဒိတွာ မဏ္ဍပံ ကာရေတွာ ဒသဗလဿ ကထိတ- နိယာမေနေဝ အတ္တနော ဓမ္မ- ကထံ ကထာပေသီ-တိ ဝတ္ထု ဧတ္ထ သမုဋ္ဌိတံ။

သတ္ထာ အပရဘာဂေ အရိယဂဏမဇ္ဈေ နိသိန္နော ထေရံ ကလျာဏ-ဝါက္ကရဏာနံ အဂ္ဂ ဋ္ဌာနေ ဌပေ-သီ-တိ။ ။ (သောဏတ္ထေရ အဋ္ဌကထာပါဠိ-ပြီးပြီ။)

## (၁၃) သောတာပန်တည်၊(ကာဠီ)ခေါ် ဥပါသိကာ ဒါယိကာမ၏ဖြစ်စဉ် ၊အဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်

ဤမျှသောစကားအစဉ်ဖြင့်၊ဤယခုဖေါ်ပြအပ်ခဲ့ပြီးဖြစ်သော (ကာဠီ) ခေါ်သူငယ်မသည်၊ ရှေးလွန်လေပြီးသော(ပဒုမု-ဇွာ) မြတ်စွာဘုရားသျှင်၏လက်ထက်တော်၌၊ အမျိုးသမီးတဦးဖြစ်ခဲ့ဘူး၍၊ ထိုဘုရားသျှင်၏အသံ၊ ဆုပန်တောင်း၍၊ ကောင်းမှု ကုသိုလ်ကံ အထူး ဆည်းပူးခဲ့ဘူးသောသူငယ်မဖြစ်ဘူး၏။

ထိုကောင်းမှုကံကြောင့်၊ ဤယခု (ဂေါတမ) မြတ်စွာဘုရားသျှင်၏ လက်ထက်တော်၌၊ ရာဇဂြိုဟ်ပြည် တဦးသောအမျိုးအိမ်၌၊ အမျိုးသမီး တဦးဖြစ်လာ၍၊ (ကာဠီ) ဟူသောအမည်ဖြင့်၊မှည့်ခေါ်ကြကုန်၏၊

ထိုနောက်၊ အရွယ်သို့ရောက်၍၊ အိမ်ထောင်မှုဖြင့်၊ ပြုစုနေထိုင်ခဲ့ရာ၊ နောက်ဆုံးသောအချိန်၌၊ (သောဏ) ထေရ်အလောင်း၊ သူတော်ကောင်းသားငယ်ကို၊ ဖွါးမြင်ရဘို့ အချိန်သို့ပင်၊ နီးကပ် ဆိုက်ရောက်လာ၏။

ထိုနောက်၊ (ဟေမဝတ) နတ်မင်းနှင့် (သာတဂိရိ) နတ်မင်းနှစ်ဦးတို့၊ (ကာဠီ) ၏နေထိုင်ရာ၊အိမ် (ဂေဟာ) အကက်တည့်တည့်ဖြစ်သော ကောင်းကင်အပြင်၌၊ အချင်းချင်းတွေ့ဆုံကြ၍- မေးမြန်းပြောဆိုသော စကားတို့တွင်၊အရေးအကြီးဆုံးဖြစ်သောစကားသည်ကား–(ဂေါတမ) မြတ်စွာဘုရားသျှင်၊ ပွင့်တော်မူလာ၍- ဗာရာဏသီ ပြည်ကြီး၏အနီး (ဣသိ-ပတန) အမည်ရှိသော (မိဂ-ဒါဝုန်) တောသ၌၊“ဓမ္မ-စကြာ” တရားဟောကြားတော်မူပုံမှစ၍၊ တရားစကား ကြားနာရသဖြင့်၊ ဘုရားသျှင်၏ဂုဏ်၌၊ ယုံကြည်ခြင်း (သဒ္ဓါ) တရားနှစ်သက်ခြင်း၊ (ပီတိ) တရားတို့ဖြစ်ပွါးပေါ်လာခြင်းကစ၍“သောတာပတ္တိ” မဂ်ဉာဏ် ဖိုလ်ဉာဏ်- ဖြစ်ပေါ်လာ၍“သောတာပန်”တည်- အမျိုးသမီးတဦး ထူးထူး+ခြားခြား ဖြစ်ရလေ၏။

ထိုနောက်-မကြာမြင့်မီအချိန်၌ပင်၊“သောဏ” ထေရ်အလောင်း၊သူတော်ကောင်းသားငယ်ကို ဖွါးမြင်ရပြန်၏။

ထိုနောက်၊ ထိုသားငယ်ကို ''သောဏ'' ဟုအမည်ပေး၍ အရွယ်သို့ ရောက်သောအခါ (ဥပဝတ္တ)ခေါ်သောတောင်၌ သီတင်းသုံးနေသော အသျှင်မြတ်၊ (မဟာကစ္စည်း)အထံ၌၊ ရှင်သာမဏေပြုခြင်း၊ ရဟန်း အဖြစ်သို့ ရောက်အောင် ချီးမြှင့်ခြင်းဖြင့်၊ ယုံးမြတ်သော ကုသိုလ်အစု၊ ကောင်းမှုတရား ပွါးများအားထုတ်၏။

ထိုနောက်၊ သားတော် ''သောဏ'' ရဟန်းသည်၊ မြတ်စွာဘုရား အထံသို့ သွားသောအခါ၌၊ အထည်(ကမ္ဗလာ) လှူဒါန်းရခြင်း၊ သား တော်ပြန်လည် ရောက်လာသောအခါ၊ သားတော်တရား ကြားနာရ ခြင်း၊ (အနု-ဿဝ ပွသန္န) ဟူသော ဂုဏ်ထူး+ဘွဲ့ထူးတို့ဖြင့်၊ချီးကျူးခြင်း တို့ကို ခံယူရခြင်း၊ စသော (သောတာပန်) တည် အမျိုးသမီး တဦး ထူးထူး-ခြားခြားဖြစ်ရလေ၏။

ဤတွင် (ကာဠိ) ခေါ်သော ဥပါသိကာ ဒါယိကာမ၏ ဖြစ်စဉ် အတ္ထုပ္ပတ္တိအကျဉ်းချုပ်ပြီး၏။

---

## အင်္ဂုတ္တိုရ်၊ ပါဠိတော် ဧကနိပါတ်၊ ဧတဒဂ္ဂဝဂ် ဒသမ-(ကာဠိ)အဋ္ဌကထာဖွင့်ပြဆိုပုံ

※ ဒသမေ အနု-ဿဝ-ပ္ပသန္နာန-န္တိ-အနုဿဝေ-နေဝ ဥပ္ပန္နေန ပသန္နေန သမန္နာ ဂတာနံ ဥပါသိကာ-နံ အန္တရေ''ကာဠိ''ဥပါသိကာ ကုလဃရိကာ အဂ္ဂါ-တိ ဒဿေတိ။ ။သာ ကိရ ပဒုမု-တ္တရ-ဗုဒ္ဓ-ကာလေ ဟံသာဝတိယံ ကုလဂေဟေ နိဗ္ဗတ္တာ သတ္ထု ဓမ္မက-ထံ သုဏန္တီ သတ္ထာရံ ဧကံ ဥပါသိကံ အနု-ဿဝ-ပ္ပ-သန္နာနံ အဂ္ဂဋ္ဌာနေ ထပေန္တံ ဒိသွာ အဓိကာရ ကမ္မံ ကတွာ တံ ဌာနန္တရံ ပတ္ထေသိ။

သာ ကပ္ပ သတ သဟဿံ ဒေဝမနုဿေသု သံ-သရိတွာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ရာဇ-ဂဟ-နဂရေ ကုလ-ဂေဟေ နိဗ္ဗတ္တိ၊ ''ကာဠိ'' တိ-ဿာ နာမံ အကံသု။

သာ ဝယ-ဗတ္တာ ကုလဃရနဂရေ ကုလ-ဂေဟံ ဂတာ။

အထ-ဿာ သံဝါသေန ဂဗ္ဘော ပတိဋ္ဌဟိ၊ သာ-ပရိပုဏ္ဏ-ဂဗ္ဘာ ပရေသံ ဂေဟေ ဂဗ္ဘ-ဝုဋ္ဌာနံ နာမ အ-ပ္ပတိ ရူပ-န္တိ၊ အတ္တနော ကုလ(ဃရ)နဂရမေဝ-ဂန္တွာ ရတ္တိ ဘာဂသမနန္တရေ အတ္တနော ပါသာ-ဒဿ ဥပရိ အာကာသေ ဌိတာနံ သာတဂိရ ဟေမ-ဝတာနံ ရတနတ္တယဿ ဝဏ္ဏံ ကထေန္တာနံ ကထံ သုတွာ အနုဿဝါ-ဓိဂတ-ပ္ပသာဒံ ဥပ္ပါဒေတွာ သတ္ထု အဒဿနေနေဝ သောတာပတ္တိ ဖလေ ပတိ-ဋ္ဌာသိ၊ အပရ- ဘာဂေ ပန သတ္ထာ ဇေတဝနေ ဘိက္ခု သံဃမဇ္ဈေ နိသီဒိတွာ ဥပါသိကာ ယော ဌာနန္တရေသု ထပေန္တော ဣမံ ဥပါသိကံ အနု-ဿဝ-ပ္ပ-သန္နာနံ အဂ္ဂဋ္ဌာနေ ထပေသိ-တိ။ ။

အင်္ဂုတ္တိုရ်-ဧကနိပါတ်-ဧတဒဂ္ဂဝဂ်၊ ဒသမ-ကာဠီဧတဒဂ်ရပုံ ပြခကျား။

---

## (ဟေမဝတ) နတ်မင်းနှင့်(သာတ ဂိရိ) နတ်မင်းတို့၏ ဖြစ်စဉ် အကျဉ်းချုပ်

ဤပြဆိုအ ခဲ့ပြီး ဖြစ်သော စကား အစဉ်ဖြင့် (ဟေမ ဝတ) နတ်မင်းနှင့်၊ (သာတ ဂိရိ) နတ်မင်းကြီး၊ နှစ်ဦး တို့သည်၊ (ကဿပ) မြတ်စွာ ဘုရားသျှင်၏၊ သာသနာ တော်၌၊ သီလ-ဖြူစင်၊ ကျင့်မူတင်နှင့်၊ထို ပြင်ကျင့်ဝတ်၊ မချွတ်-မလွဲး၊ စွဲးမြဲးမှန်စွာ၊ ဆောက်တည်ခဲ့ပါသော သံဃနာယက၊ ရဟန်းဆရာပုဂ္ဂိုလ်ကြီး နှစ်ပါးတို့ ဖြစ်ကြကုန်၏။

ထိုသံဃနာယက ရဟန်းဆရာပုဂ္ဂိုလ်ကြီး နှစ်ပါးတို့သည် တနေ့သော အခါ၊ ပုထုဇဉ်အလေ့ဖြင့်၊ အတွေ့နှင့်ကြုံရာ၊ တခုသော (သံဃ-ကိစ္စ) အမှု၌၊(အ-ဂတိ) လိုက်စား၍ အမှားကို-အမှန်၊ အမှန်

ကို-အမှား၊မ-တရားသဖြင့် ပြောဆို-ဆုံးဖြတ်ပြီးလျှင်၊ ရှုံးစေ=နိုင်စေ=ဟု၊ စီရင်ချက် ချမှတ်ခဲ့ ဘူး၏။

ဤသို့ ချွတ်ချော် မှားယွင်းမှု ပြုမိသောကြောင့် နောက်ဆုံးသော တနေ့သ၌၊ (ဝိပ္ပနီ-သာရီ) နှလုံး စိတ်ဝမ်း၊ မချမ်းမြေ့၊ မကြည်သာ–ဖြစ်ရကား=ထိုရဟန်း-ဘဝ-မှ၊ ခန္ဓာ-ပြောင်းကြွေ၊ သေလွန်လတ်သော်၊ ရဟန်းဆရာကြီး တပါးသည်၊ (ဟိမဝန္တာ) တောင်၌၊ နတ်ဘီလူးဖြစ်ရ၏။ မိမိ၏ဖြစ်ရာ တောင်၏အမည်ကို အစွဲးပြု၍၊(ဟေမ ဝတ) နတ်မင်း–ဟူ၍၊ ခေါ်တွင်လေ၏။

(၁) [※ကော-စန်ယော ဟိမဝတိ-ဟေမဝတေ ပဗ္ဗတေ နိဗ္ဗတ္တိ၊ ဟေမဝတော ယက္ခော-တိ နာမေန။=ဟူ၏။]
(သုတ္တနိပါတ်၊ ဟေမဝတသုတ်၊ အဋ္ဌကထာပြစကား။)

ထိုနောက်၊ (ဒုတိယ) မြောက် ရဟန်းဆရာကြီးတပါးသည်လည်း၊ (မဇ္ဈိမ) နိုင်ငံ၊ (သာတ ဂိရိ) တောင်၌၊ နတ်ဘီလူးမျိုးပင် ဖြစ်ရပြန်၏။

[မိမိ၏ ဖြစ်ရာတောင်၏အမည်ကို၊ အစွဲးပြု၍၊-(သာတ ဂိရိ) နတ်မင်း]–ဟူ၍၊ ခေါ်တွင်လေ၏။

(၂) [※ဒုတိယာ-စန်ယော မဇ္ဈိမ ဒေသေ သာတ-ပဗ္ဗတေ သာတ ဂိရော-တိ-နာမေန။=ဟူ၏။]
(ယင်း အဋ္ဌကထာပြစကား=၁၇၂၊)

ထိုရဟန်းဆရာကြီး နှစ်ပါးတို့၏ တပည့် ရဟန်းငယ်တို့သည်လည်း၊ မိမိတို့၏ ဆရာကြီးအယူဝါဒ-နောက်သို့လိုက်ပါ၍ ပြုမိမှားသောကြောင့် ထိုရဟန်းဆရာကြီး-ဖြစ်ခဲ့ဘူးကြသော နတ်ဘီလူးတို့၏ အခြံအရံ၊ နတ် (စစ်သည်)တို့သာ ဖြစ်ကြကုန်၏။

(၃) [※တေပိ နေသံ ပရိဝါရာ ဘိက္ခူ တေသံ ယေဝ အနုဝတ္တိတွာ သဂ္ဂေ နိဗ္ဗတ္တိတု-မ သက္ကောန္တာ တေသံ ပရိဝါရာ ယက္ခာဝ ဟုတွာ နိဗ္ဗတ္တိံသု။=ဟူ၏။]
(ယင်း အဋ္ဌကထာပြစကား=၁၇၂၊)

ထို နတ်ဘီလူးကြီး နှစ်ဦးတို့သည်၊ နှစ်ဆဲ့ရှစ်ယောက်သော နတ်ဘီလူး (စစ်သည်) တို့၏ အလယ်၌၊ အာဏာ-တန်းခိုး၊ လွှမ်းမိုး ပိုင်သ၊ အစိုးရသော နတ်မင်းကြီးတို့သည်သာ၊ ဖြစ်ကြကုန်၏။

(၄) [※ဟေမ ဝတာ သာတ ဂိရာ အဋ္ဌ ဝီသတိ ယက္ခ သေနာ ပတိန-မဇ္ဈန္တရာ မဟာ-နုဘာဝါ ယက္ခ ရာဇာနော အဟေသုံ။ -ဟူ၏။]

(၄င်း- .... ၁၇၂)

၌ ဆိုလတ္တံ့သည်ကား၊=ထိုနတ်ဘီလူး (စစ်သူ) ကြီးတို့၏၊ လုပ်ငန်းစဉ်တည်း။

ထိုနတ်ဘီလူးတို့သည်၊ လတိုင်း+လတိုင်း၊ တလ-လျှင်ရှစ်ကြိမ် တိုင်တိုင်၊ တရားဆိုးဖြတ် စီရင်ခြင်းငှါ၊ (ဟိမဝန္တာ) တောအတွင်း၊ ဆေးဒန်းမြင်းသီလာ အဆင်းနှင့်တူသော ကျောက်ဖျာ အပြင်ရှိသော (နာဂ ဝတီ) မဏ္ဍပ်၌၊ နတ်တို့၏ အစည်းအဝေးပွဲပြု၏။ (ပွဲကျင်းပကြ၏-ဟူ၏)ထိုမဏ္ဍပ်၌-ပင်၊နတ်ဘီလူးတို့သည်လည်း၊အစည်းအဝေးပွဲပြုလုပ်ကျင်းပကြကုန်၏။

**အထူးမှတ်ချက်။**

[*နတ္တုပကာသနီ ကျမ်းစာအုပ် မျက်နှာ နံပါတ်-၆၉၊ စာကြောင်းရေ၊ ၂၂-မှ-၂၅-အဆုံး၊ ၌ ဟေမဝတ နတ်မင်းတို့ အစည်း အဝေးပွဲ ပြုပုံ-ဌာန ပြဆိုရာ၌၊ အောက်ပါ စကားအတိုင်း-ပါရှိ၏။]

[၂၂-ထိုနတ်တို့ကား=တရားဆိုးဖြတ်ခြင်းငှါ တလ-တလ ရှစ်ခါ၊-ဟိမဝန္တာ တော၏အတွင်း၊ (မန္ဒာကိနီ) တောင်ရင်းဝယ်၊ တင့်တယ်စွာ ပြုလုပ်အပ်သော (ဘဂလဝတီ) မည်သော မဏ္ဍပ်၌၊ နတ်အစည်းအဝေးကို ပြုမြဲဓမ္မတာ ဖြစ်သတည်း၊-၂၅=ဟူ၍ ပြဆို၏။]

ထို နတ်မင်းကြီးနှစ်ဦးတို့သည်၊ ထိုနတ်ဘီလူး၊ နတ်(စစ်သူ) ကြီးတို့၊ ပြုလုပ်သော အစည်းအဝေးပွဲ ကျင်းပပြုလုပ်ရာ၊ (နာဂဝတီ) မဏ္ဍပ် အတွင်း၌ပင်၊အချင်းချင်းတွေ့မြင်ကြ၍၊ရှေးရှေးသော ဘဝ-အဟောင်း

က၊ အကြောင်းပြဖန်၊ ကုသိုလ်"ကံ"၏၊ စီမံလှုံ့ဆော်မှုကြောင့်၊ တွေ့မြင်ကြရသည်နှင့်တပြိုင်နက်၊ အချင်းချင်း သိကြသဖြင့်၊တဦးကို+တဦးက၊ နေရင်းရပ်ဌာန်၊ ဖြစ်ပျက်ဟန်စသည်တို့ကို၊ ထက်သန်သောစိတ်ဖြင့်·မေးမြန်းကြကုန်၏။

(မေးမြန်းကြ + ဖြေဆိုကြ + များလှ မှုံမှုံ၊စကားအစုံ၊ "မေတ္တာ" အထုံ၊ ကြီးပေစွာ့။)

အို····အဆွေ နတ်မင်း။

(က) အသင်သည်၊ အဘယ်အရပ်၌ ဖြစ်၍+အဘယ်သို့ နေရဘိသနည်း=ဟူ၍ငင်း—

(ခ) အသင်နတ်မင်းသည်လည်း၊ အဘယ်အရပ်၌ ဖြစ်၍+အဘယ်သို့ နေရဘိသနည်း=ဟူ၍ငင်း—မေးမြန်းကြကုန်၏။ ဖြေဆို ကြကုန်၏။

ထိုသို့မေးမြန်း+ဖြေဆိုကြ၍-မိမိတို့၏ ဖြစ်ရာဌာနနှင့်၊ ဖြစ်ရပုံအကြောင်းတို့ကို၊ စုပေါင်းဆင်ခြင်မိကြသောအခါ၊ [*ရှေး-ဖြစ်ပေါင်း အောက်မေ့ဘွယ်] ဆိုသောစကားအတိုင်း၊ တွေးတောမိ,အောက်မေ့-မိတိုင်း၊ နှလုံး စိတ်စက်၊ မသက် မသာ-ဖြစ်ကြရကုန်၏။

(ဖြစ်ကြပုံအဆို)

အို····အဆွေ နတ်မင်း။

အကျွန်ုပ်တို့=နှစ်ဦးတို့သည်၊ ရှေးဖြစ်သော (ကဿပ) မြတ်စွာဘုရားသျှင်၏၊ သာသနာတော်၌၊ အနှစ်-(နှစ်သောင်း)တို့-တိုင်တိုင်+ဂန္ထ-ဓုရ၊ ဝိပဿနာဓုရ-ဟူသော ရဟန်းတရား၊ ပွါးများအားထုတ်နေထိုင်ကြပါလျက်၊ ဆိုးဝါးကောက်ကျစ်၊ ရဟန်းညစ်, ရဟန်းယုံး တပါးကို၊အားကိုးအမှီပြု၍၊ ဤယခု နတ်ဘီလူးဘဝမျိုး၌ ဖြစ်ကြကုန်၏။

အကျွန်ုပ်တို့၏ ပစ္စည်းလေးပါး ဒါယကာတို့သည်၊ (ကာမာ ဝစရ) နတ်ဘုံ၌၊ ဖြစ်ကြရကုန်၏—ဟူ၍၊ငြီးတွားပြောဆိုကြကုန်၏။

(၁၄) ထိုနောက်၊ ထိုနတ်မင်းကြီး နှစ်ဦးတို့သည်၊ မေတ္တာဖြန့်ခြင်း၊ စိတ်တော်ရင်း၍၊ အချင်းချင်း-"သစ္စာ-ကတိက" ဝတ်ပြုပုံအကျဉ်းချုပ် စကား။

## (သာတဂိရိနတ်မင်း၏အဆို)

အို....အဆွေ(ဟေမဝတ)နတ်မင်း။

(က) အဆွေတော်-(ဟေမဝတ)နတ်မင်း၏နေရာ၊ "ဟိမဝန္တာ" တောအတွင်း၌ရှင်း=

(ခ) အကျွန်ုပ် (သာတ ဂိရိ) နတ်မင်း၏နေရာ၊ "မဇ္ဈိမ" နိုင်ငံတွင်း၌ရှင်း=

မပြစ်စဘူးထူးထူးဆန်းဆန်း-ဖြစ်ပေါ်လာသောအကြောင်းအခြင်း အရာမျိုးတို့ကို မြင်သော အခါ၌ရှင်း=ကြားသိရသော အခါ၌ရှင်း= တဦးအထံသို့ တဦးက+လာရောက်၍ မေတ္တာစွမ်းဖြင့်၊ ကမ်းလှမ်း ပြောဆိုကြစတမ်း=ဟူ၍၊ "သစ္စာကတိက" ဝတ်-စကား၊ ပြောဆို မှာကြားကြကုန်၏။

ဤသို့အားဖြင့်၊ (ကဿပ) မြတ်စွာဘုရားသျှင်၏ သာသနာတော်၌၊ အတူတကွ၊ နေဘော် နေဘက်ဖြစ်ခဲ့ကြဘူးသော ထိုနတ်မင်းကြီး နှစ်ဦးတို့သည်၊ အချင်းချင်း, ပြုသင့်, ပြုထိုက်သော "သစ္စာကတိက" ဝတ်ပြုကြရန်၊ပြောဆိုကြပြီး၍၊ မိမိတို့၏ထိုသို့ဖြစ်ခဲ့ရစဉ်ကို၊ မစီစစ်မဆင် ခြင်ဘဲလျက်၊အမှုမဲ့-အမှတ်မဲ့နေခဲ့ကြရာ၊ တဆူသော(ကဿပ) မြတ် စွာဘုရားသျှင်၏၊ သာသနာတော်ခေတ်ကို ကုန်ဆုံး-ကျော်လွန်၍ လာ ကြပြီး=ဖြစ်၏။

ဤ (ကဿပ)မြတ်စွာဘုရားသျှင်၏ သာသနာတော်ခေတ် ကုန် ဆုံးခဲ့သည်မှ=ဤ (ဂေါတမ) မြတ်စွာဘုရားသျှင်၏ ပွင့်တော်မူလာ သောသာသနာတော်ခေတ်အချိန်အထိ၊ ဤအတွင်း၌ဤ(မဟာ-ပထဝီ) မြေကြီးသည်၊ တယူဇနာ-နှင့်၊ သုံးဂါဝုတ်တိုင်တိုင်+ အထက်သို့ ဖြင့်မောက် တက်ရောက်၍ လာခဲ့ပြီးဖြစ်၏။

ဤစကားဖြင့်၊ [ဘုရားသျှင်-တဆူနှင့်၊ တဆူ စပ်ကြား၊ မည်ပျှ- နှစ်-လ-ရက်-အပိုင်းအခြား ကွာဝေးသည်ကို ချင့်တွက်နိုင်းယှဉ်ဘို့ရာ အချိန်အတွယ်ပြခြင်းပင်-ဖြစ်၏-ဟု၊ ယူဆကြရာ၏။]

ဤသို့ဖြစ်၍ လာခဲ့ကြရာ၊ နောက်ဆုံး၌ဖြစ်သော ဤ (ဂေါတမ) မြတ်စွာဘုရားသျှင် ပွင့်တော်မူလာသောအချိန်၌ (ဟေမဝတ)နတ်မင်းသည်၊ မိမိ၏နေရာ၊ (ဟိမဝန္တာ) တောတန်း၌၊ ပန်းသစ်ပင်အပေါင်းတို့၏၊ ကောင်းစွာပွင့်၍နေပုံကိုမြင်၍ အဆန်းတကြယ်၊ အံ့ဩ-ဘွယ်ဟူသောအနေဖြင့် ထင်၍ (သာတဂိရိ) နတ်မင်းအား၊ အတူတကွကြည့်ရှုရန် သွားရောက်၍၊ ခေါ်-ငင်ယူဆောင်မည်ဟူသော အကြံဖြင့်၊ (သာတ ဂိရိ) နတ်မင်း၏နေရာ၊ "မဇ္ဈိမ" နိုင်ငံအတွင်း၌ ရှိသော (သာတ ဂိရိ)တောင်သို့၊ ရှေးရှုသွားပြန်၏။

ထိုနည်းအတူ၊ (သာတ ဂိရိ) နတ်မင်းသည်လည်း၊ မိမိနေရာ၊ "မဇ္ဈိမ"နိုင်ငံအတွင်း (သာတ ဂိရိ) တောင်၌၊ ပန်းသစ်ပင်တို့၏ အဆန်းတကြယ်၊ ပွင့်၍နေပုံကိုဒင်း="ဗာရာဏသီ" ပြည်ကြီး၏အနီးဣသိ-ပတနခေါ်သော၊ မိဂဒါဝုန်တော၌၊ မြတ်စွာဘုရားသျှင်သည်၊ "ပဉ္စဝဂ္ဂီ" ရဟန်း ငါး-ဦးသားတို့အား၊ "ဓမ္မ-စကြာ" တရား၊ ဟောကြား၍ နေပုံကိုဒင်း=သိ၍၊ထိုအခါ၊-ရှေးက—ပြောဆိုကြ ဘူးပြီးသော "သစ္စာ-ကတိက" ဝတ်အတိုင်း၊-လောက သုံးပါး၌၊ အတူမရှိ၊ အ-သဒိသ-အစစ်၊ ဘုရားသျှင်ဖြစ်တော်မူ၍-"ဓမ္မ-စကြာ"တရား၊ ဟောကြား၍နေသည်ကို၊(ဟေမ ဝတ) နတ်မင်းသည်၊ သိပည်+ကြားမည်+မဟုတ်ဖြစ်ရကား=မိမိနှင့်အတူ ကြည်ဖြူစွာ မြတ်စွာ ဘုရားသျှင်အား ဖူးမြင်၍၊ တရား စကား နာယူစေဘို့ရာ (ဟေမဝတ) နတ်မင်းအား၊ ခေါ်ငင်-ယူဆောင်ရန်၊"ဟိမဝန္တာ"တောအတွင်း၌ရှိသော"ဟေမဝတ" တောင်သို့၊ ရှေးရှုသွားပြန်၏။

ဤပြဆိုအပ်ခဲ့ ပြီးသော စကားအစဉ်ဖြင့်၊ ရှေးအကြို၌၊ နတ်မင်းကြီးနှစ်ဦးတို့၏ (ကထာ)ခေါ်သော ဥပါသိကာ ဒါယိကာမ၏ နေရာ၊ အိမ်"ဂေဟာ"အထက်တည့်တည့်၌၊ တွေ့ကြုံဆုံစည်း၍ မေးမြန်း-ဖြေဆိုပုံ စကားတို့သည်ဒင်း=(ဟေမဝတ) သုတ် ပါဠိတော်၌ ပါရှိသော ပါဠိ-ဂါထာဖြင့် မေးမြန်း-ဖြေဆိုပုံစကားတို့သည်ဒင်း—

ဟေမဝတ-သုတ်-ပါဠိတော်လာ၊ ဂါထာဦးရေ၊ ၂၂

"တေံ လောကဿ နိယျာတံ၊
အက္ခာတံ ဝေါ ယထာတထံ။
တေံ ဝေါ အဟ မက္ခာမိ၊
ဧဝံ ဒုက္ခာ ပ မုစ္စတိ"။

ဟူသော ဂါထာ၏ အဆုံး၌၊ နတ်မင်းကြီးနှစ်ဦးတို့သည်၊ မိမိတို့၏အခြွေအရံနတ်(စစ်သည်)တထောင်တို့နှင့် အတူတကွ(သောတာပန်)တည်၊အရိယာနတ်သားဖြစ်ရပုံစကားတို့သည်ငှင်း=မြတ်စွာဘုရားသျှင်၏အထံ၌၊ မေးခွန်း ပုစ္ဆာ-မေး၍ အဖြေစကား၊ ကြားနာရပြီးနောက်-မိမိတို့၏-နေရင်း-ရပ်ဌာန်၊ ဘုံ=ဗိမာန်ဖြစ်သော (ဟေမဝတ) တောင်၊ (သာတ ဂိရိ) တောင်သို့ ပြန်သွားကြရန်၊ မြတ်စွာဘုရား၏ အထံ၌၊ ခွင့်ပန်လျှောက်ကြားပုံစသော ဝတ္ထုဇာတ်လမ်း၊ စခမ်း သိမ်းပုံတို့သည်ငှင်း= အဋ္ဌကထာပြ၊ ဝတ္ထုစကားအရ= ပါဠိတော်ပြ စကားအရ=ဘို့ဖြင့် ထင်ရှား ပြည့်စုံပြီးဖြစ်၏။

[ ˙ ယက္ခ သေနာ ပတိန် စ အယံ ဓမ္မတာ။ မာသေ မာသေ အဋ္ဌမိဝသာနိ ဓမ္မဝိနိစ္ဆ-ယတ္ထံ ဟိမဝတိ မနောသိလာတလေ နာဂ-ဝတိ မဏ္ဍပေ ဒေဝတာနံ သန္နိပါတော ဟောတိ။ တတ္ထ သန္နိ ပတိတဗ္ဗ-န္တိ။ အထ သာတဂိရိ ဟေမဝတာ တသ္မိံ သမာဂမေ အညမညံ ဒိသွာ သဥ္ဇာနိံသု။ ····လ။ အဋ္ဌ ပန္နရသော-တိ ] = ဟူ၏။

ထိုမှတပါး ဆိုဦးအံ့–

၌(ဟေမဝတ) နတ်မင်းနှင့် (သာတဂိရိ) နတ်မင်းတို့သည်၊၌(ဂေါတမ) မြတ်စွာဘုရားသျှင်၊ပွင့်တော်မူလာဦးစ+ "ဓမ္မစကြာ" တရားဟောတော်မူသောအချိန်ကစ၍၊ထင်ပေါ်ကျော်ကြားသော (နာမည်)

ပေါ်ထွက်၍လာရာ၊ မြတ်စွာဘုရားသျှင် ''ကပိလ'' ပြည်၏အနီး''မဟာဝုန်'' တောအုပ်ကြီး၌၊ ''မဟာသမယ'' သုတ္တန်တရား၊ ဟောကြား၍နေသောအခါ၌—

(က) (ဟေမဝတ) နတ်မင်းသည်၊ အခြွေအရံ နတ်ပရိသတ်ခြောက်ထောင်နှင့်ငှင်း—

(ခ) (သာတဂိရိ) နတ်မင်းသည်၊ အခြွေအရံနတ်ပရိသတ် သုံးထောင်နှင့်ငှင်း-အတူတကွ ရောက်လာကြ၍၊မြတ်စွာဘုရားသျှင်နှင့်၊ရဟန္တာပုဂ္ဂိုလ်ငါးရာတို့အား ဖူးမျှော်ကြကြောင်း။

(က) ဆသဟဿာ ဟေမဝတာ····ဟူ၍ငှင်း-

(ခ) သာတဂိရာ တိ သဟဿာ····ဟူ၍ငှင်း-

အစရှိ၍ ဟောတော်မူသောအရာသည်၊ ထင်ရှား၏။

ဤမျှဖြင့်၊ (ဟေမဝတ) နတ်မင်းနှင့်၊ (သာတဂိရိ)နတ်မင်းတို့၏ ဖြစ်စဉ်အထွေးပွတ္တိအကျဉ်းချုပ်ပြီး၏။

## ''ကာတိယာနီ''၊မည်ရှိ-သညာ၊ ဥပါသိကာ၊ဒါယိကာမ-၏ ''တေ-ဒဂ်'' ဘွဲ့ထူး + ဂုဏ်ထူး + ချီးကျူး-တင်မြှောက်ခြင်းရယူပုံ၊အကြောင်းစုံ ဝတ္ထု-ပြခန်း

(၁) [※''ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိ-ကာနံ အဝေစ္စ-ပ္ပသန္နာနံ ယ-ဒိဒံ ကာတိယာနီ''] ဟူ၏။

(အင်္ဂုတ္တိုရ်-ဧကနိပါတ်-ဧတ-ဒဂ္ဂဝဂ်)

(၁) ဘိက္ခဝေ၊ အို····ချစ်သား+ချစ်သမီးတို့။

မမ၊ သုံးလူ့ထွတ်တင်၊ငါဘုရားသျှင်၏။ သာဝိကာနံ၊ တပည့်မဖြစ်ကြကုန်သော။ အဝေစ္စ ပ္ပသန္နာနံ၊ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း ရှိကုန်သော။ ဥပါသိကာနံ၊ ရတနာသုံးရပ်၊ ဆည်းကပ် ကိုးကွယ်ခြင်းရှိကုန်သော။ ဥပါသိကာ၊ ဒါယိကာမ အပေါင်းတို့တွင်။ ယ-ဒိဒံ၊ (ယာ+သော-)ကာတိယာနီ၊ အကြင်(ကာတိယာနီ) အမည်ရှိသော ဥပါသိကာ ဒါယိကာမသည်။ အတ္တိ၊ထင်ရှားရှိ၏။

ဧတံ၊ (သော+ကာတိယာနီ) ထို(ကာတိယာနီ) အမည်ရှိသော ဥပါသိကာ ဒါယိကာမသည်။အဂ္ဂံ၊ (အဂ္ဂါ) တပည့်မ-ဇာနီ၊ သမ္ဘာမှီ လျက်၊ ပါရမီ-ထူးချွန်၊ ဂုဏ်ပေါင်းလွန်၍၊ အမွန်ဆုံး+ အမြင့်ဆုံး+ အမြတ်ဆုံး+ဖြစ်ပေ၏။

ဤသို့အားဖြင့်၊ ဗုဒ္ဓ-နှုတ်မြွက်၊မိန့်တော်ချက်ဖြင့်(ဧတ ဒဂ်)ဟူသော ဂုဏ်ထူး+ ဘွဲ့ထူး+ ချီးကျူးတင်မြှောက်ခြင်းဟူသော မင်္ဂလာအောင် ပန်းကို၊ ဆွတ်လှမ်း ပန်ဆင်ယင်ရသော (ကာတိယာနီ) အမည်ရှိသော ဥပါသိကာ ဒါယိကာ သူယော်မသည်လည်း၊နောက်၌ ပြဆိုအပ်ခဲ့ပြီးဖြစ်သော (ကာဠီ) ၏ဝတ္ထု၌ ပြဆိုအပ်ခဲ့ပြီးသော နည်းအတူ····

(ပဒုမ္မ-ဇ္ဈ၇) မြတ်စွာ ဘုရားသျှင်၏၊ လက်ထက်တော်အခါ၊(ဟံသာဝတီ)ပြည်၌၊ တခုသော အမျိုးအိမ်၌၊ ဖြစ်ပေါ်လာသော ထို(ကာတိယာနီ) ခေါ်သော ဥပါသိကာ-ဒါယိကာမ သည်၊ ထို (ပဒုမ္မ-ဇ္ဈ၇) မြတ်စွာဘုရားသျှင်သည်၊ တရားတော်၌၊ မတုန်မလှုပ် သက်ဝင် ကြည်ညိုခြင်းနှင့် ပြည့်စုံသောသူတို့အား၊ (အထူးအမြတ်ဆုံးသောသူ)-ဟူ၍

(တေဒဂ်) စကား၊ မိန့်ကြားတော် မူလျက် ရှိစဉ်၊ မြတ်စွာ ဘုရားသျှင်ကို၊ မျက်ဝါးထင်ထင်၊ ဖူးမြင်ရ၍၊ မိမိသည်လည်း၊ နောက်သောအခါ၊ဤကဲ့သို့ပင်၊ (အထူး အမြတ်ဆုံးသောသူ) ဖြစ်ရလိုမှုဖြင့်၊ ကုသိုလ်ပြု၍ ဆုတောင်းလေ၏။

ထို အမျိုးသမီးသည်၊ ကပ္ပါ-တသိန်းတို့တိုင်တိုင်၊ လူ့ပြည်+နတ်ပြည်+တို့၌၊ ကျင်လည်ခဲ့ရ ပြီးနောက်၊ ဤ (ဂေါတမ) မည်တွင်၊မြတ်စွာ ဘုရားသျှင်၏ လက်ထက်တော်၌၊ တခုသော အမျိုးအိမ်၌ ဖြစ်ရလေ၏။

ထိုသူငယ်မ၏ အမည်သည်ကား=“ကာဠီယာနီ” ဟူ၍-ခေါ်တွင်လေ၏။

ထိုအမျိုးသမီးသည် နောက်သောအခါ၊ အရွယ်သို့ ရောက်လတ်သော်-(ကုလ ဃရ) မြို့နေ “သောဏ” ရဟန်း၏ မယ်တော် (ကာဠီ) နှင့်၊ အကျွမ်းတဝင်၊ ချစ်ခင်ရင်းနှီးသော သူငယ်မ ဖြစ်ရလေ၏။

**အထူးမှတ်ချက်။**

[သာ အပရ ဘာဂေ ဝယ-ပတ္တာ ကုလ-ဃရိကာယ ကာဠိယာ သဟာယိကာ ဒဠှမိတ္တာ အဟောသိ။ ဟူ၏။]

## “အထူးမှတ်ချက်”

(ကာဠီ)-ဆိုသည်ကား=နောက်က ပြဆိုပြီး ဖြစ်သော “သောဏ” ထေရ်၏ မယ်တော်၊ (သောတာပန်) တည်၊ (ကာဠီ) ပင်ဖြစ်၏။

နောက်၌ ပြဆိုခဲ့ပြီး ဖြစ်သော (ကာဠီ) ကြီးမှူး စီမံအပ်သော သားတော် “သောဏ” ထေရ်၏၊ တရားပွဲး၌၊ ဤ (ကာဠီယာနီ) ခေါ်သော ဥပါသိကာ ဒါယိကာမသည်၊မိမိ၏မိတ်ဆွေဖြစ်သော (ကာဠီ)နှင့်အတူ ပရိသတ် အစွန်၌နေ၍၊ တရားနာယူနေ၏။

ထိုအခါ၊ ခိုးသား ငါးရာတို့သည်၊ မြို့တွင်း၌ နေ့-အခါ၌၊ မှတ်၍ထားအပ်သော အမှတ်အသားအတိုင်း (ကာဠီယာနီ) အိမ်ဝင်းခြံ၏ ပြင်ဘက်အစွန်းမှစ၍ (ဥမင်)လိုဏ်ခေါင်း-တူးကြရာ (ကာဠီယာနီ) ၏

အိမ်၏အတွင်းသို့ပင် (ဥမင်) လိုဏ်ခေါင်း အပေါက်ရောက်၍အိမ်ပေါ်သို့ တက်ဘိုရာ-မျှသာရှိတော့၏။

အိမ်သူ+အိမ်သားတို့သည်၊ တရားနာသွား၍နေသော ညဉ့်အချိန်၌၊ ထိုခိုးသူ အပေါင်းတို့တွင်၊ ခိုးသူကြီးသည်၊ တပည့်- ခိုးသားတို့နှင့်အတူ အိမ်(ဝင်းခြံ)အတွင်းသို့ မဝင်ရောက်သေးဘဲ၊ စုံစမ်းလိုသော အနေဖြင့်-ဤယခု တရားပွဲသို့ စည်းဝေးရောက်နေသော ပရိသတ်တို့သည် အဘယ်သို့ စိတ်နေ, စိတ်ထား, ရှိသနည်း-ဟု၊ စုံစမ်းအံ့သောငှါ **''သောဏ''**ထေရ်၏ တရားပွဲသို့သွား၍ ပရိသတ်အစွန်၌ ရပ်လျက်၊ ဤ(**ကာတိယာနီ**)ဥပါသိကာ ဒါယိကာမကြီး၏ နောက်နား ခပ်-ကျကျ၊ နေရာက ရပ်၍နေလေ၏။

ထိုအခါ(**ကာတိယာနီ**)သည် မိမိ၏အစေခံ-သူငယ်မကိုခေါ်၍၊ ဤသို့ပြောဆိုလေ၏။

(ဂစ္ဆ-ဇေ····)

အချင်း-သူငယ်မ+

အိမ်သို့ပြန်သွားချေ။ ။အိမ်သို့ပြန်သွားပြီးလျှင်၊ မီးအိမ်ကိုမီးထွန်း၍ ယူခဲ့လော၊ ငါ-တို့သည်၊ မီးရောင်အလင်းအောက်၌နေ၍ တရားနာကုန်အံ့-ဟု၊ ပြောဆို၏။

ထိုသူငယ်မသည် အိမ်သျှင်မ-ခိုင်းစေသော စကားအတိုင်း၊ အိမ်သို့ပြန်သွားရာ၊ အိမ်၏အနီး၊ လမ်းခရီးအကြား၌၊ ခိုးသူတို့ကိုမြင်၍ အိမ်သို့မသွားဘဲ၊ မြင်ရာအရပ်ကပင် ပြန်လာခဲ့ပြီးလျှင်—မိမိ၏ အသျှင်မအား ပြောဆိုလေ၏။

## (၂) အိမ်သျှင်မ၏စေတနာထားပုံ

(၂) **''ကာတိယာနီ''**ခေါ် အိမ်သျှင်မ-သည်၊ (အစေခံ)သူငယ်မ-ပြောသော စကားကိုကြား၍၊ ဤသို့ပြောဆို၏။

အို····ချစ်သမီး--

အသင်-သည် အသံ-ကို၊ လူကြားအောင် မပြောလေနှင့်—ဥစ္စာ-ဆောင်ယူမည့်-ခိုးသူတို့မည်သည်၊ မိမိတို့မျက်စိ၌ တွေ့မြင်သမျှ ကိုသာ၊

ယူလိမ့်မည်၊(မမြင်ရာ၌ရှာဖွေ၍မယူနိုင်)ငါ-တို့မှုကား၊ဤယခုညဥ့်အခါ ကြားနာရခဲလှစွာသောတရားစကားကို၊ကြားနာ၍နေကုန်အံ့=တရား တော်၏ အနှောင့်အရှက်မပြုလေနှင့်-ဟု၊ ပြောဆိုတားမြစ်လေ၏။

## (၃) ခိုးသူကြီး၏ အကြံအစည်ပြုပုံ စကားအစဉ်

(၃) ခိုးသူကြီးသည်၊ (အစေခံ-မ)၏၊ (အသျှင်မ) ကို ပြောဆို သော အသံကို ကြား၍၊ ဤသို့ ကြံစည်မိလေ၏။

ဤ အိမ်သျှင်မ-သည်၊ ဤ(အစေခံ-မ) ပြောသောစကားကို ကြား ၍၊ နေအိမ်သို့ အကယ်၍၊ ပြန်သွားသည် ဖြစ်အံ့။

ဤ အိမ်သျှင်မ-ကို၊ ဤလမ်းခရီး အကြား၌ပင်(သန်လျက်ဖြင့်)နှစ် ပိုင်း-ပိုင်းဖြတ်၍၊ အသေသတ်အံ့=ဟူသော-အကြံတမျိုး၊=

(သို့မဟုတ်)

ဤ အိမ်သျှင်မသည်၊ ကျွန်မ-ပြောသောစကားကို၊ အရေး-တမူ၊ အလေးမပြုဘဲ၊ ရှေးအဘို့က အကြံအစည် ပြုသည့်အတိုင်း၊ တရား နာယူအံ့=ဟူသော အာရုံကို မဖျက်မူ၍၊ ဆက်လက်၍ တရား ယူနေသည် ဖြစ်အံ့၊ မိမိ၏ တပည့်-ငယ် သူခိုး-တို့ ယူသွားပြီးသော ပစ္စည်းတို့ကို၊ တဖန် ပြန်၍ပေးစေအံ့=ဟူသောအကြံတမျိုး။

ဤ ၂-မျိုးသော အကြံအစည်တို့ကို စိတ်ကူးလျက် နေ၏။

ထိုအခါ၊ ခိုးသူကြီးသည်၊ (အစေခံ) သူငယ်မ ပြောသောစကားကို ကြား၍ တမျိုး-ဆင်ခြင်မိပြန်၏။

မြင့်မြတ်သော စိတ်နှလုံးသွင်းခြင့် တည်ရှိ၍နေသော ဤအိမ်သျှင် မကြီး၏၊ အိမ်၌ရှိသော ပစ္စည်းကို၊ ခိုးယူကြကုန်သော သူတို့သည်၊ (မဟာပထဝီ) မြေကြီးအပြင်ကို၊ ဖေါက်ခွဲ၍၊ ငရဲကျဘို့သာ ရှိတော့ သည်ဟု၊ (ချမ်းသာဘို့ရာ-မရှိတော့ချေ=ဟူ၏) ပြန်လည်-စဉ်းစား ပြီးလျှင်၊ မိမိ-လက်အောက်ခံ-ခိုးသားငယ်တို့ယူသော ပစ္စည်းတို့ကို၊ပြန် လည်၍၊ ထားစေပြီးလျှင်၊ ခိုးသားငယ်တို့နှင့်အတူ၊ တရားပွဲသို့-သွား ကြပြီးလျှင်၊ ပရိသတ်အစွန်၌-နေ၍ တရားနာယူကြကုန်၏။

ထို ညဥ့်-တရားပွဲကြီး၊ ပြီးဆုံးသောအခါ၊ (**ကာတိယာနီ**) ခေါ်၊ ဥပါသိကာ-ဒါယိကာမသည်၊ (သောတာပန်)တည်၊အရိယာ-အမျိုးသမီးတဥုး၊ ထူးထူး-ခြားခြား ဖြစ်ရလေ၏။

### (၄) နိုးသူကြီး၏ တောင်းပန်ပုံစကား

(၄) ထိုနောက်၊—

တရားပွဲ-သိမ်းပြီး၍၊ နံနက်အရုဏ်တက်သော အချိန်သို့ရောက်သောအခါ၊ ခိုးသူကြီးသည်၊ (**ကာတိယာနီ**) ဥပါသိကာ-ဒါယိကာမကြီး၏၊ နေအိမ်သို့သွား၍ ခြေရင်း၌ဝပ်လျက်၊ဤသို့ ခွင့်ပန်စကား၊ပြောကြားလေ၏။

အသျှင်မ၊—

အလုံးစုံသော အကျွန်ုပ်တို့အား၊ (ကျွန်ုပ်တို့ ပြုမှားမိသော အမှုအတွက်၊ သည်းခံပါ)ဟု-တောင်းပန်စကား၊ပြောကြားလေ၏။

### (၅) ''ကာတိယာနီ'' ဥပါသိကာ ဒါယိကာမ ကြီး၏ စကားအဆို

(၅) အမောင်တို့သည်၊ ကျွန်ုပ်တို့အပေါ်၌၊ အဘယ်သို့ ပြုမှားမိကြ-ကုန်ဘိသနည်း-ဟု၊ မေးမြန်းလေ၏။

### (၆) နိုးသူကြီးသည် (ဖေါ်-ကောင်) ပြုလုပ်လျက်၊ ပြောဆိုပုံစကား

(၆) ခိုးသူကြီးသည်၊ (**ကာတိယာနီ**)၏ ပစ္စည်းတို့ကို၊ ခိုးယူရန်ကြံစည်-ပြုလုပ်ပုံ၊ ခိုးယူပြီးသော ပစ္စည်းတို့ကို၊ ပြန်၍ ထားပုံမှ-စ၍ အလုံးစုံ ဖေါ်ပြလျက်၊ ခွင့်လွှတ်ရန်- တောင်းပန်စကား၊ ပြောကြားလေ၏။

### (၇) ''ကာတိယာနီ'' ၏၊ ခွင့်လွှတ်ပုံ စကားအဆို-ပြချက်

(၇) အမောင်တို့၊—

အမောင် တို့သည်၊ ပြောဆိုအပ် ခဲ့ပြီးသော လုပ်ငန်းစဉ်အကိုင်း၊ ခိုးယူ-ပြုလုပ်ခဲ့မိသော အပြစ်မှ၊ ခွင့်လွှတ်ပါ၏-ဟု၊ ပြန်ကြား ပြောဆိုလေ၏။

## (၈) နိုးသူကြီး၏ ပြောဆို-ခွင့်ပန်ချက် စကား

(၈) အသျှင်မ—

အကျွန်ုပ်တို့၏ အပေါ်၌ ပြုမှားမိသော အမှုအတွက်၊ ဤကဲ့သို့ ပြောဆို၍ အပြစ်မှခွင့်လွှတ်ခြင်းသည်၊ စင်စစ်အမှန်၊ပြုမိသော''ကံ''ကို ခွင့်လွှတ်ရာ-မမည်ပါချေ။

အကျွန်ုပ်တို့လိုလားအပ်သောအပြစ်မှ ခွင့်လွှတ်ချက်ဆိုသည်ကား—

အသျှင်မ-တို့၏ သားရင်းအစစ်၊ ရင်နှစ်သည်းချာဖြစ်သော အသျှင်မြတ်''သောဏ'' ထေရ်၏အထံ၌၊အကျွန်ုပ်တို့-နိုးသားငါးရာကို၊ရဟန်းပြု၍ပေးရန် ခွင့်ပန်ပေးစေလိုပါ၏။

ဤကဲ့သို့ အခွင့်ပန်၍၊ ရဟန်းအဖြစ်ပြုစေခြင်းသည်သာလျှင်၊ အသျှင်မ၏အပေါ်၌ အသျှင်မ၏ပစ္စည်းတို့ကို၊ နိုးယူမှု- ပြုမိသော ''ကံ'' ဟူသောအပြစ်ကို၊ခွင့်လွှတ်ခြင်း-မည်ပါ၏-ဟု၊ ပြောဆိုတောင်းပန်လေ၏။

## (၉) ''ကာတိယာနီ''ဥပါသိကာမ၏၊ အပြစ်မှ၊ ခွင့်လွှတ်ရန် ပြုစီမံပုံပြခန်း

(၉) အသျှင်မ''ကာတိယာနီ''ဥပါသိကာမသည်၊ ထိုနိုးသား-ငါးရာတို့ကို၊ ခေါ်ငင်-ယူဆောင်၍၊ သားတော် ''သောဏ'' ထေရ်အထံ၌၊ အပ်နှံ၍၊ ရဟန်းပြုပေးလေ၏။

## (၁၀) နိုးသားငါးရာတို့၏၊အတိတ်ကုသိုလ် ''ကံ'' ပြဖန်ထောက်ပံ့ပုံ ပြခန်း

(၁၀) နိုးသား ငါးရာတို့သည်၊အသျှင်''သောဏ'' ထေရ်၏ အထံ၌၊ ရဟန်းပြုကြပြီးလျှင်၊ ဝိပဿနာအလုပ်၊ အားထုတ်ပွါးများ ကြရာ၊ ထိုငါးရာသော ရဟန်းတို့သည် ''အာသဝေါ'' လေးဖြာ၊ကင်းစင်ကွာ၍၊ ရဟန္တာပုဂ္ဂိုလ်-ဟူသော အရိယာ-ဘုံသို့၊ နိဗ္ဗာန်ဆိုက်ကပ်တော်မူကြရကုန်၏။

## (၁၁) ''ကာတိယာနီ''ခေါ် ဥပါသိကာမ-အား ''ဧတဒဂ်''ဂုဏ်ထူး + ဘွဲ့ထူး + ဖြင့်၊ချီးကျူးပုံပြဆိုခဏ်း

(၁၁) ထိုနောက်—

မြတ်စွာဘုရားသျှင်သည်၊ ''ဇေတဝန်'' ကျောင်းတော်၌၊ သီတင်းသုံးနေတော်မူစဉ်၊ တနေ့သောအခါ၌၊ ဥပါသိကာ-ဒါယိကာမတို့အား၊ တရားတော်၌ မတုန်-မလှုပ်၊ သက်ဝင်ကြည်ညိုခြင်းနှင့် ပြည့်စုံသောသူကို [''ဧတဒဂ်'' ပေးသနားတော်မူရန်အချိန်၌] ဤပြဆိုခဲ့ပြီးဖြစ်သော ''ကာတိယာနီ'' ခေါ်၊ ဥပါသိကာဒါယိကာမ-၏ အာ-ပ္ပည့် အကြိမ် ကြီးသဖြင့် အရိယာဂိုဏ်းဝင်၊ သူတော်စင် ပရိသတ်အစုံတို့၏အလယ်၌၊ ဤသို့-မိန့်ဆိုတော်မူ၏။

[※''ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာ-နံ အ-ဝေစ္စ-ပ္ပသန္နာနံ ယ-ဒိဒံ ကာတိယာနီ'']

ဟူ၍-ဂုဏ်ထူးဆောင်၊ ဘွဲ့တံဆိပ်၊ခတ်နှိပ်-ချီးမြှင့် တော်မူ၏။ အနက်ဖေါ်ပြပြီးဖြစ်၏။

## အထက်ဖေါ်ပြပါ၊ (ကာတိယာနီ) ဥပါသိကာ ဒါယိကာမကြီးအား၊ (ဧတဒဂ်) ပေးသော ပါဠိတော်အဖွင့်အဋ္ဌကထာပါဠိ၊ ဖေါ်ပြချက်

(၁)※ အဋ္ဌမေ အ-ဝေစ္စ-ပ္ပသန္နာန-န္တိ = အဝိဂတေန အစလ-ပ္ပသာဒေန သမန္နာ-ဂတာနံ ဥပါသိကာနံ ''ကာတိယာနီ'' အဂ္ဂါ-တိ ဒဿေတိ။

(၂) သာ ကိရ ပဒုမု-တ္တရ ဗုဒ္ဓ-ကာလေ ဟံသာဝတိ-ယံ ကုလ-ဂေဟေ နိဗ္ဗတ္တာ သတ္ထာရံ ဓမ္မံ ဥပါသိကံ အ-ဝေစ္စ-ပ္ပသန္နာနံ အဂ္ဂဋ္ဌာနေ ထပေန္တံ ဒိသွာ အဓိ-ကာရ-ကမ္မံ ကတွာ တံ ဌာန-န္တရံ ပတ္ထေသိ။

(၃) သာ ကပ္ပ သတ သဟဿံ ဒေဝ မနုဿေသု သံသရိတွာ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ ကုလ-ဂေဟေ နိဗ္ဗတ္တိ။ "ကာတိယာနီ" တိ-ဿာ နာမံ အကံသု။

(၄) သာ အပရ-ဘာဂေ ဝယ-ပတ္တာ ကုလ-ဃရိကာ-ယ ကာဠိယာ သဟာယိကာ ဒဠှ-မိတ္တာ အဟောသိ။

(၅) ယဒါ ပန ကောဋိ- ကဏ္ဏ- သောဏ-တ္ထေရော ဒသ-ဗလဿ ကထိတ နိယာမေန မယှံပိ ဓမ္မံ ကထေဟီ-တိ မာတရာ ယာစိတော ရတ္တိ-ဘာဂေ အန္တော-နဂရေ အလင်္ကတ ဓမ္မာ-သနေ နိသီဒိ-တွာ မာတရံ သက္ခိံ ကတွာ ဓမ္မ-ဒေသနံ အာရဘိ။

(၆) တဒါ အယံ "ကာတိယာနီ" ဥပါသိကာ "ကာဠိယာ" သဒ္ဓိံ ဂန္တွာ ပရိသာ-ပရိယန္တေ ဓမ္မံ-သုဏန္တီ အဋ္ဌာသိ။

(၇) တသ္မိံ သမယေ ပဉ္စ-မတ္တာနိ စောရသတာနိ အန္တော-နဂရေ ဒိဝါ ကတ သညာယ ကောဋိ-တော ပဋ္ဌာယ "ဥမင်္ဂံ" ခနိတွာ ဣမိဿာ "ကာ-တိယာနိယာ" ဃရံ သမ္ပာပုဏိံသု။

တေသံ စောရဇေဋ္ဌကော တေဟိ သဒ္ဓိံ အ-ပဝိသိတွာ [ကိံ နု ခေါ အယံ ပရိသာ သန္နိပတိ-တာ-တိ, ဝီမံသနတ္ထာယ "သောဏ" တ္ထေရဿ ဓမ္မ ကထိတ-ဋ္ဌာနံ ဂန္တွာ ပရိသာ-ပရိယန္တေ တိဋ္ဌ-မာနော ဣမိဿာ "ကာတိယာနိယာ" ပိဋ္ဌ-ပဿေ အဋ္ဌာသိ။

(၈) တသ္မိံ သမယေ "ကာတိယာနီ" ဒါသိံ အာ-မန္တေသိ။ (ဂစ္ဆ + ဇေ) ဂေဟံ ပဝိသိတွာ ဒီပ-တေလံ အာဟရ။ မယံ ဒီပေ ဇာလေတွာ ဓမ္မံ သောဿာမာ-တိ။ သာ ဃရံ ဂန္တွာ (ဒီပံ ဇာလေ-တွာ) ဥမင်္ဂေ စောရေ ဒိသွာ ဒီပ-တေလံ အ-ဂဟေတွာ-ဝ, အာဂန္တွာ အတ္တနော အယျာယ အာ-ရောစေသိ။ [အယျေ ဂေဟေ စောရာ ဥမင်္ဂံ ခနန္တိ-တိ။]

(၉) တံ သုတွာ စောရ-ဇေဋ္ဌကော စိန္တေသိ (*သ-စာ-ယံ ဣမိဿာ ကထံ ဂဟေတွာ ဂေဟံ ဂမိဿတိ၊) (*ဧတ္ထေ-ဝ နံ အသိနာ ဒွေဓာ ဆိန္ဒိဿာမိ။) (*သစေ ပန ဂဟိတ-နိမိတ္တေနေဝ ဓမ္မံ သုဏိ-ဿတိ။) (စောရေဟိ ဂဟိတ-ဘဏ္ဍကံပိ ပုန ဒါပေဿာမိ-တိ။)

(၁၀) "ကာတိယာနီ"ပိ ခေါ ဒါသိယာ ကထံ သုတွာ အမ္မ, မာ,သဒ္ဒံ ကရိ။ စောရာ နာမ ဟရန္တာ အတ္တနာ ဒိဋ္ဌကမေဝ ဟရိဿန္တိ။ အဟံ ပန အဇ္ဇ ဒုလ္လဘံ ဓမ္မ-သဝနံ သုဏိဿာမိ။ မာ,ဓမ္မဿ အန္တရာယံ ကရောဟိ-တိ အာဟ။

(၁၁) *စောရ-ဇေဋ္ဌကော တဿာ ဝစနံ သုတွာ စိန္တေသိ။ ဣမိဿာ မဟန္တ-အဇ္ဈာသယေန ဌိတာယ နာမ ဂေဟေ ဘဏ္ဍံ အာဟရန္တေဟိ အမှေဟိ မဟာပထဝိံ ပဝိသိတဗ္ဗံ ဘဝေယျာ-တိ။

(၁၂) သော တာဝဒေဝ ဂန္တွာ စောရေဟိ ဂဟိတ-ဂဟိတံ ဘဏ္ဍံ ဆဍ္ဍာပေတွာ စောရေဟိ သဒ္ဓိံ

အာဂန္တွာ ခမ္ဘ် သုဏန္တော ပရိသာ-ပရိယန္တေ အဋ္ဌာသိ။

(၁၃) ''ကာတိယာနီ''ပိ ဥပါသိကာ ထေရဿ ဒေ-သနာ-ပရိယောသာနေ သောတာပတ္တိဖလေ ပတိ-ဋ္ဌာသိ၊ အထ-ဿာ အရုဏော ဥဂ္ဂတေ စောရ-ဇေဋ္ဌကော ဂန္တွာ ဥပါသိကာယ ပါဒေသု ပတိတွာ ''အယျေ သဗ္ဗံ-ယေဝ နော ခမာဟိ-တိ အာဟ''။

(၁၄) ကိံ ပန တုမှေဟိ မယှံ ကတ-န္တိ။ သော သဗ္ဗံ အတ္တနာ ကတ-ဒေါသံ အာရောစေသိ။ တေနဟိ တာတာ ခမာမိ တုမှာက-န္တိ။ ''အယျေ အမှာကံ ဧဝံ ခမိတံ နာမ န ဟောတိ။ တုမှာကံ ပန ပုတ္တ-ဿ ထေရဿ သန္တိကေ သဗ္ဗံ-ယေဝ နော,ပဗ္ဗဇ္ဇံ ဒါပေဟိ-တိ''။

(၁၅) သာ သဗ္ဗေပိ တေ ဂဟေတွာ ''ကောဋိကဏ္ဏ-သောဏ-''ထေရဿ သန္တိကေ ပဗ္ဗာဇေသိ။ တေပိ ခေါ စောရာ ထေရဿ သန္တိကေ ပဗ္ဗဇိတာ သဗ္ဗေဝ အရဟတ္တံ ပါပုဏိံသု။ (ဧဝ-မေတံ ဝတ္ထု သမုဋ္ဌိတံ။)

(၁၆) အပရ-ဘာဂေ သတ္ထာ ဇေတဝနေ ဝိဟရန္တော ဥပါသိကာယော ဌာန-န္တရေသု ထပေန္တော ''ကာ-တိယာနိံ'' ဥပါသိကံ အ-ဝေစ္စ-ပ္ပသန္နာနံ အဂ္ဂ-ဋ္ဌာ-နေ ထပေသိ-တိ။

အင်္ဂုတ္တိုရ်-ဧကနိပါတ်၊ တေဒဂ္ဂဝဂ္ဂ-အဋ္ဌကထာ ''ကာတိယာနီ''အဋ္ဌကထာပြ စကား(၃၅၉+၃၆၀)

# သုတ္တနိပါတ်

## (၁)ဥရဂ-ဝဂ်၊ (၉)ဟေမဝတသုတ်-ပါဠိတော်။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

### (၁) သာတာဂိရိ နတ်မင်းကြီး၏ ချီးကျူးပုံပြ-ဂါထာ။

၁ * အဇ္ဇ ပန္နရသော ဥပေါသထော၊
ဣတိ သာတ-ဂိရော ယက္ခော။
ဒိဗ္ဗာ ရတ္တိ ဥပ-ဋ္ဌိတာ၊
အနောမ နာမံ သတ္ထာရံ။
ဟန္ဒ ပဿာမ ဂေါတမံ။

---

### (၂) ဟေမဝတ နတ်မင်း၏ အမေး-ဂါထာ။

၂ * ကစ္စိ မနော သု-ပဏိဟိတော၊
ဣတိ ဟေမ·ဝတော ယက္ခော။
သဗ္ဗ-ဘူတေသု တာဒိနော၊
ကစ္စိ ဣဋ္ဌေ, အနိဋ္ဌေ,စ။
သင်္ကပ္ပ-ဿ ဝသီ ကတာ။

---

### (၃) သာတာဂိရိ နတ်မင်း၏ အဖြေ-ဂါထာ။

၃ * မနောစ-ဿ သု-ပဏိဟိတော၊
ဣတိ သာတ-ဂိရော ယက္ခော။
သဗ္ဗ-ဘူတေသု တာဒိနော၊
အထော ဣဋ္ဌေ, အနိဋ္ဌေ,စ။
သင်္ကပ္ပ-ဿ ဝသီ ကတာ။

(၄) ဟေမဝတ နတ်မင်း၏ အမေး-ဂါထာ။

၄ * ကစ္စိ အ-ဒိန္နံ နာ-ဒိယတိ၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ ပါဏေသု, သညတော၊
ကစ္စိ အာရာ, ပမာဒ မှာ။
ကစ္စိ ဈာနံ န ရိဉ္စတိ။

(၅) သာတာဂိရိ နတ်မင်း၏ အဖြေ-ဂါထာ။

၅ * န သော အ-ဒိန္နံ အာဒိယတိ၊
ဣတိ သာတာ-ဂိရော ယက္ခော။
အထော ပါဏေသု, သညတော၊
အထော အာရာ, ပမာဒမှာ။
ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ။

(၆) ဟေမဝတ နတ်မင်း၏ အမေး-ဂါထာ။

၆ * ကစ္စိ မုသာ န ဘဏတိ၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ န ခီဏ-ဗျပ္ပထော၊
ကစ္စိ ဝေဘူတိယံ နာ-ဟ။
ကစ္စိ သမ္ဖံ န ဘာသတိ။

(၇) သာတာဂိရိ နတ်မင်း၏ အဖြေ-ဂါထာ။

၇ * မုသာ စ သော န ဘဏတိ၊
ဣတိ သာတာ-ဂိရော ယက္ခော။
အထော န ခီဏ-ဗျပ္ပထော၊
အထော ဝေဘူတိယံ နာ-ဟ။
မန္တာ အတ္ထံ သော ဘာသတိ။

(၈) ဟေမဝတ နတ်မင်း၏ အမေး—ဂါထာ။

၈ * ကစ္စိ န ရဇ္ဇတိ ကာမေသု၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ စိတ္တံ အနာ-ဝိလံ၊
ကစ္စိ မောဟံ အတိ-က္ကန္တော။
ကစ္စိ ဓမ္မေသု စက္ခုမာ။

(၉) သာတာဂိရိ နတ်မင်း၏ အဖြေ-ဂါထာ။

၉ * န သော ရဇ္ဇတိ ကာမေသု၊
ဣတိ သာတာ-ဂိရော ယက္ခော။
အထော စိတ္တံ အနာ-ဝိလံ၊
သဗ္ဗ-မောဟံ အတိ-က္ကန္တော။
ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ။

(၁၀) ဟေမဝတ နတ်မင်း၏အမေး-ဂါထာ။

၁၀ * ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ သံ-သုဒ္ဓ-စာရဏော၊
ကစ္စိ-ဿ အာသဝါ ခီဏာ။
ကစ္စိ နတ္ထိ ပုန-ဗ္ဘဝေါ။

(၁၁) သာတာဂိရိ နတ်မင်း၏ အဖြေ—ဂါထာ။

၁၁ * ဝိဇ္ဇာယ စေဝ သမ္ပန္နော၊
ဣတိ သာတာ-ဂိရော ယက္ခော။
အထော သံ-သုဒ္ဓ-စာရဏော၊
သဗ္ဗ-ဿ အာသဝါ ခီဏာ။
နတ္ထိ တဿ ပုန-ဗ္ဘဝေါ။

(၁၂) မြတ်စွာဘုရားသျှင်အား၊ ဟေမဝတနတ်မင်းက
ချီးကျူးပုံပြ-ဂါထာ။

၁၂ ※ သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာ စရဏ သမ္ပန္နံ၊
ဓမ္မတော နံ ပ-သံသသိ။

---

(၁၃) သာတာဂိရိ-နတ်မင်းက၊ ဟေမဝတနတ်မင်းအား
ပြန်ကြားပြောဆိုပုံပြ-ဂါထာ။

၁၃ ※ သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာ စရဏ သမ္ပန္နံ၊
ဓမ္မတော အနု-မောဒသိ။

---

(၁၄) သာတာဂိရိ-နတ်မင်းက၊ ဟေမဝတနတ်မင်းအား၊ မြတ်စွာဘုရား
အထံသို့ဖူးမျှော်ရန်သွားကြဘို့ ခေါ်ဆောင်သော-ဂါထာ။

၁၄ ※ သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပ္ပထေန စ။
ဝိဇ္ဇာ စရဏ သမ္ပန္နံ၊
ဟန္ဒ ပဿာမ ဂေါတမံ။

---

(၁၅) ဟေမဝတ-နတ်မင်းက၊ မြတ်စွာဘုရားသျှင်အား
ချီးကျူးလျက်၊ သာတာဂိရိနတ်မင်းအား ပြောဆိုပုံ-ဂါထာ။

၁၅ ※ ဏေဏိ-ဇင်္ဃံ ကိသံ ဝီရံ၊
အပ္ပါ-ဟာရံ အ-လောလုပံ။
မုနိံ ဝနသ္မိံ ဈာယန္တံ၊
ဧဟိ ပဿာမ ဂေါတမံ။

---

(၁၆) မြတ်စွာဘုရားအထံသို့၊ တရားနာသွားကြရန် ပြောဆိုပုံပြ-ဂါထာ။

၁၆ * သီဟံ ဝေ-က-စရံ နာဂံ၊
ကာမေသု အန-ပေက္ခိနံ။
ဥပ-သင်္ကမ္မ ပုစ္ဆာမ၊
မစ္စု- ပါသ- ပမောစနံ။

---

(၁၇) နတ်မင်းကြီးနှစ်ဦးတို့၊ မြတ်စွာဘုရားအထံ၌၊ ပုစ္ဆာစကား လျှောက်ကြားရန် ခွင့်တောင်းပုံပြ-ဂါထာ။

၁၇ * အက္ခာ-တာရံ ပ-ဝတ္တာရံ၊
သဗ္ဗ-ဓမ္မာန ပါရဂုံ၊
ဗုဒ္ဓံ ဝေရ-ဘယာ-တီတံ၊
မယံ ပုစ္ဆာမ ဂေါတမံ။

---

(၁၈) နတ်မင်းကြီးနှစ်ဦးတို့၏ အမေး-ဂါထာ။

၁၈ * ကိသ္မိံ လောကော သမုပ္ပန္နော၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ၊
ကိဿ လောကော ဥပါဒါယ။
ကိသ္မိံ လောကော ဝိ-ဟညတိ။

---

(၁၉) မြတ်စွာဘုရားသျှင်၏ အဖြေ-ဂါထာ။

၁၉ * ဆသု လောကော သမုပ္ပန္နော၊
ဟေမ-ဝတာ-တိ ဘဂဝါ။
ဆသု ကုဗ္ဗတိ သန္ထဝံ၊
ဆန္န မေဝ ဥပါဒါယ။
ဆသု လောကော ဝိ-ဟညတိ။

(၂၀) ဟေမဝတ နတ်မင်း၏ အမေး-ဂါထာ။

၂၀ ⁘ ကတမသ္မိံ ဥပ္ပန္နော၊
ယသ္မိံ လောကော ဝိ-ဟညတိ။
နိယ္ယာနံ ပုစ္ဆိတော ဗြူဟိ။
ကထံ ဒုက္ခာ ပ-မုစ္စတိ။

---

(၂၁) မြတ်စွာဘုရားသျှင်၏အဖြေ-ဂါထာ။

၂၁ ⁘ ပဉ္စ-ကာမ-ဂုဏာ လောကေ၊
မနော-ဆဋ္ဌာ ပ-ဝေဒိတာ။
ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ။
ဧဝံ ဒုက္ခာ ပ-မုစ္စတိ။

---

(၂၂) မြတ်စွာဘုရားသျှင်၏အဖြေ-ဂါထာ။

၂၂ ⁘ ဧတံ လောကဿ နိယ္ယာနံ၊
အက္ခာတံ ဝေါ ယထာ-တထံ။
ဧတံ ဝေါ အဟံ-မက္ခာမိ၊
ဧဝံ ဒုက္ခာ ပ-မုစ္စတိ။

---

(၂၃) ဟေမဝတ နတ်မင်း၏ အမေး-ဂါထာ။

၂၃ ⁘ ကောသု-ဓ,တရတိ ဩဃံ၊
ကော-ဓ,တရတိ အဏ္ဏဝံ။
အ-ပ္ပတိဋ္ဌေ အနာ-လမ္ဗေ၊
ကော ဂမ္ဘီရေ န သီဒတိ။

(၂၄) မြတ်စွာဘုရားသျှင်၏ အဖြေ-ဂါထာ။

၂၄ * သဗ္ဗဒါ သီလ-သမ္ပန္နော၊
ပညဝါ သု-သမာဟိတော။
အဇ္ဈတ္တ-သညီ သတိမာ၊
ဩဃံ တရတိ ဒုတ္တရံ။

(၂၅) မြတ်စွာဘုရားသျှင်၏ အဖြေ-ဂါထာ။

၂၅ * ဝိရတော ကာမ-သညာယ၊
သဗ္ဗ-သံ-ယောဇနာ-တိ-ဂေါ။
နန္ဒီ-ဘဝ-ပရိက္ခီဏော၊
သော ဂမ္ဘီရေ န သီဒတိ။

(၂၆) ဟေမဝတ နတ်မင်း၏ ချီးကျူးပုံပြ-ဂါထာ။

၂၆ * ဂမ္ဘီရ-ပညံ နိပုဏ-တ္ထ-ဒဿိံ၊
အ-ကိဉ္စနံ ကာမ-ဘဝေ အ-သတ္တံ။
တံ ပဿထ သဗ္ဗဓိ ဝိ-ပ္ပ-မုတ္တံ၊
ဒိဗ္ဗေ ပထေ စက်မန် မဟေသိံ။

(၂၇) ဟေမဝတ နတ်မင်း၏ ချီးကျူးပုံပြ-ဂါထာ။

၂၇ * အနောမနာမံ နိပုဏ-တ္ထ-ဒဿိံ၊
ပညာဒဒံ ကာမာ-လယေ အ-သတ္တံ။
တံ ပဿထ သဗ္ဗ-ဝိဒုံ သု-မေဓံ၊
အရိယေ ပထေ စက်မန် မဟေသိံ။

(၂၈) ဟေမဝတ နတ်မင်း၏ ချီးကျူးပုံပြ-ဂါထာ။

၂၈ * သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊
သု-ပ္ပဘာတံ သု-ဟုဋ္ဌိတံ။
ယံ,အဒ္ဒသာမ သမ္ဗုဒ္ဓံ၊
ဩဃ-တိဏ္ဏံ အနာ-သဝံ။

(၂၉) ဟေမဝတနတ်မင်း၏ ချီးကျူးပုံပြ-ဂါထာ။

၂၉ ※ ဣမေ ဒသ သတာ ယက္ခာ၊
ဣဒ္ဓိမန္တော ယသ သိနော။
သဗ္ဗေ တံ သရဏံ ယန္တိ၊
တွံ နော သတ္ထာ အနု-တ္တရော။

(၃၀) မိမိတို့၏နေရင်းရပ်ဌာန်၊ပြန်သွားကြရန် ခွင့်ပန်စကား၊ လျှောက်ကြားပုံပြ-ဂါထာ။

၃၀ ※ တေ မယံ ဝိစရိဿာမ၊
ဂါမာ ဂါမံ, နဂါ နဂံ။
နမဿ မာနာ သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ သု-ဓမ္မ-တ-န္တိ။

ဣတိ သုတ္တနိပါတေ
ဟေမ-ဝတ သုတ္တံ နိဋ္ဌိတံ။

# ဟေမဝတသုတ္တန်ပါဠိတော်
# မြန်မာဘာသာပြန်

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

“သာတဂိရိ”-နတ်မင်းနှင့်၊ “ဟေမဝတ”နတ်မင်းတို့ တွေ့ဆုံကြရာ၌၊ “ဟေမဝတ” နတ်မင်းအား၊ “သာတဂိရိ” နတ်မင်း၏ တိုက်တွန်းပုံစကား(၁)အမှတ်ပြဂါထာ။

(၁) *“အဇ္ဇ ပန္နရသော ဥပေါသထော၊
ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ၊
အနောမနာမံ သတ္ထာရံ။
ဟန္ဒ ပဿာမ ဂေါတမံ”။

မြန်မာဘာသာပြန်

(၁) ※ အို…အဆွေ“ဟေမဝတ”နတ်မင်း။

※ ဤ(ယနေ့)သည်ကား= [ဘိုးတော် မဟာအဋ္ဌန မင်းကြီး၏ မြို့ကြွင်း,မဟာသက္ကရာဇ် (၁၀၃) ခုနှစ်--] “အာသဠှ” နက္ခတ်အလို၊ ဝါဆိုလပြည့်, စနေနေ့,တဆဲ့ငါးရက်၊ ပန္နရသီ၊ (တိ-ထိ) ဇေသည့်၊ “ဥပုသ်”နေ့ပေတည်း-နတ်မင်း=

※ အို…အဆွေ“ဟေမဝတ” နတ်မင်း။

※ ဤယနေ့(ညဉ့်အခါ)သည်ကား အထက် မိုးကောင်းကင် အပြင်၌၊ မိုးသားတိမ်ပုပ်တို့နှင့်၊ ဖုံးလွှမ်းခြင်းမှ ကင်းလွတ်လျက်၊ လွတ်ဆွတ် ဖြူစင်သော(လ)ပြည့်ဝန်း၏ အရောင်နှင့်ရှင်း= နတ်တို့၏ အဝတ်တန်းဆာ အရောင်စသည်တို့နှင့်ရှင်း ထွန်းပြောင်တောက်ပသည်ဖြစ်၍ တည်နေသော (အာသဠှ) နက္ခတ်-အလို၊ ဝါဆိုလပြည့်၊ စနေနေ့-(ညဉ့်-အခါ) ဖြစ်ပေ၏-နတ်မင်း=

※ အို....အဆွေ"ဟေမဝတ"နတ်မင်း။

※ ဤယခုအခါ၌[သစ္စာလေးပါး တရားအစဉ်ကို၊ ကိုယ်တော်တိုင် သိမြင်တော်မူတတ်သော သတ္တိသဘောကြောင့် (၄၁) =သူတပါး တို့ကိုသိမြင်စေတတ်သောသတ္တိသဘောကြောင့်(၄၁)=]ဤသို့စသော နည်းဖြင့်၊အရာ,အထောင်,မကမများစွာသောဂုဏ်တော်ပုဒ်တို့ဖြင့်၊ထုတ် ပြ ချီးကျူးအပ်သော်လည်း၊ မယုတ်သော (အမည်-နာမ) ရှိတော်မူ သည် ဖြစ်၍ လူ-နတ်-ဗြဟ္မာ၊ သတ္တဝါ-အပေါင်းတို့၏ ဆရာ၊ (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်ကို၊ အကျွန်ုပ်တို့သည်၊ ဖူးမြင်ကြပါကုန် =ဖူးမြင်ရအောင် သွားကြပါကုန်အံ့=နတ်မင်းဟူ၏။

(၁) ※ ဤသို့အားဖြင့်၊"သာတ ဂိရိ" နတ်မင်းသည်၊ "ဟေမ ဝတ" နတ်မင်းအား၊ဤအမှတ်ပြ [၁*အဋ္ဌ ပန္နရသော ဥပေါသ-ထော+ ++] အစရှိသော ပါဠိ- ဂါထာဖြင့် ရွတ်ဆို၍ တိုက်တွန်းလေ၏။

**အထူးမှတ်ချက်။**

(၁) ရက္ခ၊ ညဉ့်အခါသည်။ ဒိဗ္ဗာ၊ အလင်းရောင်ဖြင့် ဝင်းပြောင် တောက်ပသည် ဖြစ်၍။ ဥပ-ဋ္ဌိတာ၊ တည်နေ၏။

[* ဒိဝိ ဘဝါနိ ဒိဗ္ဗာနိ၊ ဒိဗ္ဗာနိ ဧတ္ထ အတ္ထိ-တိ ဒိဗ္ဗာ။ ကာနိ = တာနိ = ရူပါနိ၊] = ဟူ၏။

(၂) အနောမံ နာမ—
မယုတ်သော အမည်ရှိတော်မူထသော(မိုးထိ-နိသျ-မူ)

[* တတ္ထ အနောမဟိ အ-လာမကေဟိ သဗ္ဗာ-ကာရ ပရိပူရေဟိ ဂုဏေဟိ နာမံ အဿာ-တိ အ-နောမနာမော၊ တထာ ဟိ-သ ဗုဒ္ဓေါတာ သစ္စာနိ-တိ ဗုဒ္ဓေါ၊ + ဗောဓေတာ ပဇာယာ-တိ ဗုဒ္ဓေါ-တိ အာဒိနာ နယေန ဗုဒ္ဓေါ-တိ အနောမဟိ အ-လာမကေဟိ ဂုဏေဟိ နာမံ။] ---အဋ္ဌကထာပါဌ်။

## အဋ္ဌကထာနည်းအရ ဖွင့်ပြချက်း

၌ (၁)အမှတ်ပြ-ဂါထာ၊ ဒုတိယပါဒ-၌၊ "ဒိဗ္ဗာ ရတ္တိ ဥပ-ဋ္ဌိတာ" ဟူသော ပါဠိဖြင့် သာတဂိရိနတ်မင်းသည် ၌ ညဉ့်-အချိန်၌၊ထိန်ထိန် ဝင်းအောင်၊ ထွန်းလင်းတောက်ပသော အရောင်တို့ဖြင့်၊ ညဉ့်အချိန်၏ သာယာပုံ ဂုဏ်ကျေးဇူးကို၊ ညွှန်ပြသဖြင့်၊ မိမိ၏ မိတ်ဆွေတော် အပေါ် ရင်း ဖြစ်သော "ဟေမဝတ" နတ်မင်း၏စိတ်၌၊ (လ) ရောင်ကို အာရုံ ပြု၍၊ ကြည်လင် ရွှင်လန်းသော စိတ်ဓာတ်ကိုဖြစ်စေလျက်၊ မြတ်စွာ ဘုရားသျှင်၏၊ ပွင့်တော်မူလာပုံကို၊ ပြောဟောခြင်းပျူဖြစ်၏။

[* ဓေဝံ ရတ္တိ ဂုဏ ဝဏ္ဏနာ ပဒေသေနာပိ
သဟာယဿ စိတ္တပသာဒံ ဇနေန္တော ဗုဒ္ဓုပ္ပါဒံ
ကထေတွာ အာဟ။
အနောမ နာမ သတ္ထာရံ၊
ဟန္ဒ ပဿာမ ဂေါတမ-န္တိ။] ဟူ၏။

(အဋ္ဌကထာ-ပါဠိ)

ဆိုဥုးအံ့—

(၁) ညဉ့်အချိန်၌၊(ဒသ သဟဿိ လောကဓာတု)တသောင်းသော "စကြဝဠာ"လောကဓာတ်တိုက် အတွင်း၌၊ လာရောက် စည်းဝေးကြကုန်သော နတ်,ဗြဟ္မာ တို့၏၊ ကိုယ်မှ ဖြစ်သော အရောင်+ ဝတ်-စား-ဆင်ယင်အပ်သော အဝတ်+ တန်း ဆာရောင်+ဗိမာန်ရောင်+စသည်တို့ဖြင့် ၎င်း —

(၂) မိုးသား+တိမ်ပုပ်တို့၏ ဖုံးအုပ်ခြင်း အရောင်မှ ကင်းလွတ် သော (လ) ပြည့်ဝန်း၏ အရောင်ဖြင့်၎င်း—

(၃) အထူးမြတ်ဆုံးသော (ပရမ–ဝိသုဒ္ဓိ) နတ်အစစ် ဖြစ်တော်မူ သော မြတ်စွာ ဘုရားသျှင်၏ ကိုယ်တော်မှ၊ ထွက်ပြူ၍ နေ သောအရောင်တို့ဖြင့်၎င်း အလုံးစုံသော ၌ ပျူဒိပ်ကျွန်း သည်၊ထွန်းပသော အရောင်ဖြင့် အယူးသဖြင့် တန်ဆာ ဆင် ယင်အပ်သည်ဖြစ်၍ အလွန်အကြူး၊ အထူးတင့်တယ်ခြင်း ဖြစ် ၏=ဟူသော အဓိပ္ပါယ်ကို ပြဆို၏။

ဆိုဥုံးအံ့—

(က) ဒိဝါတပတိ ဘာဒိစ္စော၊ဟူသည်နှင့်အညီ=နေ့-အခါ၏ သာယာပုံကို ပြလိုလျှင်၊လူတို့၏ စိတ်ကို ဆွဲးဆောင်ရာ၌၊(အား) အရှိဆုံးဖြစ်သော (နေ)၏ အရောင်ဖြင့်၊ချီးကျူးပြဆိုကြ၏။

(ခ) ရတ္တိ-မာဘာတိစန္ဒိမာ၊ ဟူသည်နှင့်အညီ=ညဉ့်-အခါ၏ သာယာပုံကို ပြလိုလျှင်၊လူတို့၏စိတ်ကို ဆွဲးဆောင်ရာ၌၊(အား) အရှိဆုံးဖြစ်သော (လ-နက္ခတ်)တို့၏ အရောင်ဖြင့် ချီးကျူးပြဆိုကြ၏။

ထိုမှတပါး၊ ဤသို့ပြဆိုသေး၏။

(က) "ပထဝီ ဘူသနံ မေရု၊
ရတ္တိယာ ဘူသနံ သသီ။
ဇနာနံ ဘူသနံ ရာဇာ၊
သေနာနံ ဘူသနံ ဂဇော"။
(ဓမ္မနီတိ-ပါဠိ ဂါထာအမှတ် ၂၅၇)

မြန်မာဘာသာပြန်

(က) မြေကြီး၏ အဆင်တန်းဆာသည်ကား-မြင့်မိုရ်တောင်မင်းပင်တည်း။

(ခ) ညဉ့်၏အဆင်တန်းဆာသည်ကား-လမင်းတည်း။

(ဂ) လူတို့၏ အဆင်တန်းဆာသည်ကား-မင်းတည်း။

(ဃ) စစ်သည်တို့၏အဆင်တန်းဆာသည်ကား-ဆင်ပြောင်တည်း-ဟူ၍ညွှန်ပြ၏။

ဆိုဥုံးအံ့—

ဤ"ဟေမဝတ"သုတ်၌၊ (လ) ရောင် စသည်တို့ကြောင့်၊ (ညဉ့်) အချိန်၌၊ သာယာပုံကို၊ ချီးမွမ်း-ပြောဆိုခြင်းသည် ဤ"သာတဂိရိ" နတ်မင်း တဦးတည်းသာ ရွတ်ဆို၍ ပြောဆိုသည်မဟုတ်သေး=မြတ်စွာဘုရားသျှင်သည်ပင်၊"နက္ခတ်-တည်းဟူသော ပန်းအစဉ်တို့ဖြင့်"(ညဉ့်) အချိန်၏ သာယာပုံကို၊ ဂုဏ်အားဖြင့် ထုတ်ဖော် ချီးပသော ဝတ္ထုတခု ရှိသေး၏။

ထိုဝတ္ထုကို၊ ထေရဂါထာ ၂-ဒုကနိပါတ်၊ ၄-ဝဂ် ၁၅၇-သောဏသေဋ္ဌိ ပုတ္တတ္ထေရဂါထာ (ဇမ္ဗူ့မိတ်ဆွေ) ပုံနှိပ်တိုက်ထုတ်၊ စာအုပ်မျက်နှာ ၄၃၀-၌ အဋ္ဌကထာပြပုံဝတ္ထုကို၊ အကျဉ်းချုပ်၊ ဤအခါ၌ ပြဆိုဦးအံ့။

ဤ (ဂေါတမ) မြတ်စွာဘုရားသျှင်၏၊ လက်ထက်တော် အခါ၌၊ (ကပိလ)ဝတ်ပြည်သား၊ (ပေါဠိရိယ) ရွာသူကြီး၏သား၊ "သောဏ" ခေါ်သော သူသည်ရှိ၏။ ။ထိုသူသည်၊ အရွယ်သို့ ရောက်သောအခါ၊ "ဘဒ္ဒိယ"မင်း၏အထံ၌၊ စစ်ဘက်၌ ဝင်၍၊ စစ်သူကြီးအဖြစ်ဖြင့် အမှုထမ်းဆောင်၍ နေ၏။

ထိုနောက် တနေ့သ၌၊ မြတ်စွာ ဘုရား၏ သာသနာတော် ဝင်၍ ရဟန်းပြု၏၊ ရဟန်းအဖြစ်သို့ရောက်သော အခါ၌မူ ရဟန်းတရား အားမထုတ်မူ၍ အိပ်ငိုက်ထိုင်းမှိုင်းစွာ ပျင်းပျင်းရိရိ-နှင့်နေသဖြင့်၊ မြတ်စွာဘုရားသျှင်သည်၊ (အနုပိယ)ခေါ်သရက်တော ဥယျာဉ်အတွင်းမှ နေ၍ ရောင်ခြည်တော်ဖြင့် အလင်းရောင်ပြ၍၊အောက်၌ပါသော ပါဠိဂါထာကို၊ ဟောရွတ်တော်မူ၏။

(၁) "န တာဝ သုပိတုံ ဟောတိ၊
ရတ္တိ နက္ခတ္တ မာလိနီ။
ပဋိ-ဇဂ္ဂိတု- မေ-ဝေ သာ၊
ရတ္တိ ဟောတိ ဝိဇာနတာ"။

မြန်မာ ဘာသာပြန်

(၁) အို…ချစ်သား "သောဏ"ရဟန်း။

နက္ခတ်-တည်းဟူသောပန်းအစဉ်ရှိသော ညဥ့်အခါ၌ (စိတ်အလိုရှိတိုင်း)အိပ်၍ နေခြင်း၏ အချိန်ကာလသည်မဖြစ်ကောင်း (မဖြစ်သင့်ပါတကား၊) (စင်စစ်သော်ကား)ဤနက္ခတ်-တည်းဟူသော ပန်းအစဉ်ရှိသော ညဥ့်အချိန်အခါ မည်သည်ကား= လူသံ+ငှက်သံ+ကျီးသံ စသော ဆူညံသော အသံတို့မှ၊ ကင်းဆိတ်သည်ဖြစ်၍၊ တရားကို လုံ့လအားထုတ်ခြင်းငှါ၊ [မိမိအကျိုး၊ပွားတိုးစေမှု၊ လုံ့လပြု၍၊ကြည့်ရှုသိမြင်၊

ပညာရှင် ဖြစ်သောသူသည်] (လ) အရောင်ဖြင့်-ထွန်းပြောင် တောက်ထိန်၍နေသော (ထိုအချိန်အခါ၊ကာလကောင်းကို) အလိုရှိအပ်သည် ဖြစ်၏-ဟူသောအဓိပ္ပါယ်ရှိသော ဤ ပါဠိ ဂါထာကို၊ ဟောခွတ်တော်မူ၏။

ထိုအခါ၊ "သောဏ" ရဟန်းသည်၊ ဤ ပါဠိဂါထာသံ တရားစကား၊ ကြားနာရသောအခါ၊ ထိုပါဠိ-ဂါထာ၏ အနက်-အဓိပ္ပါယ်ကို၊ နားလည်သိမှုသဖြင့်၊ ကြောက်ရွံ့ခြင်း+ထိတ်လန့်ခြင်း+ရှက်နိုး ခြင်းသည် ဖြစ်၍ အမိုး-အကာ-မရှိသော လွင်တီးခေါင်၌ နေလျက်၊ တရားအားထုတ်ရသော (အဗ္ဘောကာသိက) ဓုတင်အကျင့်ကို ကျင့်ဆောက်တည်ပြီးလျှင်၊ အောက်၌ ဖေါ်ပြအပ်သော ပါဠိဂါထာကို၊ ရွတ်ဆိုပြန်၏။

(ဂ) "ဟတ္ထိ-က္ခန္ဓာ-ဝ ပတိတာ၊
ကုဥ္စရော စေ အနုတ္တမေ။
သင်္ဂါမေ မေ မတံ သေယျော၊
ယ-ဥ္စေ ဇီဝေ ပရာ-ဇိတော"။

မြန်မာဘာသာပြန်

(ဂ) စစ်ပြေပြင် စစ်တလင်း၌၊ ဆင်ကျောက်ကုန်းထက်သို့၊ တက်စီး၍၊ စစ်ထိုး+စစ်တိုက်သော (စစ်သူကြီး) သည်၊ အကြင်အခါ၌၊ ဆင်ကျောက်ကုန်းပေါ်မှ၊ လိမ့်၍ကျရာ၏။

ထို ဆင်ကျောက်ကုန်းပေါ်မှ၊ ဦးခေါင်း စောက်ထိုးကျသော ထို စစ်သူကြီးကို၊ ဆင်သည် ခြေဖြင့်နင်း၍ သေခြင်းသို့ ရောက်စေရာ၏။

ထို ဆင် နင်းခံရ၍ သေရခြင်းသည် စစ်သူကြီးဖြစ်သော ငါ့-အားမြတ်ပါသေး၏။

ဤ ယခုအခါ၌ ငါ-အား ကိလေသာရန်ကို မတွန်းလှန်+မအောင်မြင်နိုင်ဘဲလျက်၊ ထို ကိလေသာ ဆယ်ပါးဟူသော ရန်မှ ရှုံးအပ်သည် ဖြစ်၍၊ အကြင့်ကြောင့် အသက်ရှည်ရာ၏။ ။(အသက်ရှင်ရာ၏။)

ထို ကိလေသာတို့မှ ရှုံးသည်ဖြစ်၍၊ (မအောင်မြင်သည် ဖြစ်၍) အသက်ရှည်ခြင်းသည်၊ (အသက်ရှင်ခြင်းသည်) ငါ့-အား၊ မမြတ်ပါ ချေတကား၊—

ဤသို့ (သောဏ ပေါဠိရိယ) ထေရ်သည်၊ရွတ်ဆိုလျက်၊(ဝိပဿနာ) တရား၊ ပွါးများအားထုတ်ရာ၊ (မကြာမြင့်မီ) အာသဝေါ-လေးဖြာ၊ ကင်းစင်ကွာသော၊ ရဟန္တာပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရလေ၏။

ဤသည်ကား၊ ညဥ့်အချိန်နှင့်စပ်လျဉ်း၍- နက္ခတ်ပန်းတို့ကို၊အဆန်း တကြယ်ပြု၍ ဟောရွတ်ပုံပြဆိုခြင်းတည်း။

ဤပါဠိတော် ၂-ဂါထာသည်၊တိမ်မြုပ်၍ နေသော ပါဠိဂါထာတို့ ဖြစ်၍ (ခမ္မ—ပူဇာ)သဘောဖြင့်=

(၁) "သာတဂိရိ" နတ်မင်း ရွတ်ဆိုအပ်သော [ဒိဗ္ဗာ ရတ္တိ ဥပ- ဋ္ဌိတာ]=ဟူသော ပါဠိတော်နှင့်—

(၂) မြတ်စွာ ဘုရားသျှင် ရွတ်ဆိုအပ်သော [ရတ္တိ နက္ခတ္တ မာလိ- နီ]=ဟူသော ပါဠိ-ဂါထာနှစ်ရပ်ကို၊ ဆက်စပ်၍ပြလိုခြင်း ဖြစ်၏။

ဤမှ မကသေး—ဆိုဦးအံ့၊—

သုတ်သီလက္ခန်ပါဠိတော် သာမညဖလသုတ်၌၊ အောက်၌ ဖေါ်ပြ လတ္တံ့သော စကားအတိုင်း "အဇာတသတ်" မင်းသည်၊ မိုးသားတိမ် ပုပ်တို့ဖြင့် ဖုံးအုပ်ခြင်းမှ ကင်း၍၊ သန့်ရှင်းသော (လ) အရောင်ဖြင့်၊ (ညဥ့်) အခါ၏ တင့်တယ်ပုံကို၊ ချီးကျူးပြောဆိုသော စကားရှိ၏။

## (ပြောဆိုပုံစကားအစဉ်)

တနေ့သ၌၊မြတ်စွာဘုရားသျှင်သည်၊ရာဇဂြိုဟ်ပြည်၏အနီး၊"ဇီဝက" ဆေးဆရာ၏-သရက်တော ဥယျာဉ်၌၊ များစွာသောရဟန်းအပေါင်းတို့ ဖြင့်၊ ခြံရံလျက်၊ သီတင်းသုံးနေစဉ်အခါ၊ "အဇာတသတ်" မင်းသည်၊ မြတ်စွာ ဘုရားသျှင်၏ အထံသို့၊ ဖူးမျှော်ရန် မရောက်ရသေးမီ၊ ရောက် ဘိုရာ အနီးကပ်ဆုံးဖြစ်သော တန်ဆောင်မုန်း လပြည့်နေ့-ည၌ ဦး ယာမ်အခါ၊ (လ) အရောင်ဖြင့်၊ (ညဥ့်) အချိန်၏-သာယာဘွယ်ရှိပုံကို၊ "ဥဒါန်း"စကား၊ မိန့်ကြား ချီးကျူး၏။

(၀) အထခေါ် ရာဇာ မာဂဓော….ဥဒါန် ဥဒါနေသိ။
(၁) "ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ"၊
(၂) "အဘိရူပါ ဝတ ဘော ဒေါသိနာ ရတ္တိ"၊
(၃) "ဒဿနိယာ ဝတ ဘော ဒေါသိနာ ရတ္တိ"၊
(၄) "ပါသာဒိကာ ဝတ ဘော ဒေါသိနာ ရတ္တိ"၊
(၅) "လက္ခညာ ဝတ ဘော ဒေါသိနာ ရတ္တိ"၊
(၆) ကံ နု ဒ္ဓ-ဇ္ဇ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိ ရူပါသေယျာမ။
ဟူ၏။(ကံနု-ခေါ-အင့္-ဟု၊ ပုဒ်ဖြတ်)

မြန်မာဘာသာပြန်

ကုမုဒြာ-ကြာတို့၏ ပွင့်တုံး၊ မိုးလေးလ-တို့၏ အဆုံး တန်ဆောင်မုန်း လပြည့်နေ့- ည့ဥ္စအခါ၌၊ "မဂဓ" တိုင်းကို အစိုးရသော "ဝေဒေဟီ" မိဖုရား၏ သားတော်၊ "အဇာတသတ်" မင်းသည် (လ) အရောင်ဖြင့်၊ တင့်တယ်သော-(ည့ဥ္စ)အခါ၌ ဝမ်းမြောက်သော ဥဒါန်းစကားကို မိန့်ကြားမြွက်ဆို၏။

အဘယ်သို့ မြွက်ဆိုသနည်း—

(၁) အို-အချင်း—အမတ်မင်းတို့။

ဤ(ည့ဥ္စ)အခါသည်၊ (၁)မျက်စိ-မြင်အတွေ့ဖြင့် မွေ့လျော်ဘွယ် ရှိစွာ့တကား၊-မွေ့လျော်ခြင်းကို ဖြစ်စေတတ်စွာ့တကား၊—

မိုးသား တိမ်ပုပ်တို့ဖြင့်၊ ဖုံးအုပ်ခြင်း-ဟူသော အပြစ်မှ ကင်းစွာ့တကား၊—

(၂) အလွန်နှစ်လိုဘွယ်ရှိစွာ့တကား၊—(၂)
(၃) ရှုကြည့်ချင်စဘွယ် ရှိစွာ့တကား၊—(၂)
(၄) ကြည်ညိုဘွယ် ရှိစွာ့တကား၊—(၂)
(၅) ပှတ်အပ်စွာ့တကား၊ — (နေ—လ) စသည်တို့ကိုမှတ်ခြင်းငှါ သင့်စွာ့တကား။

ဤ စကား-ဝါကျ၊ ငါးရပ်အပေါင်းသည်-ကား၊-(လ) ရောင်ဖြင့် ထွန်းပသည်ဖြစ်၍၊ တင့်တယ်သော ညဉ့်အချိန်ကို၊ ချီးမွမ်းသော ပရိယာယ်ပုဒ်တို့ ဖြစ်၏။

ဤအချိန်၌၊အကြင် "ရဟန်း" ပုဂ္ဂိုလ်သို့ရင်း၊-အကြင် "ဗြာဟ္မဏ" ခေါ်သော ပုဂ္ဂိုလ်သို့ရင်း၊=ဆည်းကပ်ကုန်သော ငါတို့၏ စိတ်သည်၊ ကြည်လင်ရာ၏။

အဘယ်မည်သော ထို "ရဟန်း" ပုဂ္ဂိုလ်အထံသို့ရင်း၊-

အဘယ်မည်သောထို "ဗြာဟ္မဏ"ခေါ်သောပုဂ္ဂိုလ်အထံသို့ရင်း၊= ဆည်းကပ်ရကုန်အံ့နည်း၊ ဤ သို့အားဖြင့် ဝမ်းမြောက်သောစကားကို မိန့်ကြားလေကုန်ဆို၏။

ထိုအခါ အနီး၌ရှိနေကြကုန်သော အသီးအသီးကုန်သော အမတ်ကြီးတို့သည်၊ မိမိတို့၏စိတ်၌ ညွတ်ရာ ညွတ်ရာ၊ ဉာဏ်၌- သက်ဝင်ရာ-သက်ဝင်ရာ၊ **ပူရဏကဿပ + မက္ခလိဂေါသာလ + အဇိတ**...အစရှိသော ဆရာကြီးတို့၏-ဂုဏ်ကျေးဇူးတို့ကို ပြောဆို၍၊ ထိုဆရာကြီးတို့၏အထံသို့-သွားရောက်ဘို့ရာ စကားကို၊လျှောက်ဆိုကြကုန်၏။

ယင်းနောက် "ဇီဝက" ဆရာ၏အလှည့်သို့ရောက်သောအခါ "ဇီဝက" ဆေးဆရာကမူ၊ မြတ်စွာဘုရားသျှင်၏ ဂုဏ်ကျေးဇူးတို့ကို၊ အထူးပြောဟော၍၊ ထိုဘုရားသျှင်၏အထံသို့ သွားရောက်ဘို့ရာစကားကို လျှောက်ဆိုပြန်၏။

ထိုစကား နှစ်မျိုးတို့တွင်၊ "**အဇာတသတ်**" မင်း၏ စိတ်တော်၌ "**ဇီဝက**"ဆေးဆရာ၏ စကားအရ မြတ်စွာဘုရားသျှင်၏ အထံတော်သို့ သွားရောက်လိုသော စိတ်ဖြစ်ပေါ်လာ၍၊ သွားဘို့ရာ ပြင်ဆင်လျက် သွားရောက်ခြင်းနှင့် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်ရ၏။ ။ သာမညဖလသုတ်တရား ကြားနာခြင်းစသော များစွာသော အကျိုးတရားတို့ကိုရ၏။

ဤသို့ အကျဉ်းချုပ်စကားဖြင့် ပြဆိုရသော်၊ မြတ်စွာဘုရား၏အထံသို့ (အဇ္ဈာတသတ်) မင်းရောက်ရခြင်းသည်ကား၊ မိုးသား တိမ်ပုပ်တို့ဖြင့် ဖုံးအုပ်ခြင်းမှ ကင်းလွတ်သော ကြည်လင်သော (လ) ရောင်၏ (ပကတူပ-နိဿယ)ပစ္စည်းဖြင့် ကျေးဇူးပြုခြင်းကြောင့်ဖြစ်၏ဟုဆိုရာ၏။

ဤသည်ကား [ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ] ဟူသော စကားနှင့် စပ်လျဉ်း၍ အကျဉ်းချုပ်ပြဆိုအပ်သောစကားတည်း။

ဤတွင် (၁) အမှတ်ပြ [အဇ္ဇ ပန္နရသော ဥပေါသထော + + +] အစရှိသော ပါဠိ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## (၂) ''သာတဂိရိ''နတ်မင်းအား''ဟေမဝတ''နတ်မင်း၏ အမေးပုစ္ဆာ၊ (၂)အမှတ်ပြ-ဂါထာ

(၂) ''ကစ္စိ မနော သု-ပဏိဟိတော၊
ဣတိ ဟေမ-ဝတော ယက္ခော။
သဗ္ဗ-ဘူတေသု တာဒိနော၊
ကစ္စိ ဣဋ္ဌေ, အနိဋ္ဌေ စ၊
သင်္ကပ္ပ-ဿ ဝသီ ကတာ။''

[ကစ္စိ-တိ=ပုစ္ဆာ။ ။မနော တိ=စိတ္တံ။ ။သု-ပဏိဟိတော-တိ=သုဋ္ဌု ဌပိတော။ ဣဋ္ဌေ, အနိဋ္ဌေစာ-တိ=ဧဝ ရူပေ အာ-ရမ္မဏေ။ ။သင်္ကပ္ပါ-တိ=ဝိတက္ကာ။ ။ဝသီကတာ-တိ=ဝသံ ဂမိတာ။]

(အဋ္ဌကထာဖွင့်)

မြန်မာဘာသာပြန်

(၂) ❋ အို….အဆွေ….''သာတဂိရိ'' နတ်မင်း။

အဘယ်သို့ ပေနည်း၊—

ခပ်သိမ်းကုန်သော သတ္တဝါ ဟူသမျှတို့၌၊ မဖေါက်မပြန်၊ မှန်ကန်သော လာဘ+အလာဘ၊ ယသ+အယသ-အစရှိသော (တာဒိ-)

ဂုဏ်သဘော ရှိတော်မူသော ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ မိမိ၏ စိတ်တော်ကို ကောင်းစွာသိမ်းဆည်း၊ ချုပ်တည်း၍ထားအပ်ပါ၏-လော။ ။(ထားနိုင်ပါ၏လော=ဟု-ဆိုလို၏။)

※ အို…အဆွေ…"သာတဂိရိ" နတ်မင်း။

အဘယ်သို့ ပေနည်း၊=

(က) အလိုရှိအပ်သော ရူပါရုံ အစရှိသော ဣဋ္ဌာရုံ၌၎င်း=

(ခ) အလိုမရှိအပ်သော ရူပါရုံ အစရှိသော အနိဋ္ဌာရုံ၌၎င်း= စိတ် အကြံအစည်တို့သည်၊ ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်၏ အလိုသို့ လိုက်၍ ဖြစ်ပါကုန်၏-လော၊=

ဤသို့အားဖြင့်၊"ဟေမဝတ" နတ်မင်းသည်၊"သာဘဂိရိ" နတ်မင်းအား၊ ဤ (၂)အမှတ်ပြ [ကစ္စိမနောသု-ပဏိဟိတော၊ + + +] အစရှိသော အမေးပါဠိ-ဂါထာဖြင့်၊ ရွတ်ဆို၍မေးမြန်းလေ၏။

### အဋ္ဌကထာနည်းအရ၊ ရှေ့-နောက်-ဂါထာနှစ်ခု၌၊အနု-သန္ဓိ-စကားဆက်ပုံပြခဏ်း

"သာတဂိရိ" နတ်မင်းသည်၊ ရှေးဦးစွာ ရွတ်ဆိုအပ်သော [အဇ္ဇပန္နရသော ဥပေါသထော] ဟူသော ပါဠိ-ဂါထာသံ စကားကို၊ ကြားသိရသော "ဟေမဝတ" နတ်မင်း၏ စိတ်အကြံဖြစ်ပုံ။

ဤ "သာတဂိရိ' နတ်မင်းသည်။

(၁) "အနောမံ နာမ သတ္ထာရံ၊ ဟန္ဒ ပဿာမ ဂေါတမံ" ဟူ၍ရွတ်ဆိုလျက်၊ "သဗ္ဗညုတ" ဘုရားသျှင်၏ အဖြစ်ကို၊ ဖေါ်ပြ၏။ ။"သဗ္ဗညုတ" ဘုရားသျှင်၏ အ[illegible]စ်မည်သည် ကား၊=လောက-အလယ်[illegible]၊အံ့ဘွယ်သရဲ၊ဖြစ်[illegible]၏။ ။ ရနိုင်ခဲ၏။

"သဗ္ဗညုတ" ဘုရားသျှင်၏ အ[illegible]စ်ကို တာဝန် ခံယူ[illegible] နေကြကုန်သော(ပုရာဏကဿပ)-အစရှိကုန်သော သူတို့သည်၊ဤ[illegible]ကာက[illegible]ိုးကို၊ ဖျက်ဆီး+နှောင့်ရှက်+နှိပ်စက်+[illegible] နေကြ ကုန်သည်[illegible] ယ[illegible]ရွား ၏။

ထို့ကြောင့်=ထို ''သာတ ဂိရိ'' နတ်မင်း- ပြောဆို ချီးကျူးအပ်သောပုဂ္ဂိုလ်သည် (အကယ်၍) ''သဗ္ဗညုတ'' ဘုရားသျှင်အစစ်၊ ဖြစ်ခဲ့အံ့= ထိုပုဂ္ဂိုလ်သည်၊ စင်စစ်ကေန်၊ အမှန်အားဖြင့်၊လာဘ+အလာဘ၊ယသ+အယသ-အစရှိသော (တာဒိ) ဂုဏ်နှင့် ပြည့်စုံရာ၏။ ။ (အကယ်၍) (တာဒိ) ဂုဏ်နှင့် မပြည့်စုံသည်ဖြစ်အံ့= ''သဗ္ဗညုတ'' ဘုရားသျှင်အစစ် မဖြစ်ရာချေ။

ဤသို့အားဖြင့် ဘုရားသျှင်အစစ် ဖြစ်+မဖြစ်ကို စိစစ်၍ သိဘို့ရန် ကြံစည်စိတ်ကူး၍ (တာဒိ) လက္ခဏာဂုဏ်ကို မေးမြန်းလိုသည်ဖြစ်၍၊ [ဤ(၂)အမှတ်ပြ၊[ကစ္စိမနော သု-ပဏိဟိတော + + + ] အစရှိသော အမေးပါဠိ-ဂါထာကို၊ ရွတ်ဆို၍၊မေးမြန်းခြင်းဖြစ်၏။

ဤတွင်(၂)အမှတ်ပြ၊[ကစ္စိ မနော သု-ပဏိဟိတော]ဟူသော အမေးပါဠိဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## (၃)''သာတဂိရိ''နတ်မင်း၏အဖြေ-ဝိသဇ္ဇနာ-(၃)အမှတ်ပြ-ဂါထာ

(၃) ''မနော စ-သဿ သု-ပဏိဟိတော၊
ဣတိ သာတ-ဂိရော ယက္ခော။
သဗ္ဗ-ဘူတေသု တာဒိနော၊
အထော ဣဋ္ဌေ, အနိဋ္ဌေ စ။
သင်္ကပ္ပ-သဿ ဝသီကတာ''။

မြန်မာဘာသာပြန်

(၃)။ အို····အဆွေ····''ဟေမဝတ'' နတ်မင်း။

ခပ်သိမ်းကုန်သော သတ္တဝါဟူသမျှတို့၌၊ မဖေါက်မပြန်၊ မှန်ကန်သော လာဘ+အလာဘ၊ ယသ+အယသ၊ အစရှိသော (တာဒိ) ဂုဏ်သဘော ရှိတော်မူသော ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ မိမိ၏စိတ်တော်ကို ကောင်းစွာ သိမ်းဆည်းချုပ်တည်း၍၊ ထားနိုင်ပါ၏။

ထိုမှတပါး-

※ အို····အဆွေ····"ဟေမဝတ"နတ်မင်း။

(က) အလိုရှိအပ်သော ရူပါရုံ အစရှိသော ဣဋ္ဌာရုံ ဂုဏ်-

(ခ) အလိုမရှိအပ်သော ရူပါရုံ အစရှိသော အနိဋ္ဌာရုံ ဂုဏ်=

စိတ်အကြံအစည်တို့သည်၊ ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်၏ အလိုသို့လိုက်ပါ၍ ဖြစ်ကြပါကုန်၏။

ဤသို့အားဖြင့် "သာတ ဂိရိ" နတ်မင်းသည်၊ "ဟေမဝတ" နတ်မင်းအား၊ ဤ (၃)အမှတ်ပြ [မနောစ-သသု-ပဏိဟိတော + + +] အစရှိသော အဖြေပါဠိဂါထာကို ရွတ်ဆို၍ပြန်ကြားဖြေဆိုလေ၏။

**အဋ္ဌကထာနည်းအရ၊ ရှေ့နောက်ဂါထာနှစ်ခု၌၊ အနုသန္ဓေစကား ဆက်စပ်ပုံပြခဏ်း**

"သာတ ဂိရိ" နတ်မင်းသည်၊ မြတ်စွာဘုရားသျှင်၏ "သဗ္ဗညုတ" အဖြစ်၌၊ ယုံမှားခြင်းကင်းသည်၏ အဖြစ်ကြောင့်၊ "သဗ္ဗညုတ" ဘုရားသျှင်၏ ဂုဏ်ကျေးဇူးတော်၌ ယုံကြည်စွာ ဘုရားသျှင်အစစ် ဖြစ်ပုံကိုးခွင့်ပြုဝန်ခံလိုသည်ဖြစ်၍၊ ဤ(၃) အမှတ်ပြ [မနောစ-သသု-ပဏိဟိ-တော + + +]အစရှိသော ပါဠိဂါထာကိုရွတ်၍၊ ဖြေဆိုပြသတည်း။

ဤတွင် (၃) အမှတ်ပြ [မနောစ-သ သုပဏိဟိတော] ဟူသော အဖြေ-ပါဠိဂါထာ၏ အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

## (၄) "သာတဂိရိ"နတ်မင်းအား "ဟေမဝတ"နတ်မင်း၏အမေးပုစ္ဆာ၊ (၄) အမှတ်ပြဂါထာ

(၄) "ကစ္စိ အဒိန္နံ နာ-ဒိယတိ၊
ဣတိ ဟေမဝတော ယက္ခော။
ကစ္စိ ပါဏေသု သညတော၊
ကစ္စိ အာရာ ပမာဒမှာ။
ကစ္စိ ဈာနံ န ရိဉ္စတိ"။

[အာရာ ပမာဒမှာ-တိ··တေန အပြဟ္မစရိယ ဝိရတိံ ပုစ္ဆတိ။ ဈာနံ န ရိဉ္စတီ-တိ ဈာနိနာ ပန တဿာ ယေဝ တိဝိဓာယ ကာယ ဒုစ္စရိတ-ဝိရတိယာ ဖလဝဘာဝံ ပုစ္ဆတိ။ဈာန ယုတ္တဿ ဟိ ဝိရတိ ဖလဝတီ ဟောတီ-တိ။] (အဋ္ဌကထာဖွင့်)

မြန်မာဘာသာပြန်

(၄) ※ဒို····အဆွေ····''သာတဂိရိ''နတ်မင်း။

အဘယ်သို့ ပေနည်း။

(၁) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ ပစ္စည်း ရှင်ဖြစ်သော သူသည်၊ ကိုယ်+နှုတ်—တို့ဖြင့် မပေးအပ်သော သူတပါး၏ ပစ္စည်းဝတ္ထုကို၊ မခိုးယူတတ်လေ-သလော—

※ဒို····အဆွေ····''သာတဂိရိ''နတ်မင်း။

အဘယ်သို့ ပေနည်း။

(၂) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ ခပ်သိမ်း ကုန်သော သတ္တဝါဟူသမျှတို့၌၊ခိမိ၏ စိတ်တော်ကို၊ ကောင်းစွာ၊ သိမ်းဆည်း၊ချုပ်တည်း၍၊ စောင့်စည်းနိုင်ပါ၏လော--

※ဒို····အဆွေ····''သာတဂိရိ''နတ်မင်း။

အဘယ်သို့ ပေနည်း။

(၃) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ ကောင်းမှု ကုသိုလ်တရားတို့၌၊ သတိ+ပေါ့၍၊ မေ့လျော့ခြင်းမှ၊ ကင်းဝေးပါ၏လော--

※ဒို····အဆွေ····''သာတဂိရိ''နတ်မင်း။

အဘယ်သို့ ပေနည်း။

(၄) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ (ဈာန်) ဝင်စားခြင်း စိတ်မှ၊ မကင်းဆိတ်ဘဲ ဖြစ်ပါ၏-လော-နေပါ၏လော--

ဤသို့အားဖြင့် ''ဟေမဝတ''နတ်မင်းသည်၊ ''သာတဂိရိ'' နတ်မင်းအား၊ဤ(၄)အမှတ်ပြ[ကစ္စိအဒိန္နံနာဒိယတိ၊ + + +] အစရှိသော အမေး ပါဠိ-ဂါထာကို ရွတ်ဆို၍မေးမြန်းလေ၏။

(၁) အဒိန္နာဒါန-သိက္ခာပုဒ်၊—
(၂) ပါဏာတိပါတ-သိက္ခာပုဒ်၊—
(၃) ကာမေသု မိစ္ဆာစာရ-သိက္ခာပုဒ်၊—

[ဤသိက္ခာပုဒ်-သုံးပါးမှ၊ လုံခြုံသည့်အပြင်၊ "ဈာန်"စိတ်ဝင်စား၍ နေခြင်းမှလည်း၊ မကင်းဆိတ်ဘဲ- ရှိပါ၏လော့-ဟု၊ မေးမြန်းခြင်းဖြစ်၏ ဟူ၏။]

**ရှေ့နောက် ဂါထာနှစ်ခု၌၊ အနုသန္ဓေစကား ဆက်ပုံပြခန်း**

"**ဟေမဝတ**"နတ်မင်းသည်၊ (၂) အမှတ်ပြ [**ကစ္စိမနောသုပဏိဟိတော**] ဟူသော ဂါထာ၌၊ "**မနောဒွါရ**" ၏အစွမ်းဖြင့်၊ (တာဒိ) ဂုဏ်နှင့်ပြည့်စုံသည်၏ အဖြစ်ကို၊ မေးမြန်းပြီး၍၊ ထိုသို့ မေးမြန်းရာ၌ ထိုစကားကို၊ ဝန်ခံသောအနေဖြင့်၊ ပြန်ကြားဖြေဆိုသော(၃) အမှတ်ပြ [**မနောစ-ဿ သုပဏိဟိတော**] ဟူသောစကားကို ကြားရ၍= ထို အမေးပုစ္ဆာ- စကားကိုပင်၊ မြဲမြံစေခြင်း အကျိုးငှါ၊ ယခု၊ "**ဒွါရ**" သုံးပါး၏ အစွမ်းဖြင့်၊ မေးမြန်းလို၍=ဤ (၄) အမှတ်ပြ အမေး [**ကစ္စိ အဒိန္နံ နာ ဒိယတိ**] အစရှိသော အမေး ပါဠိ-ဂါထာကို၊ ရွတ်ဆို၍ မေးမြန်းလေ၏။

တနည်းပြဉ်းအံ့—

ရှေ့အမှတ်(၂) ဂါထာ၌၊ အကျဉ်းအားဖြင့်, **ကာယ,ဝစီ,မနော,** ဟူသော ဒွါရသုံးပါးတို့၏၊ စင်ကြယ်ခြင်းကို၊ မေးမြန်းပြီး၍၊ ဤယခု ပဓာန်၊အမေးစကားကို၊ မြဲမြံစေခြင်းငှါ၊အကျယ်အားဖြင့်၊မေးမြန်းလိုရကား—ဤ (၄)အမှတ်ပြ [**ကစ္စိ အဒိန္နံ နာ ဒိယတိ** + + + ] အစရှိသောအမေး ပါဠိ-ဂါထာကို၊ ရွတ်ဆို၍ မေးမြန်းလေ၏-ဟူ၏။

ဤတွင်(၄)အမှတ်ပြ [**ကစ္စိ အဒိန္နံ နာဒိယတိ**]ဟူသောအမေး ပါဠိ-ဂါထာ၏ အကျဉ်းချုပ်အဓိပ္ပါယ်ပြခန်း ပြီး၏။

---

## (၅) ''သာတဂိရိ''နတ်မင်း၏ အမြေ-ဝိသဇ္ဇနာ (၅) အမှတ်ပြ ဂါထာ

(၅) ''န သော အ-ဒိန္နံ အာဒိယတိ၊
ဣတိ သာတ-ဂိရော ယက္ခော။
အထော ပါဏေသု,သညတော၊
အထော အာရာ-ပမာဒမှာ၊
ဗုဒ္ဓေါ ဈာနံ န ရိဉ္စတိ''။

[စတုတ္ထပါဒေ-ဈာနံ နရိဉ္စတိ-တိ-ဈာနံ ရိတ္တတံ, သုညတံ နကရောတိ၊ နပရိစ္စဇတိ-တိ အတ္ထော ဝေဒိတဗ္ဗော။ အဖွင့်]

မြန် မာ ဘာ သာ ပြန်

(၅) ※အို····အဆွေ ''ဟေမဝတ''နတ်မင်း။

(၁) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ ပစ္စည်း-ရှင်ဖြစ်သောသူသည်၊ ကိုယ်+နှုတ်+တို့ဖြင့် မပေးအပ်သော သူတပါး၏၊ ပစ္စည်းဝတ္ထု-ကို၊မခိုးယူတတ်ပါပေ။

ထိုမှ တပါး–

(၂) ထို(ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ခပ်သိမ်းကုန်သောသတ္တဝါဟူသမျှတို့၌၊ မိမိ၏ စိတ်တော်ကို၊ ကောင်းစွာ သိမ်းဆည်းချုပ်တည်း, စောင့်စည်းနိုင်ပါ၏။

ထိုမှ တပါး–

(၃) ထို(ဂေါတမ)နွယ်ဖွား၊ မြတ်စွာ ဘုရားသည်၊ ကောင်းမှုကုသိုလ် တရားတို့၌၊ သတိ-ပေါ့၍၊ မေ့လျော့ခြင်းမှ၊ ကင်းဝေးပါ၏။ (သတိ-ပေါ့၍၊ မေ့လျော့ခြင်း-မရှိပါချေ-ဟူ၏။)

ထိုမှ တပါး--

(၄) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ ''ဈာန်'' ဝင်စားခြင်း စိတ်မှ၊ မကင်းဆိတ်ဘဲ၊ စွဲမြဲးစွာ ဖြစ်ပါ၏။ [ဖလသမာပတ်၊ ချမ်းသာပြတ်ကို၊ မပြတ်ဝင်စား၍ နေလေ့ရှိပါချေ၏-ဟူ၏။]

ဤသို့ အားဖြင့်၊ ''သာတဂိရိ''နတ်မင်းသည်၊ (ဟေမဝတ) နတ်မင်းအား၊ ဤ(၅)※အမှတ်ပြ၊ [န–သော–အ–ဒိန္နံ–အာ–ဒိယတိ]အစရှိသော အဖြေပါဠိ-ဂါထာကိုရွတ်ဆို၍ဖြေကြားလေ၏။

(၁) အဒိန္နာ ဒါန၊ သိက္ခာပုဒ်၊—
(၂) ပါဏာတိပါတ-သိက္ခာပုဒ်၊—
(၃) အဗြဟ္မစရိယ-သိက္ခာပုဒ်၊—

[ဤသိက္ခာပုဒ်-သုံးပါးမှ၊ လုံခြုံသည့် အပြင်၊ ''ချာန်'' စိတ်ဝင်စား၍ နေခြင်းမှလည်း၊ မကင်းဆိတ်ပါ-ဟုဖြေဆို၏။]

## ရှေ့နောက် ဂါထာ နှစ်ခု၌၊ အနုသန္ဓေ၊ စကားဆက်စပ်ပုံ ပြခဏ်း

## ''သာတဂိရိ''နတ်မင်း၏ အဆို။

မြတ်စွာ ဘုရားသျှင်သည်၊ ဤယခုဘဝ၌သာ၊ (အဒိန္နာဒါန်) သိက္ခာပုဒ်စသည်တို့မှ၊ လုံခြုံသည် မဟုတ်ပါ၊ လွန်ခဲ့လေပြီးသော (အတိတ်) ခေါ်ကာလ-ဘဝ,အခွန့်တို့ကလည်း၊ ဤ(အဒိန္နာဒါန်)အစရှိသောသိက္ခာပုဒ်တို့မှ၊ လုံခြုံစွာ၊ စောင့်ထိန်းခဲ့ဘူးပါ၏။ ။ထိုသို့ - လုံခြုံစွာ၊ စောင့်ထိန်းခဲ့ဘူးသော ''ဝိရတိ'' စေတသိက်တရားတို့၏ အာနုဘော်ကြောင့်၊ ထိုတရားတို့၏ အကျိုးဖြစ်သော (မဟာပုရိသ) လက္ခဏာတို့ကို၊ ပြည့်စုံစွာ ရရှိခဲ့သည်-စသည်ဖြင့်၊ ကျေးဇူးတရားကို- ပြောပြပြီးလျှင်၊ ရဲးရဲးဝံ့ဝံ့၊ စွန့်စွန့်စားစား၊ တင်းမာသော စိတ်နှင့် အသံဖြင့်။—

ဤ(၅)အမှတ်ပြ[န သော အဒိန္နံ အာဒိယတ် + + + ]အစရှိသော အဖြေပါဠိ-ဂါထာကို၊ ရွတ်ဆို၍ ဖြေကြားလေ၏-ဟူ၏။

ဤတွင် (၅)အမှတ်ပြ၊[န သော အဒိန္နံအာဒိယတိ]ဟူသော အဖြေပါဠိ-ဂါထာ၏ အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

## (၆) "သာတဂိရိ"နတ်မင်းအား "ဟေမဝတ"နတ်မင်း၏ အမေး ပုစ္ဆာ (၆)အမှတ်ပြဂါထာ

(၆) "ကစ္စိ မနော သုပဏိဟိတော၊
သဗ္ဗဘူတေသု တာဒိနော။
ကစ္စိ ဣဋ္ဌေ အနိဋ္ဌေ စ၊
သင်္ကပ္ပဿ ဝသီကတာ"။

[—ဒိဋ္ဌာတိတိ-ဒိဋ္ဌော၊ ဝိပဿိသတိ, ဗာဓတိ-တိ အတ္ထော။ ဝါစာယ ပဋော,ဗျပထော၊ ဒိဋ္ဌော ဗျပ္ပထော အဿာ-တိ ဒိဋ္ဌာဗျပ္ပထော။ ။နဒိဋ္ဌာဗျပ္ပထော-တိ-န ဖရုသဝါစော- တိ ဝုတ္တံ ဟောတိ။

ဝိဘူတိ-တိ-ဝိနာသော။ ဝိဘူတိံ လာယတိ, ကရောတိ စာတိ ဝိဘူတိကံ။ ဝိဘူတိကမေဝ ဝေဘူတိကံ။ ဝေဘူတိယ-န္တိပိ ပုစ္ဆတိ၊ ပေသုညဿေ-တံအဓိဝစနံ။] အဋ္ဌကထာဖွင့်။

### မြန်မာဘာသာပြန်

(၆)…ဂို…အဆွေ "သာတဂိရိ"နတ်မင်း။

အဘယ်သို့ပေနည်း—

(၁) ထို(ဂေါတမ)နွယ်ဖွားမြတ်စွာဘုရားသျှင်သည်၊မဟုတ်မမှန်၊ ဖောက်ပြန်လွှတ်ယွင်းသော(၁-မုသာဝါဒ)စကားကိုမဆိုလေသလော=

…ဒို…အဆွေ "သာတဂိရိ" နတ်မင်း။

အဘယ်သို့ပေနည်း။

(၂) ထို(ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ သူတပါးတို့ အား၊နား-ချမ်းသာအောင်၊နှိပ်စက်သောသဘောဖြင့်၊ကြမ်းကြုတ်ခက် ထန်သော(၂-ဖရုသဝါစာ)စကားကိုမဆိုလေသလော=

※အို….အဆွေ….''သာတဂိရိ''နတ်မင်း။
အဘယ်သို့ပေနည်း=
(၃) ထို(ဂေါတမ)နွယ်ဖွား၊မြတ်စွာဘုရားသျှင်သည်၊သူနှစ်ယောက်တို့၏ အလယ်စပ်ကြား၌၊ အချစ်ကို ပျက်စေခြင်းဟူသော ပျက်စီးခြင်းကိုပြုတတ်သော ချောပစ်ကုန်းတိုက်သော (၃-ပိသုဏဝါစာ) စကားကို မဆိုလေသလော=

※အို….အဆွေ''သာတဂိရိ''နတ်မင်း။
အဘယ်သို့ပေနည်း=
(၄) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ မိမိ+သူတပါး၊နှစ်ပါးသောသူတို့အား၊အစီး,အပွား၏ပျက်စီးကြောင်းဖြစ်သော ပြိန်ဖျင်းသော(၄-သမ္ဖပ္ပလာပ) စကားကိုမဆိုလေသလော=

ဤသို့အားဖြင့်၊ ''ဟေမဝတ'' နတ်မင်းသည်၊ ''သာတဂိရိ'' နတ်မင်းအား၊ ဤ (၆) အမှတ်ပြ၊ [ကစ္စိ မုသာ န ဘဏတိ] အစရှိသော အမေးပါဠိ-ဂါထာကို ရွတ်ဆို၍မေးမြန်းလေ၏။

(၁) မုသာဝါဒ-သိက္ခာပုဒ်၊—
(၂) ဖရုသဝါစာ-သိက္ခာပုဒ်၊—
(၃) ပိသုဏဝါစာ-သိက္ခာပုဒ်၊—
(၄) သမ္ဖပ္ပလာပ-သိက္ခာပုဒ်၊—

ဤသိက္ခာပုဒ်-၄-ခုတို့မှ၊ လုံခြုံပါ၏လော=ဟုမေးမြန်းခြင်း ပင်ဖြစ်၏။

**ရှေ့နောက် ဂါထာနှစ်ခု၌၊အနုသန္ဓေစကားဆက်ပုံပြခဏ်း**

ဤ ယခုအခါ၌၊ ''ကာယဒွါရ၌၊ကာယကံ''၏၊ စင်ကြယ်ခြင်းကို၊ ကြားနာရပြီး နောက်၊ ''ဝစီဒွါရ၌၊ ဝစီကံ'' ၏ စင်ကြယ်ခြင်းကို၊ မေးမြန်းလိုသည်ဖြစ်၍၊—

ဤ (၆) အမှတ်ပြ၊— [ကစ္စိ မုသာ န ဘဏတိ၊ + + +] အစရှိသော အမေးပါဠိ-ဂါထာကို၊ရွတ်ဆို၍ မေးမြန်းလေ၏။-ဟူ၏။

ဤတွင် (၆) အမှတ်ပြ [ကစ္စိ မုသာ နဘဏတိ] ဟူသော အမေးပါဠိ-ဂါထာ၏အကျဉ်းချုပ် အဓိပ္ပါယ် ပြခဏ်း ဒြီး၏။

## (၇) ''သာတဂိရိ''နတ်မင်း၏ အဖြေ-ဝိသဇ္ဇနာ (၇) အမှတ်ပြဂါထာ

(၇) ''မုသာ စ သော န ဘဏတိ၊
ဣတိ သာတ-ဂိရော ယက္ခော။
အထော န ခီဏ-ဗျပ္ပထော၊
အထော ဝေဘုတိယံ နာ-ဟ။
မန္တာ အတ္ထံ သော ဘာသတိ''။

မြန်မာဘာသာပြန်

(၇) ∴ အို… အဆွေ ''ဟေမဝတ'' နတ်မင်း။

(၁) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရား သျှင် သည်၊ မဟုတ်မမှန်၊ ဖောက်ပြန် ချွတ်ယွင်းသော (၁-မုသာဝါဒ) စကားကို၊ မပြောဆိုတတ်ပါပေ=

ထိုမှတပါး၊—

(၂) ထို (ဂေါတမ) နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်သည်၊ သူတပါးတို့အား၊ နားမချမ်းသာအောင်၊ နှိပ်စက်သောသဘောဖြင့်၊ ကြမ်းကြုတ်ခက်ထန်သော(၂-ဖရုသဝါစာ)စကားကိုမပြောဆိုတတ်ပါပေ၊=

ထိုမှတပါး၊—

(၃) ထို (ဂေါတမ) နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်သည်၊ သူနှစ်ယောက်တို့၏ အလယ်စပ်ကြား၌၊ အချစ်ကို ပျက်စေခြင်းဟူသော၊ပျက်စီးခြင်းကို ပြုတတ်သော ချောပစ်ကုန်းတိုက်သော (၃-ပိသုဏဝါစာ) စကားကို၊ မပြောဆိုတတ်ပါပေ=

ထိုမှတပါး၊—

(၄) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ အခါခပ်သိမ်းဉာဏ်ဖြင့်၊ နှိုင်းချိန် စဉ်းစား၍ အကျိုးရှိသော စကားကိုသာ၊ ဆိုတတ်ပါ၏။ ။(၄-သမ္ဖပ္ပလာပ)အနက်-ဖြစ်မှကင်းသော အဓိပ္ပါယ်မရှိသော ပြိန်ဖျင်းသော စကားကို၊ မပြောဆိုတတ်ပါပေ-ဟူ၏။

ဤသို့ အားဖြင့် "သာတဂိရိ"နတ်မင်းသည်၊ "ဟေမဝတ" နတ်မင်းအား၊ ဤ (၇) အမှတ်ပြ၊ [မုသာ စ သော န ဘဏတိ] အစရှိသော အဖြေ ပါဠိဂါထာကို၊ ရွတ်ဆို၍ ဟောကြားဖြေဆို၏။

ရှေ့နောက် ဂါထာနှစ်ခု၌၊ အနုသန္ဓေစကားဆက်ပုံ ပြခဏ်း

(၇) "သာတဂိရိ" နတ်မင်းသည်၊ မြတ်စွာဘုရားသျှင်သည်၊ ဤယခု-ဘုရားသျှင် အစစ် ဖြစ်လာသည့်ဘဝ၌သာ၊ (မုသာဝါဒ သိက္ခာပုဒ် စသည်) မှ၊ ရှောင်ကြဉ်သည် မဟုတ်ချေ။ ။ရှေးရှေး- လွန်လေပြီးသော အတိတ် ဘဝတို့၌လည်း၊ရှောင်ကြဉ်ခဲ့ဘူးလေပြီ။ ။ဤသို့စသော စကားမျိုးတို့ဖြင့်၊ရဲးရင့်စွာရွတ်ဆိုဖြေကြားလိုသည်ဖြစ်၍၊ဤ(၇)အမှတ်ပြ၊ [မုသာ စ သော န ဘဏတိ၊ + + +] အစရှိသော အဖြေပါဠိဂါထာကို၊ ရွတ်ဆို၍ ဖြေကြားလေ၏။

ဤတွင်(၇)အမှတ်ပြ၊ [မုသာ စ သော န ဘဏတိ × ×] အစရှိသော အဖြေပါဠိ-ဂါထာ၏၊ အကျဉ်းချုပ် အဓိပ္ပါယ် ပြခဏ်း ပြီး၏။

---

**အထူးမှတ်ချက်။**

[ဤ "ဟေမဝတ"သုတ်၌ ပါသော(၄)အမှတ်ပြ၊ (ကစ္စိ အဒိန္နံ-နာ ဒိယတိ)ဟူသောဂါထာမှစ၍-(၇) အမှတ်ပြ (မုသာ စ သော-န ဘဏတိ)ဟူသောဂါထာတိုင်အောင်၊မြတ်စွာဘုရားသျှင်အား၊ဒုစရိုက်တရားတို့မှ၊ ကင်းလွတ်ပုံပြဆိုသော စကားနှင့်၊ သုတ်သီလက္ခန်-ပါဠိတော် ဗြဟ္မဇာလသုတ်၌၊ ဟောတော်မူပုံ စကားနှစ်ရပ်ကို၊ ဆက်စပ်၍ ပြပေအံ့။]

## သုတ်သီလက္ခန် ပါဠိတော်၊ ဗြဟ္မဇာလသုတ် ရူဠသီလ-အကြောင်း

မြန်မာဘာသာပြန်

(၁) ပါဏာတိပါတ—သိက္ခာပုဒ်မှ၊ စောင့်ထိန်းလုံခြုံပုံနည်းပြ-စကား

(၁) ※(ဂေါတမ)အနွယ်ဖြစ်သော ရဟန်းကြီး (ဂေါတမ)သည်။

(၁) ※သူတပါး၏ အသက်ကို သတ်ခြင်းကို ပယ်၍ သူတပါး၏ အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏။
(၂) ※ပယ်အပ်ပြီးသော ဒဏ်ပေးခြင်းရှိ၏။
(၃) ※ပယ်အပ်ပြီးသော လက်နက်ရှိ၏။
(၄) ※ကာယ-ဒုစရိုက်အမှု-အစရှိသည်ကို၊ ပြုရအံ့သည်မှ၊ စက်ဆုပ်တတ်၏။
(၅) ※ချစ်ခြင်း-ဟူသော မေတ္တာ စိတ်နှင့် ပြည့်စုံ၏။
(၆) ※ခပ်သိမ်းသော သတ္တဝါတို့၏၊အစီးအပွားကို၊အစဉ်မပြတ် စောင့်ရှောက်သည် ဖြစ်၍ "ဇာရီယာပုထ်" လေးပါးကို၊ ဆောင်၏။

ဤသို့အားဖြင့် [သွားခြင်း+ ထိုင်ခြင်း+ လျောင်းခြင်း+ အိပ်ခြင်း+ဟူသော](ဇာရီယာပုထ်)လေးပါးတို့၌ပင်၊ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားကို၊ အစဉ်မပြတ်-စောင့်ရှောက်သည် ဖြစ်၍ နေ၏-ဟု၊ ဆိုလို၏။

(က) ဤသို့ (ပါဏာတိပါတ) သိက္ခာပုဒ်မှ၊ ကြဉ်ရှောင်ခြင်း-ဟူသော သီလဖြင့်၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်၊ မြတ်စွာဘုရားသျှင်၏၊ ဂုဏ်ကျေးဇူးကို၊ ချီးကျူးပြောဆိုသည် ဖြစ်၍-ဆိုရာ၏။

(ခ) ထိုသို့ (ပါဏာတိပါတ) သိက္ခာပုဒ်မှ၊ ကြဉ်ရှောင်ခြင်း—ဟူသော သီလသည်—

(၁) ※ အပ္ပ-မတ္တက—နည်းသော အတိုင်း အရှည်ရှိသည်သာ တည်း။
(၂) ※ ဩရ-မတ္တက—ယုတ်သော အတိုင်း အရှည် ရှိသည်သာ တည်း။
(၃) ※ သီလ- မတ္တက—အလေ့- အကျင့်မျှသာ ဖြစ်သည်သာ တည်း-ဟူ၍ ဟောတော်မူ၏။

[ဤ သိက္ခာပုဒ် စောင့်ထိန်းခြင်း တရားစကားထက်၊ထူးကဲမြင့်မြတ်သော အကျင့်တရား-ရှိသေး၏-ဟု-ဆိုလို၏။]

## သုတ်သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်
## ရူဠ-သီလ-ပြခဏ်း

(၁)[※(၁) ပါဏာတိပါတံ ပဟာယ,ပါဏာတိပါတာ ပဋိ-ဝိရတော သမဏော ဂေါတမော။ (၂) နိဟိတ-ဒဏ္ဍော၊,(၃) နိဟိတ-သတ္ထော၊,(၄) လဇ္ဇီ,(၅) ဒယာ-ပန္နော,(၆) သဗ္ဗ-ပါဏ-ဘူတ-ဟိတာ-နု-ကမ္ပီ,ဝိဟရတီတိ]-ဟူ၍၊ ဟောတော်မူ၏။ ။

ပါဏာတိပါတ-သိက္ခာပုဒ်အကြောင်း ပြခဏ်းပြီး၏။

### (၂) အဒိန္နာဒါန-သိက္ခာပုဒ်မှ စောင့်ထိန်း လုံခြုံပုံ နည်းပြစကား

(၂) (ဂေါတမ) အနွယ်ဖြစ်သော ရဟန်းကြီး(ဂေါတမ) သည်။

(၁) ※ ပစ္စည်းရှင်သည် ကိုယ်+နှုတ်-တို့ဖြင့်၊ မပေးအပ်သော သူတပါး၏ ပစ္စည်းကို၊ ခိုးယူခြင်းကိုပယ်၍၊ပစ္စည်းရှင်သည်၊ ကိုယ်+နှုတ်+တို့ဖြင့် မပေးအပ်သော ပစ္စည်းကို၊ ခိုးယူခြင်းမှ၊ ကြဉ်ရှောင်၏။

(၂) ※ ပေးသည်ကိုသာ ယူတတ်၏။

(၃) ※ ပေးသည်ကိုသာလျှင် အလိုရှိတတ်၏။

(၄) ※ မခိုးယူတတ်သော စင်ကြယ်စွာဖြစ်သော(အတ္တ-ဘော) ဖြင့်၊ (ဣရိယာပုထ်)လေးပါးကို ဆောင်၍နေ၏၊

(က) ဤသို့ (၂--အဒိန္နာဒါန) သိက္ခာပုဒ်မှ၊ ကြဉ်ရှောင်ခြင်း-ဟူသော သီလဖြင့်၊ ပုထုဇဉ် ပုဂ္ဂိုလ်သည်၊ မြတ်စွာ ဘုရား၏ ဂုဏ်ကျေးဇူးကို၊ ချီးကျူးပြောဆိုသည် ဖြစ်၍ ဆိုရာ၏။

(ခ) ထိုသို့(အဒိန္နာဒါန)သိက္ခာပုဒ်မှ၊ ကြဉ်ရှောင်ခြင်း-ဟူသော သီလသည်=

(၁)※အပ္ပမတ္တက=နည်းသောအတိုင်းအရှည် ရှိသည်သာတည်း။

(၂)※ဩရမတ္တက=ယုတ်သောအတိုင်းအရှည်ရှိသည်သာတည်း၊

(၃)※သီလမတ္တက=အလေ့အကျင့်မျှသာ ဖြစ်သည်သာတည်း။

[ဤသိက္ခာပုဒ် စောင့်ထိန်းခြင်း တရားစကားထက်၊ ထူးကဲ မြင့်မြတ်သောအကျင့်တရား-ရှိသေး၏-ဟု၊ ဆိုလို၏။]

## သုတ်သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်
## ရှုဋ္ဌသီလပြခဏ်း

(၂) [ ✧ (၁) အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရ-တော သမဏော ဂေါတမော,(၂)ဒိန္နာ-ဒါယီ၊(၃)ဒိန္န-ပါဋိက ၊ (၄) အထေနေန သုစိ-ဘူတေန အတ္တနာ ဝိဟရတိ-တိ]ဟူ၍၊ ဟောတော်မူ၏။

**အထူးမှတ်ချက်။**

[နောက်သိက္ခာ ပုဒ်တို့၊ နောက်ဆုံး စကားတို့ကို၊ ပြဆိုပုံနည်းမှာ၊ ဂဏန်းစဉ်နှင့်၊ သိက္ခာပုဒ်အမည်မျှပြောင်းလွှဲ၍(က + ခ + ၁ + ၂ + ၃ + ၄) အမှတ်ပြ စကားတို့ကို၊ ရှေ့နည်းအတူ ဆိုလေ၊ ရှည်လျား၍ အကျဉ်းချုံး–ပြဆို၏။

အဒိန္နာဒါန သိက္ခာပုဒ်အကြောင်းပြခဏ်းပြီး၏။

---

### (၃) မုသာဝါဒ သိက္ခာပုဒ်မှ
### စောင့်ထိန်းလုံခြုံပုနည်းပြ-စကား

(၃) (ဂေါတမ) အနွယ်ဖြစ်သော ရဟန်းကြီး (ဂေါတမ)သည်။

(၁)✧ မဟုတ်မမှန်သော စကားကိုပယ်၍၊ မဟုတ် မမှန်သော စကားကို ပြောဆိုခြင်းမှကြဉ်ရှောင်၏။

(၂)✧ မှန်ကန်သောစကားကိုသာဆိုတတ်၏။

(၃)✧ မှန်ကန်သောစကားနှင့်၊မမှန်ကန်သောစကားကို စေ့စပ်တတ်၏။ ဤစကားသည်ကား-မှန်ကန်သောစကား၊ ဤစကားသည်ကား- မမှန်ကန်သောစကား=ဟူ၍၊ စကားနှစ်ရပ်ကို အစေ့ အစပ်ပြုတတ်၏-ဟူ၏။

(၄)✧ ခိုင်မြဲ တည်ကြည်သော စကားရှိ၏၊ ကြားရ သူတို့၏ နားလမ်းမှာ ယုံလောက်သောစကားရှိ၏ဟူ၏။

(၅)✧ ယုံကြည်လေးစားလိုက်သော စကားရှိ၏။

(၆)✧ လူအပေါင်းကို၊ မချွတ်ယွင်းစေတတ်သည်ကိုပြ၍ (ဇာရိယာပုထ)လေးပါးကို ဆောင်၍နေ၏။

ဤသို့လျှင် (က+ခ+၁+၂+၃+၄)အစဉ်အတိုင်းဆိုလေ။

## သုတ်သီလက္ခန် ပါဠိတော် ဗြဟ္မဇာလသုတ်
## ရှူဠသီလ-ပြခဏ်း

(၃)[※(၁) မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိ ဝိရတော သမဏော ဂေါတမော,(၂)သစ္စ-ဝါဒီ,(၃)သစ္စသန္ဓော, (၄) ထေတော, (၅) ပစ္စာယိကော, (၆) အ-ဝိ-သံ-ဝါဒကော, လောကဿာ-တိ။] ဟူ၍ဟောတော်မူ၏။ မုသာဝါဒသိက္ခာပုဒ်အကြောင်းပြခဏ်းပြီး၏။

---

### (၄) ပိသုဏာ-ဝါစာသိက္ခာပုဒ်မှ
### စောင့်ထိန်း လုံခြုံပုံ နည်းပြ-စကား

(၄) (ဂေါတမ) အနွယ်ဖြစ်သောရဟန်းကြီး (ဂေါတမ)သည်။

(၁)※သူနှစ်ဦးတို့၏ အချစ်ပျက်ခြင်းကို ဖြစ်စေတတ်သော, ချောပစ်ကုန်းတိုက်သော စကားကိုပယ်၍၊ အချစ်ပျက်ခြင်းကို ဖြစ်စေတတ်သော ချောပစ်ကုန်းတိုက်သောစကားကိုရှောင်ကြဉ်၏။

(၂)※ဤသူတယောက်အထံမှကြား၍၊ ဤသူတယောက်၏အထံသို့သွား၍၊ဤသူနှစ်ယောက်ကို အချစ်ပျက်ခြင်းငှါ၊ ချောပစ်ကုန်းတိုက်သောစကားကို မပြောကြားတတ်ပေ။

(၃)※ဤမည်သော အရပ်၌မူလည်းကြား၍+ဤမည်သောသူတို့ကို အချစ်ပျက်ခြင်းငှါ+ ဤမည်သောသူ၏ အထံသို့သွား၍+ ကွဲပြားကုန်သော သူတို့ကိုလည်း၊ အစေ့+အစပ်ပြုတတ်၏။

(၄)※အညီအညွတ် ဖြစ်ကုန်သော သူတို့အားလည်း၊ ခိုင်မြဲးသည်ထက်+ခိုင်မြဲး၍+ညီညွတ်သည်ထက်+ပို၍အညီအညွတ်ဖြစ်စေခြင်းငှါ+အထောက်အပံ့အကူအညီကိုပေးတတ်၏။

(၅)※ညီညွတ်မှု၌ မွေ့လျော်သောစိတ်ရှိ၏။

(၆)※ညီညွတ်ရာ၌ မွေ့လျော်တတ်၏။

(၇)※ညီညွတ်မှုကိုနှစ်သက်တတ်၏။

(၈)※ညီညွတ်ခြင်းကိုပြုတတ်သော စကားကို ဆိုတတ်၏။

ဤသို့လျှင်(က+ခ+၁+၂+၃+၄-)အစဉ်အတိုင်းဆိုလေ။

## သုတ်သီလက္ခန်ပါဠိတော် ဖြဟ္မဇာလသုတ်
## ရှုဠသီလ-ပြခဏ်း

(၄) [·ႏ·(၁) ဝိသုကာံ ဝါစံ ပဟာယ ဝိသုကာယ ဝါစာယ ပဋိဝိရတော သမဏော ဂေါတမော, (၂) ဣတော သုတွာန အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ, (၃) အမုတြ, ဝါ သုတွာန ဣမေသံ အက္ခာတာ အမူသံ ဘေဒါယ'' ဣတိ ဘိန္နာနံ ဝါ သန္ဓာတာ,(၄)သဟိတာနံ ဝါ အနုပ္ပဒါတာ,(၅)သမဂ္ဂါ-ရာမော,(၆)သမဂ္ဂ-ရတော,(၇)သမဂ္ဂ-နန္ဒီ,(၈)သမဂ္ဂ-ကရဏိ ဝါစံ ဘာသိတာ-တိ။]ဟူ၍၊ ဟောတော်မူ၏။

ဝိသုကာဝါစာ သိက္ခာပုဒ်အကြောင်း ပြခဏ်းပြီး၏။

---

### (၅) ဖရုသ-ဝါစာ သိက္ခာပုဒ်မှ
### စောင်ထိန်းလုံခြုံပုံနည်းပြ-စကား

(၅)(ဂေါတမ)အနွယ်ဖြစ်သော ရဟန်းကြီး(ဂေါတမ)သည်။

(၁) ·ႏ·ကြမ်းကြုတ်စွာသော စကားကို ပယ်၍၊ ကြမ်းကြုတ်စွာသော စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်၏။

(၂) ·ႏ·အကြင်စကားသည် အပြစ်မရှိ။

(၃) ·ႏ·နားအကြား၌ ချမ်းသာ၏။

(၄) ·ႏ·ချစ်ခြင်း မေတ္တာကိုဖြစ်စေတတ်၏။

(၅) ·ႏ·ဟဒယ ဝဂ္ဂုရှိ-ဟူသော နှလုံးသား အိမ်ထဲး၌၊ အမြဲး သက်ဝင်၏။

(၆) ·ႏ·ရှေးရှေးဖြစ်သောလူရိုး+လူဖြောင့်+လူဟောင်း+တိုင်းကြီး+ပြည်ကြီးသားတို့၏ စကားဖြစ်၏။

(၇) ·ႏ·များစွာသော လူတို့သည် နှစ်လိုအပ်၏။

(၈) ·ႏ·များစွာသော လူတို့၏ စိတ်နှလုံးကို၊ တိုးပွားစေတတ်သော စကားကို ဆိုတတ်၏။

ထိုသို့ပဘောရှိသော စကားမျိုးကိုသာ-ပြောဆိုတတ်၏။

၎င်းသို့လျှင် (က+၁+ +၂+၃+၄)အစဉ်အတိုင်းဆိုလေ။

## သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ် ရူဠ္ဍသီလ-ပြခဏ်း

(၅)[※(၁) ဖရုသံ ဝါစံ ပဟာယ ဖရုသာယ ဝါစာယ ပဋိဝိရတောသမဏော ဂေါတမော, (၂) ယာ, သာ, ဝါစာ နေလာ, (၃) ကဏ္ဏ-သုခါ, (၄) ပေမနီယာ, (၅) ဟဒ-ယင်္ဂမာ, (၆) ပေါရီ, (၇) ဗဟု-ဇန-ကန္တာ, (၈) ဗဟု-ဇန-မနာပါ, တထာရူပိံ ဝါစံ ဘာသိတာ-တိ။] ဟူ၍ဟော တော်မူ၏။

ဖရုသဝါစာ သိက္ခာပုဒ်အကြောင်း ပြခဏ်းပြီး၏။

---

(၆) သမ္ဖပ္ပလာပ သိက္ခာပုဒ်မှ
စောင့်ထိန်းလုံခြုံပုံနည်းပြ—စကား

(၆)(ဂေါတမ)အနွယ်ဖြစ်သော ရဟန်းကြီး(ဂေါတမ)သည်။

(၁) ※အကျိုး မရှိသော စကားကို ပယ်၍၊ အကျိုးမရှိသော စကားကို ရှောင်ကြဉ်၏။

(၂) ※လျောက်ပတ်သောအခါကာလ၌-သာ၊စကားဆိုလေ့ရှိ၏။

(၃) ※ဟုတ်မှန်သော၊စကားကိုသာ ပြောဆိုလေ့ရှိ၏။

(၄) ※ပစ္စုပ္ပန်-တမလွန်၊ နှစ်တန်သော အကျိုးစီးပွါးနှင့် စပ်သောစကားကို-သာ၊ပြောဆိုလေ့ရှိ၏။

(၅) ※လောကုတ္တရာ-ဓမ္မ-နှင့်စပ်သော စကားကို-သာ၊ပြောဆိုလေ့ရှိ၏။

(၆) ※ဆုံးမခြင်းနှင့် စပ်သော စကားကို-သာ၊ပြောဆိုလေ့ရှိ၏။

(၇) ※စိတ်-နှလုံး၌အမှတ်ပြု၍ ထားအပ်သော စကားကို-သာ၊ ပြောဆိုလေ့ရှိ၏။

(၈) ※လျောက်ပတ်သောအခါ၌၊ အကြောင်း ဥပမာနှင့် တကွ ဖြစ်သော အဆုံး အပိုင်း အခြား ရှိသောစကားကိုသာ၊ ပြောဆိုတတ်၏။

(၉) ※အနက်+အဓိပ္ပါယ်- နှင့်တကွဖြစ်သော စကားကိုသာ၊ ပြောဆိုတတ်၏။

ဤသို့အားဖြင့်၊ (သမ္ဖပ္ပလာပ) သိက္ခာပုဒ်မှ၊ ရှောင်ကြဉ်ခြင်း-ဟူသော သီလဖြင့် ပုထုဇဉ်ပုဂ္ဂိုလ်သည်၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို၊ ချီးကျူးသည်ဖြစ်၍-ဆိုရာ၏။

## သုတ်သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ် ဂုဏ္ဌသီလ-ပြခန်း

(၆)[※(၁) သမ္ဖပ္ပလာပံ ပဟာယ သမ္ဖပ္ပလာပါ ပဋိ-ဝိရတော သမဏော ဂေါတမော, (၂)ကာလ-ဝါဒီ, (၃) ဘူတ-ဝါဒီ,(၄) အတ္ထ-ဝါဒီ,(၅)ဓမ္မ-ဝါဒီ,(၆) ဝိနယ-ဝါဒီ,(၇) နိဓာန-ဝတိံ ဝါစံ ဘာသိတာ,(၈)ကာလေန သာပဒေသံ ပရိ-ယန္တ-ဝတိံ,(၉)အတ္ထ-သံဟိတ-န္တိ]ဟူ၍ဟောတော်မူ၏။

သမ္ဖပ္ပလာပဝါစာ သိက္ခာပုဒ်အကြောင်း ပြခန်းပြီး၏။

---

## (၈) "ဟေမဝတ"နတ်မင်း၏ အမေးပုစ္ဆာ(၈) အမှတ်ပြ-ဂါထာ

(၈) " ကစ္စိ န ရဇ္ဇတိ ကာမေသု၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ စိတ္တံ အနာ-ဝိလံ၊
ကစ္စိ မောဟံ အတိက္ကန္တော။
ကစ္စိ ဓမ္မေသု စက္ခုမာ"။

(က) ကာမာ-တိ=ဝတ္ထုကာမာ,ကိလေသကာမာစ။

(ခ) အနာ-ဝိလ -န္တိ ပုန္တန္တော ဗျာပါဒေန အာဝိလဘာဝံ သန္တာယ အ-ဗျာပါဒံ ပုစ္ဆတိ၊

(ဂ) မောဟံ အတိက္ကန္တော-တိ ပုစ္ဆန္တော ယေန မောဟေန မူဠှော မိစ္ဆာ-ဒိဋ္ဌိံဂဏှာတိ၊တဿာ-တိက္ကမေန သမ္မာဒိဋ္ဌိ-တံ ပုစ္ဆတိ၊

(ဃ) ဓမ္မေသု စက္ခုမာ-တိ ပုစ္ဆန္တော သဗ္ဗဓမ္မေသု အပ္ပဋိဟ-တဿ ဉာဏစက္ခုနော (လ)သဗ္ဗညုတံ ပုစ္ဆတိ။

ဤပုစ္ဆာစကားသည်၊ ဒွါရသုံးပါး၌ ကံ-သုံးပါး စင်ကြယ်ရုံမျှဖြင့်၊ "သဗ္ဗညုတ" ဗုဒ္ဓ-ဘုရားသျှင် အစစ်၊ မဖြစ်နိုင်သေး၊ ဖြစ်နိုင်မည်မဟုတ်သေး- ဟု၊ ကြံစည်၍မေးမြန်းသော ပုစ္ဆာစကားဖြစ်၏။

မြန်မာဘာသာပြန်

(ဂ)※အို…အဆွေ–"သာတဂိရိ"နတ်မင်း။

အဘယ်သို့ပေနည်း။

(၁) ထို(ဂေါတမ)နွယ်ဖွား၊မြတ်စွာဘုရားသျှင်သည်၊ ရူပါရုံ-အစရှိသော အာရုံ-ငါးပါး တရားတို့၌ တွယ်တာ ငြိကပ် တပ်+နှစ်သက်တတ်သော လောဘတရားဖြင့်၊ မတပ်နှစ်သက်ဘဲ-ရှိပါ၏=လော။

အဘယ်သို့ပေနည်း–

(၂)※ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်၏ စိတ်တော်သည်၊ (ဗျာပါဒ) သူတပါးတို့အား၊ ပျက်စီးစေတတ်သော (ဒေါသ) တရားဖြင့် မနောက်ကျုဘဲ ရှိပါ၏=လော။

အဘယ်သို့ပေနည်း–

(၃)※ထို(ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ဒုက္ခ-သစ္စာ အစရှိသော (သစ္စာ) လေးပါး၊ တရားအစဉ်ကို၊ မမြင်- မသိအောင် ဖုံးလွှမ်းတတ်သော(မောဟ)တရားကို လွန်မြောက်ပါ၏=လော။

အဘယ်သို့ပေနည်း–

(၄) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ သိသင့်-သိထိုက် သိမြင်အပ်သော (ဉေယျဓံ) တရားတို့၌ ပိတ်ပင်တားဆီးခြင်း မရှိသော ဉာဏ်မျက်စိအမြင် ငါးပါးရှိပါ၏=လော။

**ပေါ်လွင်ထင်ရှားစေရန် ပေါ်ပြပုံပုစ္ဆာစကား**

(၁) အနဘိဇ္ဈာလု=လောဘ-ဟူသော(အဘိဇ္ဈာ)တရားမှ ကင်း
လွတ်ပါ၏လော=

(၂) အဗျာပါဒ=ဒေါသ-ဟူသော(ဗျာပါဒ)တရားမှ ကင်းလွတ်
ပါ၏လော=

(၃) သမ္မာဒိဋ္ဌိ-မှားသောအမြင်-ဟူသော (မိစ္ဆာဒိဋ္ဌိ) အဖြစ်မှ
ကင်းလွတ်ပါ၏လော=

(၄) ပဥ္စစက္ခု=ဒိဗ္ဗစက္ခု အစရှိသော စက္ခုငါးအင်၊ ဉာဏ်အမြင်
နှင့် ပြည့်စုံပါ၏လော=ဟု၊မေးမြန်းခြင်းပင်ဖြစ်၏။

ဤသို့အားဖြင့်''ဟေမဝတ''နတ်မင်းသည်၊ ''သာတ ဂိရိ''နတ်မင်းအား၊ ဤ(၈)အမှတ်ပြ [ကစ္စိ နရက္ခတိ ကာမေသု] အစရှိသော အမေးပါဠိ-ဂါထာကို ရွတ်ဆို၍မေးမြန်းသော ပုစ္ဆာစကားဖြစ်၏။

**ရှေ့နောက်ဂါထာ-နှစ်ခု၌အနုသန္ဓေစကားဆက်ပုံပြခက်း**

ဤယခုအခါ၌၊ ''ဝိဒ္ဓါရ ဝိစက်''၏စင်ကြယ်ခြင်းကို ကြားနာရပြီဖြစ်၍(နောက်ထပ်တဖန်)''မနောဒွါရ ၌ မနောကံ''၏ စင်ကြယ်ခြင်းကို မေးမြန်းလိုသည်ဖြစ်၍ ဤ(၈)အမှတ်ပြ [ကစ္စိ နရက္ခတိ ကာမေသု++] အစရှိသော အမေးပါဠိ-ဂါထာကို ရွတ်ဆိုမေးမြန်းသော ပုစ္ဆာစကားဖြစ်၏။

ဤတွင် (၈) အမှတ်ပြ [ကစ္စိ နရက္ခတိ ကာမေသု] အစရှိသော အမေး ပါဠိ-ဂါထာ၏ အမေးပုစ္ဆာ အကျဉ်း ချုပ်အဓိပ္ပါယ်ပြခက်းပြီး၏။

---

## (၉) ''သာတဂိရိ''နတ်မင်း၏
## အဖြေ-ဝိသဇ္ဇနာ (၉)အမှတ်ပြ-ဂါထာ

(၉) ''န သော ရဇ္ဇတိ ကာမေသု၊
ဣတိ သာတ ဂိရိ ယက္ခော။

အထော စိတ္တံ, အနာ ဝိလံ၊
သဗ္ဗ-မောဟံ, အတိ-ဂ္ဂန္တော၊၊
ဗုဒ္ဓေါ ဓမ္မေသု စက္ခုမာ၊၊

မြန်မာ ဘာသာ ပြန်

(၉) ※ အို…အဆွေ-''ဟေမဝတ''နတ်မင်း၊၊

(၁) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ရူပါရုံ-အစရှိသောအာရုံငါးပါး၊ကာမဂုဏ်တရားတို့၌၊(အဘိဇ္ဈာ) ဟူသောလောဘတရားဖြင့် တွယ်တာ-ငြိကပ်၊တပ်-နှစ်သက်ခြင်းမရှိပါချေ၊၊

ထို့မှတပါး၊—

(၂) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်၏ စိတ်တော်သည်၊ (ဗျာပါဒ) ဟူသော ဒေါသတရားဖြင့်၊သူတပါးတို့အား ပျက်စီးစေမှုပြုတတ်သော နောက်ကျု-ခြင်းမရှိပါချေ၊၊

ထို့မှတပါး၊—

(၃) ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်သည်၊ ဒုက္ခ-သစ္စာ-အစရှိသော (သစ္စာလေးပါး) တရားတို့ကိုမမြင်-မသိရအောင် ဖုံးလွှမ်းတတ်သော အလုံးစုံသော (မောဟ) တရားကို လွန် မြောက်တော်မူပါ၏၊၊

ထို့မှတပါး၊—

(၄) သစ္စာ လေးပါး၊ တရား-သိမြင်၊ ဉာဏ်တော်သျှင် ဖြစ်သော (ဂေါတမ) နွယ်ဖွား ဘုရားသျှင်သည်၊ သင်္ခါရ+ဝိကာရ +လက္ခဏ+ နိဗ္ဗာန်+ ပညတ်+ ဟူသော (ဉေယျ-ခံ) တရား ငါးပါးတို့၌ မပိတ်မပင်၊ ထင်သောဉာဏ်မျက်စိ-အမြင် ရှိတော်မူပါပေ၏၊၊

ဤသို့အားဖြင့်၊''သာတဂိရိ'' နတ်မင်းသည်၊ ''ဟေမဝတ'' နတ်မင်းအား၊ဤ(၉) အမှတ်ပြ၊ [န သော ရဇ္ဇတိ ကာမေသု] အစရှိသောအဖြေပါဠိ-ဂါထာဖြင့်၊ပြန်ကြားဖြေဆိုလေ၏၊၊

**ရှေ့နောက်ဂါထာနှစ်ခု၌၊ အနုသန္ဓေ—စကားဆက်စပ်ပုံ**
**အကျဉ်းချုပ်-ပြခက်း**

မြတ်စွာဘုရားသျှင်သည်၊ (အရဟတ္တမိုလ်) စိတ်သို့မရောက်မီကပင်လျှင်—

(၁) အနာဂါမိမဂ်-ဖြင့်၊ ကာမရာဂ+ဗျာပါဒ-တရားတို့ကို၊ ပယ်နိုင်၏။

(၂) သောတာပတ္တိမဂ်-စိတ်ဖြင့်၊သစ္စာလေးပါး၊ တရားအစဉ်ကို ဖုံးလွှမ်းတတ်သော (မောဟ) တရားကို၊ ပယ်နိုင်၏။

(၃) သစ္စာ-လေးပါး၊ တရားတို့ကို၊ ထိုးထွင်း သိမြင်၍ ''ဝိမောက္ခန္တိက''ဟူသောအမည်ကိုရင်း၊=အကြင်အကြင်ပြဆိုမည်ပြီးသော ဒိဗ္ဗစက္ခုအစရှိသော (စက္ခု) ငါး-အင်၊ ဉာဏ်အမြင်တို့ကိုရင်း—ရရှိတော်မူပြီ။

လိုကြောင့်၊''မနောဒွါရ ၌၊ မနောက''၏-စင်ကြယ်ခြင်းကိုရင်း၊= ''သဗ္ဗညုတ''ဗုဒ္ဓ ဘုရား သျှင် အဖြစ်ကိုရင်း၊=ကြွေးကြော် လိုသော ''သာတဂိရိ'' နတ်မင်းသည်။

၏(၉) အမှတ်ပြ—[ န သော ရဇ္ဇတိ ကာမေသု + + + ] အစရှိသောအဖြေ ပါပြီ ဂါထာကို၊ ရွတ်ဆိုပြ၍ပြကြားလေ၏။

၏ တွင် (၉) အမှတ်ပြ၊ [န သော ရဇ္ဇတိကာမေသု] ဟူသောအဖြေ ပါပြီ ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြဆက်ပြီး၏။

---

## (၁၀) ''ဟေမဝတ''နတ်မင်း၏အမေးပုစ္ဆာ၊
## (၁၀)အမှတ်ပြ-ဂါထာ

''ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော၊
ဣတိ ဟေမ-ဝတော ယက္ခော။
ကစ္စိ သံ-သုဒ္ဓ-စာရဏော၊
ကစ္စိ-ဿ,အာသဝါ,ခီဏာ၊
ကစ္စိ နတ္ထိ ပုန-ဗ္ဘဝေါ''။

မြန်မာ ဘာသာပြန်

(၁၀) အို…အဆွေ "သာတဂိရိ" နတ်မင်း။

(၁) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်၊ (ဝိဇ္ဇာ) သုံးပါး၊(ဝိဇ္ဇာ) ရှစ်ပါး-ဟူသော အသိ-ဉာဏ်တရားတို့နှင့် ပြည့်စုံပါ၏=လော၊

အဘယ်သို့ ပေနည်း၊—

(၂) ထို(ဂေါတမ)-နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်သည်၊ ကောင်းစွာ သန့်ရှင်း စင်ကြယ်သော အကျင့်-ဟူသော (စရဏ) တရား၊တဆဲ့-ငါးပါးနှင့် ပြည့်စုံပါ၏ =လော၊

အဘယ်သို့ ပေနည်း၊—

(၃) ထို(ဂေါတမ)နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်အား (ကာမာ-သဝ)အစရှိသော (အာသဝေါ) တရား၊ လေးပါးတို့သည်၊ ချုပ်ငြိမ်း-ကုန်ခန်းပါ၏=လော၊

အဘယ်သို့ ပေနည်း၊—

(၄) ထို (ဂေါတမ)နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်အား၊သံသရာ ခေါ်-ဘုံဘဝ၌၊ ခန္ဓာငါးပါး-ဟူသောဝန်-အသစ်၊ ဖြစ်ပေါ်ခြင်း၏ အကြောင်းရင်းဖြစ်သော (သမုဒယသစ္စာ) တဏှာ-ခေါ်သောလောဘ တရားသည်၊မရှိဘဲး-ဖြစ်ပါ၏–လော။

ဤသို့အားဖြင့်"ဟေမ ဝတ"နတ်မင်းသည်၊ "သာတဂိရိ" နတ်မင်းအား၊ ဤ (၁၀)အမှတ်ပြ၊ [ကစ္စိ ဝိဇ္ဇာယ သမ္ပန္နော] အစရှိသော အမေးပါဠိ-ဂါထာကို၊ရွတ်ဆိုလျက်၊ပုစ္ဆာ-စကား၊မေးမြန်းလေ၏။

**ရှေ့နောက် ဂါထာနှစ်ခု၌၊**
**အနုသန္ဓေ–စကား ဆက်စပ်ပုံ-ပြခဏ်း**

"ဟေမဝတ" နတ်မင်းသည်၊ မြတ်စွာဘုရားသျှင်၏ သန္တာန်၊ ဒွါရသုံးပါးတို့၌ (ကံ)သုံးပါးတို့၏၊ စင်ကြယ်ခြင်းကိုင်း၊(သဗ္ဗညုတ)ဗုဒ္ဓ ဘုရားသျှင် အစစ်,ဖြစ်၏-ဟူသော စကားကိုင်း၊ ကြားရ၍၊ လွန်စွာ နှစ်သက်၊အားတက် ဝမ်းမြောက်ခြင်း-ဖြစ်ရကား=မိမိသည်ပင်၊ လွန်

ခဲ့ပြီးသော (ကဿပ) မြတ်စွာဘုရား၏၊သာသနာတော် ခေတ်အတွင်း၌၊ ရဟန်းအဖြစ်နှင့်နေ၍ မိမိကိုယ်တိုင်၊ စာပေ၌ နားလည်-တတ်မြောက် အောင် သင်ကြားခြင်း၊ တပည့်စာသင်သားတို့အား၊ တတ်မြောက်စေ ရန်၊ စာပေပို့ချသင်ကြားပြသ၍- ပေးခြင်းတို့ဖြင့်၊ အကြားအမြင်၊ ဗဟု သုတ+များပြား၏၊ ရဲးရင့်စွမ်းရည်သတ္တိရှိ၏၊ တစုံတခုသော တရား စကား၊ ပြောကြားစိစစ်ရာ၌၊ ငြိတွယ် ကပ်ငြိသော စကားအစဉ် မရှိ သည်ဖြစ်၍၊ မြတ်စွာ ဘုရားသျှင်၏ ဂုဏ်နှင့်စပ်၍ အသိ-ဉာဏ်အမြင်၊ အလွန်ပင် ပွင့်လင်းနေသော နတ်မင်းဖြစ်ရကား၊=

၍ယခုတဖန်၊ မြတ်စွာဘုရား၏၊ အဋ္ဌရိယ–အဗ္ဘုတသဘောရှိသော "သဗ္ဗညုတ"ဉာဏ်တော်၏ ဂုဏ်တို့ကို၊ ကြားနာရ-ပြန်ရကား-

၍ (၁၀)အမှတ်ပြ။ [ကစ္စိ ဝိဋ္ဌာယ သမ္ပန္နော + + +] အစရှိ သောအမေးပါဠိ-ဂါထာကို၊ ရွတ်ဆို၍မေးမြန်းလေ၏။

၍တွင် (၁၀) အမှတ်ပြ [ကစ္စိ ဝိဋ္ဌာယ သမ္ပန္နော] ဟူသော အမေး ပါဠိ-ဂါထာ၏ အကျဉ်းချုပ်၊ အပ်ပွါယ်ပြခဏ်းပြီး၏။

---

## (၁၁) "သာတဂိရိ"နတ်မင်း၏၊ အဖြေ-ဝိသဇ္ဇနာ (၁၁) အမှတ်ပြ ဂါထာ

(၁၁) "ဝိဇ္ဇာယ စေဝ သမ္ပန္နော၊
ဇုတိ သာတ ဂိရော ယက္ခော။
အထော, သံ-သုဒ္ဓ-စာရဏော၊
သဗ္ဗ-သဿ -အာသဝါ ခီဏာ၊
နတ္ထိ တဿ ပုန-ဗ္ဘဝေါ။

ပြန်မာဘာသာပြန်

(၁၁) ✣ဒို····အဆွေ"ဟေမ ဝတ" နတ်မင်း။
(၁) လို (ဝေါတပ) ယ်ဖွား၊ မြတ်စွာဘုရားသျှင်သည်။ (ဝိဇ္ဇာ) သုံးပါး၊ (ဝိဇ္ဇာ)ရှစ်ပါး ဟူသော အသိ-ဉာဏ်တရားတို့နှင့် ပြည့်စုံပါ၏။

ထိုမှတပါး–

(၂) ထို (ဂေါတမ)နွယ်ဖွား၊မြတ်စွာဘုရားသျှင်သည်၊ကောင်းစွာ သန့်ရှင်း အပြစ်ကင်း၍၊ စင်ကြယ်သော အကျင့်ဟူသော (စရဏ)အကျင့်၊ တဆဲ့-ငါးပါးနှင့် ပြည့်စုံပါ၏။

ထိုမှတပါး–

(၃) ထို (ဂေါတမ)နွယ်ဖွား၊မြတ်စွာ ဘုရားသျှင်အား၊ အလုံးစုံသော(ကာမာ-သဝ)အစရှိသော (အာသဝေါ)တရားတို့သည်၊ ကင်းစင်ချုပ်ငြိမ်းပါကုန်၏။ (လောဘတရား) ကင်းစင်ချုပ်ငြိမ်းကုန်ခန်းပါ၏-ဟူ၏။

ထိုမှတပါး–

(၄) ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်အား၊ သံသရာ-ခေါ်သောဘုံဘဝ၌၊နောက်ထပ်တဖန်၊ပြန်လည်အသစ်ဖြစ်ရခြင်း၏အကြောင်းရင်း ဖြစ်သော (သမုဒယသစ္စာ) တဏှာ-ခေါ်သော လောဘတရားသည်၊ မရှိပါကုန်ပြီ။ ပယ်စွန့်အပ်ပါကုန်ပြီ-ဟူ၏။

ဤသို့အားဖြင့် ''သာတ ဂိရိ''နတ်မင်းသည်၊ ''ဟေမဝတ'' နတ်မင်းအား၊ဤ(၁၁)အမှတ်ပြ၊ [ဝိဇ္ဇာယ စေဝ သမ္ပန္နော + + + ]အစရှိသော အဖြေပါဠိ-ဂါထာကို ရွတ်ဆို၍ အဖြေစကား၊ ဟောကြားပြောဆို၏။

ဤတွင် (၁၁)အမှတ်ပြ၊ [ဝိဇ္ဇာယ စေဝ သမ္ပန္နော] ဟူသော အဖြေ ပါဠိ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ပြဆိုပြီး၏။

---

## (၁၂) ''ဟေမ ဝတ'' နတ်မင်းသည်၊ ''သာတ-ဂိရိ'' နတ်မင်း၏ အဖြေစကား၊ကြားနာရ၍၊ဝမ်းမြောက်ဝမ်းသာ ''သာတဂိရိ''နတ်မင်းအား၊ ပြန်ကြားပြောဆိုပုံ (၁၂)အမှတ်ပြ ဂါထာ

(၁၂) ''သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပထေန စ။

ဝိဇ္ဇာ-စရဏ-သမ္ပန္နံ။
ဓမ္မတော နံ ပ-သံသသိ''။

မြန်မာ ဘာ သာ ပြန်

(၁၂) ∴ ရို....အသွေ''သာတ ဂိရိ'' နတ်မင်း။

∴ သာဓု+သာဓု=ကောင်းပေစွ+ကောင်းပေစွ+

∴ အသင် ''သာတ ဂိရိ'' နတ်မင်းသည်၊ ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်ကို၊ ဟုတ်မှန်သော သဘောအားဖြင့်၊ ချီးကျူး ပြောကြားနိုင် ပါပေ၏-ဟု၊ ဝန်ခံသောစကားဖြင့်၊ ပြန်ကြား-ပြောဆို၏။

∴ အသင် ''သာတ ဂိရိ'' နတ်မင်း=ချီးကျူး ပြောကြားသည့် စကားအတိုင်းပင်၊ ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်၏ စိတ်တော်သည်၊--

(၁) ပြုသင့်+ပြုထိုက်သော အမှုကို၊ ပြုခြင်းနှင့်လည်း၊ ပြည့်စုံ တော် မူပါပေ၏။--(ကမ္မုနာ)ဟူ၏။

(၂) ပြောဆိုသင့်+ပြောဆိုထိုက်သောစကားကို၊ ပြောဆိုခြင်းနှင့် လည်း၊ ပြည့်စုံတော် မူပါပေ၏။--(ဗျပထေန)ဟူ၏။

(၃) (ဝိဇ္ဇာ)တရား၊ သုံးပါး+(ဝိဇ္ဇာ) တရား-ရှစ်ပါး၊(စရဏ) တရား၊ တဆဲ့ငါးပါးတို့နှင့်လည်း၊ ပြည့်စုံတော် မူပါပေ၏။ (ဝိဇ္ဇာစရဏသမ္ပန္နံ-)ဟူ၏။

ဤသို့အားဖြင့်၊ ''ဟေမ ဝတ'' နတ်မင်းသည်၊''သာတ ဂိရိ'' နတ်မင်းအား၊ ဤ(၁၂)အမှတ်ပြု[သမ္ပန္န မုနိနော စိတ္တံ]အစရှိ သော အလုံးပါဠိ-ဂါ ထာဖြင့်၊ပြန်ကြား-ပြောဆိုချီးကျူးလေ၏။

ရှေ့နောက်ဂါထာနှစ်ခု၌၊ အနုသန္ဓေ-စကား၊ဆက်စပ်ပုံပြခန်း

''ဟေမဝတ'' နတ်မင်းသည်၊မြတ်စွာ ဘုရားသျှင်၌၊''သမ္မာ-သမ္ဗုဒ္ဓ'' ဂုဏ်တော်၊ ''ဘဂဝါ'' ဂုဏ်တော်တို့နှင့် ပြည့်စုံတော်

မူပါပေ၏-ဟု၊ ယုံမှားခြင်း ကင်းသည်ဖြစ်၍၊ ရှေးက-ပြဆိုခဲ့ပြီး သော (ကာဠိ) မည်သော ဥပါသိကာ ဒါယိကာမ၏ နေရာ၊ အိမ်ဂေဟာအထက်၊ တည့်တည့်ဖြစ်သော ကောင်းကင်အပြင်၌၊ ရပ်တည်လျက်ဖြင့်ပင်၊ မြတ်စွာ ဘုရားသျှင်ကို၊ ချီးကျူးလိုသည် ဖြစ်၍ငင်း၊=''သာတဂိရိ'' နတ်မင်း၏ စိတ်ကို၊ နှစ်သိမ့်ရွှင်ပျ စေလိုသည် ဖြစ်၍ငင်း=ဤ (၁၂) အမှတ်ပြ၊ [သမ္ဗန္ဓ မုနိနော စိတ္တံ + + +] အစရှိသော ပါဠိ-ဂါထာကို ပြန်ကြားရွတ်ဆို ချီးကျူးလေသတည်း။—

ဤတွင် (၁၂) အမှတ်ပြ၊ [သမ္ဗန္ဓ မုနိနော စိတ္တံ] ဟူသော ပါဠိ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ပြခန်းပြီး၏။

---

## (၁၃) ''သာတဂိရိ'' နတ်မင်းသည်၊ ''ဟေမဝတ'' နတ်မင်း၏၊ ချီးကျူးပုံစကား၊ ကြားရ၍၊ တဖန် ''ဟေမဝတ'' နတ်မင်းအား၊ ပြန်ကြားပြောဆိုပုံ (၁၃) အမှတ် ပြဂါထာ

(၁၃) ''သမ္ပန္နံ မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပထေန စ။
ဝိဇ္ဇာ-စရဏ-သမ္ပန္နံ၊
ဓမ္မတော အနု-မောဒသိ''။

မြန်မာဘာသာပြန်

(၁၃)*အို…အဆွေ''ဟေမဝတ''နတ်မင်း။

*သာဓု+သာဓု=ကောင်းလေစွ+ကောင်းလေစွ။

(၁)*အသင် ''ဟေမဝတ''နတ်မင်းသည်၊ ထို(ဂေါတမ) နွယ် ဖွား၊ မြတ်စွာဘုရား သျှင်ကို၊ ဟုတ်မှန်သောအားဖြင့်၊ ဝမ်းမြောက်-ဝမ်းသာ၊ အနုမောဒနာစကား၊ ပြောကြား နိုင်ပါပေ၏၊ (ဓမ္မတော အနု မောဒသိ၊) ဟူ၏။

(၂)-နှ-အသင် "ဟေမဝတ" နတ်မင်းသည်၊ ဝမ်းမြောက်ဝမ်းသာ ပြုသည့်အတိုင်းပင်၊ ထို(ဂေါတမ) နွယ်ဖွား၊မြတ်စွာဘုရား သျှင်၏ စိတ်တော်သည်၊ ပြုသင့်-ပြုထိုက်သောအမှုကို၊ပြုခြင်း နှင့်ပြည့်စုံတော်မူပါပေ၏။(ကမ္မုနာ)ဟူ၏။

(၃)-နှ-ပြောဆိုသင့်+ပြောဆိုထိုက်သောစကားကို၊ ပြောဆို ဟော ကြားခြင်းနှင့်ပြည့်စုံပါပေ၏။(ဗျပထေန)ဟူ၏။

(၄)-နှ-အသိ-ဉာဏ်ဟူသော (ဝိဇ္ဇာ) တရားသုံးပါး+(ဝိဇ္ဇာ)တရား ရှစ်ပါး၊အကျင့်-ဟူသော (စရဏ-) တရား၊တဆဲ့ငါးပါးတို့ နှင့် ပြည့်စုံပါပေ၏။ (ဝိဇ္ဇာစရဏသမ္ပန္န)ဟူ၏။

ဤတွင်(၁၃)အမှတ်ပြု [သမ္ပန္န မုနိနော စိတ္တံ + + +] အစရှိသော ပါဠိ-ဂါထာ၏အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

(၁၄) ဤသို့အားဖြင့် နတ်မင်းကြီးနှစ်ဦးတို့သည်၊အ ချင်းချင်းမေးမြန်း + ဖြေဆိုကြပြီးနောက်၊မဖေါက်မပြန်၊ မှန်ကန်သောယုံကြည်ခြင်းရှိကြသဖြင့် "သာတဂိရိ" နတ် မင်းသည်၊"ဟေမဝတ"နတ်မင်းအား၊မြတ်စွာဘုရားသျှင် ၏အထံတော်သို၊ ဖူးမျှော်ရန်- သွားကြဘို့ ခေါ်ဆောင် သော (၁၄) အမှတ်ပြုဂါထာ

(၁၄) "သမ္ပန္န မုနိနော စိတ္တံ၊
ကမ္မုနာ ဗျပထေန စ။
ဝိဇ္ဇာ-စရဏ-သမ္ပန္နံ၊
ဟန္ဒ ပဿာမ ဂေါတမ။"

မြန်မာဘာသာပြန်

(၁၄)-နှ-မိတ်…အသင် "ဟေမဝတ" နတ်မင်း။

(၁)-နှ-မြတ်စွာဘုရားသျှင်၏ စိတ်တော်သည်၊ပြုသင့်+ပြုထိုက်သော အမှုကို ပြုခြင်းနှင့်လည်း ပြည့်စုံပါပေ၏။(ကမ္မုနာ)ဟူ၏။

(၂)※ပြောဆိုသင့်+ ပြောဆိုထိုက်သော စကားကို၊ ပြောဆို+ ဟောကြားခြင်းနှင့်လည်းပြည့်စုံပါပေ၏၊(ဈပဋေန-)ဟူ၏။

(၃)※အသိ-ဉာဏ်-ဟူသော(ဝိဇ္ဇာ)တရားသုံးပါး၊ (ဝိဇ္ဇာ)တရား ရှစ်ပါး၊ အကျင့်-ဟူသော (စရဏ) တရား၊တဆဲ့ငါးပါးနှင့် လည်း ပြည့်စုံပါပေ၏။ (ဝိဇ္ဇာစရဏသမ္ပန္နံ-)ဟူ၏။

ဤသို့အားဖြင့်၊ ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်ကို၊ [အသင်-နတ်မင်းနှင့်၊ အကျွန်ုပ်တို့သည်၊ စိတ်လက်ကြည်ဖြူ၊ အတူတကွ မျက်ဝါးထင်ထင်၊ ရှိဦးတင်-ခါ၊ ဖူးမြင်ကြပါစို့၊ =ဖူးမျှော်ရအောင် သွားကြပါစို့နတ်မင်း၊=ဟူ၏။]

ဤသို့အားဖြင့် ''သာတဂိရိ'' နတ်မင်းသည်၊''ဟေမဝတ'' နတ်မင်း အား၊ ဤ (၁၄) အမှတ်ပြ၊ [သမ္ပန္နံ မုနိနော စိတ္တံ + + + ] အစရှိ သော ပါဠိ-ဂါထာဖြင့်၊ နောက်ထပ်တဖန်၊ ခေါ်ငင် တိုက်တွန်းညွှန်ပြ လေသတည်း။

ဤတွင်၊ (၁၄) အမှတ်ပြ [သမ္ပန္နံ မုနိနော စိတ္တံ] ဟူသော ပါဠိ-ဂါ ထာ၏၊ အကျဉ်းချုပ်အဓိပ္ပါယ် ပြခဏ်း ပြီး၏။

---

ရှေ့-နောက်ဂါထာနှစ်ခု၌၊အနုသန္ဓေစကားဆက်စပ်ပုံ-ပြခဏ်း

''သာတဂိရိ'' နတ်မင်းသည် ဤသို့ဆို၏။

အို····အချင်း-''ဟေမ ဝတ''နတ်မင်း။

မြတ်စွာဘုရားသျှင်သည်၊ အသင်-နတ်မင်း၏ စိတ်၌ အသိဉာဏ် ဖြစ်၍ သိသည့်အတိုင်းငှင်း=ဝမ်းမြောက်+ဝမ်းသာဖြစ်သည် အတိုင်း ငှင်း=မဖေါက်မပြန်၊ ဟုတ်မှန်ပေ၏-ဟု၊ ဝန်ခံသော မိမိ၏စိတ်အလို အားဖြင့်၊ ထိုစကားကိုပင်၊နှစ်သိမ့်စေလျက်၊ မြတ်စွာဘုရားသျှင်အား၊ ဖူးမြင်ရသောအခါ၊တဖန် ထပ်၍ ချီးမွမ်းလိုသည်ဖြစ်၍=

ဤ (၁၃ + ၁၄) အမှတ်ပြ၊
(၁၃) [သမ္ပန္နံ မုနိနော စိတ္တံ၊ + + +]
(၁၄) [သမ္ပန္နံမုနိနောစိတ္တံ၊ + + +]
ဟူသော ပါဠိ-ဂါထာကို၊နောက်ထပ်တဖန်၊ပြန်လည်ရွတ်ဆို ခြင်းပင်ဖြစ်၏။

**အထူးမှတ်ချက်။**

ဤအရာ၌ အသိဉာဏ်ဟူသော (ဝိဇ္ဇာ) တရား၊ အကျင့်ဟူသော (စရဏ)တရားတို့၏ အဓိပ္ပါယ်သည်၊ ''သမ္မာ သမ္ဗုဒ္ဓ၊ သဗ္ဗညုတ'' ဘုရား သျှင် အဖြစ်၊ စစ်+မစစ်ကို၊ စိစစ်မေးမြန်းကြသော မှတ်တမ်း သဘောရှိ၍၊ ထို (ဝိဇ္ဇာ) တရားနှင့်၊(စရဏ) တရားတို့၏ အမျိုးအပြား ကို၊ တရားကိုယ်ဖေါ်ပြခြင်းနှင့်တကွ၊ ထင်ရှားစေဉ်းအံ့။

ဤ (၁၄) အမှတ်ပြ၊ [သမ္ပန္နံ မုနိနော စိတ္တံ] ဟူသော ဂါထာ၌၊ (၁) (ဝိဇ္ဇာ)ဟူသည်၊ဝိဒ-ဓာတ်မှ၊ ပြောင်းလွဲစီရင်၍ (ဝိဇ္ဇာ)ပုဒ်ဖြစ် ရာ၊ (၁) သိခြင်း=(၂) ရခြင်းဟူသော အနက်ကို ဟော၏။

ထို့ကြောင့် (ဝိဇ္ဇာ)တရားသည်=

(၁) သိသင့်+သိထိုက်သောအရာကိုသိခြင်း=
(၂) ရသင့်+ရထိုက်သော အရာကိုရခြင်း=သဘောသတ္တိရှိသော (ပညာ)ပင်ဖြစ်၏။

## ဝိဇ္ဇာ = အမျိုး = အပြား = ၃-ပါး

**(၁) ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်=**
(၁) ရှေးရှေးသော ဘဝ သံသရာ၌၊ ဖြစ်ခဲ့ရဘူးသော-ကျင်လည် ခဲ့ရဘူးသော ခန္ဓာအစဉ်၊ ဘဝအစဉ် အစရှိသည်ကို၊အောက် မေ့ သိစွမ်းနိုင်သော ထူးသောအသိ-ဉာဏ်ပင် ဖြစ်၏။

**(၂) ဒိဗ္ဗစက္ခု-အဘိညာဉ်=**
(၂) နတ်တို့၏ မျက်စိအမြင်နှင့်တူသော အမြင်ရှိသော ထူးသော အသိဉာဏ်ပင်ဖြစ်၏။

(၃) **အာသဝက္ခယ-ဉာဏ်=**
(၃) အာသဝေါတရား လေးပါးတို့၏၊ ကုန်ခန်း-ချုပ်ငြိမ်းခြင်းကို သိသော အသိဉာဏ်ပင် ဖြစ်၏။ [**ယတော ခယံ ပဇ္ဇယာနံ အဝေဒိ**] ဟူ၏။
(က) ရှေးဉာဏ်နှစ်ပါးသည်၊ ဈာန်စိတ်၏ အာနုဘော်ကြောင့်ဖြစ်သော လောကီအသိဉာဏ်မျိုးတည်း။
(ခ) နောက်ဖြစ်သော "**အာသဝက္ခယ**" ဉာဏ် တပါးသည်သာ၊ လောကုတ္တရာ အသိဉာဏ်ဖြစ်၏။
(က)[※ဝိဇ္ဇာ-သုံးတန်၊ သိဘို့ရန်၊ မှန်စွာ-ပု-ဒိ-အာ၊]
(ခ) [ရှေးနှစ်ပါးဟူ၊ လောကီယူ၊ နောက်မူ-လောကုတ္တရာ၊]
ဤသည်ကား၊ ဝိဇ္ဇာ-သုံးပါး တရား သဘော ပြခဏ်းပြီး၏။

**(တနည်း) ဝိဇ္ဇာ-အမျိုးအပြား ၈-ပါး**

(၁) **ဉာဏ-ဒဿန=**
(၁) ရုပ်-နာမ်-တရားတို့၌ (**အနိစ္စ + ဒုက္ခ + အနတ္တ**) ဟူသော လက္ခဏာ-ရေးသုံးပါးတင်၍၊ သိမြင်သော ဝိပဿနာဉာဏ်ကို-ဆိုလို၏။
(၂) **မနော-မယိ-ဒ္ဓိ=**
(၂) စိတ်ဖြင့် ကြံစည်ဖန်ဆင်း၍ ပြနိုင်မှုကို-ဆိုလို၏။
(၃) **ဣဒ္ဓိဝိဓ-အဘိညာဉ်=**
(၃) တန်ခိုးအမျိုးမျိုးဖန်ဆင်း၍ပြနိုင်မှုကို-ဆိုလို၏။
(၄) **ဒိဗ္ဗ-သောတ အဘိညာဉ်=**
(၄) နတ်တို့၏၊ နား အကြားကဲ့သို့၊ အနီး-အဝေး-တိုက်နံရံ စသည်တို့ ကွယ်ခြားရာ၌ ဖြစ်သောအသံကို၊ ကြားနိုင်မှုကို-ဆိုလို၏။
(၅) **စေတော ပရိယ အဘိညာဉ်=**
(၅) လူ-နတ်-ဗြဟ္မာ-သတ္တဝါ အပေါင်းတို့၏၊ စိတ်အကြံအစည် ပြုပုံကို၊ သိနိုင်မှုကို-ဆိုလို၏။

**(၆) ပုဗ္ဗေနိဝါသာ နုဿတိ အဘိညာဉ်=**

(၆) ရှေးရှေးသော ဘဝသံသရာ၌၊ ဖြစ်ခဲ့ဘူးသော+ကျင်လည်ခဲ့ဘူးသော ခန္ဓာအစဉ်၊ ဘဝ-အစဉ် စသည်တို့ကို၊ ယခုအချိန်အခါ၌၊ မျက်မြင်နားကြားသကဲ့သို့၊အောက်မေ့သိ-စွမ်းနိုင်သော ထူးသောအသိဉာဏ်ကို-ဆိုလို၏။

**(၇) ဒိဗ္ဗ-စက္ခု၊ အဘိညာဉ်=**

(၇) နတ်တို့၏ မျက်စိအမြင်နှင့်တူသော အမြင်ရှိသော ထူးသောအသိဉာဏ်ကိုဆိုလို၏။

**(၈) အာသဝက္ခယ ဉာဏ်=**

(၈) အာသဝေါတရား လေးပါးတို့၏၊ ကုန်ခန်းချုပ်ငြိမ်းခြင်းကို-သိသော အသိဉာဏ်ကို-ဆိုလို၏။ * [**ယတော ခယံ ပဇာနာတိ အဝေဒိ၊**] ဟူ၏။

၌ (၈) ပါးသော ဝိဇ္ဇာ-တရားတို့တွင်=

အာသဝက္ခယဉာဏ် တပါးသည် သာလျှင်၊ လောကုတ္တရာ (ဝိဇ္ဇာ) တရားဖြစ်၍၊ကြွင်းသောဉာဏ် ၇-ပါးသည်၊ ဈာန်စိတ်၏ အာနုဘော်ကြောင့်ဖြစ်သော လောကီ(ဝိဇ္ဇာ)အသိဉာဏ်မျိုး ဖြစ်၏။

**[* ဝိဇ္ဇာ ၈-ပါး၊ ဆောင်ပုဒ်လင်္ကာ]**

(၁....၈) [ဉာဏ+မနော၊ ဣဒ္ဓိ-နှော၍၊ စေတော+ပုဗ္ဗ၊ဒိဗ္ဗ--+နှံတန်၊ နောက်ကျန်-အာသဝ၊ ၌-ရှစ်ဝ၊ မှတ်ကြ-ဝိဇ္ဇာမျိုး။]

(က) [ရှေး-ခုနှစ်တန်၊ လောကီ-ဉာဏ်၊ နောက်ကျန်-လောကုတ္တရာ-မျိုး] ဟူ၏။

၌သည်ကား၊ ဝိဇ္ဇာ-၈-ပါး၊ တရားသဘောပြခန်း ပြီး၏။

---

**စရဏ- အကျင့်တရား၊ တဆဲ့ငါးပါး၊ အကျဉ်းချုပ်လင်္ကာ**

[ သီ+ဣန်+ဘော+ဇာ+၊ သဒ္ဓမ္မာ-ဟု၊ သတ္တာ-ဓမ္မ၊ ရူပ-လေးဈာန်၊ ပေါင်းပြန်-ဆဲ့ငါး၊ ၌တရား၊ မှတ်သား-စရဏ- တည်း။]

**အစဉ်အတိုင်း ပြပေအံ့၊—**

(၁) * **သီ=သီလ-သံဝရ၊=**

(၁) ရဟန်းတော်များ-အဘို့၊ ပါတိမောက္ခ-သံဝရ သီလကို၊ လုံခြုံအောင် စောင့်ထိန်းခြင်းကို-ဆိုလို၏။ ။(လူတို့မှာ-ငါးပါးသီလ-ကို ယူရ၏။)

(၂) * **ဣန်=ဣန္ဒြိယ-သံဝရ၊=**

(၂) မျက်စိ+ နား+ အစရှိသော ဣန္ဒြေတို့ကို၊ လုံခြုံအောင်၊ စောင့်ထိန်းခြင်းကို-ဆိုလို၏။

(၃) * **ဘော=ဘောဇနေ မတ္တညုတာ၊=**

(၃) စားဘွယ်+သောက်ဘွယ်တို့ကို၊ စားသောက်ရာ၌၊ အတိုင်းအရှည်-ပမာဏ-နှင့်-မျှတစွာ-စားသောက်ခြင်း အမှု၌ သိခြင်းကို-ဆိုလို၏။

(၄) * **ဇာ=ဇာဂရိယာ-နုယောဂ၊=**

(၄) ပျင်းရိ+ထိုင်းမှိုင်းမှု မရှိဘဲ၊ နိုးကြားခြင်း၊ ထ-ကြွ-ခြင်းနှင့် ယှဉ်မှုကို-ဆိုလို၏။

---

## **သူတော်ကောင်းတရား ၇-ပါးပြခန်း**

[※ သဒ္ဓမ္မာ-ဟူ၊ သတ္တာ-ဓမ္မ=ဟူသည်၊ သူတော်ကောင်း တရား ၇-ပါးကို-ဆိုလို၏။]

(၁) * **သဒ္ဓါ-သဒ္ဓါ-စေတသိက်၊=**

(၁) ※ ရတနာသုံးပါးတို့၏ ဂုဏ်၌၊ ယုံကြည်မှုကို-ဆိုလို၏။

(၂) * **ဟိရီ-ဟိရီ-စေတသိက်၊=**

(၂) ※ မကောင်းမှုကို ပြုရအံ့သည်မှ၊ ရှက်ခြင်းကို-ဆိုလို၏။

(၃) * **ဩတ္တပ္ပ-ဩတ္တပ္ပ-စေတသိက်=**

(၃) ※ မကောင်းမှုကို ပြုရအံ့သည်မှ၊ ကြောက်လန့်ခြင်းကို ဆိုလို၏။

(၄) * **သုတ-ကြားမှု၊ မြင်မှုကိုစွဲ၍ ဖြစ်သောပညာ၊=**
(၄) ⁂ အကြားအမြင် ပညာ+ကို-ဆိုလို၏။
(၅) * **ဝီရိယ-ဝီရိယ-စေတသိက်၊=**
(၅) ⁂ အားထုတ်ခြင်း ရဲရင့်ခြင်းကို-ဆိုလို၏။
(၆) * **သတိ-သတိ-စေတသိက်၊=**
(၆) ⁂ ဘုရား၊ တရား၊ သံဃာ-အစရှိသော တရားတို့၌၊ မမေ့၊ မလျော့၊ အောက်မေ့ခြင်းကို-ဆိုလို၏။
(၇) * **ပညာ-ပညိန္ဒြေ စေတသိက်၊=**
(၇) ⁂ ပညိန္ဒြေ-စေတသိက်ပင်ဖြစ်၍၊ ကောင်းသောအရာတို့၌၊ ကောင်းစွာ သိမြင်ခြင်းကို-ဆိုလို၏။

ဤသည်ကား၊ သူတော်ကောင်းတရား၊၇-ပါးတို့၏ သဘော ပြခဏ်းပြီး၏။

ရူပ- လေးဈာန်- ဟူသည်ကား- ရူပါဝစရ- စတုက္ကဈာန် လေးပါးကို၊ ဆိုလို၏။

(၁) ပဌမဈာန်
(၂) ဒုတိယ ဈာန်
(၃) တတိယ ဈာန်
(၄) စတုတ္ထ ဈာန်—တို့တည်း။

ဤသည်လျှင် အပေါင်းအားဖြင့် (**စရဏ**) တရား၊ တဆဲ့ ငါးပါး၊ပြခဏ်းပြီး၏။

---

## ဝိဇ္ဇာ-တရားနှင့် စရဏ-တရားအကြောင်း အကျယ်ပြခဏ်း

ဝေဝမေသုတံ။—နိဒါန်း။

တရံရောအခါ၊ မြတ်စွာဘုရားသျှင်သည်၊ ရာဇဂြိုဟ်ပြည်၊ (**သိဒ္ဓိနိ**) ပြစ်အနီး၌ သီတင်းသုံးနေတော်မူစဉ်၊ ညဥ့်အခါ၌ (**သနင်္ကုမာရ**) နာမ-ထင်လင်း၊ ပြဟ္မာမင်းကြီးသည်၊ မြတ်စွာဘုရားသျှင်၏ အထံသို့ ရောက်လာပြီးလျှင်၊အောက်၌ဖော်ပြအပ်သော ပါဠိ-ဂါထာကို ရွတ်ဆို လျှောက်လေ၏။

## သဂါထာ-ဝဂ္ဂ-၂-ဒုတိယဝဂ္ဂ-(၁) သနကုမာရသုတ်

(ဃ) "ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ။
ယေ ဂေါတ္တ ပဋိသာရိနော။
ဝိဇ္ဇာ-စရဏ-သမ္ပန္နော။
သော သေဋ္ဌော ဒေဝ မာနုသေ"။

[ဇနေတသ္မိ-န္တိ-ဇနိတသ္မိံ၊ပဇာယ-တိအတ္ထော] (အဋ္ဌကထာအဖွင့်)

မြန်မာဘာသာပြန်

(ဃ) ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

သတ္တဝါအပေါင်း၌၊ အကြင်သူတို့သည်၊ အမျိုး, အဆက်, အနွယ်, သို့၊ အစဉ်အောက်မေ့ကုန်၏။ ။ထိုသို့ အမျိုး,အဆက်, အနွယ်, သို့ အစဉ်အောက်မေ့သောသူတို့တွင်၊ မင်းမျိုး, မင်းနွယ်, မင်းအဆက်, သည်မြတ်ပါ၏-ဘုရား။

အကြင်သူသည်၊ အသိ-ဉာဏ်ဟူသော (ဝိဇ္ဇာ) သုံးပါး၊ (ဝိဇ္ဇာ) ရှစ်ပါး၊ အကျင့်ဟူသော (စရဏ) တရားတဆဲ့ငါးပါးနှင့်ပြည့်စုံ၏။

ထိုရဟန္တာပုဂ္ဂိုလ်ဖြစ်သော ပုဏ္ဏားသည်၊ နတ်,လူ,ဗြဟ္မာ,သတ္တဝါ အပေါင်းတို့တွင်၊ အမြတ်ဆုံးဖြစ်ပါ၏-ဘုရား။

ဤသို့အားဖြင့် (**သနကုမာရ**) ဗြဟ္မာမင်းသည်၊ ရွတ်ဆို လျှောက်လေ၏။

ထိုအခါ (**သနကုမာရ**) ဗြဟ္မာမင်းရွတ်ဆိုသော အသံကို ကြား၍၊ မြတ်စွာဘုရားသျှင်သည်၊ နှစ်သက်တော်မူ၏။ ။မြတ်စွာဘုရားသျှင် နှစ်သက်တော်မူကြောင်းကို (**သနကုမာရ**) ဗြဟ္မာမင်းသိပြန်၍၊ တဖန် မိမိသည်ပင် ဝမ်းမြောက်ရပြန်၏။

### ဝိဇ္ဇာနှင့် စရဏအဖွင့်

[ဝိဇ္ဇာ စရဏ သမ္ပန္နော-တိ၊ ဘယ ဘေရဝ သုတ္တ-ပရိယာယေန ပုဗ္ဗေ နိဝါသာ ဒိဟိ ဝါ တီဟိ+အမ္ဗဋ္ဌ သုတ္တ ပရိယာယေန-ဝိပဿနာဉာဏံ, မနောမယိဒ္ဓိ, ဆ အဘိညာယော တိ၊ ဣမာဟိ ဝါ အဋ္ဌဟိ ဝိဇ္ဇာဟိ၊=]

[သီလေသု ပရိပူရ ကာရိတာ, ဣန္ဒြိယေသု ဂုတ္တ ဒွါရ-တာ, ဘောဇနေ မတ္တညုတာ, ဇာဂရိယာ- နုယောဂေါ, သတ္တ သဒ္ဓမ္မာ, စတ္တာရိ ရူပါဝစရ ဈာနာနီ-တိ ဧဝံ ပန္န ရသ ဓမ္မ ဘေဒေန, စရဏေန စ သမန္နာ ဂတော။]

(ဖ) မြဟ္မသံယုတ်-၂၀-ဒုတိယဝဂ် အဋ္ဌကထာ-၁၇၄)

ထိုမှတပါးတုံ-သို့ဉ့်းအံ့—

သုတ်သီလက္ခန်-ပါဠိတော်၊ အမ္ဗဋ္ဌ-သုတ်-ပဌမ-ဘာဏဝါရ-အဆုံး၌ ပြဆိုအပ်သောဂါထာ၊

မြတ်စွာဘုရားသည်၊ သဂါထာဝဂ္ဂ-သံယုတ်-သနင်္ကုမာရ—သုတ်၌၊ သနင်္ကုမာရ-ဗြဟ္မာမင်း၊ ရွတ်ဆို၍၊ လျှောက်ကြားအပ်သောဂါထာကို၊ မိမိ ကိုယ်တော်မြတ်၊ ကိုယ်တိုင်၊ (အမ္ဗဋ္ဌ) ပုဏ္ဏားအား၊ ရွတ်ဆိုဟော ကြားပြန်၏။

(င) "ခတ္တိယော သေဋ္ဌော, ဇနေတသ္မိံ၊
ယေ ဂေါတ္တ-ပဋိ-သာရိနော။
ဝိဇ္ဇာ-စရဏ-သမ္ပန္နော၊
သော သေဋ္ဌော ဒေဝ မာနုသေ"။

(နိဿယ-နက်၊ ပြန်ဆိုခက်း)

(င) ဇနေ-တသ္မိံ၊ (ဇနိတသ္မိံ၊) ထိုထိုသတ္တဝါများ အပေါင်း၌။ ယေ ဇနာ၊ အကြင်လူတို့သည်။ ဂေါတ္တ-ပဋိ-သာရိနော၊ ရှေးရှေး၌ ဖြစ်သော အမျိုး-အနွယ်-အစဉ်အဆက်ကို အောက်မေ့တတ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထိုအမျိုး,အနွယ်,အစဉ်,အဆက်ကို အောက်မေ့တတ်သော သူအပေါင်းတို့တွင်။-ခတ္တိယော၊ မင်းမျိုးသည်။ သေဋ္ဌော၊ မြတ်၏။

ဒေဝ-မာနုသေ၊ နတ်-လူ အပေါင်း၌။ ယော ဇနော၊ အကြင် လူသည်။ဝိဇ္ဇာ-စရဏ-သမ္ပန္နော၊ အသိ-ဉာဏ်-ဟူသော ဝိဇ္ဇာ-တရား၊ အကျင့်-ဟူသော စရဏ-တရား-နှင့် ပြည့်စုံ၏။ သော ဇနော၊ ထိုလူ သည်။ သေဋ္ဌော၊ အလွန်-အကြူး၊ အလူးမြတ်လှပေ၏။

ဒိုး····အမ္ဗဋ္ဌ-ပုဏ္ဏားလုလင်=
သနင်္ကုမာရ-ဗြဟ္မာမင်းသည်၊ဤဂါထာကို၊
(၁) သုဂီတာ=ကောင်းစွာရွတ်ဆိုအပ်၏။
(၂) ဒုဂ္ဂီတာ=မကောင်းသဖြင့်၊ရွတ်ဆိုအပ်သည်မဖြစ်။
(၁) သုဘာသိတာ=ကောင်းစွာဟောကြားအပ်၏။
(၂) ဒုဘာသိတာ=မကောင်းသဖြင့်၊ဟောကြားအပ်သည်မဖြစ်။
(၁) အတ္ထ-သံဟိတာ=အကျိုးစီးပွားနှင့်စပ်၏။
(၂) အနတ္ထ-သံဟိတာ=အကျိုးစီးပွါးနှင့်မစပ်သည်မဖြစ်။
အမ္ဗဋ္ဌ-ပုဏ္ဏားလုလင်=
ဤ''ခတ္တိယော သေဋ္ဌော၊ ဇနေတသ္မိံ''= ဟူသော ပါဠိ- ဂါထာကို၊ သနင်္ကုမာရ ဗြဟ္မာမင်းအား၊ငါ-ဘုရားသျှင်သည်၊ ဟုတ်မှန်သည်အဖြစ်ဖြင့် ရွတ်ဆိုလျှောက်ကြားရန်၊ခွင့်ပြု၏။
ငါ-ဘုရားသျှင်ကိုယ်တော်တိုင်ပင်လျှင်=

(စ) ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊
ယေ ဂေါတ္တ-ပဋိ သာရိနော။
ဝိဇ္ဇာ-စရဏ သမ္ပန္နော၊
သော သေဋ္ဌော ဒေဝ-မာနုသေ = ဟူ၍—

သနင်္ကုမာရ-ဗြဟ္မာမင်း၏နည်းတူ၊ဤဂါထာကိုရွတ်ဆိုဟောကြားတော်မူ၏-ဟူ၍(အမ္ဗဋ္ဌ)ပုဏ္ဏားအား ဟောတော်မူ၏။

**အထူးမှတ်ချက်။**

''သနင်္ကုမာရ'' ဗြဟ္မာမင်းအကြောင်းကို၊ မဟာသမယအဖွင့်၌၊ အကျယ်ပြခဲ့ပြီး၌။

(အဓိပ္ပါယ်ခက်၊ ရှင်းလင်းဖေါ်ပြချက်၊)

အမ္ဗဋ္ဌ-ခေါ်၊ ပုဏ္ဏား-လုလင်ကျော်သည်-ကား၊—

ဤ ''ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ'' ဟူသော ဂါထာ၌၊ဝိဇ္ဇာ-စရဏ-သမ္ပန္နော၊ သော သေဋ္ဌော ဒေဝ-မာနုသေ၊ ဟူသော တတိယ-ပါဒ စတုတ္ထပါဒ ၂-ပုဒ်၏ အနက်ကိုကြားရသ[illegible]ငြင့်=

(၁) ဝိဇ္ဇာ=အတတ်ပညာဟူသည်-(ဗေဒင်) သုံးပုံ၊အတတ်ပညာကို၊ ဆိုလိုသည်။

(၂) စရဏ-အကျင့်-ဟူသည်-(ပဉ္စ-သီလ) ငါးပါး သီလ စောင့်ထိန်းမှုအကျင့်ကို၊ ဆိုလိုသည်။

ဤသို့၊ မိတ်ဆွေ အယူရှိ၍၊ ဤသို့ကြံစည်မိ၏၊ (ကြံစည်မိပုံ)။

အကယ်၍ တည်းသာ (၁) ဝိဇ္ဇာ-ဗေဒင်+ဟူသော အတတ်ပညာတရား၊ (၂) စရဏ-(ငါးပါးသီလ) ဟူသော အကျင့်တရား၊ ဤတရားနှစ်ပါးနှင့် ပြည့်စုံသောသူသည်၊ မြတ်သည်ဖြစ်အံ့၊ ငါ=အမ္ဗဋ္ဌ ပုဏ္ဏားလုလင်၌၊ (၁) ဝိဇ္ဇာ-ဗေဒင်ဟူသော အတတ်ပညာ၊ (၂) စရဏ-ငါးပါးသီလ စောင့်ထိန်းမှုဟူသော အကျင့်တရား၊ ထင်ရှားရှိ၏။

ထို့ကြောင့်၊ ငါ-အမ္ဗဋ္ဌ-လုလင်သည်၊(သေဋ္ဌ=အမြတ်ပင်တည်း) ဟု-စိတ်အကြံဖြစ်ရကား၊=

ဝိဇ္ဇာ-နှင့်၊ စရဏ တရား၊ နှစ်ပါးကို၊ မေးလျှောက်လို၍၊

(၁) ကတမံ ပန တံ ဘော ဂေါတမ-"စရဏံ"-

(၂) ကတမာ စ ပန သာ "ဝိဇ္ဇာ"=

ဟူသော အမေးပုစ္ဆာစကား၊ လျှောက်ကြားလေ၏။

ထိုစကား၏အရဖြင့်-မြတ်စွာ ဘုရားသျှင်၏ အလိုတော်ကျ၊ (ဝိဇ္ဇာ) တရား၊+(စရဏ)တရား၊ အစစ်အမှန်ကို၊ ဟောကြားတော်မူပုံ-သိလို၍ လျှောက်-ပုံခြင်းဖြစ်၏။

အသျှင်မြတ်ဘုရား "ဂေါတမ"

(၁) ထို"စရဏ"ခေါ်သော တရားသည်၊ အဘယ်သို့ပါနည်း= ဘုရား။

အသျှင်မြတ်ဘုရား= "ဂေါတမ"

(၂) ထို"ဝိဇ္ဇာ"ခေါ်သော တရားသည်၊ အဘယ်သို့ပါနည်း= ဘုရား-ဟူ၍လျှောက်၏။

ထိုသို့မေးလျှောက်သောအခါ၊ မြတ်စွာဘုရားသျှင်သည်၊ ပုဏ္ဏားတို့၏အယူ၌ ထင်ရှားရှိသော ဇာတိကို အစွဲပြု၍ဖြစ်သောစကားအစရှိ

သည်တို့နှင့် စပ်သော "ဝိဇ္ဇာ + စရဏ" ခေါ်ယူပုံကို ပယ်စွန့်၍၊အတု မရှိသော မြတ်သော "ဝိဇ္ဇာ" တရား+စရဏ-တရား၊အစစ်အမှန်ကို ဟောကြားတော်မူလိုသည်ဖြစ်၍၊ (နခေါ အမ္ဗဋ္ဌ) အစရှိသောပါဠိကို၊ မိန့်တော်မူသတည်း၊ [အကြောင်းမျိုးစုံ-သီလက္ခန်-သုတ်သီလက္ခန် ပါဠိ တော် အမ္ဗဋ္ဌ-သုတ်၌ကြည့်ရာ၏။]

ဤတွင် စကားတရပ်ပြီး၏။

---

ထိုမှတပါး ပြဆိုဦးအံ့။

မြတ်စွာဘုရားသျှင်၏-အလိုတော်ကျဖြစ်သော (ဝိဇ္ဇာ)တရားပညတ် ထားပုံနည်းနှင့်- (တိကဏ္ဍ) ခေါ် ပုဏ္ဏားတို့၏ (ဝိဇ္ဇာ) တရား ပညတ် ထားပုံနည်းခွဲခြား၍ပြဦးအံ့။

(တိကဏ္ဍ)ခေါ်သော ပုဏ္ဏားသည်၊ မြတ်စွာဘုရားသျှင်၏ ရှေ့တော် မှောက်သို့၊ ရောက်လာပြီးလျှင် (ဝိဇ္ဇာ) တရားသုံးပါးနှင့် ပြည့်စုံသော ပုဏ္ဏားတို့၏ ဂုဏ်ကျေးဇူးကိုလျှောက်ဆိုလေ၏။

အဘယ်သို့လျှင်လျှောက်ဆိုသနည်း၊

**ပါဠိတော်နည်းအရ—**

(၁) ဣဓပိ တေ ဝိဇ္ဇာ ဗြာဟ္မဏာ

(၁) ဝိဇ္ဇာ- တရားသုံးပါးနှင့် ပြည့်စုံသော ပုဏ္ဏား တို့သည်၊ ဤသို့ပညာဉာဏ်ရှိကြကုန်၏-ဟူ၍ငှင်း၊=

(၂) ဣတိ တေ ဝိဇ္ဇာ ဗြာဟ္မဏာ

(၂) ဝိဇ္ဇာ-တရား သုံးပါးနှင့်ပြည့်စုံသော ပုဏ္ဏားတို့သည်၊ ဤသို့ ပညာဉာဏ်ရှိကြကုန်၏- ဟူ၍ငှင်း= နှစ်ကြိမ်တိုင်တိုင်ရွတ် ဆို၍ကျေးဇူးစကားကိုလျှောက်ကြားလေ၏။

**အဋ္ဌကထာနည်းအရ—**

တေဝိဇ္ဇက=ဝိဇ္ဇာ-သုံးပါး၊ အသိဉာဏ်တရားရှိသောပုဏ္ဏားတို့သည်

(၁) ဧဝံပဏ္ဍိတာ၊—ဤသို့ ပညာဉာဏ်ရှိကြကုန်၏။

(၂) ဧဝံဓီရာ၊—ဤသို့ ပြီးမြဲတည်ကြည်ကြကုန်၏။

(၃) ဧဝံဗျတ္တာ—ဤသို့ ပညာဉာဏ် ထက်မြက်ကြကုန်၏။

(၄) ဝေဝဗဟုသုတာ—ဤသို့ အကြားအမြင် ရှိကြကုန်၏။
(၅) ဝေဝါဒိနော—ဤသို့မိမိတို့၏အယူဝါဒ-ကို၊ဆိုတတ်ကြကုန်၏။
(၆) ဝေသမ္မတာ၊—ဤသို့ ပညာရှိတို့-ဟူ၍ သမုတ်ကြကုန်၏။
ဤသို့အားဖြင့် (၆) ကြိမ်တိုင်တိုင် ရွတ်ဆို၍ ကျေးဇူးစကားကို လျှောက်ကြားလေ၏။

### မြတ်စွာဘုရားသျှင်၏ တိုက်တွန်းတော်မူချက် စကားတော်

အသင်ပုဏ္ဏားတို့၏ (ဝိဇ္ဇာ) တရားသုံးပါးအမည် ပညတ်ထားပုံကိုလျှောက်ကြားလေလော့-ဟု၊တိုက်တွန်းတော်မူ၏။

## ပုဏ္ဏားတို့၏ (ဝိဇ္ဇာ) တရားသုံးပါး၊ပညတ်ထားပုံ (တရားကိုယ်)လျှောက်ကြားချက်

အသျှင်မြတ်(ဂေါတမ)ဘုရား၊

ပုဏ္ဏားတို့သည်၊ အမိ+အဘ နှစ်ပါးတို့မှဆင်းသက်၍၊ဘိုး+ဘေးတို့၏ အထက်၊ခုနစ်ဆက်တို့တိုင်တိုင်၊ အမျိုးကိုစွဲး၍ဖြစ်သောစကားဖြင့်၊ မပစ်ပယ်အပ်+မကဲ့ရဲ့အပ်။ ပုဏ္ဏားတို့သည်၊ဗေဒင်ကိုသရဇ္ဈာယ်တတ်ကုန်၏။ ဗေဒင်ကိုလည်းနှုတ်ဝယ်ဆောင်ယူတတ်ကုန်၏။ ဗေဒင်ကျမ်းတို့၏ ပါဘက်ကမ်းရောက် တတ်မြောက်ကုန်၏- အစရှိသည်တို့တည်း။ [ဤသည်ကား (တိကဏ္ဏ) ပုဏ္ဏား၏လျှောက်ကြားချက်စကားတည်း။]

ထိုနောက်-မြတ်စွာဘုရားသျှင်သည်၊ (တိကဏ္ဏ) ပုဏ္ဏား၏ လျှောက်ကြားချက် စကားအလိုဖြင့်၊ အရိယ- ပုဂ္ဂိုလ်တို့၏ ဝိနည်းတရားအရ (ဝိဇ္ဇာ) တရားသုံးပါးကို ဟောကြားတော်မူ၏။

### ဟောတော်မူဟန်ကား

ပဌမဈာန်-မှစ၍ စတုတ္ထဈာန်-အထိ၊ ကျင့်စဉ်နည်းကိုဂုဏ်း= ဖြစ်ပေါ်လာပုံနည်းကိုဂုဏ်း=ဟောတော်မူ၏။

ထိုနောက်၊ ထိုဈာန်-စိတ်တို့၏၊ အစွမ်းသတ္တိကြောင့်၊—

(၁) ပုဗ္ဗေနိဝါသာ နုဿတိအဘိညာဉ်=

(၂) ဒိဗ္ဗစက္ခု-အဘိညာဉ်ဟူသော လောကီဉာဏ် တို့ဖြစ်ပေါ်ပုံကိုဂုဏ်း-ဟောတော်မူ၏။

ထိုနောက်၊

(၃) မဂ်,စိတ်တို့၏ အစွမ်းသတ္တိကြောင့် (အာသဝက္ခယ) ဉာဏ်ဖြစ်ပေါ်လာပုံကိုဂုဏ်း-ဟောတော်မူ၏။

ဤသည်လျှင်၊ ငါဘုရားသျှင်၏၊ ဝိနည်းတရားတော်၌၊(ဝိဇ္ဇာ)တရားသုံးပါးတည်း။ ။ထို (ဝိဇ္ဇာ) တရားသုံးပါးနှင့် ပြည့်စုံသော သူသည်၊ (တေဝိဇ္ဇာ) (ဝိဇ္ဇာ)တရားသုံးပါးရှိသောသူ-မည်၏ ဟူ၍- ဟောတော်မူ၏။

## မြတ်စွာ ဘုရားသျှင်၏၊ အလိုတော်ကျ၊ ပု-ဒိ-အာ-ဟူသော ဝိဇ္ဇာ-သုံးပါး ပြပုံဂါထာ

(ဆ) "ပုဗ္ဗေနိဝါသံ ယော ဝေဒီ၊
သဂ္ဂါ-ပါယဉ္စ ပဿတိ။
အထော ဇာတိ-က္ခယံ ပတ္တော၊
အဘိညာ, ဝေါသိတော, မုနိ"။

မြန်မာ ဘာသာပြန်

(ဆ)အို....ငါ့သျှင်ပုဏ္ဏားတို့။

(၁) အကြင်သူသည်၊ ရှေးရှေးသော ဘဝတို့၌၊ ဖြစ်ခဲ့ဘူးသော ခန္ဓာအစဉ်+ဘဝ-အစဉ်ကို၊ ထင်ထင်ရှားရှား သိ၏၊ ။
ဤ စကားဖြင့်၊ (၁-ပုဗ္ဗေနိဝါသာနုဿတိ) ခေါ်သော အဘိညာဉ် အသိဉာဏ်ကို ညွှန်ပြ၏။

(၂) အကြင်သူသည်၊နတ်ပြည် ခြောက်ထပ်,ဗြဟ္မာပြည်ကိုးထပ်၊ အပါယ်ဘုံ လေးထပ်ကိုလည်း မြင်သိ၏။
ဤ စကားဖြင့်၊ (၂-ဒိဗ္ဗစက္ခု) ခေါ်သော အဘိညာဉ် အသိဉာဏ်ကိုညွှန်ပြ၏။
ထို့မှတပါး၊—

(၃) အကြင်သူသည်၊ "ပဋိသန္ဓေ၊စွဲးတည်နေခြင်း၏ ကုန်ရာ ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်၏"၊ "ပူးသော ဉာဏ်ဖြင့် သိ၍၊သံသရာ၊ ငြိမ်း၍၊ငြိမ်းအုံးခြင်းသို့ ရောက်၏"၊"မောနေယျ" ခေါ်သော ကိုယ်, နှုတ်, စိတ်, တို့၌ ဖြစ်သော မောနေယျတရား

တို့နှင့် ပြည့်စုံ၏။ ဤ စကားဖြင့်၊ (၃-အာသဝက္ခယ) ဉာဏ် ခေါ်သော လောကုတ္တရာဘက် ဆိုင်ရာ-ဉာဏ်ကို၊ညွှန်ပြ၏။

(၈) တေဟိ တီဟိ ဝိဇ္ဇာဟိ၊
တေဝိဇ္ဇော ဟောတိ ဗြာဟ္မဏော။
တ-မဟံ ဝဒါမိ တေဝိဇ္ဇံ၊
နာ-ညံ လပိတ-လာပန-န္တိ။

မြန်မာ ဘာသာပြန်

(၈) အို....ငါ့သျှင်-ပုဏ္ဏား၊
(၁) အကြင်ပုဏ္ဏားသည်၊ ဤသို့နောက်၌ ပြဆိုအပ်ခဲ့ပြီးသော ထို (ဝိဇ္ဇာ) တရားတို့ဖြင့် (ဝိဇ္ဇာ) သုံးပါး၊ တရားရှိသည်ဖြစ်၏၊ ထို ပုဏ္ဏား ဖြစ်သော ပုဂ္ဂိုလ်ကို၊(ဝိဇ္ဇာ) တရား သုံးပါး နှင့် ပြည့်စုံသော သူ-ဟူ၍၊ ငါ-ဘုရားသျှင်သည် ဟောတော်မူ၏၊ တပါးဖြစ်သော သူသည်၊ ပြောဆို ဟောကြားအပ်သော စကားမျှကိုသာ-နောက်လိုက်၍ယူ၍၊ ပြောဆိုဟောကြားတတ်သော သူကို၊ (ဝိဇ္ဇာ) သုံးပါးအသိဉာဏ်တရား နှင့် ပြည့်စုံသော ပုဂ္ဂိုလ်-ဟူ၍-ငါ-ဘုရားသျှင်သည်၊ ဟောတော်မမူချေ။
ငါ့-သျှင်ပုဏ္ဏား၊—
(၂) ဤ သို့လျှင်၊ အရိယပုဂ္ဂိုလ်၏၊ ဝိနည်း၌ (အဆုံးမတော်၌) (ဝိဇ္ဇာ)သုံးပါး အသိဉာဏ်တရားရှိသည် ဖြစ်၏-ဟူ၍၊ ဟောတော်မူ၏။

**အထူးမှတ်ချက်။**

အထက် ဖေါ်ပြပါ-ဂါထာ ၌၊ ပါသော [နာ-ညံလပိတ- လာပန်] ဟူသော စကားအရ၌င့်၊ ပုဏ္ဏားတို့၏၊ (ဝိဇ္ဇာ) ခေါ်သော တရားတို့သည်၊ မိဘ, ဘိုး, ဘွား, အစဉ် အဆက်မှ၊ ဆင်းသက်၍ လာသော, ပြောဆို+ဟောကြား+မှတ်သားခဲ့သမျှတို့ကို၊ အဆင့်-ဆင့်ကြား၍+မြင်၍-ကြားသမျှ+မြင်သမျှ တို့ကို၊နောက်ယောင်လိုက်၍၊ မိမိတို့၏ လက်ထက်၌၊ ဟောကြား+ပြောဆိုခြင်း+မျှသာဖြစ်၏၊ (တကယ့်)

ကိုယ်တိုင်ကျင့်၍+ ကိုယ်ပိုင်ဉာဏ်ဖြင့်သိ၍- ဟောပြောသော (ဝိဇ္ဇာ) တရားမျိုးမဟုတ်ဖြစ်ရကား၊ဤကဲ့သို့ပြောဆိုဟောကြားသောဆရာတို့ကို၊ (တေဝိဇ္ဇာ)(ဝိဇ္ဇာ) သုံးပါး၊ တရားရှိသောသူတို့=ဟူ၍=မဆိုနိုင်ချေ။

**ငါဘုရားသျှင်အဘို့-မှာမူကား၊ ဤကဲ့သို့မဟုတ်ချေ။**

(စရဏ) ခေါ်သော တရားကို၊ ကိုယ်တိုင်ကျင့်၍ (ဝိဇ္ဇာ) ခေါ်သော တရားအရ၊ ကိုယ်တိုင်သိ၍၊ မိမိကိုယ်တိုင်၊ကိုယ်ပိုင်ဉာဏ်ဖြင့်သိ၍၊ ဟောကြား+ပြောဆိုခြင်း+ဖြစ်၍၊ ဤကဲ့သို့ ပြောဆို+ဟောကြား+သော ဆရာတို့ကိုမှသာလျှင်၊ (တေဝိဇ္ဇာ) (ဝိဇ္ဇာ) သုံးပါးတရားရှိသောဆရာ ဟူ၍၊ ခေါ်ဆိုကြောင်းပြဆို၏။

အထက်ပါဂါထာ၌၊ စတုတ္ထပါဒ-အရ၊ အဋ္ဌကထာ၌ ဖွင့်ပြ ပုံနည်းကား။

နာ-ညံ လပိတလာပန-န္တိ=ယော ပန-ညော ဘေဝိဇ္ဇော-တိ အဉ္ဉဟိ လပိတ ဝစနမတ္တမေဝ လပတိ၊ တမဟံ တေဝိဇ္ဇော-တိ,န ဝဒါမိ၊အတ္တာ ပစ္စက္ခတော ဉတွာ ပရာသပိ တိဿော ဝိဇ္ဇာ ကထေန္တမေဝါ-ဟံ တေဝိဇ္ဇော-တိ ဝဒါမိ-တိ အတ္ထော။

(အင်္ဂုတ္တိုရ်-တိကနိပါတ်- ဒုတိယပဏ္ဏာသက ၁-ဗြာဟ္မဏဝဂ်-အဋ္ဌကထာ) (ကဝိမျက်မှန်တိုက်ထွက်) (၁၄၇)

ထိုအခါ၊ (တိကဏ္ဏ) ပုဏ္ဏားသည်၊ မိမိတို့၏ ပုဏ္ဏား အယူဝါဒ ဖြစ်သော (ဝိဇ္ဇာ) ခေါ်သော တရားသည်၊ မည်သို့မျှ အဘိုးမတန် မူ၍- မြတ်စွာ ဘုရားသျှင်၏ (ဝိဇ္ဇာ) ခေါ်ပုံ တရားသည်သာလျှင်၊ အဘိုးထိုက် တန်သော တရားဖြစ်ကြောင်း-[(၁) **အဘိက္ကန္တံ-ဘော ဂေါတမ၊-(၂) အဘိက္ကန္တံ-ဘော ဂေါတမ၊**]-ဟူ၍ ချီးမွမ်း ပြောဆိုပြီးလျှင် [**ဉပါသကံ မံ ဘဝံ ဂေါတမော ဓာရေတု အဇ္ဇ-တဂ္ဂေ ပါဏုပေတံ သရဏံ ဂတန္တိ**] ဟူ၍-မိမိသည်၊ မြတ်စွာ ဘုရားသျှင်၏ (**ဉပါသကာ**) အဖြစ်သို့ ရောက် ကြောင်း- လျှောက်ကြား ဝန်ခံလေ၏။

ဤတွင်၊ (ဝိဇ္ဇာ) တရားနှင့်စပ်၍၊ စကားတရပ်၊ အပြီးသတ်၏။

ထိုမှတပါး-တနည်းပြဌးအံ့။

ပြတ်စွာဘုရားသျှင်၏ အလိုတော်ကျ ဖြစ်သော (ဝိဇ္ဇာ) တရား၊ (စရဏ)တရား-နှင့်၊ (အဂ္ဂိက-ဘာရ-ဒွါဇ)ပုဏ္ဏားအ၏ အလိုကျ ဖြစ်သော (ဝိဇ္ဇာ) တရား၊ (စရဏ) တရား၊ခွဲခြားပုံပြခဏ်း တရားတော်၊

အခါတပါး၌၊ ပြတ်စွာဘုရားသျှင်သည်၊ ဝေဠုဝန်ခေါ်၊ ရွှေကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ၌၊ (အဂ္ဂိက-ဘာရ-ဒွါဇ) ပုဏ္ဏားသည်၊ ထောပတ်ဖြင့် ပြုစီရင်အပ်သော-(နိဃနာ)ကိုပြုစီရင်၍ နေ၏။ (ချက်၍-ကြို၍နေ၏။)

(အဘယ်သို့ နှလုံးသွင်း၍ ပြုစီရင်ဘိသနည်း—ဟူမူကား၊)

(၁) အဂ္ဂိဟုပြောဟိဿာမိ။

(၁) မီးကိုပူဇော်အံ့—

(၂) အဂ္ဂိဟုတံ ပရိစရိဿာမိ။

(၂) မီးဟုံးကို ပြုစုလုပ်ကျွေးအံ့--

ဤသို့ နှလုံးသွင်း၍ထောပတ်ဖြင့် ပြုစီရင်အပ်သော(နိဃနာ)ကို ပြုစီရင်၍နေ၏။

ထိုအခါ၊ မြတ်စွာဘုရားသျှင်သည်၊ ရာဇဂြိုဟ်ပြည်တွင်းသို့၊ ဆွမ်းခံကြွတော်မူရာ၊အခန့်သင့်ပင်၊ (အဂ္ဂိက-ဘာရ-ဒွါဇ) ပုဏ္ဏားသည် အနီးသို့ ကြွရောက်လာသော မြတ်စွာဘုရားသျှင်ကို၊ ဖူးမြင်ရလတ်သော်၊ မြတ်စွာဘုရားသျှင်ကို၊ ရည်ညွှန်း၍၊ ဤဆိုလတ္တံ့သောပါဠိ ဂါထာကို၊ ရွတ်ဆို၍ လျှောက်လေ၏။

(၈) တီဟိ ဝိဇ္ဇာဟိ သမ္ပန္နော၊
ဇာတိမာ,သုတ-ဝါ, ဗဟု။
ဝိဇ္ဇာ-စရဏ-သမ္ပန္နော၊
သောမံ ဘုဉ္ဇေယျ ပါယာသန္တိ။

မြန်မာ ဘာ သာ ပြန်

(၈) ဂေါတမ နွယ်ဝင်၊ မျိုး-သန့်စင်သည့်၊အသျှင်မြတ် ဘုရား။
(၁) အကြင်-ပုဏ္ဏားသည်၊ သုံးပါးကုန်သော ဗေဒင် ကျမ်းတို့၌ လာသောအသိ ဉာဏ် (ဝိဇ္ဇာ) တရားနှင့် ပြည့်စုံ၏။

(၂) သန့်ရှင်းစင်ကြယ်သော အမျိုး(ဇာတိ)နှင့်လည်း-ပြည့်စုံ၏။
(၃) အထူးထူး-အပြားပြားသော ဗေဒင်-ကျမ်းတို့၌ ဆိုအပ်
သော အကြားအမြင်-ကျမ်းဂန်-(သုတ)နှင့်လည်းပြည့်စုံ၏။

ဤသို့၊ ဗေဒင်သုံးပုံဟု-ဆိုအပ်သော (ဝိဇ္ဇာ) တရား သုံးပါး၊+ သန့်ရှင်းစင်ကြယ်သောအမျိုး(ဇာတိ)+အကြားအမြင်-(သုတ)ဟုဆို အပ်သော(စရဏ)တရားနှင့် ပြည့်စုံသော ထို ပုဏ္ဏားသည် ကျွန်ုပ်ကိုယ် တိုင်, ဤ (ထေ‌ောပတ်) ဖြင့် ပြုစီရင်အပ်သော(နိဿနာ) ဆွမ်းကို၊ သုံး ဆောင်ခြင်းငှါ ထိုက်ရာ၏၊ (ထိုက်ပါ၏-ဘုရား) ဟု-လျှောက်လေ၏။

**အင်္ဂက-ဘာရဒွါဇ-ပုဏ္ဏား၏ "ဝိဇ္ဇာတရား-စရဏတရား" ခေါ်ပုံကို၊ မြတ်စွာဘုရားသျှင်၊ ပယ်တော်မူပုံ**

(ည) ဗဟုမ္ပိ ပလပံ ဇပ္ပံ၊
နဇစ္စာ ဟောတိ ဗြာဟ္မဏော။
အန္တော-ကသမ္ဗု, သံ-ကိလိဋ္ဌော၊
ကုဟနာ ပရိ-ဝါရိတော။

မြန်မာ ဘာသာပြန်

(ည) အို....ဗြာဟ္မဏ-ခေါ်တွင်၊ ငါ့-သျှင်ပုဏ္ဏား။

အကြင်သူသည်၊များပြားစွာသော(အကျင့်, အမျိုး, ဇာတိ-စသည် ဖြင့်) သန့်ရှင်း-စင်ကြယ်၏-ဟူသောအရာ, အထောင်သော စကားကို တဖွား-ဖွား နှုတ်မဆိတ်အောင်၊စိတ်ရှိတိုင်းပြောဆိုသော်လည်း(ပြော ဆိုရှုနေသော သူပင်ဖြစ်စေကာမူလည်း) အတွင်း-စိတ်ခတ်သန္တာန် ၌မူ- ယောက်သွားပုပ်ကဲ့သို့၊ ကိလေသာဆယ်ပါး၊ အယုတ်တရားတို့ ဖြင့်၊ ပုပ်သိုးလျက်ရှိ၏၊ ကာယဒုစရိုက်အမှု၊ ပြုခြင်းစသည်တို့ဖြင့် ညစ်ညူး ခြင်းရှိ၏။

စက်ဆုပ် ရွံရှာဘွယ် ကောင်းသော (မာန) ဖြင့် ခြံရံအပ်၏။ ။ ထောင်လွှား တက်ကြွတတ်၏၊ ထိုသူသည်၊ စင်ကြယ်သော အမျိုး "ဇာတိ"ရှိသောသူမမည်ချေ။ ။မဖြစ်နိုင်ချေ၊=ဟူ၍၊ဟောတော်မူ၏။

## မြတ်စွာဘုရားသျှင်၏ အလိုတော်ကျဝိဇ္ဇာတရား-စရဏတရား-ခေါ်ပုံပြ-ဂါထာ

(၄) ပုဗ္ဗေ နိဝါသံ ယော ဝေဒိ၊
သဂ္ဂါ-ပါယဉ္စ ပဿတိ။
အထော ဇာတိ-က္ခယံ ပတ္တော၊
အဘိညာ ဝေါသိတော မုနိ။

မြန်မာ ဘာသာပြန်

(၄) ∴ ဒို…"ဗြာဟ္မဏ" ခေါ်တွင်၊ ငါ့-သျှင်-ပုဏ္ဏား။
(၁) အကြင်-မုနိ-ခေါ်တွင်၊ သျှင်ရဟန်းသည်၊ ရှေး၌ နေခဲ့ဘူးသော ခန္ဓာအစဉ်ကို (ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်)ဖြင့် ထိုးထွင်း၍သိ၏။
(၂) နတ်ပြည်+ဗြဟ္မာပြည်-ကိုရင်း=အပါယ် လေးဘုံကိုရင်း=(ဒိဗ္ဗ စက္ခု အဘိညာဉ်)ဖြင့်၊ သိမြင်၏။
ထိုမှတပါး၊—
(၃) ဘဝ-တဏှာ၊ ပြန်လည်-အသစ်-ဖြစ်ရခြင်းဟူသော ခန္ဓာဝန်-ဇာတိ၏-ကုန်ရာ ဖြစ်သော အရဟတ္တဖိုလ်သို့ ရောက်၏၊ (အာသဝက္ခယဉာဏ်)ဖြင့် သိ၏။

ထို-မုနိ-ခေါ်တွင်၊ သျှင်ရဟန်းသည်၊ ထူးသောဉာဏ်ဖြင့် သိပြီး၍၊ ကျင့်သုံးအပ်ပြီးသော နေခြင်း-ဟူသော သီတင်း၏ အဆုံးသို့ရောက်၏၊ (ဝုသိတံ-ဗြဟ္မစရိယံ) ဟူသည်ပင် ဖြစ်၏။

(၅) ဧတာဟိ တီဟိ ဝိဇ္ဇာဟိ၊
တေ-ဝိဇ္ဇော ဟောတိ ဗြာဟ္မဏော။
ဝိဇ္ဇာ-စရဏ-သမ္ပန္နော၊
သော တံ ဘုဉ္ဇေယျ ပါယာသ-န္တိ။

မြန်မာဘာသာပြန်

(၅) ဤပြဆိုခဲ့ပြီးသော သုံးပါးကုန်သော"ပု + ဒိ + အာ + ဟူသော အသိ-ဉာဏ်-ဟူသော (ဝိဇ္ဇာ) တရားတို့ဖြင့်၊ (ဝိဇ္ဇာ)တရား

ရှိသော ပုဏ္ဏားသည်သာ၊ (ဝိဇ္ဇာ-စရဏ-သမ္ပန္န) ဂုဏ်နှင့် ပြည့်စုံသော ပုဏ္ဏားမည်သည်ဖြစ်ရာ၏။
ထိုပုဏ္ဏားသည်၊ ဤယခုအသင်ပုဏ္ဏားကိုယ်တိုင် (ထောပတ်) ဖြင့်ပူဇော်ရန်အပ်သော ထို(နိဃနာ) ဆွမ်းကို၊ စားသုံးရာ၏၊ (စားသုံးထိုက်၏)ဟူ၍ မြတ်စွာဘုရားသျှင်ဟောတော်မူ၏။

## မြတ်စွာဘုရားသျှင်၏ (ဝိဇ္ဇာတရား-စရဏတရား) ခေါ်ပုံ (အဂ္ဂိက-ဘာရဒွါဇ) ပုဏ္ဏားနှစ်သက် သဘောကျ၍ (နိဃနာ) ဆွမ်းအလှူခံယူရန် ဘိတ်ကြားပုံ

ထိုအခါ (အဂ္ဂိက-ဘာရ-ဒွါဇ)ပုဏ္ဏားသည်၊အောက်၌ဖော်ပြအပ်သော စကားအတိုင်းလျှောက်ဆို၏။

(၃) ဘုဉ္စတု ဘဝံ ဂေါတမော၊
ဗြာဟ္မဏော ဘဝ-န္တိ။ ။ဟူ၍ရွတ်ဆို၏။

မြန်မာဘာသာပြန်

(၃) အသျှင်မြတ် ''ဂေါတမ''သည်၊ အကျွန်ုပ်ကိုယ်တိုင် ပူဇော်ရန် အပ်သော(နိဃနာ) ဆွမ်းကို ဘုဉ်းပေးသုံးဆောင်တော်မူပါဘုရား။

အသျှင်မြတ် ''ဂေါတမ'' သည်၊ ''ဗြာဟ္မဏ'' ခေါ်တွင်၊ပုဏ္ဏားသျှင်အစစ်အမှန်ပင်ဖြစ်ပါ၏-ဘုရား=ဟူ၍၊လျှောက်ဆို၏။

## (မြတ်စွာ ဘုရားသျှင်သည်၊ (အဂ္ဂိက-ဘာရ-ဒွါဇ) ပုဏ္ဏား၏၊ (နိဃနာ) ဆွမ်းအလှူကို၊မအပ်စပ်-ဟူ၍၊ ပယ်စွန့်တော်မူပုံပြဂါထာ

(၄) ဂါထာ-ဘိ-ဂီတံ မေ အဘောဇနေယျံ၊
သမ္ပဿတံ ဗြာဟ္မဏ နေ-သ ဓမ္မော။
ဂါထာ-ဘိ-ဂီတံ ပနုဒန္တိ ဗုဒ္ဓါ၊
ဓမ္မေ သတိ ဗြာဟ္မဏ ဝုတ္တိ,ရေ-သာ။

## မြန်မာ ဘာသာပြန်

(ပ) ဒို....''ဗြာဟ္မဏ''ခေါ်တွင်- ငါ့-သျှင်ပုဏ္ဏားအ။

(၁) မြတ်စွာဘုရားသျှင်၏ ဂုဏ်ကျေးဇူးနှင့် စပ်သော ပါဠိဂါထာတို့ဖြင့် ဟောဆို၍ ရအပ်သော၊-၌ (နို့ဃနာ) ဆွမ်းကို၊ ငါ-ဘုရားသျှင်အား၊ သုံးဆောင်ခြင်းငှာ မထိုက်ချေ၊=(သုံးဆောင်ခြင်းငှာ မအပ်ချေ၊-ဟူ၏ )

ဒို....''ဗြာဟ္မဏ'' ခေါ်တွင်၊ ငါ့-သျှင်ပုဏ္ဏားအ။

(၂) အကျိုး+အကြောင်းကိုသိမြင်ကုန်သော သူတော်ကောင်းတို့အား၊၌သို့-ရွတ်ဆိုဟောပြောသော သဘောသည်၊-မဖြစ်ရာချေ။(မဖြစ်စကောင်း-ဟူ၏။)

ဒို....''ဗြာဟ္မဏ''ခေါ်တွင်၊ ငါ့-သျှင်ပုဏ္ဏားအ။

(၃) မြတ်စွာဘုရားသျှင်တို့သည်၊-မြတ်စွာဘုရားသျှင်နှင့် စပ်သော ဂါထာတို့ဖြင့်၊ရွတ်ဆိုဟောပြော၍ ရအပ်သော ဘောဇဉ်ကို ပယ်စွန့်ကုန်၏။

ဒို....''ဗြာဟ္မဏ'' ခေါ်တွင်၊ ငါ့-သျှင်ပုဏ္ဏားအ။

(၄) အဂ္ဂိယာ- ပုဂ္ဂိုလ်တို့၏- အကျင့်တရားသည်– ရှိလတ်သော်၊ (အကျင့်တရားရှိသောသူသည်-ဟူ၍လည်းဆို၊) တရားသဖြင့်၊ အသက်မွေးကုန်သော သူတော်ကောင်းတို့အား၊ ၌သို့တရားသဖြင့် အသက်မွေးခြင်းသည်၊ကောင်းသော အသက်မွေးခြင်းမည်၏။

## မြတ်စွာဘုရားသျှင်သည်၊အဂ္ဂိက-ဘာရ-ဒွါဇ ပုဏ္ဏားအား ဆွမ်းလှူပုံနည်း ညွှန်ကြားပြဂါထာ

(ဏ) အညေနစ ကေဝလိနံ မဟေသိံ၊
ခီဏာသဝံ ကုက္ကုစ္စ ဝူပသန္တံ။
အန္နေန ပါနေန ဥပဋ္ဌဟဿု၊
ခေတ္တံ ဟိ တံ ပုညပေက္ခ ဿ ဟောတိ။

မြန်မာဘာသာပြန်

(ဏ) အို....''ပြာဟ္မဏ''ခေါ်တွင်ငါ့-သျှင်-ပုဏ္ဏားမ

စင်စစ်အမှန်မူကား၊ သီလ-သမာဓိ-ပညာ-အစရှိသော ကျေးဇူး တရားကို- ရှာမှီးတတ်သော+ငြိမ်းငြိမ်းသော (ကုဏ္ဍလစ္စ) ဟူသော ပူပန် ခြင်းရှိသော+ထိုရဟန္တာပုဂ္ဂိုလ်ကို၊ ဆိုအပ်ခဲ့ပြီးသော ဆွမ်းမှ-တပါး သော- ဆွမ်းဖြင့်ရင်း=အဖျော်ဖြင့်ရင်း=ပြုစုလုပ်ကျွေးလေလော့၊ ထို ရဟန္တာ ပုဂ္ဂိုလ်သည်၊ ကောင်းမှုကုသိုလ်ကို အလိုရှိကုန်သောသူတို့၏ လယ်ယာမြေကောင်းသဖွယ် ဖြစ်သည်သာလျှင် ဖြစ်ပေ၏-ဟူ၍၊ ဟော တော်မူ၏။

ဤပြဆိုအပ်ခဲ့ပြီးသော စကား၏ အဆုံး၌၊ (အဂ္ဂိက-ဘာရ-ဒွါဇ) ပုဏ္ဏားသည်၊ ဤသို့လျှောက်ဆို၏။

**အဘယ်သို လျှောက်ဆိုသနည်းဟူမူကား၊**

(ဂေါတမ) မည်တွင်၊ အသျှင်မြတ် ဘုရား။

(က) အသျှင်မြတ်ဘုရား၏၊ တရားစကားတော်သည်၊ အလွန်နှစ် လိုဘွယ်ရှိပေစွ-ဘုရား။

(ဂေါတမ) မည်တွင်၊ အသျှင်မြတ်ဘုရား။

(ခ) အသျှင်မြတ်ဘုရား၏ တရားစကားတော်သည်၊ အလွန်နှစ် လိုဘွယ်ရှိပေစွ-ဘုရား ဟူ၍၊လျှောက်ဆိုလေ၏။

ဤနေရာ၌ပင်၊ ဤတရားစကား ပြောဆိုပြီးဆုံးသော အချိန်၌၊ ''အဂ္ဂိက-ဘာရ-ဒွါဇ'' ပုဏ္ဏားသည်၊ အာသဝေါလေးပြာ၊ ကင်းစင် ကွာ၍၊ ရဟန္တာပုဂ္ဂိုလ်အဖြစ်သို့ ရောက်ရလေ၏။

ဤသည်လျှင်၊ မြတ်စွာဘုရားသျှင်၏အလိုတော်ကျဖြစ်သော (ဝိနည) တရား၊ (စရဏ) တရားနှင့်၊''အဂ္ဂိက-ဘာရ-ဒွါဇ'' ပုဏ္ဏား၏အလိုကျ ဖြစ်သော (ဝိနည)တရား၊(စရဏ) တရား၊ ပြားပုံ အကျယ်ပြခဏ်း ပြီး၏။

## (၁၅) "ဟေမ-ဝတ" နတ်မင်းသည်၊ "သာတ ဂိရိ" နတ်မင်းအား မြတ်စွာ ဘုရားအထံသို့၊ သွားရောက် ကြရန် တိုက်တွန်းပုံ၊ (၁၅) အမှတ်ပြဂါထာ

(၁၅) "ဧဏိ-ဇင်္ဃံ, ကိသံ, ဝီရံ,၊
အပ္ပါ-ဟာရံ, အ-လောလုပံ။
မုနိံ ဝနသ္မိံ ဈာယန္တံ,၊
ဧဟိ ပဿာမ ဂေါတမံ"။

မြန်မာ ဘာသာပြန်

(၁၅) အို…အဆွေ "သာတ ဂိရိ" နတ်မင်း။
မြန်စွာ-အသော့ (ထ) ပါလော့၊=စိတ်လက်ကြည်ဖြူ၊ အတူတကွ သွားကြပါစို့–နတ်မင်း။

(၁) ဧဏီ-ပည်သော သားကောင်း၏ မြင်းခေါင်းနှင့် တူသော ခြေသလုံး ခြင်းခေါင်းရှိတော်မူထသော၊=
(၂) အင်္ဂါ-ကြီး-ငယ်တို့၏ ပြည့်စုံခြင်းဖြင့် (လျ) သော (ပါး) သော ကိုယ်အင်္ဂါ ရှိတော်မူထသော၊=
(၃) လုံ့လ-ဝီရိယ-ရှိတော်မူထသော၊=
(၄) တနေ့ရာတည်း၌သာ ဆွမ်း, ဘုဥ်းပေးသည်ဖြစ်၍ နည်းပါးသော (အာဟာရ) ရှိတော်မူထသော၊=
(၅) အာဟာရ၌ ဆန္ဒ-ရာဂ-မရှိသဖြင့် (စားသောက်မှု၌)လျှပ်ပေါ်ခြင်း မရှိထသော၊=
(၆) (မောနေယျ)အကျင့်နှင့် ပြည့်စုံတော်မူသဖြင့်(အနာဂါရံ-မုနိ) ဖြစ်တော်မူသော။(အနာဂါရိက)-အဖြစ်၊ဆိတ်ငြိမ်ရာ၌ ညွှတ်ကိုင်းသော စိတ်ရှိသည်၏ အဖြစ်ကြောင့်၊လူသံတိတ်၍ ဆိတ်ငြိမ်သော တောအရပ်သို့-ချဉ်းကပ်၍ နှစ်ပါးသောဈာန်ဖြင့် ဈာန်ဝင်စားခြင်း ရှိတော်မူသော-+(ဂေါတမ) နွယ်ဖွား၊ မြတ်စွာ ဘုရားသျှင်ကို၊ ဤယခုအချိန်၌၊ (မဇ္ဈိမ ယာမ် အချိန် ၌၊ ဟူ၍လည်းဆို။)

(အသင်နတ်မင်းနှင့်၊အကျွန်ုပ်တို့သည် မျက်မှောက်ထင်ထင် ဖူးမြင်ကြပါစို့၊ =နဖူးပြင်၌၊ ရှိခိုးတင်ခါ၊ ဖူးမြင်ရအောင် သွားကြပါစို့၊ နတ်မင်း=ဟူ၍၊ "ဟေမဝတ" နတ်မင်းသည် မြတ်စွာဘုရားသျှင်၏ "ရူပ-ကာယ" ခန္ဓာတော်ဒြပ်၏ တင့်တယ် ပုံနှင့်တကွ၊ ကိုယ်ကျင့်တရားကို၊ ချီးကျူးဖော်ပြလျက်၊ ထိုမြတ် စွာ ဘုရားသျှင်အား၊ ဖူးမြှော်သွားရန် "သာတ-ဂိရိ" နတ်မင်း ကို၊ ခေါ်ဆောင်သောအနေဖြင့် ဤ (၁၅) အမှတ်ပြ [ဧဏိ ဇင်္ဃံ ကိသံ ဝီရံ] ဟူသော ပါဠိဂါထာကို၊ ရွတ်ဆိုလေ၏။

ရှေ့နောက်ဂါထာနှစ်ခု၌ အနုသန္ဓေ-စကားဆက်ပုံ ပြဆိုချက်

"ဟေမ ဝတ" နတ်မင်းသည်၊ မိမိ၏စိတ်၌၊ အလွန် နှစ်သက်အပ် သော ဂုဏ်တော်ပုဒ်တို့ဖြင့်၊ ရှေးရှေးသော ရဟန်းဘဝ- ဘဝတို့၌ ရရှိအပ်ပြီးသော အကြားအမြင် (ဗဟု-သုတ) အား-အစွမ်းဖြင့်၊ မြတ် စွာဘုရားသျှင်ကို၊ ချီးမွမ်းတော်မူလိုသည်ဖြစ်၍၊

ဤ(၁၅)အမှတ်ပြ၊ [ဧဏိ-ဇင်္ဃံကိသံဝီရံ၊ + + + ]အစရှိသော ပါဠိ-ဂါထာကို၊ ရွတ်ဆို၍၊ မြတ်စွာဘုရားသျှင်အား၊ ဖူးမြှော်သွားကြ ရန်၊ "သာတ ဂိရိ" နတ်မင်းအား၊ ခေါ်ဆောင်ပြောကြားသော ဗုဒ္ဓ ထောမနာဂါထာဖြစ်၏။

ဤတွင်၊(၁၅) အမှတ်ပြ၊ [ဧဏိ-ဇင်္ဃံကိသံဝီရံ] ဟူသော (ဗုဒ္ဓ ထောမနာ)ပါဠိ-ဂါထာ၏ အကျဉ်းချုပ်အဓိပ္ပါယ်ပြဆိုပြီး၏။

တနည်းပြဆိုဥုံးအံ့ =

မြတ်စွာဘုရား၊ သက်တော်ထင်ရှား အခါက၊ နတ်သား တဥုံး သည်၊ မြတ်စွာဘုရားသျှင်၏၊ ရှေ့တော် အောက်သို့၊ ရောက်လာပြီး လျှင်၊ အောက်၌ဖော်ပြအပ်သောပါဠိ-ဂါထာကို၊ ရွတ်ဆို၍ လျှောက် လေ၏။

(တ) "ဧဏိ-ဇင်္ဃံ, ကိသံ,ဝီရံ၊
အပ္ပါ-ဟာရံ,အ-လောလုပံ။

သီဟံ ဝေ-က-စရံ နာဂံ၊
ကာမေသု အနပေက္ခိနံ”။
“ဥပ-သင်္ကမ္မ ပုစ္ဆာမ၊
ကထံ ဒုက္ခာ ပမုစ္စတိ”။
(သ-ဂါထာ-ဝဂ္ဂ-(၃) သတ္တိဝဂ်(၁၀) ဖော်ဇသံသုတ်–)

မြန်မာဘာသာပြန်

(တ) ဘုန်းတော်ကြီးလတ်၊အသျှင်မြတ်ဘုရား။

(၁)※(ဧဏိ) မည်သောသားကောင်၏ မြင်းခေါင်းနှင့် တူသော မြင်းခေါင်းတော်လည်းရှိတော်မူထသော=

(၂)※ကြံ့လျ-ပါးသော ကိုယ်တော်လည်းရှိတော်မူ ထသော=

(၃)※လုံးလ-ဝီရိယ-တော်လည်း ရှိတော်မူထသော=

(၄)※နည်းပါးသော အစား-အစာ အာဟာရလည်း ရှိတော် မူထသော=

(၅)※ပစ္စည်း လေးပါးတို့၊ လျှပ်ပေါ်ခြင်းမှ ကင်းတော် မူထ သော=

(၆)※တစီးတည်းသာ-ကျက်စားသောခြင်္သေ့မင်းကဲ့သို့ရှင်း=

(၇)※တစီးတည်းသာကျက်စားသော ဆင်ပြောင်ကြီးကဲ့သို့ရှင်း=.

(၈)※တကိုယ်တော်တည်းသာ-ကျင့်တော်မူထသော=

(၉)※အာရုံ-ငါးပါး၊ ကာမဂုဏ်တရားတို့၌၊ ငဲ့ကွက်ခြင်း-ကင်း တော်မူသော မြတ်စွာ ဘုရားသျှင်၏ အထံသို့၊ ချဉ်းကပ်၍၊ အကျွန်ုပ်တို့-နတ်အပေါင်းတို့သည်၊ပုစ္ဆာ-စကား၊ လျှောက် ကြားမေးမြန်းကြပါကုန်အံ့။

ဘုန်းတော် ကြီးမား၊ အသျှင်ပြတ် ဘုရား၊=
အဘယ်သို့သော အကြောင်းဖြင့်၊ အကျွန်ုပ်တို့သည်၊ ဆင်းရဲခြင်းဒုက္ခ-အပေါင်းမှ၊ လွတ်မြောက်ရပါအံ့နည်း၊-မြတ်စွာ ဘုရား၊=

ဤသို့သောစကားဖြင့်၊ လျှောက်ကြားလေ၏။

ဤ တွင်၊ “ဟေမဝတ” သုတ်၌ ဟောတော်မူသော(၁၅)အမှတ် ပြ ပါဠိ-ဂါထာနှင့်၊ တစိတ်တူဖြစ်သော- သဂါထာ ဝဂ္ဂ-သံယုတ်ပါဠိ တော်လာ၊ ပါဠိ-ဂါထာ၏ အဓိပ္ပာယ်ပြဆော်း ပြီး၏။

မြတ်စွာဘုရားသျှင်သည်၊ ထိုနတ်သား၏၊ လျှောက်ကြားချက်စကား ကို၊ အောက်၌ ဖော်ပြအပ်သော ပါဠိ-ဂါထာဖြင့်၊ ဟောကြားဖြေဆို တော်မူ၏။

(ထ) ''ပဉ္စ-ကာမ-ဂုဏာ လောကေ၊
မနော-ဆဋ္ဌာ ပဝေဒိတာ။
ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ၊
ဧဝံ ဒုက္ခာ ပ-မုစ္စတိ''။

မြန်မာဘာသာပြန်

(ထ) အို…သိလိုရေးဖြင့်၊ မေးလျှောက်လာသော ဒါယကာ-နတ်သား၊

လောက၌၊ (မနာယတန)လျှင်၊ ခြောက်ခုမြောက် ဖြစ်ကုန်သော ငါးပါးသော ကာမဂုဏ်တို့ကို ပြအပ်ကုန်၏။

ဤရုပ်-တရား၊ နာမ်-တရားတို့၌၊ (ဒုက္ခ) အဖြစ်ကို၊ မသိ+မမြင် အောင် ဖုံးလွှမ်းတတ်သော (မောဟ) ကို၊မတပ်ငြိစေဘဲ၊(မဖုံးလွှမ်း) စေဘဲ၊ ခွါရှဲနိုင်ရာ၏။

ဤသို့(မောဟ) ဖြင့်၊ မဖုံးလွှမ်းနိုင်အောင်၊ခွါရှဲနိုင်မှု၊ရုပ် - နာမ်,အသစ်၊ ဖြစ်ရခြင်း-ဟူသော ဆင်းရဲခြင်း (ဒုက္ခ)မှ၊ လွတ်မြောက်နိုင်၏-ဟု၊ ဤသို့ ဟောကြား ဖြေဆိုတော်မူ၏။

ဤတွင်- နတ်သားတဦး၏၊ လျှောက်ကြားချက်စကားနှင့်၊ အဖြေ တရား ဟောကြားပုံပြဆက်ပြီး၏။

---

**(၁၆) ''ဟေမဝတ'' နတ်မင်းသည်''သာတဂိရိ''နတ် မင်းနှင့်အတူ၊မြတ်စွာဘုရားအထံသို့၊သွားရောက်၍ပုစ္ဆာ-စကားလျှောက်ကြားရန်၊တိုင်ပင်ပုံ(၁၆)အမှတ်ပြဂါထာ**

(၁၆) ''သီဟံ ဝေ-က-စရံ နာဂံ၊
ကာမေသု အန-ပေက္ခိနံ။
ဥပ-သင်္ကမ္မ ပုစ္ဆာမ၊
မစ္စု-ပါသ-ပ-မောစနံ''။

## မြန်မာ ဘာသာပြန်

(၁၆) ※ အို....အဆွေ ''သာတ ဂိရိ'' နတ်မင်း။

လျင်စွာ-အသော့၊ လိုက်ခဲ့ပါလော့၊=အသင်နတ်မင်းနှင့်၊ အကျွန်ုပ်တို့ နှစ်ဦး၊ စိတ်လက် ကြည်ဖြူ၊ အတူ တကွ၊ သွားကြပါစို့ နတ်မင်း—

(က) ကေသရာ-ဇာတ်၊ ခြင်္သေ့ မြတ်ကဲ့သို့၊ စိတ်ဓာတ် အားဖြင့် ကြောက်ရွံ့ခြင်း မရှိထသော၊=

(ခ) တဏှာ-တည်းဟူသော အဖော် သဟဲ-မရှိသည် ဖြစ်၍၊ တယောက် ထည်းသာ၊ သွားခြင်းရှိထသော၊=

(ဂ) ဒုက္ခာ-ငါးတန်၊ ဖြစ်ပေါ် ပြန်သဖြင့်၊ တဖန်-ဘဝ-အသစ်သို့၊ သွားရောက်ခြင်း မရှိထသော၊=

(ဃ) ဝတ္ထု-ကာမ၊ ကိလေသာ-ကာမ၊ နှစ်ပါး-တို့၌၊ ဆန္ဒ-ရာဂ အားဖြင့်၊ ငဲ့ကွက် တွယ်တာခြင်း သဘော မရှိထသော၊=

ဤသို့ သဘောရှိသော ထို (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရားသျှင်၏အထံသို့၊ သွားရောက် ချဉ်းကပ်၍၊ သေမင်း၏ ကျော့ကွင်းမှ၊ လွတ်ကင်းရာ ဖြစ်သော (နိဗ္ဗာန်) တရားကို၊ မေး-လျှောက်ကြပါကုန်စို့ နတ်မင်း၊—

ဤသို့အားဖြင့်၊ ''ဟေမ ဝတ'' နတ်မင်းသည်၊ ''သာတဂိရိ'' နတ်မင်းအား၊ မြတ်စွာဘုရားသျှင်၏ အထံသို့-သွားရောက် ကြရန်၊ ဤ(၁၆)အမှတ်ပြ [သီဟံ-ဝေ-က-စရံ နာဂံ] အစရှိသော ပါဠိဂါထာဖြင့် ရွတ်ဆို၍-အတိုင်ပင်စကား၊ ပြောကြားလေ၏။

### ရှေ့နောက် ဂါထာနှစ်ခု၌ အနုသန္ဓေစကားဆက်စပ်ပုံပြခန်း

ဤသို့ (၁၅) အမှတ်ပြ၊ [ဧဏိဇင်္ဃံ ကိသံ ဝီရံ] ဟူသော ပါဠိ-ဂါထာကို၊ ရွတ်ဆိုပြီးသောအခါ၊ နောက်ထပ်တကြိမ်၊ မြတ်စွာဘုရားသျှင်၏အထံ၌၊ တရား-နာယူလိုသည်ဖြစ်၍၊ ဤ (၁၆) အမှတ်ပြ၊ [သီဟံ-ဝေ-က-စရံနာဂံ + + +] ဟူသော ပါဠိ-ဂါထာကို ရွတ်ဆိုခြင်းပင်ဖြစ်၏။

ဤဂါထာစတုတ္ထပါဒ၌၊ [မန္တု-ပါသ-ပမောစနံ]သေမင်း၏ ကျော့ကွင်းမှ၊ လွတ်မြောက်ရာ တရား-ဟုဆိုရာ၌= သေမင်း၏ကျော့ကွင်း= ဆိုသည်ကား၊ တေဘူမက ဝဋ်တရားကို-ဆိုလို၏။ (တနည်းကား)

(၁) ဒုက္ခသစ္စာ၊ (၂) သမုဒယသစ္စာနှစ်ပါးကို ဆိုလို၏။ ။ထိုသစ္စာနှစ်ပါးမှ၊ လွတ်မြောက်ရာဖြစ်သော ''နိဗ္ဗာန်'' တရားကို၊ မေးလျှောက်ပါအံ့-(မေးလျှောက်ပါရစေ-ဘုရား-)ဟု၊ဆိုလို၏။

ဤ ဂါထာကို၊ ''ဟေမဝတ'' နတ်မင်းသည်၊ ''သာတဂိရိ'' နတ်မင်းကို၎င်း=ထိုနတ်မင်း၏ အခြွေအရံပရိသတ်ကို၎င်း= မိမိ၏ အခြွေအရံပရိသတ်ကို၎င်း=စိတ်ပြင့်ရည်မှန်း၍ ရွတ်ဆိုခြင်းဖြစ်၏။

**အထူးမှတ်ချက်။**

**နောက်၌ ပြဆိုခဲ့ပြီးသော (ကာဠီ) မည်သော ဥပါသိကာ၊ ဒါယိကာမ၏၊ (သောတာပတ္တိ)မဂ်-ဉာဏ်ဟူသော မင်္ဂလာအောင်ပန်း၊ ဆွတ်လှမ်းပန်ဆင်ရသော အချိန်သို့၊ ရောက်ပုံ ပြခန်း**

ထိုအခါ၊ (အာသဠှိ) နက္ခတ်အလို၊ ဝါဆိုလပြည့် စနေနေ့၊ပွဲသဘင်ပြုလုပ်ရန်၊ ကြွေးကြော်လေ၏။ (ကြော်ငြာလေ၏။)

ထိုအခါ ထက်ဝန်းကျင်သောအရပ်မှ လာရောက်၍ တန်ဆာဆင်ခြင်းနှင့်စပ်သော နတ်မြို့၌ တင့်တယ်ခြင်းအသရေကို ရှုမျှော်ပျော်ပါး ခံစားကြည့်ရှု၍ နေကြကုန်ဘိသကဲ့သို့=ရာဇဂြိုဟ်ပြည်ကြီး လည်း၊ အလွန်တင့်တယ်သောအသရေနှင့် ပြည့်စုံ၍နေသောအချိန်၌၊(ကုလ-ဃရ) မြို့သူ (ကာဠီ) မည်တွင်၊ အိမ်သျှင်- သူဌေးမသည်၊ မိမိ၏ နေရာ၊ အိမ် (ဂေဟာ) အထက်သို့ တက်ရောက်၍၊ လေသာ- ပြူတင်းတံခါးကို ဖွင့်၍၊ မိမိ၏ ဓမ္မတာ ကိုယ်ဝန်အတွက်၊ လေးလံပင်ပန်းခြင်းကို၊ လေညှင်းခံယူ ခြင်းဖြင့် သက်သာရာကို ရစေလျက်နေစဉ်၊— ထိုနတ်စစ်သူကြီးနှစ်ဦးတို့၏ မြတ်စွာဘုရား၏ ဂုဏ်တော်နှင့်စပ်၍ မေးမြန်း+ ဖြေဆို+အပ်သော စကားတို့ကို၊အစ+အလယ်+အဆုံး-ကြားနာရ၏။

ထိုသို့ကြားနာပြီး၍ အထူးထူးအပြားပြားသော ဂုဏ်တို့နှင့် ပြည့်စုံတော်မူပေသော (သမ္မာသမ္ဗုဒ္ဓ + သဗ္ဗညုတ)မြတ်စွာဘုရားသျှင်အစစ်၊

ဖြစ်ပေ၏-တကား-ဟု၊ထိုမြတ်စွာဘုရားသျှင်၏ဂုဏ်လျှင် အာရုံရှိသော နှစ်သက်ခြင်း-(ပီတိ)ကို ဖြစ်စေ၍ ထိုနောက်=ထို(ပီတိ)နှင့်(ပဿဒ္ဓိ)-(သမာဓိ)-တရားတို့၊ တွဲဘက်ပေါ်လာ-အားရှိ၍ (ကာမစ္ဆန္ဒ) အစရှိသောနီဝရဏ-တရားတို့ကို၊ ကွာစေ၍၊ ထိုနေရာအချိန်၌ပင်၊ (သမထ) ဘာဝနာနည်းမှ၊ တဖန်၊ (ဝိပဿနာ) ဘာဝနာနည်းသို့၊ ပြောင်းကူး၍၊ (သောတာပတ္တိ) မဂ်-ဖိုလ်, စိတ် ပေါ်လာသဖြင့် (သောတာပန်) တည်၊ အရိယာဘုံသို့၊ ခိုလှုံကပ်ရောက်ရသော အမျိုးသမီး-တဦး၊ အနေဖြင့်၊ ထူးထူး ခြားခြား၊ ဖြစ်ပေါ် လာသော သူသည်ကား၊ (ကာဠီ)မည်တွင်၊ ဤ အိမ်သျှင် သူဌေးမပင်၊ဖြစ်လတ်သတည်း။

ထိုနောက်၊ တခုသောနေရာ+တခုသောနေ့+တခုသော ပရိသတ်တို့၏အလယ်၌၊=

[ * ဧတ-ဒဂ္ဂ ဘိက္ခဝေ မမ သာဝိကာနံ ဥပါသိကာနံ အနု-ဿဝ-ပ္ပသန္နာနံ ယဒိ-ဒံ "ကာဠီ"ဥပါသိကာ ကုလ ဃရိကာ၊] ဟူ၍၊ "ဧတဒဂ်" ဂုဏ်ထူး+ဘွဲ့ထူး+ဖြင့်၊ ချီးကျူး တင်မြှောက်ခြင်းကို၊ရရှိလေ၏။

(အနက်ဖော်ပြခဲ့ပြီးပြီ)

ဤပြဆိုအပ်ပြီးသော အဋ္ဌကထာပြ၊ ဝတ္ထု-စကားအရဖြင့်၊ ဤ "ဟေမဝတ" သုတ်၌၊ "ဟေမဝတ" နတ်မင်းကြီး-ရွတ်ဆိုအပ်သော ဤ (၁၆) အမှတ်ပြ—

"သီဟံ ဧ-က-စရံ နာဂံ၊
ကာမေသု အန-ပေက္ခိနံ။
ဥပ-သင်္ကမ္မ ပုစ္ဆာမ၊
မစ္စု-ပါသ-ပ-မောစနံ"။

ဟူသော ပါဠိဂါထာ၊ တရားစကားအသံသည်၊(ကာဠီ) မည်တွင်၊ ဒါမ်သျှင် ဥပါသိကာ ဒါယိကာမ၏စိတ်ကို၊ နှစ်သိမ့်ပျော်မွေ့စေလျက်၊

(သောတာပန်) တည်၊ အရိယာ-ဘုံသို့၊ ခိုလှုံကပ်ရောက် စေနိုင်သော တရားစကားတော်ဖြစ်၏။

ဤ ဂါထာသည်၊ နတ်မင်းကြီး နှစ်ဦးတို့-မြတ်စွာဘုရား အထံသို့၊ သွားရောက်၍-မေးလျှောက်ရန် အကြံအစည်ပြုသော ဂါထာမျှဖြစ်၏၊ မမေးလျှောက်ရသေးဖြစ်၏။

## ဟေမဝတသုတ်-(၁၆)-အမှတ်ပြဂါထာ အဋ္ဌကထာ မိန့်ဆိုချက်သာဓက

[တေနခေါပန သမယေန သာဝတ္ထိယံ နက္ခတ္တံ ဃော-သိတံ အဟောသိ။ အထ သမန္တတော အလင်္ကတ ပဋိယတ္တေ, ဒေဝနဂရေ, သိရိံ ပစ္စနုဘောန္တေ ဝိယ ရာဇဂဟေ (ကာဠီ) နာမ ကုလ ဃရိကာ ဥပါ-သိကာ ပါသာဒ မာရုယှ သီဟ-ပဉ္ဇရံ ဝိဝရိတွာ ဂန္ဓ-ပရိဿမံ ဝိနောဒေန္တီ သ-ဝါတ-ပ္ပဒေသေ ဥ-တုဂ္ဂဟဏတ္ထံ ဌိတာ တေသံ ယက္ခ-သေနာပတီနံ တံ ဗုဒ္ဓ ဂုဏ ပ္ပဋိ သံယုတ္တံ ကထံ အာဒိ, မဇ္ဈ, ပရိယော-သာန တော အဿောသိ။ သုတွာ စ ဧဝံ ဝိဝိဓ ဂု-ဏ သမန္နာဂတာ ဗုဒ္ဓါ-တိ ဗုဒ္ဓါ-ရမ္မဏံ ပီတိံ ဥပ္ပါ-ဒေတွာ တာယ နိဝရဏာနိ ဝိက္ခမ္ဘေတွာ တတ္ထေဝ ဌိတာ "သောတာပတ္တိ ဖလေ" ပတိဋ္ဌာသိ။ တတော ဧဝ ဘဂဝတာ ["ဧတ-ဒဂ္ဂံ ဘိက္ခဝေ မမ သာဝိ-ကာနံ ဥပါသိကာနံ အနု-ဿဝ- ပ္ပသန္နာနံ ယ-ဒိဒံ "ကာဠီ" ဥပါသိကာ ကုလ ဃရိကာ"တိ- ဧတ-ဒဂ္ဂေ ဌပိတာ။] ဟူ၏။

ဤတွင်၊ (၁၆)အမှတ်ပြ၊ ပါဠိ-ဂါထာ၏၊ အကျဉ်းချုပ် အဓိပ္ပါယ် ပြခဏ်း ပြီး၏။

## ''ဟေမဝတ''နတ်မင်း + ''သာတဂိရိ''နတ်မင်းကြီး တို့သည်၊အခြွေအရံနတ်ပရိသတ်တို့နှင့် အတူတကွ၊မြတ်စွာ ဘုရားအထံသို့ရောက်ကြ၍၊ တရားစကား-မေးလျှောက် ရန်၊အခွင့်တောင်းပုံ-(၁၇)အမှတ်ပြ-ဂါထာ

(၁၇) ''အက္ခာ-တာရံ ပ-ဝတ္တာရံ၊
သဗ္ဗ-ဓမ္မာန ပါရဂုံ။
ဗုဒ္ဓံ ဝေရ-ဘယာ-တီတံ၊
မယံ ပုစ္ဆာမ ဂေါတမံ''။

မြန်မာ ဘာသာပြန်

(၁၇) (ဂေါတမ) နွယ်ဖွား၊ အသျှင်မြတ်ဘုရား။
(၁) ဒုက္ခ+သမုဒယ+နိရောဓ+ မဂ္ဂ-ဟူသော သစ္စာ လေးပါး၊ မြတ်တရားကို၊ ပိုင်းခြားသဖြင့် ဟောတော်မူတတ်ထ သော၊-
(၂) သစ္စာ လေးပါးတို့ကို၊ တပါးတပါးသော သစ္စာ၌၊ ကိစ္စ-ဉာဏ်+ ကတဉာဏ် တို့ကို ဖြစ်စေသဖြင့် ဟောတော် မူတတ် ထသော၊=
(၃) အလုံးစုံသော(ဇေတု-ဘုမ္မိက) တရားတို့၌၊တဘက်ကမ်းရောက်၊ သိမြင်ခြင်းဟူသောပါရမီရောက်ပါး၊ အပြီးအဆုံးသို့ ရောက် တော်မူထသော၊--
(၄) အလုံးစုံသော (ဥယျ-ဓ) တရားအပေါင်းကို၊ ကောင်းစွာ သိမြင်တော်မူထသော၊--
(၅) ငါးပါးသော ရန်-တည်းဟူသော ဘေးကို၊လွန်တော်မူသော (ဂေါတမ) နွယ်ဖွား၊ မြတ်စွာဘုရား-သျှင်ကို၊ (အကျွန်ုပ်တို့ သည်) မေးလျှောက်ပါကုန်အံ့-ဘုရား-ဟူ၍၊ ခွင့်ပန်စကား၊ လျှောက်ကြား ကြကုန်၏။

၌ သို့အားဖြင့်—
ထို''သာတ ဂိရိ + ဟေမဝတ'' နတ်မင်းကြီးတို့သည်၊ တထောင်မျှ သော နတ်ပရိသတ်ပူးအခြံအရံရှိကုန်သည်ဖြစ်၍၊ (၁၀၃) ခုနှစ်၊ ဝါဆိုလ

ပြည့်၊ စနေနေ့ညဉ့်၊ မဇ္ဈိမယာမ်အချိန်၌၊ (ဗာရာဏသီ)ပြည်၏အနီး၊ (**ဣသိပတန**) အမည်ရှိသော (**မိဂ-ဒါဝုန်**) တောသို့ ရောက်လာကြ၍၊ (**ဓမ္မ-စကြာ**) တရား၊ဟောကြားနေရာဖြစ်သော ပလ္လင်ထက်၌၊ ထက်ဝယ်ဖွဲ့ခွေ၊ နေတော်မူသော မြတ်စွာဘုရားသျှင်အထံသို့၊ ချဉ်းကပ် ရှိခိုးပြီးလျှင်၊ ဤ(၁၇) အမှတ်ပြ၊ [**အဇ္ဈာတာရံ ပဝဏ္ဏာရံ** + + + ] အစရှိသော ပါဠိ-ဂါထာဖြင့်၊ မြတ်စွာဘုရားသျှင်၏ဂုဏ်တော်တို့ကို၊ ချီးမွမ်းပြီးလျှင်၊ (**အမေး-ပုစ္ဆာ**)စကား၊ မေးလျှောက်ရန်၊ အခွင့်တောင်း ယူသောဂါထာ-ဖြစ်၏။

## ပါရဂူ- ၆-မျိုးပြခဏ်း

(၁) **အဘိညာ-ပါရဂူ**=
( ၁) အလုံးစုံသောတရားတို့ကို၊ထိုးထွင်း၍သိခြင်းဟူသော အပြီး အဆုံးသို့ ရောက်တော်မူခြင်း။

(၂) **ပရိညာ-ပါရဂူ**=
(၂) ငါးပါးသော ဉပါဒါနက္ခန္ဓာတို့ကို၊ ပိုင်းခြား၍ သိခြင်းဟူ သောအပြီးအဆုံးသို့ရောက်တော်မူခြင်း။

(၃) **ပဟာနပါရဂူ**=
(၃) အလုံးစုံသောကိလေသာတို့ကို၊ပယ်စွန့်ခြင်းဟူသော အပြီး အဆုံးသို့ရောက်တော်မူခြင်း။

(၄) **ဘာဝနာ ပါရဂူ**=
(၄) လေးပါးသောမဂ်တို့ကို၊ ပွါးများနိုင်ခြင်းဖြင့် အပြီးအဆုံးသို့ ရောက်တော်မူခြင်း။

(၅) **သစ္ဆိကိရိယ-ပါရဂူ**=
(၅) "နိဗ္ဗာန်" တရားကို၊မျက်မှောက်ထင်ထင် အာရုံပြုနိုင်ခြင်းဖြင့် အပြီးအဆုံးသို့ ရောက်တော်မူခြင်း။

(၆) **သမာ ပတ္တိ-ပါရဂူ**=
(၆) အလုံးစုံသော သမာပတ်တို့ကို၊ ဝင်စားနိုင်ခြင်းဖြင့် အပြီး အဆုံးသို့ ရောက်တော်မူခြင်း။

ဤသို့ဖြင့်၊ "သမ္ဗဓမ္မာန ပါရဂူ" ဖြစ်၏။
ဤ ဂါထာ၌၊အထူးဖွင့်ဆိုချက်မရှိဖြစ်၍ ဤ(၁၇)အမှတ်ပြ [အဏ္ဏ-တာရံ ပ-ဝတ္တာရံ] ဟူသော ပါဠိ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြခဲ့ပြီး ပြီး၏။

---

(၁၈) "ဟေမဝတ" နတ်မင်းကြီးသည်၊မြတ်စွာဘုရား သျှင်အား၊ (၁၇) အမှတ်ပြ ဂါထာဖြင့်၊အစွင့်တောင်းပြီး နောက်၊မေးလျှောက်သော အမေးပုစ္ဆာ- (၁၈) အမှတ် ပြဂါထာ

(၁၈) "ကိသ္မိံ လောကော သမုပ္ပန္နော၊
ကိတိ ဟေမဝတော ယက္ခော။
ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ၊
ကိဿ လောကော ဥပါဒါယ။
ကိသ္မိံ လောကော ဝိ-ဟညတိ"။

မြန်မာဘာသာပြန်

(၁၈) ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား။

(၁) အဘယ်တရားသည်၊ ဖြစ်ပေါ်လာသည် ရှိသော်၊ (သတ္တ-လောက) + (သင်္ခါရလောက)+နှစ်ပါးသည်၊ ဖြစ်ပါသနည်း=ဟူ၍ငင်း=

(၂) အဘယ်တရား ၌၊ (သတ္တလောက) + (သင်္ခါရလောက) နှစ်ပါးသည်၊ ငါ+ငါ-၏ဥစ္စာ-ဟူ၍ (တဏှာ + ဒိဋ္ဌိ) နှစ်ပါး နှင့်+ ပေါင်းပေါ်နှီးနှောခြင်းပြုပါသနည်း=ဟူ၍ငင်း=

(၃) အဘယ်တရားကို၊ အစွဲအမှီပြု၍-(လောက) ဟူသော ခေါ် ဝေါ်ခြင်းသို့၊ရောက်ပါသနည်း=ဟူ၍ငင်း=

(၄) အဘယ်တရားသည်၊ ဖြစ်သည်ရှိသော်၊ အဘယ်ကြောင့် (လောက) သည်၊ ပင်ပန်း နှိပ်စက်အပ်ပါ သနည်း= ဟူ၍ငင်း=

ဤသို့အားဖြင့် ''ဟေမဝတ'' နတ်သားသည်၊ ပုစ္ဆာလေးချက်၊ သဘောနက်ကို၊ နှစ်သက်ဝမ်းမြောက်စွာ၊ သိလိုရေးဖြင့်၊ မြတ်စွာဘုရားသျှင်အား၊မေးလျှောက်လေ၏။

**အထူးမှတ်ချက်။**

ဤ(၁၀)အမှတ်ပြ၊ [ကိသ္မိံ လောကော သမုပ္ပန္နော၊] ဟု-လျှောက်ကြားရာ၌၊(လောက)ပုဒ်အရ၊ (လောက)ဟူသည်=

(က) လူ- နတ်- ဗြဟ္မာ- အစရှိသော အမည် ပညတ်တရားသည်၊ (သတ္တလောက)မည်၏။

(ခ) ရုပ်-နာမ်တရား၊ နှစ်ပါးသော ပရမတ္ထတရား အစစ်သည်၊ (သင်္ခါရလောက)မည်၏။ ။ဟူ၍မှတ်ဉုး။

ထိုနတ်ဘီလူးအပေါင်းတို့တွင်၊ တန်ခိုးအားဖြင့်ရင်း= ပညာအားဖြင့်ရင်း၊အထူးအမြတ်ဆုံးဖြစ်သော''ဟေမ-ဝတ''နတ်မင်းသည်၊ မိမိ၏စိတ်၌၊ ယုံမှားဘွယ် မကင်းသော မေးသင့်+မေးထိုက်သော (အမေး-ပုစ္ဆာ) တို့ကို၊ မေးလျှောက် လိုသည်ဖြစ်၍၊ ဤ (၁၀) အမှတ်ပြ၊ [ကိသ္မိံလောကော သမုပ္ပန္နော၊ + + + ]အစရှိသော ပါဠိ- ဂါထာကို၊ရွတ်ဆို၍လျှောက်ကြားလေ၏။

ဤ (၁၀) အမှတ်ပြဂါထာ၌၊ [ကိသ္မိံလောကော သမုပ္ပန္နော] ဆိုသည်ကား၊ ''သတ္တလောက + သင်္ခါရလောက'' နှစ်ပါးကို ရည်၍၊ မေးလျှောက်သောစကားဖြစ်၏။

**အထူးမှတ်ချက်။**

ဤဂါထာဝယ်၊ ဒုတိယပါဒတွင်-ကိသ္မိံ ကုဗ္ဗတိ သန္ထဝ-န္တိ=အဟန္တိဝါ,မမန္တိဝါ, တဏှာ-ဒိဋ္ဌိ သန္ထဝံ ကိသ္မိံ ကုဗ္ဗတီတိ အဓိကရဏာပေက္ခဝစနံ၊=ဟူ၍၊ ဖွင့်ပြရာ၌။

အဟန္တိဝါ–ဆိုရာ၌၊ (မာန) စွဲးယူပုံကိုရင်း=မမန္တိဝါ– ဆိုရာ၌၊ (တဏှာ) စွဲးယူပုံကိုရင်း=အသုံးပြုကြသည်သာများကြ၏၊ ထိုနောက်အစဉ်အတိုင်း (တဏှာ) ပုဒ်၊ (ဒိဋ္ဌိ) ပုဒ်နှင့် စပ်ယူခဲ့သော်၊ တမျိုးကဲ့သို့

ဖြစ်မည်-ဟုပင်ထင်မှတ်ဘွယ်ရှိ၏၊ ဤသို့ဖြစ်ရာ၊ (နိသျ-)၌၊ (သန္ထဝံ) ပုဒ်အရကို၊ အဋ္ဌကထာဖွင့်လိုက်၍ (တဏှာ-ဒိဋ္ဌိ)နှစ်ပါးနှင့်ပေါင်းဖေါ်နှီးနှောခြင်း–ဟူ၍၊ အနက်ပေး၏။

ဤတွင်၊ (၁၈) အမှတ်ပြ [ကိသ္မိံလောကောသမုပ္ပန္နော + + +] ဟူသောအမေးပါဠိဂါထာ၏၊ အကျဉ်းချုပ်အဓိပ္ပါယ်ပြခက်းပြီး၏။

---

## မြတ်စွာဘုရားသျှင်သည် "ဟေမဝတ"နတ်မင်း၏၊ မေးလျှောက်သောစကားကို ပြန်ကြားဖြေဆိုသော အဖြေဝိသဇ္ဇနာ (၁၉) အမှတ်ပြဂါထာ

(၁၉) "ဆသု လောကော သမုပ္ပန္နော၊
ဟေမ ဝတာ-တိ ဘဂဝါ။
ဆသု ကုဗ္ဗတိ သန္ထဝံ၊
ဆန္နမေဝ ဥပါဒါယ။
ဆသု လောကော ဝိ-ဟညတိ"။

မြန်မာ ဘာသာပြန်

(၁၉) အို····သိလိုရေးဖြင့်၊ မေးလျှောက် လာသော-ဒါယကာ "ဟေမဝတ"နတ်မင်း။

(၁) ခြောက်ပါး ကုန်သော (အဇ္ဈတ္တိကာယတန +) တရား၊ ခြောက်ပါးကုန်သော (ဗာဟိရ ယတန +) တရားတို့သည်၊ ဖြစ်သော အခါတို့၊ "သတ္တလောက+သင်္ခါရလောက"+နှစ်ပါးသည်၊ ထင်ရှား ဖြစ်ပေါ်လာ၏-ဟူ၍ရင်း=

(၂) ခြောက်ပါး ကုန်သော (အဇ္ဈတ္တိကာ ယတန +) တရား၊ ခြောက်ပါးကုန်သော (ဗာဟိရ ယတန +) တရားတို့၌၊ (သတ္တလောက) သည်၊ (တဏှာ + ဒိဋ္ဌိ) နှစ်ပါးတို့ဖြင့်၊ ပေါင်းဖေါ်နှီးနှောခြင်းကိုပြု၏-ဟူ၍ရင်း=

(၃) ခြောက်ပါးကုန်သော (အဇ္ဈတ္တိကာ ယတန +) တရား၊ ခြောက်ပါးကုန်သော(ဗာဟိရာယတန +)တရားတို့ကို၊အစွဲး ပြု၍၊ (သတ္တလောက) ဟူ၍ ခေါ်ဝေါ်ခြင်းသို့ ရောက်၏-ဟူ၍ ၎င်း=

(၄) ခြောက်ပါးကုန်သော (အဇ္ဈတ္တိကာ ယတန +) တရား၊ ခြောက်ပါးကုန်သော(ဗာဟိရာ ယတန +)တရားတို့၌၊တည်သော (သင်္ခါရလောက) သည်၊ ခြောက်ပါး ကုန်သော (အဇ္ဈတ္တိကာ ယတန +) တရား၊ ခြောက်ပါး ကုန်သော (ဗာဟိရာ ယတန +) တရား တို့ကြောင့်၊ နှစ်ပါးသော (လောက)သည် ပင်ပန်း၏-ဟူ၍၎င်း=

ဤသို့ အားဖြင့်၊ မြတ်စွာဘုရားသျှင်သည်၊ "ဟေမဝတ" နတ်သား၏၊ လျှောက်ကြားချက်စကားကို၊ (အာယတန)တရား၊ တဆဲ့နှစ်ပါး တို့ဖြင့်၊ ပိုင်းခြား ဝေဘန်၍၊ ပြန်ကြားဖြေဆို တော်မူ၏။

နောက်၌-ပြဆိုခဲ့ပြီးဖြစ်သော ဤ(၁၀) အမှတ်ပြ၊ ဂါထာဖြင့်-မေးလျှောက်အပ်သော"ဟေမဝတ" နတ်မင်း၏(အမေး-ပုစ္ဆာ)စကားကို၊ မြတ်စွာဘုရားသျှင်သည်၊ (အဇ္ဈတ္တိကာယတန +)(ဗာဟိရာယတန)အားဖြင့် (အာယတန)တရားတဆဲ့နှစ်ပါးကို၊အရင်းတည်၍၊(၁၉)အမှတ်ပြ၊ [ဆသု လောကော သမုပ္ပန္နော] အစရှိသောပါဠိဂါထာဖြင့်၊အဖြေတရား၊ ဟောကြားတော်မူ၏၊ [အဋ္ဌကထာ၌၊ အကျယ်တဝင့်-ဖွင့်ပြ၏။]

**အထူးမှတ်ချက်**

## (အဇ္ဈတ္တိကာ ယတန) တရား ၆-ပါး အကျဉ်းချုပ်ပြခန်း

(၁) စက္ခာယတန= ကမ္မဇရုပ်၌ အကျုံးဝင်သော-မျက်စိ- ဟူသော စက္ခု"ပသာဒ"ရုပ်ပင်တည်း။

(၂) သောတာယတန= ကမ္မဇရုပ်၌ အကျုံးဝင်သော နား-ဟူသော သောတ"ပသာဒ"ရုပ်ပင်တည်း။

(၃) ဃာနာ ယတန = { ကမ္မဇရုပ်၌ အကျုံးဝင်သောနှာခေါင်း-ဟူသော ဃာန''ပသာဒ''ရုပ်ပင်တည်း။

(၄) ဇိဝှါ ယတန { ကမ္မဇရုပ်၌ အကျုံးဝင်သော လျှာ-ဟူသော ဇိဝှါ''ပသာဒ''ရုပ်ပင်တည်း။

(၅) ကာယာ ယတန = { ကမ္မဇရုပ်၌ အကျုံးဝင်သော ကိုယ်-ဟူသော ကာယ''ပသာဒ''ရုပ်ပင်တည်း။

(၆) မနာ ယ တ န - { ဘဝင်္ဂပစ္စေ့ဒ-ဟု ဆိုအပ်သော မနောဒွါရ နှင့် တကွဖြစ်သော စိတ်တခုယုတ် ကိုးဆယ်ပင်တည်း။

ဤသည်လျှင်၊ (အဇ္ဈတ္တိကာယတန) တရား ၆-ပါး၊ပြခဏ်း ပြီး၏။

---

## (ဗာဟိရာယတန) တရား ၆-ပါး၊ အကျဉ်းချုပ် ပြခဏ်း

(၁) ရူပါ ယ တ န - { စတုသမုဋ္ဌာနိက-ရုပ်၌ အကျုံးဝင်သော ရူပါရုံ''အဆင်း''-ပင်တည်း။

(၂) သဒ္ဒါ ယ တ န = { ဒွိသမုဋ္ဌာနိက-ရုပ်၌ အကျုံး ဝင်သော သဒ္ဒါရုံ ''အသံ''-ပင်တည်း။

(၃) ဂန္ဓာ ယ တ န - { စတုသမုဋ္ဌာနိက-ရုပ်၌ အကျုံးဝင်သော ဂန္ဓာရုံ''အနံ့''-ပင်တည်း။

(၄) ရ သာ ယ တ န - { စတုသမုဋ္ဌာနိက-ရုပ်၌ အကျုံးဝင်သော ရသာရုံ ''အရသာ''-ပင်တည်း။

(၅) ဖေါဋ္ဌဗ္ဗာယတန - { စတုသမုဋ္ဌာနိက ရုပ်၌ အကျုံးဝင်သော ဖေါဋ္ဌဗ္ဗာရုံ ''အတွေ့''-ပင်တည်း။

(၆) ဓမ္မာယတန= { စေတသိက်-၅၂-သုခုမရုပ်-၁၆-နိဗ္ဗာန် တရားတို့သည်၊ ဓမ္မာရုံ ပင်တည်း။

ဤသည်လျှင်၊ (ဗာဟိရ ယတန) တရား ၆-ပါး၊ ပြခဲ့ပြီး၏။

(က) { ဤ "ရုပ်" အာယတန "နာမ်" အာယတနဟူသော "အာယတန" တရား၊ ၁၂-ပါး အပေါင်းသည်၊ ပညတ်စကားဖြင့်၊ လူ+နတ်+ဗြဟ္မာ-ဟူ၍ မှည့်ခေါ်သောအခါ၌၊ (သတ္တ-လောက) အမည်ရ၏။

(ခ) { ပရမတ္ထ၊ ဓမ္မ-အစစ်၊ အနှစ်-သေတ္တာ-ဆိုက်အောင်၊ လက္ခဏာ+ရသ+ပစ္စုပဋ္ဌာန်+ပဒဋ္ဌာန်, တို့ဖြင့်၊ စီစစ်ဝေဘန်၍၊ စိတ်+စေတသိက်+ရုပ်-စသည်ဖြင့်-မှည့်ခေါ်သောအခါ၌၊(သင်္ခါရ-လောက)အမည်ရ၏။

(ဂ) { သတ္တ=သတ္တဝါ-(လူ-နတ်-ဗြဟ္မာ) ပညတ်စကား၊ လက္ခဏာ+ရသ+ပစ္စုပဋ္ဌာန်+ပဒဋ္ဌာန်,စီစစ်၍ မရ။

(ဃ) { သင်္ခါရ=ပြုပြင်အပ်+ ပြုပြင်တတ်+ ပြုပြင်ခြင်း သဘောရှိသောတရား၊ စိတ်+စေတသိက်+ရုပ်+တရားတို့ဖြစ်၍၊ လက္ခဏာ+ရသ +ပစ္စုပဋ္ဌာန်+ပဒဋ္ဌာန်တို့ဖြင့်၊ စီစစ် ဝေဘန်၍ ရသော ပရမတ္ထတရား။

(င) လောက=လောက-ပျက်စီးခြင်း သဘော တရား။

**အထူးမှတ်ချက်။**

ဤ(၁၉)အမှတ်ပြ ဂါထာ[ဆသု လောကော သမုပ္ပန္နော] ဟူသောစကားအရ၊ "လောက" ခေါ်ပုံကို၊ အသျှင်မြတ် အာနန္ဒာထေရ်၏လျှောက်ကြားချက် စကားအရ၊ အကျယ်ပြဦးအံ့၊

ဘုန်းတော်ကြီးမား၊ အသျှင်မြတ်ဘုရား၊
"လောက""လောက"ဟူ၍ ဆိုအပ်ပါ၏။
ဘုန်းတော်ကြီးမား၊အသျှင်မြတ်ဘုရား၊

အဘယ်မျှအတိုင်းအရှည်ဖြင့်''လောက''ဟူ၍၊ဆိုအပ်ပါသနည်း= ဘုရား-ဟူ၍၊လျှောက်ဆို၏။

ချစ်သား အာနန္ဒာ
အကြင်ပျက်တတ်သော သဘောသည် ရှိ၏၊ ဤပျက်တတ်သော သဘောကို၊ငါ-ဘုရားသျှင်၏ အဆုံးအမ၌၊''လောက'' ဟူ၍-ဆိုအပ်၏-ဟု၊ဟောတော်မူ၏။

ချစ်သား အာနန္ဒာ
အဘယ်တရားသည်သာလျှင်၊ပျက်တတ်သောသဘောရှိသနည်း၊

ချစ်သား အာနန္ဒာ
( ၁ ) စက္ခုပသာဒ-ဟူသော ရုပ်တရားသည်ပင်လျှင်၊ ပျက်တတ်သောသဘောရှိ၏။
( ၂ ) ရူပါရုံ-ဟူသော ရုပ်တရားတို့သည်- ပျက်တတ်သောသဘောရှိကုန်၏။
( ၃ ) စက္ခုဝိညာဉ်-ဟူသော နာမ်တရားသည်၊ ပျက်တတ်သောသဘောရှိ၏။
( ၄ ) စက္ခုသမ္ဖဿ-ဟူသော နာမ်တရားသည်၊ ပျက်တတ်သောသဘောရှိ၏။
( ၅ ) စက္ခုသမ္ဖဿ ဟူသောအကြောင်းကြောင့်၊ ချမ်းသာသည်လည်းဖြစ်သော။—ဆင်းရဲသည်လည်း ဖြစ်သော။=ဆင်းရဲသည်လည်းမဟုတ်=ချမ်းသာသည်လည်းမဟုတ်သော၊—
( ၆ ) အကြင်ခံစားခြင်း ဝေဒနာဟူသော နာမ်တရားသည်လည်းဖြစ်၏။ ။ထိုခံစားခြင်း ဝေဒနာဟူသော နာမ်တရားသည်လည်း၊ပျက်တတ်သောသဘောရှိ၏။

ချစ်သား အာနန္ဒာ
အကြင်ပျက်တတ်သောသဘောနှင့်တကွဖြစ်သောတရားသည်ရှိ၏။ ဤပျက်တတ်သော သဘောနှင့်တကွဖြစ်သောတရား ကို၊ ငါ-ဘုရားသျှင်၏ အဆုံးအမ၌၊ ''လောက''ဟု၊ဆိုအပ်၏-ဟု၊ဟောတော်မူ၏။

**အထူးမှတ်ချက်**

ဤစက္ခုပသာဒ-၏နည်းတူ၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မန-တို့ကို၊ အစဉ်အတိုင်း-ဟောရာ၌၊ ပါဠိတော်ရင်း၌ရှင်း၊နိသျှ၌ရှင်း၊အတူဖြစ်သော-ပါဠိ-အနက်တို့ကိုမြွ၊ပ်၍ထား၏။

## သဠာယတနဝဂ္ဂသံယုတ်

## ၉-လောကပဥှသုတ္တ

အထခေါ အညတရော ဘိက္ခု ယေန ဘဂဝါ။ ပ။ကေမန္တံ နိသိန္နော ခေါ သော,ဘိက္ခု ဘဂဝန္တံ ဧတ-ဒဝေါစ။

“**လောကော+လောကော**”တိ ဘန္တေ ဝုစ္စတိ။ ကိတ္တာဝတာ နု ခေါ ဘန္တေ “**လောကော**”တိ ဝုစ္စတိ တိ။

လုဇ္ဇတီတိ ခေါ ဘိက္ခု၊ တသ္မာ “**လောကော**” တိ ဝုစ္စတိ။

ကိဥ္စ လုဇ္ဇတိ=စက္ခု ခေါ ဘိက္ခု လုဇ္ဇတိ။ ရူပါ လုဇ္ဇန္တိ။ စက္ခု ဝိညာဏံ လုဇ္ဇတိ။ စက္ခု သမ္ဖဿော လုဇ္ဇတိ။ ယမ္ပိ-ဒံ စက္ခု သမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံဝါ ဒုက္ခံဝါ အ-ဒုက္ခမသုခံ ဝါ၊ တမ္ပိ လုဇ္ဇတိ။ (ပ)ဇိဝှါလုဇ္ဇတိ။ (ပ)မနော လုဇ္ဇတိ။ ဓမ္မာ လုဇ္ဇန္တိ။မနောဝိညာ-ဏံ လုဇ္ဇတိ။ မနော သမ္ဖဿော လုဇ္ဇတိ။ ယမ္ပိ-ဒံ မနော သမ္ဖဿ ပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ သုခံ ဝါ ဒုက္ခံ ဝါ အဒုက္ခမသုခံ ဝါ၊ တမ္ပိ လုဇ္ဇတိ။

လုဥ္ဇတီတိ ခေါ ဘိက္ခု တသ္မာ **"လောကော"** တိ ဝုစ္စတီတိ။ ။နဝမံ။ (၂၇၈) [နဝမေ လုဥ္ဇတီတိ-ပလုဇ္ဇတိ+ဘိဇ္ဇတိ။ ဣဓ အနိစ္စ-လက္ခဏံ ကထိတံ။]

[အဖွင့်-၈၂]

## အထူးမှတ်ချက်။

ရာဇ-ဂုရု-ဘွဲ့တံဆိပ်တော်ရ၊

မင်းခင်း-ဆရာတော်ဘုရား၏၊ (အဋ္ဌသာလိနီ) ဂဏ္ဌိသစ်၊ ရူဋ္ဌနတ္ထ-ဒုက်အဖွင့်၌၊ (လောက)ပုဒ်ကို၊ ပျက်တတ် + ဖြစ်တတ် + သောကြောင့် (လောက)မည်ပုံ-အကျယ်ပြ၏။ ဟံသာဝတီ-စာမျက်နှာ(၃၀၈)ကြည့်လေ။

ထိုမှတပါး၊ တနည်းဖေါ်ပြချက်

### သဂါထာဝဂ္ဂ-၂ ဒေဝတာသံယုတ်၊ ၁၀-လောကသုတ္တ, အနွဝဂ်၁၀-အမှတ်ပြဂါထာ နတ်သားတဦး၏ မေးခွန်းပုစ္ဆာ

(ဒ) ကိသ္မိံ လောကော သမုပ္ပန္နော၊
ကိသ္မိံ ကုဗ္ဗတိ သန္ထဝံ။
ကိဿ လောကော ဥပါဒါယ၊
ကိသ္မိံ လောကော ဝိဟညတိ။

မြန်မာဘာသာပြန်

(ဒ) ဘုန်းတော်ကြီးမား၊အသျှင်ဘုရား။
(၁) အဘယ်တရားသည်၊ဖြစ်လတ်သော်၊လူများအပေါင်းသည်၊ ဖြစ်ပါသနည်း-ဟူ၍ဖြင်း---

(၂) အဘယ်တရား၌၊ လူများအပေါင်းသည်၊ ပေါင်းဖေါ်ခြင်းကို ပြုပါသနည်း-ဟူ၍ဖြင်း--

(၃) အဘယ်တရားကို၊ အကြောင်းပြု၍၊ လူများအပေါင်းသည်၊ ဖြစ်ပေါ်လာသနည်း-ဟူ၍ဖြင်း --

(၄) အဘယ်တရားသည်၊ လူများအပေါင်းကို၊ ညှဉ်းပန်းနှိပ်စက်ပါသနည်း–ဟူ၍ရှင်း=လျှောက်ကြားလေ၏။

**ထိုနတ်သား၏ လျှောက်ကြားချက် စကား၌၊ မြတ်စွာဘုရားသျှင်၏အဖြေဝိသဇ္ဇနာ**

(၁၉) "ဆသု လောကော သမုပ္ပန္နော၊
ဆသု ကုဗ္ဗတိ သန္ထဝံ။
ဆန္န-မေဝ ဥပါဒါယ၊
ဆသု လောကော ဝိ-ဟညတိ"။

မြန်မာဘာသာပြန်

(၁၉) အို…သိလိုရေးဖြင့်၊ မေးလျှောက်လာသော ဒါယကာနတ်သား။

(၁) ခြောက်ပါးကုန်သော "အဇ္ဈတ္တိကာယတန"တရားတို့သည်၊ ဖြစ်ကုန်သည်ရှိသော်၊လူများအပေါင်းတို့သည်၊ ဖြစ်ကုန်၏။

(၂) ခြောက်ပါးကုန်သော "အဇ္ဈတ္တိကာယတန" တရားတို့နှင့်၊ လူများအပေါင်းသည်၊ပေါင်းဖေါ်၏။(စပ်ယှဉ်၏။)

(၃) ခြောက်ပါးကုန်သော "အဇ္ဈတ္တိကာယတန" တရားတို့ကိုသာလျှင်၊ အကြောင်းပြု၍၊ လူများအပေါင်းသည်၊ ဖြစ်ပေါ်လာ၏။

(၄) ခြောက်ပါးကုန်သော "အဇ္ဈတ္တိကာ ယတန" တရားတို့သည်၊ လူများအပေါင်းကို-နှိပ်စက်၏-ဟူ၍၊ မြတ်စွာ ဘုရားသျှင်သည်၊ ဟောကြား ဖြေဆိုတော်မူ၏။

**အထူးဖေါ်ပြချက်**

ဟေမဝတသုတ်-ပါဠိတော် (၁၇) အမှတ်ပြ-ဂါထာ၏ နည်းတူ၊ သဂါထာဝဂ္ဂ-သံယုတ်-ပါဠိတော်၌၊ နတ်သားတဦး၏ လျှောက်ကြားပုံကိုပြလို၍-ဤနေရာ၌၊ ထည့်သွင်းဖေါ်ပြ၏။

## နည်းတပါးဖြင့်-အထူးမှတ်ချက်

**သဂါထာဝဂ္ဂ မာရသံယုတ် ၁၆-ဒုတိယဝဂ်-သတ္တမ အာယတနသုတ်၌၊**
**ဟောတော်မူပုံ(ဗာဟိရာယတန-)တရား ၆-ပါးပြခက်း**

အခါတပါး၊ မြတ်စွာဘုရားသျှင်သည်၊ ဝေသာလီပြည်၊ မဟာဝုန်တော်၊ သီတင်းသုံးနေတော်မူ၏။

ထိုအခါ၊ မြတ်စွာဘုရားသည်၊ ခြောက်ပါးကုန်သော(ဖဿာယတန)တရားတို့ကို၊အကြောင်းပြု၍၊ရဟန်းတို့အား=

(၁) တရားစကားဖြင့် ကောင်းစွာ ပြတော်မူ၏။

(၂) ကောင်းစွာ စိတ်ကို၊ ဆောက်တည် စေတော်မူ၏။

(၃) ကောင်းစွာ စိတ်ကို၊ ထက်မြက် စေတော်မူ၏။

(၄) ကောင်းစွာ စိတ်ကို၊ ရွှင်လန်း စေတော်မူ၏။

ထိုအခါ၊ ရဟန်းတို့သည်၊ အကျိုးရှိ၏-ဟု၊ မှတ်ကုန်၍၊ နှလုံးသွင်းကုန်၍၊ အလုံးစုံသောစိတ်ဖြင့်၊ ကောင်းစွာ ဆောင်ကုန်၍၊ ကောင်းသောနား ရှိကြကုန်သည်ဖြစ်၍၊ တရားတော်ကို၊ နာယူလျက် နေကြကုန်၏။

ထိုအခါ၊ မာရ်နတ်မင်းသည်၊ အောက်၌ဖော်ပြအပ်သည့်အတိုင်း၊ စိတ်၌အကြံအစည်ဖြစ်လေ၏။

**အကြံအစည်ဖြစ်ပုံ**

ဤသည်၊ အကြင်အရပ်၌၊ ရဟန်းကြီး (ဂေါတမ) သည် ရှိ၏၊ ထိုအရပ်သို့ ချဉ်းကပ်၍၊(ဝိ-စက္ခု-ကမ္မ)ရဟန်းပရိသတ်၏အဘိညာဉ်ပညာမျက်စိကို၊ ပျက်စီးခြင်းငှါ၊ ကပ်ရောက်ရ-မူကား-ကောင်းလေစွ, ဟူသော စိတ်အကြံသည် ဖြစ်၏။

ထိုအကြံအစည်ဖြစ်သည့်အတိုင်းပင်၊ မြတ်စွာဘုရားအထံသို့- ချဉ်းကပ်၍လျှင်၊ မြတ်စွာ ဘုရားသျှင်၏ အနီး၌၊ အလွန်ကြောက်မက်ဘွယ်ကောင်းသော အသံကိုပြုလေ၏၊ (အသံဖြစ်ပုံသည်ကား-မြေပြိုအံ့·သကဲ့သို့ပင်ဖြစ်၏။)

ထိုအခါ၊ ထိုအသံကို၊ကြားကြကုန်သော ရဟန်းအပေါင်းတို့တွင်၊ ရဟန်းတပါးသည်-ရဟန်းတပါးအား၊ ဤသို့စကားဆို၏။

ဘိက္ခု+ဘိက္ခု=အိုရဟန်း+ရဟန်း၊ ဤအသံကြောင့်၊ ဤမြေကြီးသည်၊ ပြိုအံ့သကဲ့သို့ဖြစ်၏-ဟု၊ဆို၏။

ထိုအခါ၊ မြတ်စွာဘုရားသည်၊ ဤသို့ပြောသော ရဟန်းကို၊ ဤသို့ပြန်၍ မိန့်တော်မူ၏။

အို····ချစ်သား-ရဟန်း။

ဤအသံသည်ကား၊ မြေကြီးပြိုသောအသံမဟုတ်ချေ၊ မာရ်နတ်မင်းသည်၊ သင်ချစ်သား ရဟန်းတို့၏ (ဝိ-စက္ခု-ကမ္မ) ရဟန်း ပရိသတ်၏ အဘိညာဉ် ပညာမျက်စိကို ဖျက်ဆီးခြင်းငှါ လာရောက်၍ နှောင့်ယှက်ဖျက်ဆီးသော အသံမျှသာဖြစ်၏-ဟု၊ မိန့်တော်မူပြီးလျှင်၊ အောက်၌ဖေါ်ပြအပ်သော(ပါဠိဂါထာ)ကို၊ ရွတ်ဆိုဟောကြားတော်မူ၏။

(၆) ''ရူပါ သဒ္ဒါ ဂန္ဓာ ရသာ၊
ဖဿာ ဓမ္မာ စ ကေဝလာ။
ဧတံ လောကာ-မိသံ ဃောရံ၊
ဧတ္ထ လောကော ဝိ-မုစ္ဆိတော''။

မြန်မာ ဘာသာပြန်

(၆) အို····အချင်း မာရ်ယုတ်။ ။အလုံးစုံကုန်သော၊-
(၁) အဆင်း-ဟူသော ရူပါ ယတန တို့သည်၎င်း=
(၂) အသံ-ဟူသော သဒ္ဒါ ယတန တို့သည်၎င်း=
(၃) အနံ့-ဟူသော ဂန္ဓာ ယတန တို့သည်၎င်း=
(၄) အရသာ-ဟူသော ရသာ ယတန တို့သည်၎င်း
(၅) အတွေ့-ဟူသော ဖဿာ ယတန တို့သည်၎င်း
(၆) ※ဓမ္မာ ယတန တရားတို့သည်၎င်း=ထင်ရှားရှိ၏၊ လောက-နှင့် ယောနှောစပ်ယှဉ်သော ဤ(အာယတန) တရားခြောက်ပါးသည်၊ ကြောက်မက်ဘွယ် ကောင်း၏။

ဤ''အာယတန''တရားဟူသော အာရုံခြောက်ပါးတရားတို့၌၊ လူများအပေါင်းသည်၊ မိန်းမော တွေဝေ၍ နေ၏။

(နှ) ''ဧတ ဥ္ဇ သမ တိက္ကမ္မ၊
သတော ဗုဒ္ဓဿ သာဝကော။
မာရ-ဓေယျံ အတိ-က္ကမ္မ၊
အာဒိစ္စော-ဝ,ဝိ-ရောစတိ''။

မြန် မာ ဘာ သာ ပြန်

(နှ) သမ္မာသတိ-မဂ္ဂင်နှင့်ပြည့်စုံသော(တနည်း)သတိ သမ္ဗောဇ္ဈင်ထရားနှင့် ပြည့်စုံသော မြတ်စွာ ဘုရားသျှင်၏ တပည့်သားသည်၊ ဤ ''အာယတန'' တရားဟူသော အာရုံ ခြောက်ပါး ကိုသာလျှင်၊ ကောင်းစွာ လွန်မြောက်၍၊ ကိလေသာမာရ်၏ တည်ရာဖြစ်သော (တေ-ဘုမ္မက)ဝဋ်တရားကို၊ လွန်မြောက်၍၊နေမင်းကဲ့သို့ မကြောက်မရွံ့၊ တင့်တယ်လေ၏။

ဤ ပြဆိုအပ်ပြီးသော အနက်၊ အဓိပ္ပါယ်, ရှိသော ပါဠိ-ဂါထာကို၊ ချတ်ဆို ဟောကြားတော်မူရာ၊ မာန်-နတ်မင်းသည်၊ မိမိ ထိုင်နေရာမှ (ထ) ၍ပြန်သွားလေ၏။

ဤ တွင် (၁၉) အမှတ်ပြ၊ [ဆသုလောကော သမုပ္ပန္နော + + +] အစရှိသော ပါဠိ-ဂါထာ၏ အကျဉ်းချုပ်-အဓိပ္ပါယ်ပြခန်း ပြီး၏။

---

''ဟေမဝတ''နတ်မင်းသည်၊ မြတ်စွာဘုရားသျှင်အား၊ သံသရာ ဝဋ်ဒုက္ခမှ၊ လွတ်မြောက်ကြောင်း အကျင့်တရား လျှောက်ကြားပုံ (၂၀) အမှတ်ပြဂါထာ

(၂၀) ''ကတမ န္တံ ဥပါဒါနံ၊
ယဿ လောကော ဝိ-ဟညတိ။
နိယျာနံ ပုစ္ဆိတော ဗြူဟိ၊
ကထံ ဒုက္ခာ ပ-မုစ္စတိ''။

မြန်မာ ဘာ သာ ပြန်

(၂၀) ဘုန်းတော်ကြီးမား၊ ဉာဏ်တော်အားဖြင့်-တရား-ဥသုံ၊ အစုံ သိမြင်၊ အသျှင်မြတ်-ဘုရား။

(၁) အကြင်ခြောက်ပါးအပြားရှိသောစွဲးလမ်းအပ်သောဥပါဒါန် တရား၌၊ "အာယတန" တရား ၆-ပါး၌-ဟူ၍လည်း-ဆို= (တနည်း)အကြင်(၁၉)အမှတ်ပြ၊=[ဆသုလောကော ဝိဟညတိ=] ဟူ၍ ဟောတော်မူအပ်သော ခြောက်ပါး အပြားရှိသော စွဲးလမ်း အပ်သော"ဥပါဒါန်"တရား၌၊ သန်ါရလောကသည်၊ ပင်ပန်းရ၏၊ ထို စွဲးလမ်းအပ်သော "ဥပါဒါန်" တရားဟူသည်-အဘယ်တရား ဖြစ်ပါ သနည်း-ဘုရား။

(၂) သံသရာ—ဝဋ်ဆင်းရဲးမှ ထွက်မြောက်ကြောင်း အကျင့် ကောင်းဖြစ်သော"မဂ္ဂသစ္စာ"တရား၊မေးလျှောက်အပ်သော အသျှင်မြတ် ဘုရားသည်၊ တပည့်တော်အား၊ ဟောကြား တော် မူပါ-ဘုရား။

(၃) အဘယ်သို့သော အပြားအားဖြင့်၊ထိုသံသရာ-ဝဋ်ဆင်းရဲးမှ၊ လွတ်မြောက်ရပါအံ့နည်း-ဘုရား။

ဤသို့အားဖြင့်၊ "ဟေမ ဝတ" နတ်သားသည်၊ မြတ်စွာဘုရားသျှင် အား၊ ဤ (၂၀) အမှတ်ပြ၊ [ကတမန္တံ ဥပါဒါနံ၊] အစရှိသော ပါဠိ- ဂါထာကို၊ ရွတ်ဆို၍ လျှောက်လေ၏။

ရှေ့နောက်ဂါထာနှစ်ခု၌ အနုသန္ဓေစကားဆက်စပ်ပုံပြခဏ်း

နောက် ပြဆိုအပ်ခဲ့ပြီးဖြစ်သော (၁) အမှတ်ပြ (ဆသု လော ကော သမုပ္ပန္နော) ဟူသော ပါဠိ- ဂါထာအရ၊ "ဟေမဝတ" နတ် သားသည်၊ မိမိ၏ ဝဋ်-ဒုက္ခ-နှင့် စပ်သော (အပေး-ပုစ္ဆာ) တရားကို၊ မြတ်စွာဘုရားသျှင်သည်၊ တဆဲ့-နှစ်ပါးသော "အာယတန" တရားတို့ ၏ အစွမ်းဖြင့်၊ အကျဉ်းချုံး၍ ဟောကြားဖြေဆိုတော်မူ၏။

(ထိုသို့ပင် ဖြစ်ခဲ့စေ-)အဖြေ တရားကို၊ ကောင်းစွာ မမှတ်ယူမူ၍၊ (သဘော မသက်ရောက်မူ၍) ထိုအဖြေတရား၏ အနက် အဓိပ္ပါယ်ကို

ဂုဏ်= ထိုအမြေတရား၏ ဆန့်ကျင်ဘက်ဖြစ်သော တရားကိုဂုဏ်= သိလိုသည်ဖြစ်၍၊ အကျဉ်းအားဖြင့်၊ (ဝဋ္ဋ + ဝိဝဋ္ဋ) ပုစ္ဆာကို၊ မေးလျှောက် လိုသည် ဖြစ်၍၊ ဤ (၂၀) အမှတ်ပြ၊ [ကတမံ့ ဥပါဒါနံ၊ + + +] အစရှိသော အမေးပါဠိ-ဂါထာကို၊ ရွတ်ဆို၍ လျှောက်ကြားလေ၏။

(အဋ္ဌကထာဖွင့်အရ-နိဿယသစ်)

(၂၁) (၁) ယတ္ထ၊ (ဆဋ္ဌေ ဥပါဒါနေ၊) အကြင် စွဲလမ်းအပ်သော (အာယတန) တရားဟူသော (ဥပါဒါန်) တရား၌ (ဒုက္ခသစ္စာတရား၌။) လောကော၊ (သင်္ခါရလောကော၊) ရုပ်, နာမ်, တရားဟူသော သင်္ခါရလောကသည်။ ဝိဟညတိ၊ ပင်ပန်း၏။

တံ ဥပါဒါနံ၊ ထိုစွဲလမ်းအပ်သော (အာယတန) တရားဟူသော ''ဥပါဒါန်'' တရားသည်။ ကတမံ၊ အဘယ်ပါနည်း-ဘုရား။

(၂) နိယျာနံ၊ သံသရာ-ဟုံဘဝ-ဟူသော ဝဋ်ဒုက္ခမှ၊ ထွက်မြောက်ကြောင်းဖြစ်သော ''မဂ္ဂသစ္စာ'' တရားကို။ ပုစ္ဆိတော၊ မေးလျှောက်အပ်သော အသျှင်မြတ်ဘုရားသည်။ ဗြူဟိ၊ ကရုဏာဓာတ်၊ စိတ်တော်ညွတ်၍၊ ဟောချတ်တော်မူပါဘုရား။

(၃) ကထံ၊ (ကေန ပကာရေန) အဘယ်သို့သောအပြားဖြင့်။ ဒုက္ခာ၊ ဝဋ်သုံးပါးဟူသော ဆင်းရဲခြင်းဒုက္ခမှ။ ပမုစ္စတိ၊ သံသရာဝဋ်မှ ထွက်၍၊ အသစ်မပေါ်ကြ်ဘဲ၊ လွတ်မြောက်ရပါအံ့နည်း-ဘုရား။ ဣတိ၊ ဤသို့၊ ပုစ္ဆိ၊ မေးလျှောက်ပြီ။

(အဋ္ဌကထာဖွင့်ပြပုံစကား)

| တတ္ထ ဥပါဒါယဟုဌ္ဌေန ဥပါဒါနံ၊
| ဒုက္ခသစ္စဿေ တံ အဓိဝစနံ။

ယိုဂါထာ၌၊ စွဲလမ်းအပ်သော အနက်သဘောကြောင့်''ဥပါဒါန်'' မည်၏။ ။ထို ''ဥပါဒါန်'' ဟူသော အမည်သည်၊ (၁) ဒုက္ခသစ္စာ၏ အမည်ပင်တည်းဟု၊ ဟောတော်မူ၏။

ယတ္ထလောကော ဝိဟညတီတိ-ဆသု-လောကော ဝိဟညတီတိ၊ ········(လ)ဧဝံ ဥပဒုဂါထာယ သရူပေနေဝ ဒုက္ခသစ္စံ ပုဋ္ဌံ။=

(၂၀) ယတ္ထ၊ (ယေသု-ဆသု၊) အကြင် ခြောက်ပါး ကုန်သော "အာယတန" တရားဟူသော "ဥပါဒါန်" တရားတို့၌။ လောကော၊ ရုပ်-နာမ်-တရား ဟူသော (သင်္ခါရလောက) သည်။ ဝိဟညတိ၊ ပင်ပန်း၏။ ။ထို "ဥပါဒါန်" တရား-ဟူသည်၊ အဘယ်ပါနည်း-ဟူ၍၊ မေးလျှောက်၏။

ဤသို့ ထက်ဝက်သော ဂါထာပြစကားအရ၊ သရုပ်အားဖြင့်၊ ဒုက္ခသစ္စာကို မေးလျှောက်ရာဖြစ်၏။ ။ "အာယတန" ဟူသောအမည်၊ "ဥပါဒါန်" ဟူသောအမည်ရှိသော တရားတို့သည်၊ "ဒုက္ခသစ္စာ"၏-နယ်အတွင်းမှ ဖြစ်သော တရားတို့ဖြစ်၍ "ဒုက္ခသစ္စာ"ကို၊ မေးလျှောက်သည်-ဟု၊ ပင်ဆိုရ၏။

---

သမုဒယသစ္စံ ပန တဿ ကာရဏ ဘာဝေန-ဂဟိတမေဝ ဟောတိ။

"သမုဒယသစ္စာ"ကိုမူကား၊-ထို "ဒုက္ခသစ္စာ"၏ ဖြစ်ကြောင်းတရား၏အဖြစ်ဖြင့်၊ ကောက်ယူအပ်သည်ဖြစ်၏။

---

နိယျာနံ ပုဋ္ဌောတိ-ဣမာယ ပန ဥပဒုဂါထပယ မဂ္ဂသစ္စံ ပုဋ္ဌံ။ မဂ္ဂသစ္စေန ဟိ၊········(လ) လောကမှာ နိယျာတိ။ တသ္မာ နိယျာနန္တိ-ဝုစ္စတိ။ ။

နိယျာနံ ပုဋ္ဌော ဟူသော ဤထက်ဝက်သော ဂါထာအရဖြင့်၊ "မဂ္ဂသစ္စာ"ကို၊ မေးလျှောက်သည်-ဟု ဆိုရ၏။

ထိုစကား မှန်၏။ "မဂ္ဂသစ္စာ"ဖြင့်၊ အရိယ-သာဝကသည်။

(၁) ဒုက္ခသစ္စာကို၊ ပိုင်းခြား၍သိသည်ဖြစ်၍-

(၂) သမုဒယသစ္စာကို၊ ပယ်စွန့်သည်ဖြစ်၍-

(၃) နိရောဓသစ္စာကို၊ မျက်မှောက်ပြုသည်ဖြစ်၍-

(၄) မဂ္ဂသစ္စာကို၊ ပွါးသည်ဖြစ်၍၊ သံသရာ-ဘုံဘဝ-ဟူသော လောက-မှ၊ ထွက်မြောက်ကြ၏။ ထို့ကြောင့်၊ မဂ္ဂသစ္စာကို (နိယျာန) ဟူ၍၊ ဟောတော်မူ၏။

ဝေမေဣ သရူပေနေဝ မဂ္ဂသစ္စံ ပုဋ္ဌံ။
နိရောဓသစ္စံ ပန တဿ ဝိသယ ဘာဝေန။
ဂဟိတမေဝ ဟောတိ။

ဤသို့လျှင်၊ ဤစကားရပ်၌၊ သရုပ်အားဖြင့် "မဂ္ဂသစ္စာ"ကို၊ မေးလျှောက်ခြင်းဖြစ်၏၊ "နိရောဓသစ္စာ"ကိုမူကား၊ -ထို "မဂ္ဂသစ္စာ"၏ အာရုံ၏အဖြစ်ကြောင့်၊ယူအပ်သည်ဖြစ်၏-ဟူ၍၊ (အဋ္ဌကထာ) ၌၊ ဖွင့်ပြ၏။

ဤတွင်၊ (၂၁) အမှတ်ပြ၊ [ကတမန္တံ ဥပါဒါနံ] အစရှိသော အမေးပုစ္ဆာ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

**မြတ်စွာဘုရားသျှင်သည်၊ "ဟေမဝတ" နတ်သား၏ လျှောက်ကြားချက်စကားအရ၊ သံသရာဝဋ်ဒုက္ခမှ၊ လွတ်မြောက်ကြောင်း တရားဟောကြားပုံ (၂၁) အမှတ်ပြ ဂါထာ**

(၂၁) "ပဉ္စ-ကာမ-ဂုဏာ လောကေ၊
မနော-ဆဋ္ဌာ ပ-ဝေဒိတာ။
ဧတ္ထ ဆန္ဒံ ဝိရာဇေတွာ၊
ဧဝံ ဒုက္ခာ ပ-မုစ္စတိ"။

မြန်မာဘာသာပြန်

(၂၁) အို…သိကြားမင်းရေးဖြင့်၊ မေးလျှောက်လာသော ဒါယကာ "ဟေမဝတ"နတ်သား၊

လောက သုံးခွင်၌တည်းဟူသော(မနာယတန)လျှင်၊ ခြောက်ခုမြောက် ရှိကုန်သော ငါးပါးကုန်သော ကာမဂုဏ်တရားတို့ကို၊ အပြားအားဖြင့်၊ဟောကြားအပ်ကုန်ပြီ။

ဤ''အဇ္ဈတ္တိကာ-ယတန''တရားခြောက်ပါး၊ ''ဗာဟိရာ-ယတန'' တရား ခြောက်ပါးအားဖြင့်၊ တဆဲ့နှစ်ပါးအပြားရှိသော ဒုက္ခသစ္စာ၌၊ (တဏှာ) တည်းဟူသော (ဆန္ဒ) ကို၊ အချင်းခပ်သိမ်း ဖျက်ဆီး၍၊ (ဖျက်ဆီးနိုင်ခဲ့မူ) ပြဆိုပြီးခဲ့သော (အာယတန)တရားတဆဲ့နှစ်ပါးတို့ သည်၊မဖြစ်နိုင်တော့ချေ။

ဤသို့ (အာယတန) တရား တဆဲ့နှစ်ပါးတို့ မဖြစ်နိုင်ခြင်းဟူ သောအကြောင်းအားဖြင့်၊ သံသရာ-ဝဋ်ဆင်းရဲ အပေါင်းမှ၊ လွတ်မြောက်ရ၏=ဟူ၍ဟောကြားဖြေဆိုတော်မူ၏။

### ရှေ့နောက်ဂါထာနှစ်ခု၌၊ အနုသန္ဓေစကားဆက်စပ်ပုံပြချက်

''ဟေမဝတ'' နတ်မင်းသည်၊ သရုပ်အားဖြင့် ပြ၍ဝှင်း = မပြမူ၍ ဝှင်း=လေးပါးသော သစ္စာတို့၏အစွမ်း ြင့် (အမေး-ပုစ္ဆာ)စကားကို၊ လျှောက်ကြားအပ်သော မြတ်စွာဘုရားသျှင်သည်၊ ထိုမေးလျှောက် သော နည်းဖြင့်ပင်၊ ဖြေကြားလိုသည်ဖြစ်၍၊ ဤ (၂၁) အမှတ်ပြ၊ [ပဉ္စကာမ ဂုဏာ လောကေ + + +] အစ ိုသော အဖြေပါဠိ- ဂါထာကို၊ ရွတ်ဆို၍ ဟောကြားဖြေဆိုတော်မူ၏။

ဤ(၂၁)အမှတ်ပြ [ပဉ္စ ကာမဂုဏာ လောကေ] အစရှိသော ပါဠိ-ဂါထာ၌—

(၁) ပဉ္စ ကာမ ဂုဏာ လောကေ-မနော- ဆဋ္ဌာ ပဝေဒိတာ၊ ဟူသောပါဠိ-ဖြင့် ''အာယတန'' တရားတဆဲ့နှစ်ပါး တို့၏ အပေါင်းဖြစ်သော(ဒုက္ခသစ္စာ)တရားကိုပြ ဆို၏။

(၂) ဆန္ဒံ-ဟူသောပါဠိ-ဖြင့်၊ ဒုက္ခသစ္စာကို ဖြစ်စေတတ်သော (သမုဒယသစ္စာ) တရားကို ပြဆို၏။

(၃) ဝိရာဇေတွာ-ဟူသော ပါဠိ-ဖြင့်၊ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာ၊ (နိရောဓသစ္စာ)တရားကို ပြဆို၏။

(၄) ဧဝံ—ဟူသော ပါဠိ-ဖြင့်၊ ဒုက္ခသစ္စာ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန် သို့ ရောက်ကြောင်း, အကျင့်ကောင်း တရားဖြစ်သော (မဂ္ဂသစ္စာ)တရားကိုပြဆို၏။

ဤသို့ပြဆိုခဲ့ပြီးသော စကားအရ၊ အဓိပ္ပါယ်စုပေါင်း၍ ယူခဲ့သော်၊ သစ္စာလေးပါး တရားဟောကြားဖြေဆိုသော စကားတော်ဖြစ်၏။

**အထူးဆိုဥုးအံ့၊—**

''**အာယတန**''တရားတဆဲ့နှစ်ပါးဟူသော ဒုက္ခသစ္စာတရား၌၊ တပ်နှစ်သက်ခြင်း၊ သမုဒယ သစ္စာတရားကို၊ မပယ်စွန့်နိုင်ကြကုန်သည်ဖြစ်၍၊ ထိုသမုဒယသစ္စာ တဏှာတရားကြောင့် ဖြစ်ကြောင်းရှိသော ဒုက္ခသစ္စာ-ဟူသော ''**အာယတန**''တရား တဆဲ့နှစ်ပါးတို့သည်၊ ထပ်ခါ+ထပ်ခါ၊အသစ်+အသစ်၊ စ်၍+ဖြစ်၍+ပေါ်လာကုန်၏။

ထိုသို့ဖြစ်ပေါ်လာပြီးဖြစ်သော ''**အာယတန**''တရား တဆဲ့နှစ်ပါးဟူသော ဒုက္ခသစ္စာတရားတို့သည်၊ ပျက်၍+ပျက်၍သာကုန်ရကုန်၏၊ အရှည်စွဲ၍၊ အမြဲတည်သော တရားဟူ၍ တစုံတခုမျှ-မရှိကြပါကုန်၊ ဤသို့အားဖြင့် ဒုက္ခသစ္စာ တရားမှ၊ မလွန်မြောက်နိုင် ကြပါကုန်တကား-ဟူ၍၊ ကြောက်ရွံ့သောစိတ်ဖြင့် ငြီးတွား၍သာ နေကြကုန်၏ဟူ၍ ဟောတော်မူ၏။

## အဂုတ္တိုရ် ပါဠိတော်-စတုက္ကနိပါတ် ၄-စက္ကဝဂ်-၌၊ ဟောတော်မူပုံ

(၁) ''ယာဒါ ဗုဒ္ဓေါ အဘိညာယ၊
ဓမ္မ စက္ကံ ပဝတ္တယီ။
သဒေဝကဿ လောကဿ၊
သတ္ထာ အ-ပ္ပဋိ ပုဂ္ဂလော''။

(၂) ''သက္ကာယဉ္စ နိရောဓဉ္စ၊
သက္ကာ ယဿ စ သမ္ဘဝံ။
အရိယဉ္စ အဋ္ဌဂိကံ မဂ္ဂံ၊
ဒုက္ခူပ-သမ-ဂါမိနံ''။

(၃) "ယေ-ပိဒီဃာယုကာ ဒေဝါ၊
ဝဏ္ဏဝန္တော ယသဿိနော။
ဘီတာ သန္တာသ-မာပါဒုံ၊
သီဟဿေ-ဝိတရေ မိဂါ"။

(၄) "အဝီတိ ဝတ္တာ သက္ကာယံ၊
အနိစ္စာ ကိရ-ဘောမယံ။
သုတွာ အရဟ တော ဝါကျံ၊
ဝိပ္ပ မုတ္တဿ တာဒိနော"။

မြန် မာ ဘာ သာ ပြန်

(၁+၂) လူ-နတ်တို့၏ ဆရာအစစ်၊ ဖြစ်တော်မူ၍၊ တုဘက်, ပြိုင်ဘက်, ကင်းတော်မူသော မြတ်စွာ ဘုရားသျှင်သည်၊ ထူးသော ဉာဏ်ဖြင့်၊ သိတော်မူသည်ဖြစ်၍=

(၁) ပရမတ္ထ အားဖြင့်ထင်ရှားရှိသော(ခန္ဓာငါးပါး) ဟု ဆိုအပ်သော ဒုက္ခသစ္စာတရားကိုင်း၊=

(၂) ဒုက္ခသစ္စာ၏ ချုပ်ရာ(နိဗ္ဗာန်)ဟု ဆိုအပ်သော နိရောဓသစ္စာတရားကိုင်း၊=

(၃) ဒုက္ခသစ္စာ၏ ဖြစ်ကြောင်းဖြစ်သော လောဘ-ဟု ဆိုအပ်သော သမုဒယသစ္စာ တရားကိုင်း၊=

(၄) ဒုက္ခသစ္စာ၏ချုပ်ရာ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာတရားကိုင်း၊=

ဤသို့၊တရားတည်းဟူသော ဓမ္မစက်ကို၊ နတ်+ဗြဟ္မာနှင့်တကွ ဖြစ်သော လူများအပေါင်းအား (ဟောကြားတော်မူ၏။)

(၃+၄) ကိလေသာတို့မှ၊ လွတ်မြောက်တော်မူသည်ဖြစ်၍၊ လာဘ+-အလာဘ၊စသည့်တသွန်၊ လောကဓံကြောင့်၊ ဖေါက်ပြန်တုန်လှုပ်ခြင်းမရှိသော (တာဒိ) ဂုဏ်နှင့်ပြည့်

စုံတော်မူသော တထောင့်ငါးရာ ကိလေသာတို့မှ ဝေး
ကွာတော်မူသော မြတ်စွာ ဘုရားသျှင်၏၊ တရားစကား
တော်ကို ကြား၍၊ ရှည်သော အသက်ရှိကြကုန်သော—
လှပ-တင့်တယ်သော အရောင် အဆင်း ရှိကြကုန်သော
များပြားသော အခြံ အရံရှိကြကုန်သော အကြင်-နတ်-
ဗြဟ္မာတို့သည်၊ ရှိကုန်၏။

ယိုနတ်, ဗြဟ္မာ အပေါင်းတို့သည်၊ ခြင်္သေ့၏ အသံကိုကြား၍
ခြင်္သေ့မှတပါးကုန်သော သား-သမင်တို့သည်၊ ကြောက်ရွံ့ကုန်သည်ဖြစ်
၍၊ထိတ်လန့်ခြင်းသို့ ရောက်ကုန်သကဲ့သို့၊ ဤ နည်းအတူသာလျှင်။

အို····အချင်း-နတ်, ဗြဟ္မာ အပေါင်းတို့၊

ငါ-တို့သည်။

(၁) ပရမတ္ထအားဖြင့် ထင်ရှားရှိသော ခန္ဓာငါးပါးအပေါင်းကို၊ မလွန်နိုင်ကြ ကုန်သည်ဖြစ်၍-အမြဲမရှိကြကုန်သည် ဖြစ်ကြကုန်စွာ့တကား-ဟူ၍ငြီးတွားကြကုန်ပြီ။

ဤ သို့၊ ကြောက်ရွံ့ကြ ကုန်သည်ဖြစ်၍ ထိတ်လန့်ခြင်းသို့ ရောက်ကြကုန်ပြီ-ဟူ၍၊ ဟောတော်မူ၏။

ဤတွင်(၂၁)-အမှတ်ပြ [ပဥ္စကာမ ဂုဏာလောကေ] အစရှိသော အဖြေပါဠိ-ဂါထာ၏အကျဉ်းချုပ် အဓိပ္ပါယ်ပြခက်း ပြီး၏။

---

## မြတ်စွာဘုရားသျှင်သည်၊ "ဟေမဝတ"နတ်မင်း၏ လျှောက်ကြားချက်စကားအရ၊ သံသရာဝဋ်မှ လွတ်မြောက်ကြောင်းတရား ဟောကြားပုံ (၂၂) အမှတ်ပြဂါထာ

(၂၂) "ဧတေ လောကဿ နိယျာနံ၊
အက္ခာတံ ဝေါ ယထာ-တထံ။
ဧတံ ဝေါ အဟ-မက္ခာမိ၊
ဧဝ ဒုက္ခာ ပ-မုစ္စတိ"။

မြန်မာဘာသာပြန်

(၂၂) အို..သိလို-ရေးဖြင့်၊မေးလျှောက်လာသော''ဟေမ ဝတ'' နတ်မင်း။

၍ သမ္မာ ဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ၊ အစရှိသော မဂ္ဂသစ္စာ ဟူသော အကြောင်းတရားကို+ရုပ် နာမ် ဓမ္မဟူသော (သင်္ခါရလောက) ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း အကျင့်ကောင်းတရားဟူ၍၊မဖေါက်မပြန်၊မှန်ကန်သောအားဖြင့်၊ ငါ-ဘုရားရှင်သည်၊ သင် ချစ်သားတို့အား ဟောကြားအပ်ပြီ။

ငါ-ဘုရားသျှင်သည်၊၍သံသရာဝဋ်ဆင်းရဲမှ၊ထွက်မြောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါး၊ တရားအကျင့်ကို၊ သင်ချစ်သားတို့အား-ဟော တော်မူ၏။

၍သို့သောအကြောင်းဖြင့်သာ၊ဒုက္ခသစ္စာဟူသော သံသရာဝဋ်ဆင်းရဲမှ၊လွတ်မြောက်၏=ဟူ၍၊မြတ်စွာ ဘုရားသျှင်သည်၊ ''ဟေမ ဝတ''နတ်သားအား၊ ဟောကြား ဖြေဆိုလေသတည်း။

**အထူးမှတ်ချက်**

သံသရာ-ဝဋ်ဆင်းရဲမှ၊ ထွက်မြောက်နိုင်ကြောင်း အကျင့်ကောင်း-မဂ္ဂင်-ရှစ်ပါး တရားအစဉ်=

| | | | |
|---|---|---|---|
| (၁) | သမ္မာ-ဒိဋ္ဌိ- | ကောင်းစွာ | သိမြင်ခြင်း။ |
| (၂) | သမ္မာ-သင်္ကပ္ပ- | ကောင်းစွာ | ကြံစည်ခြင်း။ |
| (၃) | သမ္မာ-ဝါစာ- | ကောင်းစွာ | ပြောဆိုခြင်း။ |
| (၄) | သမ္မာ-ကမ္မန္တ- | ကောင်းစွာ | ပြုလုပ်ခြင်း။ |
| (၅) | သမ္မာ-အာဇီဝ- | ကောင်းစွာ | အသက်မွေးခြင်း။ |
| (၆) | သမ္မာ-ဝါယာမ- | ကောင်းစွာ | အားထုတ်ခြင်း။ |
| (၇) | သမ္မာ-သတိ- | ကောင်းစွာ | အောက်မေ့ခြင်း။ |
| (၈) | သမ္မာ-သမာဓိ- | ကောင်းစွာ | တည်ကြည်ခြင်း။ |

၍ သည်တို့ ပင်တည်း။

၍သို့ သစ္စာ-လေးပါး၊ တရားဟူသော တိုက်ခန်းရှိသော ဂါထာ၌၊ လက္ခဏာ အားဖြင့် ထွက်မြောက်ရာ ဖြစ်သော တရားကို၊ ပြပြီး၍၊ တဖန်-ထို တရားကိုပင်လျှင်၊နိဂုံးချုပ်စကား ဟောကြားတော်မူလိုသည် ဖြစ်၍။

၍(၂၂)အမှတ်ပြ [တေ လောကဿ နိယျာနံ၊] ဟူသော ပါဠိ-ဂါထာကို၊ ရွတ်ဆို၍ ဟောကြားတော်မူ၏။

ထိုဂါထာ၌၊"ယထာတထံ" မဖေါက်မပြန်၊ မှန်ကန်သောအားဖြင့် ဆိုရာ၌၊= ငါ-ဘုရားသျှင်ကို၊ အကြိမ်တထောင်မျှလောက် (ထပ်ခါ-ထပ်ခါ) မေးလျှောက်စေကာမူ၊ မေးစေဦးတော့၊ ၍(၂၁)အမှတ်ပြ [ပဉ္စကာမဂုဏာ လောကေ] ဟူသောတရားစကားအတိုင်းပင်၊ ဟောမည်ဖြစ်၏၊ အခြားနည်းတပါး၊ ပြောင်းလွှဲ၍၊ ဟောစရာ-မရှိ။ ။၍ နည်းအတိုင်းပင်၊ မဖေါက်မပြန်၊ မှန်ကန်သည်သာတည်း-ဟု၊ပြဆို၏၊ ထိုစကားကို၊ထောက်ခံသောအားဖြင့်၊ "တေ ဝေါ အဟ-မက္ခာမိ"ဟူ၍ ဟောတော်မူရပြန်၏။

ရှေ့နောက်ဂါထာနှစ်ခု၌ အနုသန္ဓိစကားဆက်စပ်ပုံပြခဏ်း

၍သို့လျှင်၊ အရဟတ္တ ဖိုလ်တရားကို၊ အထွတ်တင်၍၊ တရားတော်ကို၊ပြီးဆုံးစေ၏။ ။တရားတော်၏အဆုံး၌၊"ဟေမဝတ"နှင့်"သာတဂိရိ" ဟူသော နတ်မင်းကြီးနှစ်ဦးတို့သည်။ (နတ်စစ်သည်)တထောင် အခြံရံတို့နှင့် အတူ၊ (သောတာပတ္တိ)ဖိုလ်၌၊တည်၍ မြင့်မြတ်သော(အရိယ) ဘုံသို့၊ ခိုလှုံဆိုက်ကပ်ရသော (အရိယ) နတ်သား တထောင်-တို့ ဖြစ်ကြကုန်၏။

> [၂၂—ဒေသနာ ပရိယောသာနေ ဒွေပိ ယက္ခ-သေနာ ပတယော, သောတာပတ္တိဖလေ ပတိဋ္ဌဟိံသု သဒ္ဓိံ ယက္ခ—သဟဿေန,]ဟေမဝတ—သုတ် အဋ္ဌကထာပြစကား၊=

၍ စကားအရဖြင့်၊ "သာတ ဂိရိ"နတ်မင်းသည်၊ မြတ်စွာဘုရားသျှင်အထံ၌ "ဓမ္မ စကြာ"တရား၊ကိုယ်တိုင် တိုက်ရိုက်ကြားနာရသော်လည်း၊ "ဟေမ ဝတ"နတ်မင်းအတွက်၊ စိတ်ရတက် မအေး၊ ပူဆွေးမှုကြောင့်၊ တရားယူး၊ မရ-ဟု၊ နောက်က-ပြဆိုခဲ့သော စကားနှင့်၊ ညီညွတ်၏။

ဤယခု၊ (၂၂)အမှတ်ပြ၊—

“တံ လောကဿ နိယျာတံ၊
အက္ခာတံ ဝေါ ယထာ-တထံ။
တံ ဝေါ အဟာ- မက္ခာမိ၊
ဝံ ဒုက္ခာ ပ-မုစ္စတိ”။

ဟူသော ပါဠိ ဂါထာသံ စကားကို ကြားနာရမှ သာလျှင်၊ (သောတာပန်)တည်-(အရိယာ)ပုဂ္ဂိုလ်ဖြစ်၏-ဟု-ပြဆို၏။

ဤတွင်(၂၂)-အမှတ်ပြ၊ [တံလောကဿ နိယျာတံ] အစရှိသော အဖြေပါဠိဂါထာ၏အကျဉ်းချုပ် အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

## သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရရှိပြီးသော “ဟေမဝတ”နတ်သားသည်၊ အောက်၌ ဖေါ်ပြအပ်သော အမေးပါဠိဂါထာကို ရွတ်ဆို၍လျှောက်ကြားပုံ (၂၃)အမှတ်ပြဂါထာ

(၂၃) “ကောသု-ဓ,တရတိ ဩဃံ၊
ကော-ဓ,တရတိ အဏ္ဏဝံ။
အ-ပ္ပ တိဋ္ဌေ အနာ-လမ္ဗေ၊
ကော ဂမ္ဘီရေ န သီဒတိ”။

မြန်မာဘာသာပြန်

(၂၃) ဘုန်းတော်ကြီးမား၊အသျှင်မြတ်ဘုရား။

(၁) ဤလောက၌၊ အဘယ်သူသည်၊ ကာမော-ဃ၊ ဒိဋ္ဌော-ဃ၊ အစရှိသော ဩဃ-လေးဖြာ၊ သံသရာဟူသော ရေအယဉ် ကို၊ကူးမြောက်နိုင်ပါသနည်း-ဘုရား-ဟူ၍ငင်း၊—

(၂) ဤလောက၌၊ အဘယ်သူသည်၊ အစောက်လည်းနက်+အပြောလည်းကျယ်သော+သံသရာဘုံဘဝဟူသော သမုဒ္ဒရာ ကို၊ကူးမြောက်နိုင်ပါသနည်း-ဘုရား-ဟူ၍ငင်း၊—

(၃) ဤလောက၌၊ အဘယ်သူသည်၊ အောက်သို့ ရောက်က+ ထောက်ရာ+ တည်ရာ+မရှိသော+ အထက်၌ဆွဲးရာ+ ကိုင်ရာ+မရှိသော ကျယ်ဝန်း နက်နဲသော သံသရာ-ဘုံ ဘဝဟူသော သမုဒ္ဒရာ၌၊ မနစ်မြုပ်နိုင်ပါသနည်း- ဘုရား-ဟူ၍ရှင်း=

ဤသို့အားဖြင့် "ဟေမဝတ" နတ်သားသည်၊ လွန်စွာလေးနက်၊ အဖြေရ-ခက်သော သုံးချက်သော- အမေးပုစ္ဆာတို့ကို၊ မြတ်စွာဘုရားသျှင်အား၊ မေးလျှောက်လေသတည်း။

ရှေ့နောက်ဂါထာနှစ်ခု၌၊အနုသန္ဓေစကားဆက်စပ်ပုံပြခဏ်း

"ဟေမဝတ" နတ်မင်းသည်၊ မိမိ၏ ပကတိ သဘောအားဖြင့်ပင်၊ (ဓမ္မ-ဂရု) တရားတော်၌၊ လေးစားကြည်ညို၍၊ အရှိ-အသေ ပြုခြင်း-များ ရှိရကား၊—ဤယခုအခါ၌၊မိမိသည်၊အရိယ-ဘုံသို့၊ခိုလှုံကပ်ရောက်ခဲ့ ရပြီးဖြစ်သောအခါ၌မူ၊ ရှေးကထက် အလွန်ပင်-မရောင့်ရဲနိုင်အောင်၊ လေးစားခြင်း ရှိသဖြင့်၊ မြတ်စွာဘုရား သျှင်အား၊ "သေက္ခ-ဘူမိ၊ + အသေက္ခဘူမိ" နှစ်မျိုးကို၊ ခွဲခြား၍မေးမြန်းလိုရကား၊—

ဤ (၂၃) အမှတ်ပြ၊ [ကောသု-စ, တရတိ ဩဃံ + + +] အစရှိသော အမေးပါဠိ-ဂါထာကို၊ ရွတ်ဆို၍၊မေးလျှောက်လေ၏။

ဤတွင်၊ (၂၃) အမှတ်ပြ၊ [ကောသု-စ, တရတိ ဩဃံ] ဟူသော အမေးပါဠိ-ဂါထာ၏၊ အကျဉ်းချုပ်အဓိပ္ပါယ်ပြခဏ်းပြီး၏။

---

"ဟေမဝတ" နတ်မင်း၏၊ မေးလျှောက်ချက် စကားကို၊ မြတ်စွာ ဘုရားသျှင်၏ ဖြေဆိုဟောကြားပုံ (၂၄) အမှတ်ပြ-ဂါထာ

(၂၄) "သဗ္ဗဒါ သီလ-သမ္ပန္နော၊
ပညဝါ သု-သမာဟိတော။
အဇ္ဈတ္တ-သညီ,သတိမာ၊
ဩဃံ တရတိ ဒုတ္တရံ"။

မြန်မာဘာသာပြန်

(၂၄) အို…သိလိုရေးဖြင့်၊မေးလျှောက်လာသော''ဟေမဝတ'' နတ်သား။

(၁) အကြင်ပုဂ္ဂိုလ်သည်၊ အခါ-ခပ်သိမ်း-အကျင့်သီလနှင့် ပြည့်စုံ၏။

(၂) လောကီ+လောကုတ္တရာ နှစ်ဖြာသော ပညာရှိ၏။

(၃) ဥပစာရ–သမာဓိ+အပ္ပနာ-သမာဓိ–ဖြင့်၊ ကောင်းစွာ တည်ကြည်၏။

(၄) လက္ခဏာရေး သုံးပါးသို့ တင်၍၊ ဝိပဿနာဉာဏ်ဖြင့်၊ မိမိ သန္တာန်၌ ဖြစ်သော အသီးအခြားသော-ရုပ်-နာမ်-တရား ဟူသော (နိယက-ဇ္ဈ-တ္တ )၌ မှတ်တတ်သော အလေ့ရှိ၏။

(၅) မမေ့-မလျော့ အောက်မေ့ တတ်သော သတိရှိ၏။

ထို ပုဂ္ဂိုလ်သည်၊ ကူးမြောက် နိုင်ခဲလှစွာသော (ဩဃ-လေးဖြာ) သံသရာ-ဘုံ-ဘဝဟူသော (သမုဒ္ဒရာ) ကို၊ ကူး မြောက်နိုင်၏။–

ဤသို့အားဖြင့် ''ဟေမဝတ'' နတ်သားအား၊ မြတ်စွာ ဘုရားသျှင်သည်၊ ဟောတော်မူ၏။

**အထူးမှတ်ချက်**

နိယကဇ္ဈတ္တ–ဟူသည်ကား–မိမိတို့၏ ကိုယ်တွင်း၌ဖြစ်သော အသီးအခြားသော ရုပ်-နာမ်-တရားတို့-ပင်တည်း။ (ထို ရုပ်-နာမ်-တရားတို့၌၊ လက္ခဏာရေးသုံးပါး-တင်၍-ဆင်ခြင် နေလေ့ရှိသောသူ-ဟူ၏။)

(၁) အသက် မွေးမြူမှု အတွက်ကြောင့်ပင် ဖြစ်စေ, ဒုစရိုက်မှု မလွန်ကျူးသောပုဂ္ဂိုလ်။

(၂) လောကီ+လောကုတ္တရာ ပညာရှိသော ပုဂ္ဂိုလ်။

(၃) ဥပစာရ-သမာဓိ၊+အပ္ပနာ သမာဓိ+ထိုပြင်၊ အောက်ဖြစ် သော မဂ်သုံးပါးသို့ရောက်ပြီးသောပုဂ္ဂိုလ်။

(၄) လက္ခဏာရေး သုံးပါးတင်၍၊ ရုပ်- နာမ်-တရားနှစ်ပါး၌၊ (နိယက-ဇ္ဈတ္တ)ကို ကြံစည်နိုင်သောပုဂ္ဂိုလ်။

ဤပုဂ္ဂိုလ်မျိုးတို့သည် (သေက္ခ)ပုဂ္ဂိုလ်မျိုးမျှသာ-ဖြစ်သေး၏။ (သံသရာ-ဘုံဘဝ-ဟူသော မြစ်ရေအယဉ်ကို၊ အဆုံးတိုင် မကူးမြောက်နိုင်သေးဖြစ်၏။)

ထိုပုဂ္ဂိုလ်တို့သည်၊ ရှေးသို့၊ (မဂ်) တဆင့်တက်၍ (အရဟတ္တ) မဂ်ခေါ်၊ (စတုတ္ထ) မဂ်-ဖိုလ်သို့ ရောက်မှသာလျှင်၊ ဤ (ဩဃ-လေးဖြာ) သံသရာ ရေအယဉ်ကို၊အကြွင်းမဲ့ကူးမြောက်နိုင်၏။(ရဟန္တာ-ပုဂ္ဂိုလ်မှ ကူးမြောက်နိုင်မည်ဟု၊ ဖြေဆို၏။)

ထိုကြောင့်၊=

ဤ (၂၄) အမှတ်ပြ၊ [သဗ္ဗဒါ သီလ-သမ္ပန္နော + + +] အစရှိသော ပါဠိ အဖြေ ဂါထာကို၊ ရှတ်ဆို ဟောကြား ဖြေဆိုတော်မူ၏။

ဤတွင် (၂၄) အမှတ်ပြ [သဗ္ဗဒါ သီလ-သမ္ပန္နော] ဟူသော အဖြေ ပါဠိ ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြခဏ်း ပြီး၏။

---

### မြတ်စွာဘုရားသျှင်သည် "ဟေမဝတ" နတ်သား၏ လျှောက်ကြားချက် စကားအရ၊ "သေက္ခ-ဘူမိ"ကို ဟောပြီး၍၊ဤယခု "အသေက္ခဘူမိ"ကိုပြလို၍၊ (၂၅) အမှတ်ပြ ဂါထာကို၊ ရှတ်ဆိုဟောကြားပုံ

(၂၅) "ဝိရတော ကာမ- သညာယ၊
သဗ္ဗ-သံ-ယောဇနာ-တိ-ဂေါ၊
နန္ဒီ-ဘဝ-ပရိက္ခီဏော၊
သော ဂမ္ဘီရေ န သီဒတိ"။

မြန်မာဘာသာပြန်

(၂၅) အို…သိလိုရေးဖြင့်၊ မေးလျှောက် လာသော "ဟေမဝတ" နတ်သား။

(၁) အကြင်ရဟန္တာပုဂ္ဂိုလ်သည်၊ ဝတ္ထု-အာရုံ၊ကာမဂုဏ်တရားတို့၌၊ မှတ်တတ်သော သညာကို၊ ဖဲးကြဉ်၍၊ အလုံးစုံသော သံယောဇဉ် တရားတို့ကို၊ လွန်မြောက် ပြီးဖြစ်၏။

(၂) ထို-ထို-ဘဝ-ဟူသော အာရုံတို့၌၊ တပ်နှစ်သက်တတ်သော တဏှာ+သုံးပါးသော ဘဝတို့သည်၊ ကုန်ခန်းကုန်ပြီ။

ထိုရဟန္တာပုဂ္ဂိုလ်သည်၊ ကျယ်ဝန်းနက်နဲသော သံသရာ ဘုံ-ဘဝ ဟူသော (သမုဒ္ဒရာ)၌၊ မနစ်မြုပ်နိုင်တော့ချေ=ဟူ၍၊ ဟောတော်မူ၏။

[ပါဠိ-ပုံကွဲ၊သဂါထာဝဂ္ဂ]
('က) ရူပသံ ယောဇနာ-တိဂေါ။
(ခ) နန္ဒိရာဂပရိက္ခီဏော၊ ဟူ၍ရှိ၏။
[ပါဠိတော်ပုဒ်အရအတိုင်းပင်၊ အဋ္ဌကထာ၌ ဖွင့်ပြ၏။]

ရှေ့နောက်ဂါထာနှစ်ခု၌၊ အနုသန္ဓေ-စကားဆက်စပ်ပုံ ပြခန်း

ရှေး၌ပြဆိုခဲ့ပြီးသော (၂၄) အမှတ်ပြ၊ [သဗ္ဗဒါသီလ-သမ္ပန္နော]ဟူသော ပဉ္စမ-ဂါထာဖြင့်၊''သေက္ခ'' ဘူမိ ကိုပြပြီး၍၊-ဤ ယခုအခါ၌၊ ''အသေက္ခ''ဘူမိကိုပြတော်မူလိုသည်ဖြစ်၍-

ဤ (၂၅) အမှတ်ပြ [ဝိရတော ကာမ-သညာယ၊ + + +] အစရှိသောပါဠိ-ဂါထာကို၊ ရွတ်ဆို၍ ဟောကြားတော်မူ၏။

ဤတွင်(၂၅)အမှတ်ပြ၊ [ဝိရတော ကာမ-သညာယ]ဟူသောအဖြေ ပါဠိ-ဂါထာ၏၊ အကျဉ်းချုပ် အဓိပ္ပါယ် ပြခန်း ပြီး၏။

---

ပါဠိတော်လာ၊နည်းတပါးဖြင့်၊အထူးမှတ်ချက်

သဂါထာ ဝဂ္ဂ၊ ၂-ဒေဝပုတ္တ ၅-စန္ဒန သုတ္တ ၅-

စန္ဒန-နတ်သား၏ မေးခွန်းပုစ္ဆာ

(ပ) ''ကထံသု တရတိ ဩဃံ၊
ရတ္တိံ-န္ဒိဝ-မတန္ဒိတော။
အ-ပ္ပတိဋ္ဌေ,အနာ-လမ္ဗေ၊
ကော ဂမ္ဘီရေ,န,သီဒတိ''။

မြန်မာ ဘာ သာ ပြန်

( ပ ) ဘုန်းတော် ကြီးမား၊ အသျှင်မြတ်ဘုရား။
( ၁ ) နတ်+နှင့်ကားလူ၊ အဘယ်သူသည်၊ နေ့+ညဉ့်-ပတ်လုံး မပျင်းရိသည်ဖြစ်၍ ''ဩဃ-လေးဖြာ''၊ သံသရာ-တည်း ဟူသော ရေအယဉ်ကို၊ ကူးမြောက် နိုင်ပါသနည်း= ဘုရား-ဟူ၍ငင်း=
(၂) အောက်အပြင်၌- ထောက်တည်-ရာဟူ၍၊ မရှိ+အံထက် အတွင်၌-ဆွဲးရာ-ကိုင်ရာ-ဟူ၍မရှိ+နက်နဲးစွာသော သံသရာ တည်းဟူသော ရေအယဉ်၌၊ အဘယ်သူသည်၊ မနစ်မြုပ်ပါ သနည်း ဘုရား-ဟူ၍ငင်း-မေးလျှောက်လေ၏။

## မြတ်စွာဘုရားသျှင်၏ အဖြေဝိသဇ္ဇနာ

(ဖ) ''သဗ္ဗ ဒါ သီလ-သမ္ပန္နော၊
ပညဝါ သု-သမာဟိတော။
အာရဒ္ဓ-ဝီရိယော ပဟိတ တ္တော၊
ဩဃံ တရတိ ဒု တ္တရံ''။

မြန် မာ ဘာ သာ ပြန်

( ဖ ) အို…သိလို ရေးဖြင့်၊ မေးလျှောက် လာသော ဒါယကာ နတ်သား၊—
(၁) အကြင်သူ တဦးသည်၊ အခါ ခပ်သိမ်း၊ သီလ-နှင့် ပြည့်စုံ၏။
(၂) ပညာ-ဉာဏ်ရှိ၏။
(၃) ဥပစာရ-သမာဓိ+အပ္ပနာ သမာဓိ+ဖြင့်၊ ကောင်းစွာ တည်ကြည်သော သမာဓိ ရှိ၏။
(၄) ကြိုးပမ်းတကုပ်၊အားထုတ်အပ်သော လုံ့လ-ဝီရိယ-ရှိ၏။
(၅) ကမ္မဋ္ဌာန်း အာရုံသို့ လွှတ်အပ်သော စိတ်ဓာတ်အစဉ်ရှိ၏။

ထို အကြောင်းအင်္ဂါ၊ ငါးပါးနှင့် ပြည့်စုံသောသူသည်၊ ကူးမြောက် နိုင်ခဲးသော သံသရာ တည်းဟူသော ရေအယဉ်ကို၊ ကူးမြောက်နိုင် ၏-ဟူ၍၊ ဖြေဆို ဟောကြားတော် မူ၏။

## မြတ်စွာဘုရားသျှင်၏ အဖြေဝိသဇ္ဇနာ

(ဗ) ''ဝိရတော ကာမ-သညာယ၊
ရူပ သညော ဇနာ တိ ဂေါ။
နန္ဒီ-ရာဂ-ပရိက္ခီဏော၊
သော ဂမ္ဘီရေ,န သီဒတိ''။

မြန် မာ ဘာ သာ ပြန်.

( ဗ ) အို····သိလို ရေးဖြင့်၊ မေးလျှောက် လာသော ဒါယကာ နတ်သား၊—

(၁) အကြင်သူသည်၊ ငါးဖြာ-အာရုံ၊ ကာမဂုဏ်၌၊စွဲးလမ်း မှတ် ထင်တတ်သော ကာမ-သညာ-မှ၊ ကင်းစင်၏။

(၂) ရူပ-ဘုံ၌ တပ်နှစ်သက်တတ်သော ရူပသံယောဇဉ်ကို လွန် မြောက်၏။

(၃) ချုပ်ငြိမ်း ကုန်ခန်းပြီးသော (နန္ဒီ-ရာဂ) ခေါ်သောတဏှာ ရှိ၏။

(၄) ထိုသူသည်၊ နက်နဲးစွာသော သံသရာတည်းဟူသော ရေ အယဉ်၌၊ (မနစ်မြုပ်နိုင်) တော့ချေ။

ဤသို့အားဖြင့်-မြတ်စွာ ဘုရားသျှင်သည် အထက်ဖေါ်ပြပါ-ပါဠိ-ဂါထာနှစ်ခုကို ရွတ်ဆို၍၊ ဟောကြား ဖြေဆိုလေ၏။

(ပါဠိ-မူကွဲး သုတ္တနိပါတ်-ဟေမဝတသုတ်၌၊)

(က) သဗ္ဗ သံယော ဇနာ-တိ·ဂေါ။

(ခ) နန္ဒီ-ဘဝ ပရိက္ခီဏော၊-ဟူ၍ ရှိ၏။

[ပါဠိတော်ပုဒ်အရ အတိုင်းပင်၊ အဋ္ဌကထာ၌ ဖွင့်ပြ၏။]

[※နန္ဒီ-ဘဝ-ပရိက္ခီဏော—ဆိုရာ၌။ နန္ဒီ-ပုဒ်နှင့်၊ ဘဝ-ပုဒ်-၂စ်မျိုး ခွဲး၍-တဏှာ၏ကုန်ခန်းချုပ်ငြိမ်းခြင်းသည်၊ ''**နန္ဒီ-ပရိက္ခီဏ**'' မည်၏။ [**သဥပါဒိသေသ**] နိဗ္ဗာန်ကိုညွှန်ပြ၏၊

[※ဘဝ၏ကုန်ခန်းချုပ်ငြိမ်းခြင်းသည်၊''**ဘဝပရိက္ခီဏ**'' မည်၏။ ။ [**အနုပါဒိသေသ**] နိဗ္ဗာန်ကိုညွှန်ပြ၏။ [အဋ္ဌကထာဖွင့်ပြပုံနည်းတည်း။]

## ဤဂါထာ၌ အဋ္ဌကထာဖွင့်ပြပုံ အစိပ္ပါယ်အကျယ် ပေါ်ပြခက်း

ဤဂါထာ၌၊—

(၁) ဝိရတော ကာမ သညာယ၊=ဟူသောပါဠိဖြင့်၊ ''ဩရမ္ဘာဂိယ'' သံယောဇဉ် တရားငါးပါးတို့မှ၊ ကင်းလွတ်ပုံပြဆို၍၊ ထိုသံယောဇဉ် တရား ငါးပါးမှကင်းစင်သော ရဟန္တာ-ပုဂ္ဂိုလ်ဖြစ်ရမည်။

*(က). ဩရမ္ဘာဂိယသံယောဇဉ်၅-ပါး

(၁)—သက္ကာယဒိဋ္ဌိ၊— ဒိဋ္ဌိ-စေတသိက်
(၂)—ဝိစိကိစ္ဆာ၊— ဝိစိကိစ္ဆာ-စေတသိက်
(၃)—သီလဗ္ဗတ ပရာမာသ၊— ဒိဋ္ဌိ-စေတသိက်
(၄)—ကာမစ္ဆန္ဒ၊— လောဘ-စေတသိက်
(၅)—ဗျာပါဒ၊— ဒေါသ-စေတသိက်

(၂) ရူပ သညောဇနာ-တိ-ဂေါ—ဟူသောပါဠိဖြင့်၊ ''ဥဒ္ဓံဘာဂိယ'' သံယောဇဉ် တရားငါးပါးကို၊ လွန်မြောက်ပုံပြဆို၍၊ ထိုသံယောဇဉ် တရား ငါးပါးတို့မှ၊ လွန်မြောက်သော ရဟန္တာပုဂ္ဂိုလ်ဖြစ်မည်။

*(ခ) ဥဒ္ဓံဘာဂိယ သံယောဇဉ် ၅-ပါး

(၁)-ရူပရာဂ၊— လောဘ-စေတသိက်
(၂)—အရူပရာဂ၊— လောဘ-စေတသိက်
(၃)—မာန၊— မာန-စေတသိက်
(၄)—ဥဒ္ဓစ္စ၊— ဥဒ္ဓစ္စ-စေတသိက်
(၅)—အဝိဇ္ဇာ- မောဟ-စေတသိက်

*(က) ပဉ္စဩရမ္ဘာဂိယာနိ,သံယောဇနာနိ၊
သက္ကာယဒိဋ္ဌိ+ဝိစိကိစ္ဆာ+သီလဗ္ဗတ-
ပရာမာသော+ကာမစ္ဆန္ဒော+ဗျာပါဒေါ။

*(ခ) ပဉ္စဥဒ္ဓံဘာဂိယာနိ, သံယောဇနာနိ၊
ရူပရာဂေါ+အရူပရာဂေါ+မာနော၊
ဥဒ္ဓစ္စံ+အဝိဇ္ဇာ။
[သုတ်ပါထေယျ-ပါဠိတော်၊သင်္ဂီတိပရိယာယသုတ်]

(၃) **နန္ဒီရာဂ-ပရိက္ခီဏော**-ဟူသောပါဠိဖြင့်၊ (၁) ပုညာ-ဘိသင်္ခါရ၊ (၂)အပုညာ-ဘိသင်္ခါရ၊ (၃) အာနေဉ္ဇာ-ဘိသင်္ခါရ- ဟူသော သုံးပါးသော ကမ္မာဘိသင်္ခါရတို့သည်၊ ကုန်ခန်းပုံကိုပြဆို၍၊ ထိုကမ္မာ-ဘိသင်္ခါ-ရ သုံးမျိုးတို့သည်၊ကုန်ခန်းချုပ်ငြိမ်းပြီးသော ရဟန္တာပုဂ္ဂိုလ်ဖြစ်ရမည်။

**တနည်းကား—**

(၁) * **ကာမသညာယ**—ဟူသော ပါဠိဖြင့်၊ ကာမဘဝကိုဆိုလို၏။

(၂) * **ရူပသညောဇနာ**—ဟူသော ပါဠိဖြင့်၊ ရူပဘဝကိုဆိုလို၏။ [ထိုရူပဘဝကို၊ ဆိုသဖြင့်လည်း၊ အရူပဘဝကို၊ ထည့်သွင်းကောက်ယူရာ၏။]

အကျဉ်းချုပ်စကားမှာမူ၊

(၁) သံယောဇဉ်တရား ဆယ်ပါးနှင့် (၂)ကမ္မာဘိသင်္ခါရတရား သုံးမျိုးတို့ကို၊ ပယ်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည်၊ သံသရာဘုံဘဝ-ဟူသော ရေအယဉ်၌၊မနစ်မြုပ်နိုင်တော့ပြီ—ဟူ၍ဟောကြားဖြေဆိုတော်မူ၏။

ဤတွင်၊ (၂၅)-အမှတ်ပြ၊ [ဝိရတော ကာမ သညာယ] ဟူသော အဖြေပါဠိ-ဂါထာ၏ အကျဉ်းချုပ် အဓိပ္ပါယ် ပြဆက်း ပြီး၏။

---

"ဟေမ ဝတ" နတ်မင်းသည်၊ မိမိ၏ အဖေါ်ဖြစ်သော "သာတ-ဂိရိ" နတ်မင်းကိုရင်း— နတ်ဘီလူး ပရိသတ်ကိုရင်း—ကြည့်၍၊ နှစ်သက်ခြင်း+ ဝမ်းမြောက်ခြင်း ဖြစ်ရကား-ဤ (၂၆) အမှတ်ပြ [**ဂမ္ဘီရပညံ နိပုဏတ္ထဒဿိ**] အစ-ရှိသော ပါဠိဂါထာမှ-စ၍၊ ၂၇+၂၈+၂၉+၃၀+အဆုံးရှိသော ပါဠိဂါထာတို့ကို၊ ရွတ်ဆိုချီးကျူး၍ လျှောက်ကြား+ခွင့်ပန်-ပြန်သွားကြပုံပြ ဂါထာ—

(၂၆) "ဂမ္ဘီရ-ပညံ, နိပုဏ-တ္ထ-ဒဿိ၊
အ-ကိဉ္စနံ, ကာမ-ဘဝေ အ-သတ္တံ။
တံ ပဿထ သဗ္ဗ ဓိ-ဝိ-ပ္ပ-မုတ္တံ,၊
ဒိဗ္ဗေ ပထေ စက်မန်, မဟေသိံ"။

မြန်မာဘာသာပြန်

(၂၆) ဒို…အဆွေ-"သာတဂိရိ" နတ်မင်းတို့–

(၁) နက်နဲသော ပညာရှိတော်မူထသော=

(၂) သိမ်မွေ့သော အနက်သဘောကို၊ မြင်စွမ်းနိုင်ထသော=

(၃) ရာဂ-ဒေါသ-အစရှိသော ကြောင့်ကြခြင်းမရှိထသော=

(၄) ကာမဂုဏ်ဟူသော သုံးပါးသော ဘဝတို့၌ အာသာ တပ်၍ ကပ်ငြိခြင်းမရှိထသော=

(၅) ခန္ဓာ, အာယတန, ဓာတ်,စသော အပြားရှိသော အလုံးစုံသော အာရုံတို့၌၊ ဆန္ဒ-ရာဂ မရှိသဖြင့် လွတ်မြောက်တော်မူပြီးထသော=

(၆) ရှစ်ပါးသော သမာပတ်အပြားရှိသော ဗြဟ္မာပြည်သို့ သွားကြောင်းခရီး၌၊ "ချာန်"စိတ် ဝင်စား၍၊ ကြွသွားတော်မူထသော=

(၇) သီလ-သမာဓိ-ပညာ-ဟူသော မြတ်သောဂုဏ်တော်တို့ကို၊ ရှာမှီးတော်မူထသော=

ထို (ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်ကို၊ (အသင်) နတ်မင်းတို့သည်၊ဖူးမြော်ကြပါကုန်လော့-ဟူ၍-တိုက်တွန်းစကားပြောကြားဆို၏။

---

("ဟေမဝတ"နတ်မင်း၏ အဆို)

(၂၇) "အနောမနာမံ နိပုဏတ္ထ-ဒဿိံ၊
ပညာ ဒဒံ ကာမာ-လယေ အ-သတ္တံ။
တံ ပဿထ သဗ္ဗ-ဝိဒုံ သု-မေဓံ၊
အရိယေ ပထေ ကမမာနံ မဟေသိံ"။

မြန်မာ ဘာသာပြန်

(၂၇) ဒို…အဆွေ"သာတဂိရိ" နတ်မင်း။

(၁) ဗုဒ္ဓ+ဇိန၊အစရှိသော များစွာသော ဂုဏ်တော်ပုဒ်တို့ဖြင့် မယုတ်သော ဘွဲ့-အမည် ရှိတော်မူထသော၊=

(၂) သိမ်မွေ့သော (အမေး) ပုစ္ဆာတို့ဖြင့် အနက်ကို မြင်တတ်ထသော=
(၃) လောကီ- ပညာ+ လောကုတ္တရာ- ပညာ-ကို၊ ပေးတော်မူထသော=
(၄) ဝတ္ထု-ကာမ+ကိလေသာ ကာမတို့၌၊ တဏှာ+ဒိဋ္ဌိ-အားဖြင့် နှစ်ပါးအပြားရှိသော (အာလယ)ဖြင့်၊ တွယ်တာ ကပ်ငြိခြင်း၊ ကင်းတော်မူထသော=
(၅) အလုံးစုံသော (ဉေယျဓံ) တရားတို့ကို၊ သိတော် မူပြီးထသော=
(၆) ကောင်းသော ပညာရှိတော်မူထသော=
(၇) အရိယ ပုဂ္ဂိုလ်တို့၏ ခရီးလမ်း၌၊ မဂ်-ပညာ+ ဖိုလ်ပညာ+တို့ဖြင့်၊ သက်ဝင်သည်ဖြစ်၍ ကြွသွားတော်မူထသော=
(၈) သီလ+သမာဓိ+ပညာ-ဟူသော ဂုဏ်တို့ကို၊ ရှာမှီးတော်မူတတ်သော=ထို(ဂေါတမ)နွယ်ဖွား၊ မြတ်စွာဘုရားသျှင်ကို၊(အသင်တို့သည်)ရှိခိုးဦးတင်၊ဖူးမြင်ကြကုန်လော့-ဟူ၍၊ ''ဟေမ ဝတ''နတ်သားသည်''သာတာ ဂိရိ''နတ်မင်းအား၊ တိုက်တွန်းပြောဆိုလေ၏။

## (ဟေမဝတနတ်မင်းအဆို)

(၂၈)''သုဒိဋ္ဌံ ဝတ နော အဇ္ဇ၊
သု-ပ္ပ ဘာတံ သု-ဟုဋ္ဌိတံ။
ယံ,အ ဒ္ဒ သာ မ သမ္ဗုဒ္ဓံ၊
ဩဃ-တိဏ္ဏံ အနာ-သဝံ''။

မြန်မာ ဘာ သာ ပြန်

(၂၈) အို….အဆွေ''သာတဂိရိ'' နတ်မင်း၊—
(၁) ဤ (၁၀၃) ခုနှစ်၊ ဝါဆိုလပြည့်၊ စနေနေ့ (ည၌) အကြိုသည်ကား၊ (အသင်နတ်မင်းနှင့်-အကျွန်ုပ်တို့အား)သစ္စာ-လေးဆင့်၊ဉာဏ်ရောင်သင့်၍၊ ပွင့်လာတော်မူပြီးသော မြတ်

စွာ ဘုရားသျှင်အား၊ မျက်ဝါးထင်ထင်၊ ဖူးမြင်တွေ့ကြုံရခြင်း ဖြင့်၊ အလွန် ကောင်းမြတ်သော မြတ်စွာ ဘုရား-ဟူသော အတိဇ္ဇုဒ္ဒာရုံကို တွေ့ကြုံရရှိ ဖူးမြင်ရအပ်ပြီး-ဖြစ်လေစွ့နတ်မင်း=သုဒိဋ္ဌံ-ဟူ၏။

ဒို····အဆွေ ''သာတဂိရိ'' နတ်မင်း၊—

(၂) (အသင်နတ်မင်းနှင့်၊ အကျွန်ုပ်တို့အား)သုံးလူ့ ထွတ်တင်၊ မြတ်စွာ ဘုရားသျှင်ကို၊ မျက်မြင် ဒိဋ္ဌ၊ တွေ့ကြုံဖူးမြင်၍နေရ ဆဲးဖြစ်သော-ဥယခုအချိန်၌ပင်၊ ရဝိ-နွံနတ်၊ ဒေါင်းမြတ် ဖန်ဝါ၊ နေ စကြာ သည်၊ အရှေ့ ပြဗ္ဗာ၊ ဝိဒေဟာ-ကျွန်း အစမှ + လွန်းပသော- အရုဏ်ရောင်- ဖြန့်ကျင်းသဖြင့်၊ အလင်းရောင်+ထွက်ပြူ+ပေါ်လာပြီး+ဖြစ်စွ့-နတ်မင်း= သုပ္ပဘာတံ-ဟူ၏။

ဒို····အဆွေ''သာတ ဂိရိ''နတ်မင်း၊—

(၃) (အသင်နတ်မင်းနှင့်၊အကျွန်ုပ်တို့အား)ညောင်းညာခြင်း+ ပေါ့းလံခြင်း+ထိုင်းမှိုင်းခြင်း အစရှိသော ကိုယ်, လက်, ဆန့်ကျင်သော သဘောမှ၊ လွန်မြောက်၍၊(ဇာရိယာပထ) မျတ ချမ်းသာစွာ၊ နေထိုင်ရာမှ၊ (ထ)အပ်ပြီ=(ကြွ)အပ် ပြီ=ဖြစ်ခဲ့လေစွ့နတ်မင်း=သု-ဟုဋ္ဌိတံ-ဟူ၏။

အဘယ်ကြောင့် ဤသို့ဖြစ်ရသနည်းဆိုသော်၊--

အကြင့်ကြောင့် (အကျွန်ုပ်)တို့သည်၊ ကာမောဃ၊ ဘဝေါဃ- အစ ရှိသော (သြဃ) လေးဖြာ၊ သံသရာ-ရေအယဉ်ကို၊ သမ္မာဒိဋ္ဌိ၊ သမ္မာ သင်္ကပ္ပ-အစရှိသော၊ မဂ်င်ရှစ်ပါး၊ တရားအကျင့် ဟူသော သင်္ဘော လှေပေါင်းကူး၍၊ ရှေ့သောင် ကူးမြောက်တော်မူပြီးဖြစ်၍၊ ကာမာသဝ၊ ဘဝါသဝ- အစရှိသော အာသဝေါတရား ရှိတော်မမူသော မြတ်စွာ ဘုရားသျှင်ကို၊ဖူးမြင်ကြရကုန်ပြီ-ဖြစ်စွ့-နတ်မင်း။

ယို့ကြောင့်၊-ယိုသို့ပြုရ၊ ပြတ်ပုည-၏၊ တေဇ-ရှိန်စော်၊ အာနုဘော် တန်ခိုးကြောင့်၊ အကျိုးရခြင်းပင်-ဖြစ်ပေ၏-နတ်မင်း=ဟူ၍၊ ပြောဆို လေ၏။

## မြတ်စွာဘုရားအထံ၊ အထူးလျှောက်ကြားပုံ

(၂၉) ''ဇုမေ ဒသ သတာ ယက္ခာ၊
ဣဒ္ဓိမန္တော ယသ သိနော။
သဗ္ဗေ တံ သရဏံ ယန္တိ၊
တွံ နော သတ္ထာ အနုတ္တရော''။

မြန်မာဘာသာပြန်

(၂၉) နတ်လူ ဦးခိုက်၊ ပူဇော် ထိုက်သည့်၊ မကိုင်ရှုတန်းဆောင်၊ ဘုန်းတော်ရောင်ဖြင့်၊ ထွန်းပြောင်, တောက်ပ, တော်မူပါသော အသျှင်မြတ်ဘုရား၊—

(၁) ကမ္မ-ဇ-ဒ္ဓိ၊ ဝိပါက-ဇ-ဒ္ဓိ- ဣဒ္ဓိ-ခေါ်ရိုး၊ ကြီးမားသော တန်ခိုးဂုဏ် ရှိကြကုန်သော+မြတ်သော လာဘ် ပူဇော် သက္ကာရ-အခြံအရံရှိကြကုန်သော+ တထောင်မျှ အရေ အတွက်ရှိကုန်သော, အလုံးစုံကုန်သော ဤနတ်တို့သည်၊ ထို''ဂေါတမ'' နွယ်ဝင်၊ မျိုးသန့် စင်သည့်၊ ဗုဒ္ဓ မြတ်စွာ ဘုရားသျှင်ကို၊ (လောကုတ္တရာ) သရဏဂုံဖြင့်၊ ယုံကြည် ကိုးစား၊ အားထား ဆည်းကပ်ခြင်းသို့ ရောက်ကြပါကုန် ပြီ-အသျှင်မြတ်ဘုရား။

(၂) အသျှင် မြတ်ဘုရားသည်၊အကျွန်ုပ်တို့အထက်၊ နှိုင်းစက် အပ်သူ+တုဘက်အပ်သူ+ အတူမရှိသော+မြတ်သော ဆရာရင်းအစစ်၊ဖြစ်တော်မူ-ပါပေ၏-အသျှင်မြတ်ဘုရား။

(၃၀) ''တေ မယံ ဝိစရိဿာမ၊
ဂါမာဂါမံ, နဂါနဂံ။
နမဿ မာနာ သမ္ဗုဒ္ဓံ၊
ဓမ္မဿ စ, သု-ဓမ္မ-တံ''။

မြန် မာ ဘာ သာ ပြန်

(၃၀) ထို အကျွန်ုပ်တို့သည်၊
(၁) မြတ်စွာ ဘုရားသျှင်သည်၊ ကိုယ်တော်တိုင်၊ အလုံးစုံသော (ဥဃျမံ) တရားတို့ကို၊ သိတော်မူသည်၏ အဖြစ်ကိုၾငင်း၊=

(၂) ထို မြတ်စွာ ဘုရားသျှင်၏၊ တရားတော်မြတ်၏ (၁) သွက္ခာတ=အစရှိသော ခြောက်ပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသောတရားကောင်း+တရားမြတ်၏အဖြစ်ကိုၾငင်း၊=

(၃) ထို မြတ်စွာ ဘုရားသျှင်၏ တပည့်သား-သံဃာတော်မြတ်၏၊ (၁) (သုပ္ပဋိပန္နော) အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူ၍-ကောင်းသော အကျင့် ရှိသည်၏ အဖြစ်ကိုၾငင်း၊=ဝမ်းသာ-ရွှင်မြူး၊ စိတ်ကြည်နူးခါ၊ ဖူးမြော်ရှိခိုးကြပါကုန်လျက်၊=တခုသောနတ်မြို့မှ၊ တခုသော နတ်မြို့သို့ၾငင်း၊= တခုသော တောင်ထိပ်ဖျားအပြင်မှ၊ တခုသော တောင်ထိပ်ဖျားအပြင်သို့ၾငင်း၊=လှည့်လည်-ပြန်သွားကြပါကုန်အံ့-အသျှင်မြတ် ဘုရား၊-ဟူ၍ လျှောက်ကြား ပြီးလျှင်၊ မြတ်စွာ ဘုရားသျှင်၏ အထံတော်ပါးမှ၊ ဖဲးခွါ၍ သွားကြလေကုန်၏။

ဤသို့အားဖြင့်၊ "ဟေမဝတ" နတ်မင်းသည်၊ မိမိ၏အဖေါ်"သာတဂိရိ" နတ်မင်းကိုၾငင်း- နတ်ပရိသတ်ကိုၾငင်း= ကြည့်၍၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်း-ဖြစ်ရကား၊-

ဤ(၂၆)အမှတ်ပြ-ဂါထာမှစ၍+၂၇-၂၀-၂၉-၃၀+အမှတ်ပြ ဂါထာတို့ဖြင့်၊ မြတ်စွာ ဘုရားသျှင်ကို၊ ချီးမွမ်းပြီးလျှင်၊ အလုံးစုံသော နတ်ပရိသတ်+လုံ့ပြင်၊ မိမိနှင့်-အတူနေပျော်၊ မိတ်ဆွေတော်၊ အဖေါ် ရင်းဖြစ်သော "သာတဂိရိ" နတ်တို့နှင့် အတူတကွ၊ မြတ်စွာဘုရားသျှင်အား၊ ရှိခိုးကြပြီးနောက်၊ လက်ျာရစ်-လှည့်လည် ကြည်ညိုကြပြီးခါ၊ ကောင်းကင်ခရီးလမ်းဖြင့်၊ မိမိတို့၏နေရင်း-ဌာနဖြစ်သော"ဟေမဝတ" နာမ-ထွန်းပြောင်၊ တောင်ညိုစခမ်းသို့ၾငင်း၊= "သာတဂိရိ" မည်ရှိသည့်၊ တောင်-တော်သာသို့ၾငင်း၊=ထိုမှတပါး၊- (အသီး-အသီး)

မိမိ-မိမိတို့၏၊ နေရင်းဌာနသို့၊ ပြန်သွားကြပုံအကြောင်း၊ စုပေါင်းဖေါ်ပြခြင်းဖြင့်၊ ဤ ''ဟေမဝတ''သုတ္တန်တရားပွဲကြီးသည်၊ အပြီးအဆုံးသို့ ရောက်လေသတည်း။

ဤတွင်၊''ဟေမဝတ'' သုတ္တန်၊ မြန်မာဘာသာပြန်၊ နိသျှသစ်သည်၊ ပြီးဆုံးလေပြီ။

---

(ဂန္ထ-ကာရက)
''ဘဒ္ဒန္တ-ဇောတ-မဟာ-ထေရ်''
(အဂ္ဂ-မဟာ-ပဏ္ဍိတ)

---

ရန်ကုန်မြို့။
''ကျောင်းတော်ရာ၊ ရွှေကျင်တိုက်
ပဉ္စမ-နာယက၊ ဆရာတော်''

---

''စေတိယ-ငဏာ-ပရိယတ္တိ ဓမ္မာ-နုဂ္ဂဟအသင်း
နာယက-ဆရာတော်''
(၁၃၁၇-ခုနှစ်၊ နယုန်လ။)

# နိဂုံးစကား

ဤသို့လျှင် ရန်ကုန်မြို့၊ ကျောင်းတော်ရာ၊ ရွှေကျင်တိုက်၌၊ ယာပိုက်မျှတင်း၊ သီတင်းသုံး နေထိုင်တော်မူသော၊ သာသနာတော်တွင်(နေ)(လ)အသွင်၊အလွန်ပင် ထင်ရှား၍၊ ကြီးမား ဘုန်းကြက်သရေ မင်္ဂလာဂုဏ်တို့နှင့်၊ ပြည့်စုံတော်မူသော သက်တော် (၈၃)နှစ်၊ ရဟန်းသိက္ခာ (၆၄) ဝါရ၊ကျေးဇူးရှင် ကျောင်းတော်ရာ၊ ရွှေကျင်ဆရာတော် ဘုရားကြီးအထံ၌၊ ရှင်သာမဏေ အဖြစ်က-စ၍၊ ယခုအခါ-တိုင်၊ ပရိယတ်,ပဋိပတ်,ကျင့်ဝတ်တရားတို့ကို နည်းခံသင်ကြား၍ ကြီးပွါးခြင်းသို့ ရောက်လာသော(ဖွားရာချက်ကြွေ၊ ဇာတိမြေအားဖြင့်၊ မြန်မာပြည်အောက်ပိုင်း၊လေးမျက်နှာမြို့၊ ငါးသိုင်းချောင်းမြို့၊ ယင်း ၂-မြို့တို့၏၊ အလယ်စပ်ကြား(မဲဇလီ)ရွာ-ဟု၊ ခေါ်အပ်သော တောနယ်ရွာလျှင်၊ဖွားရာ ဇာတိရှိ၍(ပဝတ္တိ)ဤ ယခု (၁၃၁၇) ခုနှစ်၌၊ ရန်ကုန်မြို့ ကျောင်းတော်ရာ၊ (မ ဟာ ဝ မ္မ ဒီ ပိ ကာ ရာ မ)ရွှေကျင်တိုက်၊ မန်းဉူးကျောင်း၌၊ သီတင်းသုံးနေသော ကျောင်းတော်ရာ ရွှေကျင်တိုက်၊ အုပ်ချုပ်ရေးအဖွဲ့၊ပဌမနာယက၊ ဓမ္မဝါစက (အဂ္ဂ မဟာပဏ္ဍိတ)ဘဒ္ဒန္တ၊ (ဇောတ) မဟာထေရ်သည်။ လွန်ခဲ့ပြီးသော (၁၂၉၆) ခုနှစ်က၊ ရေးသားစီရင်ခဲ့ပြီးဖြစ်သော ဤ (ဟေမဝတ သုတ္တန် မြန်မာဘာသာပြန်) ကျမ်းစာမူသည်၊ အကြောင်းကြောင်းတို့၏ ချို့တဲ့မှုကြောင့်၊ အပြီးအဆုံးသို့ မရောက်ဘဲ၊ တပိုင်းတစ-ဖြင့်ရပ်စဲး-ဆိုင်းငံ့၍ ထားခဲ့လေရာ-နောက်ထပ်တဖန် (၁၃၀၃) ခုနှစ်က၊ (စစ်)ဖြစ်ခြင်း-ဟူသော (ဝိပ္ပတ္တိ) ခေတ်ဆိုး+ခေတ်ကြမ်းကြီးနှင့် တိုက်ရိုက်တွေ့ဆုံ၊ ကြုံကြိုက်၍ နေခဲ့ပြန်ရာဆက်လက်၍-မစီစဉ်နိုင်ဘဲး၊ သာ၍ပင် ကြန့်ကြာခဲ့ပြန်၏။ (နှစ်ပေါင်းဟူ၏။)

''ကလျာဏ-ကာရီ-ကလျာဏံ''ဟူသော ဗုဒ္ဓ-မိန့်မြွက်၊ နှုတ်တော်ထွက် စကားအတိုင်း၊ အခွင့်သာ၍၊ အခါကောင်းနှင့် ကြုံကြိုက်သဖြင့်၊ဘဝ-တူ၊ ဖြစ်ခဲ့ကြဘူးသော''သာတ-ဂိရိ''နတ်မင်း၊''ဟေမ ဝတ'' နတ်မင်း-စသော သမ္မာ-ဒေဝ၊ နတ်အပေါင်းတို့၊ ကူညီပိုင်း၍၊ မိုင်းမစောင့်ရှောက်အားပေးခြင်းကြောင့်၊ ကိုယ်,စိတ်, နှစ်ဖြာ၊ ကျန်းမာ-ချမ်းသာခြင်းဟူသော(အာရောဂျ)ဂုဏ်နှင့်၊ ပြည့်စုံစွာ ရှိသဖြင့်၊ ဤယခု

(၁၃၁၆)ခု-နှစ်က၊ တဖန်ပြန်၍၊ ရေးသားခဲ့ပြီးသော (စာမူ) စက္ကူဟောင်း-စက္ကူနွမ်းတို့ကို၊ ကြည့်ရှု-စစ်ဆေးပြီး[ ပိုသောစကားကို-နုတ်၍+လိုသောအရာကို၊ဖြည့်စွက်ထည့်သွင်းလျက်] အသစ်စီစဉ်ရေးသားရာ၊ ထို(၁၃၁၆-) နှစ်အတွင်း၌ပင်၊ အဆုံးတိုင်ပြီးဆုံးခြင်း+အောင်မြင်ခြင်းဟူသော မင်္ဂလာအောင်ပန်း ဆွတ်လှမ်းပန်ဆင်ယင် ရလေသတည်း။

J